
www.burmeseclassic.com

ဝိတိုစာပေ



ပြောပြရင်ဒေါ်ပွမှာလား
ကျွန်တော်ဆွဲဖွင့်မိသောတံခါးများ

BOOK DVD
www.burmeseclassic.com
BURMESE CLASSIC

www.burmeseclassic.com



စာမူမူပိုင် - နေဇော်နိုင်

ငါတို့စာပေမှ ပထမအကြိမ်အဖြစ်
၂၀၁၄၊ ဇူလိုင်လတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်တွင်
အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။
မျက်နှာဖုံးဒီဇိုင်းကို အာကာက ပြုလုပ်သည်။

'ပြောပြရင်ဒေါ်ပွမှာလား ကျွန်တော်ဆွဲဖွင့်မိသော
တံခါးများ' စာအုပ်တွင်
ဖော်ပြထားသည်များမှ
တစ်စိတ်တစ်ပိုင်းကိုသော် လည်းကောင်း၊
အခန်းလိုက်ကိုသော် လည်းကောင်း၊
တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြု။
မူပိုင်ခွင့်ရရှိထားသူ သို့ ထုတ်ဝေသူထံမှ
ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန်
အသိပေးအပ်သည်။
(စာအုပ်အညွှန်းရေးသားရန်အတွက်
ခွင့်ပြုချက်တောင်းရန် မလိုပါ။)

**တန်ဖိုး - ၂၅၀၀ ကျပ်**

(ယခုစာအုပ်တွင် ကျွန်တော်ဆွဲဖွင့်မိသော တံခါးများ
ရုပ်သံအစီအစဉ် ဒီဗီဒီတစ်ချပ်ပါရှိပါသည်။ )

Printed in Myanmar

ငါတို့စာပေ
SINCE
2003

# ပြောပြရင်ဒေါ်ပွမှာလား ကျွန်တော်ဆွဲဖွင့်မိသောတံခါးများ

BOOK + DVD

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


မောင်မိုးသူရဲ့အမှာ ၇
၁။ အနာဂတ်မှာစေတဲ့ စစ်အာဏာရှင်တွေ ၁၁
၂။ တိုင်းခန်းပြည်ခန်း ၁၄
၃။ အသံထွက်ရုပ်သေဇာတ်ကားကြီး ၁၈
၄။ အရှေ့တောင်အာရှရဲ့ ငါးခုံးမကြီး ၂၁
၅။ အဘိုးသခင်ကိုယ်တော်မှိုင်းနှင့် နိုင်ငံရေးအသိပညာ ၂၅
၆။ တရားမျှတစွာ ဝေဖန်ဆုံးဖြတ်ပါ ၃၀
၇။ အလုံးစုံခြောက်ခန်း ပညာနှမ်း ၃၃
၈။ နိုင်ငံတော်အကျိုး၊ လူထုအကျိုး ဘာမှမလုပ်တဲ့
နဝတ၊ နအဖ စစ်အစိုးရ ၃၇
၉။ လူကြီးတွေ စာဖတ်ပါ ၄၁
၁၀။ အားကိုး… အားကိုးတယ်… အားကိုးတယ် ၄၅
၁၁။ မင်းကြိုက်စရိုက် ၄၉
၁၂။ 'ပြည်သူ့ကဗျာ ရေးစမ်းပါ' ၅၂
၁၃။ တပေနဲ့ လူသားအရင်းအမြစ် ၅၆
၁၄။ အခွင့်အရေးသမားတွေ သတိထား ၆၀
၁၅။ လောကကိုအလှဆင်နေတဲ့ သမ္ဗုဒ္ဓိတရားလေးပါး ၆၄
၁၆။ လမင်းနဲ့ ရှင်ကွဲ ၆၇
၁၇။ စစ်တုပ်ကွေး ၇၀
၁၈။ နွားခြေရာခွက်ထဲက စစ်အာဏာရှင်စနစ် ၇၅
၁၉။ ပွဲသိမ်းတုန်း ကော်ဇောနီခင်းသွားသူများအား ဖယ်ရှားပါ ၇၉
၂၀။ စစ်တွန်းတံဆိပ်ကို ဖုန်သုတ်နေသူတွေ ၈၁
၂၁။ ဤသစ်ဝင်တွင် ရက္ခစိုးရှိသည် ၈၅
၂၂။ ဦးနှောက်နဲ့ နှလုံးသားလှသူများ ၈၉
၂၃။ ထောဓိတ္တဝလ ၉၃
၂၄။ ဒီမိုကရေစီချိုမိုင်မိုင် ၉၆
၂၅။ ထမင်းဆာလို့ သတင်းစာမှာရေးကြသလား ၉၉
၂၆။ ညီညွတ်ရေး ၁၀၃
၂၇။ လူတောသူတောမှာ ဘာဂုဏောမှမရှိတဲ့သူတွေ ၁၀၇
၂၈။ ယူနီဖောင်းပေါ် ဦးနှောက်တင်ပြီးစဉ်းစားပါ ၁၁၁
၂၉။ အပစ်ပဲရပ်ရပ်၊ ငြိမ်းချမ်းရေးပဲလဲလဲ ရှိုးသားဖို့လိုတယ် ၁၁၅
၃၀။ လူမှာတယ် ၁၁၉
၃၁။ ကြောက်တဲ့သူတွေက ပိုခြောက်တယ် ၁၂၃
၃၂။ အမျိုးပြားညီလာခံ ၁၂၆
၃၃။ အာဇာနည်ခေါင်းဆောင်ကြီးများစကားလုံးဟာ
နအဖစစ်ဗိုလ်များလက်ထက်မှာ ပျောက်ဆုံးနေပြီ ၁၃၀
၃၄။ သတင်းအမှန်မတင်ပြဘဲ ထမင်းပန်းကန်အရင်မသူများ ၁၃၄
၃၅။ မယားတရားစီရင်ခန်း ၁၃၈
၃၆။ နအဖရှိုးခိုး ပုဆိန်ရိုး ၁၄၂
၃၇။ သေနတ်နဲ့ မူဝါဒအပေါ်အခြေခံထားတဲ့ စစ်အာဏာရှင်တွေ
အတွက် မူဝါဒတွေ ထပ်ဆင့်ဖြန့်ဖြူးပေးနေဦးမှာလား ၁၄၅
၃၈။ အမျိုးသားအစိုးရတဲ့လား ၁၄၈
၃၉။ သူတို့ဆီက ရွေးကောက်ပွဲ ၁၅၂
၄၀။ အမျိုးသားရေးကို မျက်မှောက်ပြုရမယ့်အချိန် ၁၅၆
၄၁။ မေတ္တာနှင့် အာဃာတ ၁၆၀
၄၂။ အာဏာရှင်စနစ် ရွှေမဖြစ် ၁၆၃
၄၃။ ကြက်ဆူပင်ကက်ကင်း ၁၆၇
၄၄။ လူထုအမေ ၁၇၀
၄၅။ စစ်ယူနီဖောင်းနဲ့ ပိတ်ဖြူလက်နှစ်လုံး ၁၇၆
၄၆။ ချစ်သူတို့သက်တမ်းတို၏၊
မုန်းသူတို့ သက်တမ်းရှည်လှတဲ့ကာလကြီး ၁၈၀
၄၇။ လူသားချင်းစာနာမှု ၁၈၃
၄၈။ အာဏာရခေတ်ပျက်သူဌေးများ ၁၈၆
၄၉။ နအဖရဲ့အပါယ်ဘုံ ၁၉၀
၅၀။ အမြော်အမြင်နဲ့စေတနာ ၁၉၄
၅၁။ မမကြိုင်သစ်တွေ ၁၉၈
၅၂။ ညီမလေး ခဏနေပြန်လာမှာပါ ၂၀၁
၅၃။ လေရှူခြင်း ၂၀၆
၅၄။ စစ်သားပီပီ သတ္တိရှိစေချင် ၂၁၀
၅၅။ မကယ်တင်တာကမှ တကယ် ကယ်တင်တာပါ ၂၁၃
၅၆။ တံဆိပ်လှလှပြောင်းထားတဲ့ ဆည်းဆာအဟောင်းကြီး ၂၁၆


www.burmeseclassic.com

www.burmeseclassic.com

# တံခါးတွေဆွဲဖွင့်တဲ့ နေဇော်နိုင်

သတင်းအမှောင်ခေတ်ကြီးတွင် အလင်းရောင်ပေးခဲ့သည်မှာ D.V.B ဖြစ်တယ်။ ဒီဗွီဘီမှာ လုပ်ကိုင်နေကြသူများမှာ မောင်မိုးသူရဲ့ ညီငယ်များရဲဘော်များဖြစ်တယ်။ မောင်မိုးသူ ထောင်ထဲရောက်သွားချိန် သူတို့ ပြည်ပရောက်သွားကြသူများဖြစ်တယ်။ သတင်းအမှောင်ခေတ်မှာ ဒီဗွီဘီသည် ပြည်တွင်းမှာအမှောင်ချထားသောသတင်းများကို ဖွင့်ချဖော်ထုတ် ရိုက်ကူးပြသတယ်။ သူတို့သတင်းဌာနက သတင်းယူစရာရှိရင် မောင်မိုးသူဆီ လာတတ်တယ်။ မိုးအေးနှင့်တကွ ရင်းနှီးအားမနာရသူများက မောင်မိုးသူဆီ ဖုန်းဆက်ပြီး အားမနာပ သတင်းများ ရယူတတ်တယ်။ သူတို့က ပြည်ပမှာရှိနေ၍ ပြဿနာမရှိ၊ သူတို့ ဒီဗွီဘီမှာ အခါမလတ် ပုံတွေပါ၊ သတင်းတွေပါတဲ့ မောင်မိုးသူကိုတော့ စစ်အစိုးရက အညှိုးတကြီးထားတယ်။ ဒါပေမဲ့ မောင်မိုးသူကိုယ်၌က ဒီဗွီဘီကို မကြည့်ရမနေနိုင် စွဲညိသည်။ မောင်မိုးသူအိမ်မှာ ပထမထပ်တွင်ရှိသည်ဖြစ်ရာ ဒီဗွီဘီစလောင်း အကြီးကြီးကို အားမနာလျှာမကျိုး သူများအခန်း သုံးထပ်ရဲ့ခေါင်မိုးပေါ်မှာ သွားတတ်တယ်။ အဲဒီစလောင်းကြီးက မိုးရွာ လေတိုက်တိုင်း ဒုက္ခပေးတယ်။ စလောင်းပြင်ဆရာများကို မကြာခဏ ပင့်ဖိတ်ပြီး သူများအိမ် အခန်းအပေါ်ထပ် ခေါင်မိုးပေါ်တက်တက်ပြီး ပြင်ရတယ်။ စလောင်းပြင်ဆရာများကို ပိုက်ဆံပေးရတာက အရေးမကြီး၊ အခန်းရှင်ကိုတော့ မျက်နှာပူရတယ်။ ဒါနဲ့တလောက မောင်မိုးသူအခန်း ပထမထပ်ဝရန်တာမှာ တတ်လို့ရတယ်ဆိုတဲ့ J.P.M စလောင်းကို လေးသောင်းခွဲအကုန်ခံပြီး မောင်မိုးသူတတ်တယ်။ အဲဒီစလောင်းမှာ မောင်မိုးသူ ကြည့်စရာဆိုလို့ ဒီဗွီဘီနှင့် အယ်ဂျားဇီးယားသာ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်၊ ဒီဗွီဘီကို မောင်မိုးသူ ညီနေပြီဖြစ်လို့ တတ်လိုက်တယ်။

ဒီဗွီဘီက ကဗျာအားလုံးကိုတော့ မောင်မိုးသူ ကြည့်တာမဟုတ်။ သတင်းကြိုက်တယ်၊ အဲပြီးတော့ နေဇော်နိုင်ကို ကြိုက်တယ်။ နေဇော်နိုင်ရဲ့ “ကျွန်တော်ဆွဲဖွင့်သောတံခါးများ” ကိုတော့ မောင်မိုးသူနှင့်တကွ မြန်မာပြည်သူပြည်သားများ အားလုံးက အစွဲကြီးစွဲခဲ့ကြ၊ အကြိုက်ကြီးကြိုက်ခဲ့ကြတယ်။ အဲဒီနေဇော်နိုင်ဆိုတဲ့ ကောင်လေး ငါမြင်ဖူးတယ်၊ ငါသိပါတယ်လို့ ခဏ ခဏ မှတ်နေတုန်း တစ်ယောက်က ‘ဘကြီးမိုးကလည်း အဲဒါ ဘိုတောက်လေ၊ မောင်ညီမှိုင်းရဲ့ ‘ရင်ခုန်ပွင့်’မှာ လုပ်တဲ့သူလေ’ ဆိုတော့မှ ဟုတ်ပေသားပဲ၊ အလွန်ပျော်တတ်၊ ပေါက်တတ်ကရ စကားပြောတတ်တဲ့ ဘိုတောက်က “နေဇော်နိုင်” ဖြစ်နေတော့တာကိုး။ သူရန်ကုန်မှာ ရှိစဉ်ကတည်းက သူ ကဗျာရေးတယ်၊ ပေါက်တတ်ကရပြောတယ်၊ သရော်လှောင်ပြောင်တာတွေ လုပ်နိုင်တဲ့သူ၊ သူဆွဲဖွင့်လိုက်တဲ့ တံခါးတိုင်း မောင်မိုးသူတို့တွေ တခစ်ခစ်ရယ်ကာ လိုက်ပါကြည့်ရှုခဲ့ရပါတယ်။

မိုးအေးတို့၊ မောင်သာမညတို့ အားလုံးက မောင်မိုး သူဆိုရင် အားမနာကြ၊ သူတို့သာမဟုတ်ပါ၊ အခုမှ “ညှိမာသက်” ဆိုပြီး မြင်ရတဲ့ ကလေးမလေးလည်း မောင်မိုးသူတို့နောက် အမြဲလိုက်နေတဲ့သူ၊ ငယ်ငယ်တုန်းက ပိန်ချောက်ချောက် ကောင်မလေးလည်း ခုတော့ ချောလို့လှလို့ ညှိမာသက် ဖြစ်နေရပါပြီ။ ငယ်ငယ်တုန်းက စုတ်ချွန်းချွန်း ဘိုတောက်ကလည်း သားသားနားနားခင်ဗျ၊ ဆူလို့ဖြိုးလို့ လှလို့ပလို့။ အဲ ရန်ကုန်မြို့ရောက်ကာစကလူမမာလေးလို ဖြစ်နေသေးတယ်။ ခုတော့ ဝလို့လှလို့ပါ။

တစ်နေ့ ကိုကြည်စိုးနှင့် ဘိုတောက်(နေဇော်နိုင်)တို့ ပေါက်လာတယ်။ သူ့ရဲ့ဆောင်းပါးတွေ ‘ပြန်ပြောရင်ဒေါ်ပွမှာလား ကျွန်တော်ဆွဲဖွင့်မိသော တံခါးများ’ ကို စာအုပ်ထုတ်မလို့တဲ့၊ အမှာစာရေးခိုင်းတယ်။ မောင်မိုးသူကလည်း အေး ရေးပါ့မယ်၊ ဒါပေမဲ့ ငါက ပြောပြရင် ဒေါ်ပွမှာလားကို နားမထောင်ဖြစ်ဘူး၊ စာမူရှိရင် ပြကွာလို့ ပြောလိုက်မိတယ်။ အဲဒီ စာမူကြမ်းများကို ငါတို့စာပေတိုက်က မြေမှုန်လွင်ဆိုတဲ့ကလေးက လာပေးတယ်။ သူတို့စာပေတိုက်က နာမည်ကြီး၊ သူတို့ထုတ်တဲ့စာအုပ်တွေကလည်း နာမည်ကြီးလေ။ မြေမှုန်လွင်ရဲ့ စာအုပ်ဆိုရင် စာအုပ်တိုက်ကိုတောင် အပိတ်ခံရတဲ့



အထိ ရောက်ဖူးတယ်လေ။ သူက “ဘကြီးမိုးရဲ့သော်ဒါရေးတဲ့ စာအုပ်” ဆိုပြီး ‘ဘာလဲဟဲ့မောင်စွမ်းရည်’ ပေးတယ်။ ဟုတ်တာပေါ့၊ မောင်စွမ်းရည်ဆိုတာ ဝေက်ပဲ၊ သူ့မိန်းမ မပြုံးကို ခိုးလာတော့ ဘကြီးမိုးတို့အိမ်ပဲ၊ ဘကြီးမိုးတို့ လင်မယားက ဝေက်တို့ရွာ ကံဆင့်လည်း ရောက်ဖူးပါတယ်။ ဝေက်အမေနဲ့ ညီမတွေလည်း တွေ့ဖူးပါတယ်။ ဆိုတော့ ကောင်လေးက ကျွန်တော့်အမေက အငယ်ဆုံးညီမတဲ့၊ မောင်မိုးသူတို့ ကံဆင့်ရောက်တုန်းက ဘာရှိဦးမလဲ၊ ဒါကြောင့်မသိတာကိုး။

ခုတော့လည်း ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါပဲ၊ ဒါကြောင့်ကမ္ဘာကြီးလို့ ပြောကြသလား မသိဘူး။ ဘိုတောက်ဆိုတဲ့ ပိန်ကပ်ကပ် စုတ်ချွန်းချွန်းကောင်လေးကလည်း မောင်မိုးသူကိုယ်တိုင် လက်ခုတ်သြဘာပေးကြ၊ နားထောင်ကြည့်ရှုရတဲ့ ခန့်ခန့်ငြားငြား နေဇော်နိုင် ဖြစ်နေသလို စာအုပ်ကောင်းတွေထုတ်တဲ့ ‘ငါတို့စာပေ’ တိုက်ကလည်း ဝေက် ရဲ့တူ ဖြစ်ရပါပေါ့ကလား။

တစ်သက်လုံး အဖေါ်ကောင်းရင် တကောင်းမက ဘယ်ရောက်ရောက် လိုက်လှေ့ရှိတဲ့ ရွာရိုးကိုးပေါက် လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်ခဲ့တဲ့ မောင်မိုးသူလည်း ဘိုတောက်ခေါ် နေဇော်နိုင်ရဲ့ ဖိတ်ကြား ချက်၊ ဝေက်ရဲ့တူ မြေမှုန်လွင်ရဲ့ ‘ငါတို့စာပေ’က ထုတ်မယ့် ဒီစာအုပ်မှာ ဆိုင်လား မဆိုင်လား သိတဲ့နှင့် ··အဲလေ ဆိုင်တယ်ပဲထားပေါ့·· အမှာစာ ရေးပေးလိုက်ပါတယ်။

နေဇော်နိုင်စာတွေကတော့ ကြားဖူး၊ မြင်ဖူးပြီးသားပါ။ တစ်စုတစ်စည်းထဲ ဖတ်ရရင် ပိုကောင်းတာပေါ့လို့ ထောပနာစကား ပြောကြားလိုက်ရပါတယ်။

မောင်မိုးသူ

www.burmeseclassic.com

www.burmeseclassic.com

# အနာဂတ်နာစေတဲ့ စစ်အာဏာရှင်တွေ

## ဒီဗွီဘီ၊ မေ ၂၀၊ ၂၀၀၆

နိုင်ငံတော်တစ်ခုမှာမရှိသင့် မရှိထိုက်တဲ့အရာတွေ ရှိနေပြီဆိုရင် အဲဒီနိုင်ငံရဲ့ ကျက်သရေနဲ့ လူထုဘဝအဆင့်အတန်းတွေလည်း မွဲတေစုတ်ချာနေမှာပါပဲ။ ဒီလိုပဲ နိုင်ငံတော်တစ်ခုမှာ သမိုင်းဆိုင်ရာ စွမ်းဆောင်ချက်မြင့်မားခဲ့သူတွေကို ပစ်ပယ်ထားရင် အဲဒါ ဇာတိမေ့တဲ့ မျိုးချစ်စိတ်မဲ့မှုပါပဲ။ တစ်ခါအတတ်အသိပညာရှင်တွေကို ချဉ်းကပ်အားကိုးအားထားပြု ထိတွေ့နေရမယ့်အစား ဖိနှိပ်ထိန်းချုပ် အသရေယုတ်တဲ့စော်ကားမှုတွေနဲ့ လျစ်လျူရှုထားမယ်ဆိုရင်တော့ အဲဒီနိုင်ငံဟာ ပစ္စုပ္ပန်မွဲနေတဲ့ အမှောင်တိုက်ကြီးထဲက တိုင်းပြည်ဖြစ်နေမှာ သေချာရေးချ သေချာသွားပါပြီ။ ကဲ... ချီးမြှင့်မြှောက်စားတန်ဖိုးထားရမယ့် လူငယ်တွေအတွက် သူတို့အတွေးအခေါ်တွေနဲ့ အာသီသတွေကို ရှက်လှှင့်နိုင်ဖို့ ဘယ်လိုအခြေအနေကောင်းတွေ ဆွဲဖွင့်ပေးထားသလဲ။ ဟင်း... အဲဒီလို ဆောင်ရွက်မထားဘူးဆိုရင်တော့ အနာဂတ်ဟာ အဲဒီတိုင်းပြည်ကိုလည်း မလာတတ်၊ အဲဒီနိုင်ငံကလည်း အနာဂတ်ကို စာလုံးပေါင်းတတ်တော့မှာ မဟုတ်တော့ပါဘူး။

ကျွန်တော်တို့နိုင်ငံ... ကျွန်တော်တို့နိုင်ငံဆိုတာ ပေါ်ဒီမြန်မာပြည်၊ လူမျိုးပေါင်းစုံမှီတင်းနေထိုင်တဲ့၊ ငြိမ်းချမ်းရေးအတုတွေ မြန်မာကျပ်ငွေလိုဖောင်းပွနေတဲ့၊ ကိုယ့်ထမင်းအိုးကို နိုင်ငံရေးလုပ်ပြီး မီးထိုးပေးနေသူတွေရှိတဲ့ အဲဒီ ကျွန်တော်တို့နိုင်ငံမှာ ဇာတိမေ့ပြီး မျိုးချစ်စိတ်မဲ့သူတွေကလည်း ပစ္စုပ္ပန်အမှောင်တိုက်ထဲမှာ ကြက်ဆူပင်စိုက်ပြီး ခေတ်ပျက် သူဌေးဂိုဏ်းဖမ်း

www.burmeseclassic.com



သူတွေလည်းရှိ၊ အနာဂတ်ဆိုတာ ညာတတ်ရင်ရမှာပဲလို့ ပုဆိုးလဲပြီး ကြိုးဆွဲချင်သူတွေကလည်း ရှိဆိုတော့ ဟင်း… ဟင်း… စဉ်းစားသာ ကြည့်ကြပေရော့။

တိုင်းပြည်တစ်ပြည်ဟာ လူငယ်မျိုးဆက်တွေက သူတို့နိုင်ငံအတွက်၊ သူတို့အမျိုးသားရေးအတွက် အနာဂတ်ကို အပိုင်စီးထားနိုင်အောင် အဘက် ဘက်က ပြည့်စုံနေတဲ့အနေအထားဖြစ်နေရမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာက တလွဲကြီးဖြစ်နေတယ်။ စစ်အာဏာရှင်တွေက လူငယ်မျိုးဆက် သစ်တွေ မလှုပ်ရှားနိုင်အောင် အပိုင်စီးထားတယ်။ မီးကျိုးမောင်းပျက် စစ်အာဏာရှင်စနစ်ကို ကုတ်ခြစ်တွယ်မက်နေသူတွေ၊ စစ်ဘောင်းဘီဇစ် အပြတ်ကြီးနဲ့ တိုင်းပြည်သယံဇာတတွေကို ညှစ်ထုတ် ခိုးဝှက်နေသူတွေက နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီတဲ့…၊ မကြားသင့်မကြား အပ်တဲ့ စကားလုံးတွေလည်း ကြားနေရတဲ့ နိုင်ငံ၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲသတဲ့။ ဘယ့်နှယ် ငြိမ်းချမ်းရေးကို လက်နက်နဲ့လဲရတယ်လို့။ တစ်ခါ တစ်ခါ ကျွန်တော်စဉ်းစားမိတယ်။ ကျွန်တော်တို့ဟာ ကိုယ့်လွတ်မြောက်ရေး ကို ကိုယ်တိုင်ပေါင်နှံထားပြီး စစ်ယူနီဖောင်းတွေအပေါ်မှာ အိပ်မက်မက် နေတာလားလို့၊ ဟင်း… ဟင်း… ရှိသေးတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုရှိလို့ အရေးယူဖို့ တောင် အစီအစဉ်ရှိသတဲ့။ တကယ့်ကို မကြားသင့် မကြားအပ်တဲ့ စကားလုံး၊ ဘယ့်နှယ်ဗျာ။ ကိုယ်ကိုယ်တိုင်ကျင်းပပေးခဲ့တဲ့ ရွေးကောက်ပွဲမှာ ပြည်သူ လူထုရဲ့ စစ်မှန်တဲ့ဆန္ဒမဲနဲ့ အနိုင်ရထားတဲ့ ပါတီ။ အခု အရေးယူဖို့တောင်ရှိနေ ပြီဆိုတော့ အင်း… ဗိုလ်ချုပ်ကြီးတွေခမျာ ကိုယ့်ခါးကြားမှာထိုးထားတဲ့ သေနတ်တွေကိုမှ အားမနာ ပြောရဲလိုက်တာလို့ ကျွန်တော်တွေးပြီးတော့ ရယ်မိရပါသေးတယ်။

ကဲ… ဒီလိုဆိုရင် စစ်အကျဉ်းထောင်တွေထဲမှာ၊ စစ်ကြောရေး စခန်းတွေမှာ၊ လမ်းတွေပေါ်မှာ အကြမ်းဖက်နှိပ်စက်ခံရပြီး သေဆုံးသွားရတဲ့ လူထုတွေ၊ အဲဒီလူထုတွေကအစ မေ ၃၀ ဒီပဲယင်းလူသတ်ပွဲ၊ အခုနောက်ဆုံး ကရင်တိုင်းရင်းသားတွေ အလူးအလဲခံစားနေရတဲ့ မျိုးဖြုတ်သုတ်သင်ခံနေရမှု အဆုံး အဲဒါတွေဖြစ်ပွားအောင် အကြမ်းဖက်နေတာ ဘယ်သူလဲလို့ မေး၊



အဲဒီစကားလုံးဟာ အာဏာရှင်တွေ သူတို့စစ်ဘောင်းဘီဘေးအိတ်ထဲ ထိုး ထည့်ထားတာကြာလို့ ကြေမွနေပြီဆိုတာကို တွေ့ကြရလိမ့်မယ်။ ပြောခဲ့ပြီပဲ။ အနာဂတ်ဆိုတာ ညာတတ်ရင် ပုဆိုးလဲပြီး ကြိုးဆွဲလို့ ရဦးမယ်လို့ အတွေး အခေါ်လွဲနေတဲ့ လူစားတွေ။ ဒီတော့ နားမထောင်ကြနဲ့။ စစ်ယူနီဖောင်းပေါ် က ထွက်ကျလာမှာ စည်းကမ်းရှိတဲ့ ဒီမိုကရေစီ ဘယ်နည်းနဲ့မှ မဖြစ်နိုင် ဘူး။ နားမယောင်ကြနဲ့။ စစ်အာဏာရှင်ပါးစပ်ထဲက ထွက်ကျလာတာ မျိုးချစ်စိတ်မဟုတ်ဘူး။ မျှော်တော်ယောင် လုပ်မနေကြနဲ့တော့။ စစ်အာဏာ ရှင်တွေက သူတို့အခန်းထဲခေါ်သွင်းပြီး တံခါးပိတ်ကျင်းပနေတာဟာလည်း ဘယ်နည်းနဲ့မှ အမျိုးသားညီလာခံ ဖြစ်လာမှာမဟုတ်ဘူး။

နောက်တစ်ခု နိုင်ငံတော်မှာ မရှိသင့်မရှိအပ်တဲ့အရာ။ အဲဒါက ခါးမှာ သေနတ်၊ ပါးစပ်မှာ မုသာဝါဒဆိုတဲ့အတိုင်း စစ်အာဏာရှင်တွေ လိုသလိုထုတ်ပြန်နေတဲ့ ဥပဒေတွေပဲ။ တိုတိုပြောရမယ်ဆိုရင် မေ ၃၀ ဒီပဲယင်းလူသတ်ပွဲကြီးပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ် အကျဉ်းကျခံနေရတာပါ။ အဲ… စစ်အုပ်စုက ပြောတာက ယာယီထိန်းသိမ်း ထားတာပါတဲ့။ ဒါ သူတို့အပြော၊ ဒါပေမဲ့ အခု ဘယ်လောက်ကြာနေပြီလဲ။ အခြားနိုင်ငံရေးအကျဉ်းသားတွေရော လွတ်ရက်စေ့တာတောင်မှ ထောင်ဘူးဝ မှာ ပိတ်ရပ်နေတဲ့ သက်တမ်းတိုးပြစ်ဒဏ်ကြောင့် နောက်ကြောင်းကို ပြန် လှည့်ခဲ့ရတာချည်းပါပဲ။ ဒီတော့ မြန်မာပြည်မှာ မရှိသင့် မရှိအပ်တဲ့အရာ ဘာကျန်သေးလဲလို့ မေးချင်ကြလိမ့်မယ်။ ရှိတာပေါ့။ သိပ်ကိုရှိတာပေါ့။ ကျွန်တော်တို့နိုင်ငံမှာ လုံးဝကို မရှိသင့်မရှိထိုက်တဲ့အရာကျန်ပါသေးတယ်။ အဲဒါကတော့ စစ်အာဏာရှင်တွေပါပဲ။ တိုင်းပြည်ကျက်သရေယုတ်ပြီး အနာဂတ်နာလွန်းလို့ပါခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းခန်းပြည်ခန်း

နအဖရဲ့ ညောင်နှစ်ပင်ညီလာခံ အဲ… (ဟုတ်ကဲ့) အမျိုးသားရေးတိုလည်း ဦးမတည်၊ လူမျိုးစုံပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း မပါ။ တိုင်းရင်းသားနိုင်ငံရေးပါတီတွေက ရွေးကောက်တင်မြှောက်ခြင်းခံထားရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း မပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေက ပါတီကိုယ်စားပြုကိုယ်စားလှယ်တွေလည်းမပါဘဲ အလိမ်တစ်ခွဲသားနဲ့ အချိန်ဆွဲသွားမယ့် ညီလာခံ။ ဟဲ… ဟဲ… သမိုင်းမတင်လိုင်းမဝင်တဲ့ ညီလာခံဆိုတော့ ပြည်သူလူထု မျက်နှာလေးစားပြီး အမျိုးသားညီလာခံလို့ သုံးနှုန်းပြောဆိုခြင်း မပြုနိုင်တဲ့အပေါ် ဗိုလ်ချုပ်ကြီးများသဘောပေါက်နားလည်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဆိုပါတော့။ ကြားရတဲ့သတင်းတွေအရ အဲဒီညောင်နှစ်ပင်ညီလာခံအတွင်း အကြောင်းမညီညွတ်တဲ့ကိစ္စလေးတွေကြောင့် နအဖဝန်ကြီးချုပ်သောင်းဘီဝတ်ခမျာ လော၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား ခရီးစဉ်တွေကို ရွှေ့ဆိုင်းလိုက်တယ်လို့ ဆိုပါတယ်။ ဒီတော့လည်း ဗိုလ်ချုပ်ကြီးတို့ မုသာဝါဒပါးစပ်ကြောင့် အဲဒီနိုင်ငံတွေက ခေါင်းဆောင်များ နားခွက်မှာ မီးထတောက်မယ့်အရေး စိတ်အေးရပြန်ပြီလို့ တွေးမိရပါတယ်။

မှတ်မိကြဦးမှာပါ။ မန္တလေး မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးက လွှတ်လပ်ရေးရတာ နှစ်ပေါင်း ၅၀ ကျော်ပြီ။ မြန်မာနိုင်ငံက ခုထိ သွားမပေါက်သေးဘူးလို့ မိန့်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံက စစ်အာဏာရှင်တွေက ချိုတွေပါပေါက်နေပြီဆိုတာ ဒီပဲယင်းလုပ်ကြံမှုကိုပဲကြည့်



ရင် သိသာပါတယ်။ ဒီတော့ နအဖဆိုတာ ချိုလည်းပေါက်တယ်။ ဆရာမောင်စွမ်းရည်ပြောနေကျ ဆုံးမနေကျစကားလို ခြေထောက်မှာလည်း ပန်းပန်တတ်တဲ့ပုဂ္ဂိုလ်တွေ မဟုတ်လား။

သိတဲ့အတိုင်း အခု နအဖရဲ့နာမည်အရင်း နဝတရဲ့ ၁/၉၀ ထုတ်ပြန်ကြေညာချက်မှာ "နိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ရှေးဦးစွာ အမျိုးသားညီလာခံတစ်ရပ် ခေါ်ယူရမည်ဖြစ်ကြောင်း၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို တိုင်ပင်ရေးဆွဲကြ၍ ပြည်သူကိုတင်ပြ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံခေါ်ယူရေးမှာ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များ၏ တာဝန်ဖြစ်သည်။ နဝတက လိုအပ်သည်များကို ပံ့ပိုးမှာဖြစ်သည်လို့ ဖော်ပြပါရှိပါတယ်။ ဒါပေမဲ့ မဆီမဆိုင် ခြေထောက်မှာ ပန်းပန်ပြီး အမျိုးသားညီလာခံထဲ ဦးဆောင်ပြီးဝင်သွားတာက အခု နအဖရဲ့နာမည်ရင်း နဝတဖြစ်သွားတယ်။ ပြီးတော့ နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေကို ပံ့ပိုးပါ့မယ်လို့ ပြောခဲ့တဲ့ နဝတကို နိုင်ငံရေးပါတီတွေနဲ့ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေသာမက ပြည်သူလူထုတွေကပါ စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်အောင် ဝိုင်းဝန်းခေါင်းညိတ်ထောက်ခံပေးရမယ့် အနာဂတ်နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးဆောင်အခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ရေးကြီး ပေါ်လာပြန်ရော။

အခုလည်း နအဖစစ်အုပ်စုက မူ ၁၀၄ ချက်ကို စက်ရုပ်လိုခေါင်းညိတ်ပေးဖို့ ဗာတ်လမ်းဟောင်းကို ပွဲထုတ်နေတာပါ။ ဒီတော့ နိုင်ငံတော်အနာဂတ်အတွက် ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေး၊ အမျိုးသားတန်းတူရေးတွေကို ဘယ်လိုဘယ်ညာရေးဆွဲမယ်ဆိုပြီး အသစ်ဆောင်းဆိုတာတွေ၊ တင်ပြတာတွေ၊ ဆွေးနွေးတာတွေ မလုပ်နဲ့။ မူ ၁၀၄ ချက်ကို စက်ရုပ်လိုသာ ခေါင်းညိတ်ပေး၊ ကျန်တာတွေ မပူနဲ့။ ခင်ဗျားတို့အတွက် အဝတ်အထည်ကအစ စောင်၊ ခြင်ထောင်တွေ အသက်သာဆုံးဖြစ်နိုင်ရောင်းပေးမယ်။ ခေါင်းလျှော်၊ ဆံပင်ညှပ်၊ အလှပြင်ဆိုင်တွေလည်းရှိတယ်ဆိုတော့ တီဗွီကြော်ငြာထဲက ထက်ထက်မိုးဦးပြောသလိုဆိုရင် လှယ်လှယ်ကြီးတို့ကလေ ခေါင်းလျှော်ရင် ညောင်နှစ်ပင်မှာပဲ လျှော်တယ် ဆိုတဲ့ သူများ

www.burmeseclassic.com

www.burmeseclassic.com



ာက် ခေတ်ဆန်၊ ခြေထောက်ပန်းပန်တဲ့ကိစ္စတွေဖြစ်လာရော။ ဒါတင်ပဲလား
ိုတော့ မြူတီပါလာက အနုအလှလေးတွေနဲ့ သမုဒယလိုလို ညှော်နံ့ပြင်းပြင်း
ာတင်းတွေကလည်း နအဖသြောင်နှစ်ပင်ဓာတ်လမ်းတွဲကြီးမှာ တစ်ခန်းရပ်
ာလေးတွေ ကပြနေသလိုပါပဲ။ သြော်… တတ်လည်းတတ်နိုင်တဲ့ နိုင်ငံ
ာ်အကြမ်းဖက်သမား ဗိုလ်ချုပ်ကြီးများရယ်လို့ သက်ပြင်းချမိပါတယ်။
ားပါတော့။ အရှေ့တောင် အာရှနိုင်ငံများထဲက လာအို၊ ကမ္ဘောဒီးယားနဲ့
ယက်နမ်နိုင်ငံတို့ကို မုသာဝါဒပါးစပ်နဲ့ အလည်အပတ်သွားမယ့်ခရီးစဉ်
ိုလိုက်ပေမဲ့ သြောင်နှစ်ပင်ကအပူကို ပြည်သူတွေမသိအောင် ဟန်ရေးပြနေရ
ာက အကြောင်းမညီမညွတ်ဖြစ်နေတဲ့ ဘောင်းဘီဝတ် နအဖဝန်ကြီးချုပ်
ပဲ။ ဒီတော့ ပြည်နယ်နဲ့ တိုင်းအသီးသီးကို လှည့်လည်ပြီး တိုလီမိုလီသြဝါဒ
ာလေးတွေ လိုက်ချွေရတာပေါ့ခင်ဗျာ။ ဒီမှာတင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်
ြီးခင်ညွန့်တစ်ယောက် ခြေထောက်မွေပေါက်ပြီး ငါတို့မြို့ရွာများ ရောက်
လာပါစေနဲ့လို့ ဆုတောင်းရတဲ့အဖြစ်တွေ ရှိလာပြန်ပါရော။

အဲဒါကတော့ မကွေးတိုင်း ရေနံချောင်းမြို့ နအဖဝန်ကြီးချုပ် တိုင်း
န်းလှည့်လည်မှု စတင်ပါတယ်။ လမ်းဘေးအကြော်ဆိုင်၊ ဆိုက်ကားသမား၊
ုန်ဟင်းခါးသည် စတဲ့ လက်လုပ်လက်စားတွေကို ဟဲ… ဟဲ… ဝေသာလီ
ည် ဘီလူးဝင်မှာကျနေတာပဲ။ မြို့နယ်အာဏာပိုင်တွေက မရောင်းရ၊
ွက်ရ၊ မနင်းရ လုပ်ထားကြတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့လူတွေ
ို အဲဒီလိုအမိန့်ထုတ်တော့ ခက်ကရော။ အဲဒီအမိန့်ကြီးကလည်း စားလို့မှမရ
ာကိုး။ ရေနံချောင်းတက္ကသိုလ်မှာဆိုလည်း ဆရာ ဆရာမတွေက ကော်ဇော
ွခင်းလို့၊ ရေနံချောင်းဆေးရုံမှာဆိုလည်း ဝန်ထမ်းတွေမပြောနဲ့၊ လူနာ
ွ လူနာရှင်တွေခမျာ ရောဂါဖြစ်လို့ ဆေးလာကုပါတယ်။ ဝတ်ကောင်းစား
ွတွေနဲ့ ပြုံးပြဖို့ ခုတင်ပေါ်က လုံးဝမထရဲအောင်ကို လုပ်ထားသလိုပဲ။
ြင်းလှည်းသံ၊ ထော်လာဂျီသံတွေနဲ့ စည်ပင်နေတတ်တဲ့ ရေနံချောင်းမြို့
ွဘာဝအသက်ရှူသံအားလုံးဟာ ဆိတ်သုဉ်းသွားတယ်။ ဒါကြောင့် ပြော
ာပေါ့။ ဝေသာလီပြည် ဘီလူးဝင်လာမှာကျနေတာပဲလို့။ မြို့ကြီးတိတ်ဆိတ်
သွားတာကို ဆိုလိုတာပါ။ စဉ်းစားကြည့်ပါ။ တာဝန်ရှိသူတွေ၊ အာဏာပိုင်
တွေရဲ့ တိုင်းခန်း၊ ပြည်ခန်းလှည့်လည်မှုဟာ ဒေသခံလူထုနဲ့ ဒေသဆိုင်ရာ



လိုအပ်ချက်တွေကို လေ့လာစုဆောင်းပြီး ဖြည့်ဆည်းဖို့၊ ပညာရေး၊ ကျန်းမာ
ရေး၊ လူမှုစီးပွားမှန်သမျှ မျှတကုံလုံလာဖို့အရေး ဆွေးနွေးတိုင်ပင်ညှိနှိုင်း
အဖြေရှာပြီး နည်းလမ်းကောင်းတွေ လမ်းညွှန်ဖို့ပဲဖြစ်သင့်ပါတယ်။ အခုတော့
မြင်းခွာသံကြားမှ ထမင်းစားရမယ့်သူတွေ၊ ထော်လာဂျီစက်နှိုးမှ ဟင်းဖိုးရ
မယ့်သူတွေ၊ လမ်းဘေးဈေးရောင်းရမှ အသက်ကောင်းကောင်းရှူရမယ့်သူ
တွေခမျာ မီးဖိုချောင်စရိတ်ပျောက်ပြီး ဥပုသ်စောင့်သလိုဖြစ်ခဲ့ရတယ်။ ရေနံ
ချောင်းတက္ကသိုလ်က ဆရာ ဆရာမတို့မှာလည်း မျှော်လင့်ထားတဲ့အတိုင်း
ဝန်ကြီးချုပ်က ရောက်မလာတော့ ကော်ဇောနီတစ်ချပ်နဲ့ ဒေါသတွေ အဖတ်
လိုက်ကွာကျရပြန်ပါတယ်။ အဲ… နအဖဝန်ကြီးချုပ်ကတော့ ရေနံချောင်း
အထက ၁ ကိုသာ ဝင်ရောက်ကြည့်ရှုပြီး ဒေသခံအာဏာပိုင်များ ကြိုတင်
စီစဉ်ထားတဲ့ မြန်မာကျပ်ငွေ ၅ သိန်းတန် ကုလားထိုင်ကြီးမှာ မိနစ်ပိုင်း
လောက်သာ ထိုင်သွားပါသတဲ့။ ဒီတော့ နအဖဝန်ကြီးချုပ် ငါတို့ရေနံချောင်း
မြို့ကို လာဖို့အရေး လူတွေအားလုံး စိတ်ပန်း လူပန်းဖြစ်ရပါလားလို့ ဒေသခံ
တွေက မှတ်ချက်ချကြပါတယ်။ ဒီလိုဆိုရင်တော့ တိုင်းခန်း ပြည်ခန်းဆိုတဲ့
စကားဟာ နအဖစစ်ဗိုလ်ချုပ်များလက်ထက်မှာ ပိုပြီးအဓိပ္ပာယ်ရှိလာပါလား
လို့ တွေးမိရပါတယ်။ ဘာဖြစ်လို့လဲဆို ဗိုလ်ချုပ်ကြီးတို့ လှည့်လည်သမျှ
ခရီးစဉ်တွေကြောင့် ပြည်နယ်နဲ့ တိုင်းတွေမှာ လူပန်း စိတ်ပန်း ငွေကုန်ခန်းဖြစ်
သွားရတာပဲ မဟုတ်ပါလားခင်ဗျာ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အသံထွက်ရုပ်သေဇာတ်ကားကြီး

အခုတစ်လော ကြားလိုက်ရမှဖြင့် သတင်းတွေက ကပေါက်တိကပေါက်ချာ။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အလုပ်သမားဝန်ကြီးဌာနက အမိန့်ထုတ်တယ်။ အဓမ္မအလုပ်ခိုင်းစေသူတွေကို ချက်ချင်းအရေးယူပါတဲ့။ ယူလိုက်တာပေါ့ဗျာ။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ထဲက ကျော်ကိုင်းကျေးရွာဥက္ကဋ္ဌ၊ ရန်မျိုးကျေးရွာဥက္ကဋ္ဌနဲ့ ဘူးရွှေမော်ကျေးရွာက အတွင်းရေးမှူးအပြင် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်ထဲက ပုံပြင်ကျေးရွာဥက္ကဋ္ဌတို့ဆိုရင် ဖမ်းဆီးခံရ၊ ထောင်ချခံရဖြစ်ကုန်တာ။ ဒါပေမဲ့ ဥပဒေရဲ့အထက်မှာ စစ်တပ်က ရှိနေတော့ အမှန်တကယ် မူလလက်ဟောင်း အဓမ္မခိုင်းစေဖို့ အမိန့်ပေးသူ စစ်တပ်အရာရှိများကျတော့ မပါပြန်တော့ဘူးဗျို့။ အဖြစ်က ဘယ်လိုလဲဆိုရင် အဓမ္မခိုင်းစေဖို့ လက်ကားအမိန့်ပေးတဲ့သူက အဖမ်းမခံရဘူး။ လက်လီအမိန့်ပေးတဲ့ အောက်ခြေက ကျေးရွာဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ အဖမ်းခံရတာ။ ထပ်ပြီးပြောရရင် ချဲဒိုင်ကြီးကိုမဖမ်းဘဲ ချဲထိုးဒိုင်ခွဲကလေးတွေကိုပဲ ဖမ်းတာမျိုးဖြစ်နေတာပေါ့။ အင်း… အမိန့်ထုတ်ပေမပေါ့။ ဖမ်းပြပေမပေါ့။ ရောက်လာတဲ့ အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အချိုသတ်ဖို့ တစ်ပွဲတိုးအမိန့်နဲ့ တစ်ခန်းရပ်ဖမ်းဆီးမှုကလေးတွေ လုပ်ပြရတာကိုး။ ဒါမျိုးကတော့ ရှီး…ဟိုး…ဟိုးနေပြီလို့ပဲ ပြောလိုက်ချင်ပါတယ်။

ယော… ပြည်သူလူထုထဲကနေ အကြောင်းအမျိုးမျိုးပြ ငွေကောက်ခံနေသူတွေကို အရေးယူဖို့ နအဖပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ထုတ်လိုက်ပြန်ပြီတဲ့။ ဟင်း… ဟင်း… ဟင်း… နအဖအမိန့်တွေက ကြားလိုက်တဲ့အခိုက်မှာတော့ ချိုအီပြီး နားထဲမှာတင် ယိုထိုးလို့ရမယ့်အတိုင်းပဲ။ အဲ…



နားထောင်လို့ကောင်းတုန်းမှာ ထပ်ပြီးကြားရပြန်တယ်။ မကွေးတိုင်းအတွင်းက အမျိုးသမီးတွေရဲ့ လူမှုဘဝမြှင့်တင်ဖို့အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ကနေ တစ်ဦးကို ကျပ် ၁၂၀၀၀ စီ ထုတ်ချေးသတဲ့။ အဲဒါ ကန်ပြားကျေးရွာက ဥက္ကဋ္ဌက ဘာအကြောင်းပြချက်မှမရှိဘဲ ၅၀၀ စီ ဖြတ်ယူသတဲ့။ ကဲ… အခုရတဲ့ငွေဟာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က အလကားပေးတာမဟုတ်ဘူး။ ထုတ်ပြီးချေးတာ။ ဒါကို ရယကဥက္ကဋ္ဌက ဖြတ်ယူတယ်ဆိုတော့ အင်… ကြွေးတင်ရင် ရှင်ဘုရင်ဆပ်မယ်လို့ပဲ ကြားဖူးတယ်။ နဝတ နအဖခေတ်မှာ ရှင်ဘုရင့်ကြွေးကို လူထုက ဆပ်နေရပါပေါ့လား အရုပ်ကတို့ရေလို့သာ ညည်းချင်တော့တာပဲ။

ဒီကြားထဲက အဲဒီကျေးရွာက အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်သန်းဆိုသူက UNDP က ငွေချေးယူသူအမျိုးသမီးတိုင်း သူတို့ရဲ့ အမျိုးသမီးရေးရာအဖွဲ့ထဲ ဝင်ရမယ်။ ဝင်ကြေး ၅၀၀ ပေးဆိုပြီး ဖြတ်ယူပြန်သတဲ့။ ဟာ… ဘယ်လိုဟာကြီးလဲ။ အမျိုးသမီးရေးရာအဖွဲ့ဆိုတာ ကုလသမဂ္ဂက ဖွဲ့ထားတာမှ မဟုတ်တာ။ ဘာဖြစ်လို့ ဝင်ရမှာလဲ။ ဘာဖြစ်လို့ ဝင်ကြေးပေးရမှာလဲ။ နေဦး… နေဦး… ကိုဖီအာနန်ကို မေးကြည့်ဦးမယ်။ ကျွန်မတို့ ဝင်ရမှာလားလို့ဆိုပြီး ကုလသမဂ္ဂကို လှမ်းပြီးဆက်သွယ်ရမလိုဖြစ်နေတယ်။

နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့သူတွေကလည်း ရက်စက်ကြမ်းကြုတ်ချာတူးလန်၊ အောက်ခြေက စစ်ယူနီဖောင်းအရောင်နဲ့ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေတဲ့သူတွေကလည်း UNDP လိုအဖွဲ့ကြီးကိုတောင် မိုလ်ချုပ်မှူးကြီးသန်းရွှေ ဖွဲ့ပေးထားတာလို့ ထပ်နေသလားမသိဘူးဆိုပြီး သူတို့ရဲ့ အတွေးအမြင် အသိတွေအစား ကျွန်တော် သနားနေမိတယ်။

ဩော်… အမိန့်တွေထုတ်၊ မိန့်ခွန်းတွေချွေ၊ သဝဏ်လွှာတွေရေး၊ နိုင်ငံတကာမှာ ဟစ်ကြွေးလိုက်ရင်ဖြင့် ခုပဲ ဒီမိုကရေစီရတော့မယ့်အတိုင်း၊ အခုပဲ ပြည်ထောင်စုသစ်ကြီး ပေါ်လာတော့မယ့်အတိုင်း၊ အခုပဲ မတရားသူတွေ ဥပဒေရဲ့ အဆုံးအမကို ခံကြရတော့မယ့်အတိုင်း မစားရ ဝခမန်းစကားလုံးတွေက ပလူပျံလို့။ ကဲ… မြန်မာ့နိုင်ငံရေးအခြေအနေက ဘာထူးလာသလဲ။ အရင်အတိုင်းပဲ။ တုတ်တုတ်တောင် မလှုပ်ဘူး။ လူ့အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



တွေ အရင်ကထက် တိုးတက်လာသလား ပြော။ ချိုးဖောက်မှုတွေသာ ဒလဟောကြီး စီးဆင်းနေတုန်းပဲ မဟုတ်လား။

အခုလိုပြောနေရင်း သတိရမိလို့ပြောပြရဦးမယ်။ ပြီးခဲ့တဲ့ ၂ ရက်လောက်က မြန်မာဗီဒီယိုဇာတ်လမ်းခွေကလေး ငှားကြည့်မိတယ်။ ဇာတ်ကားနာမည်တွေ၊ သရုပ်ဆောင်တွေတော့ မပြောတော့ပါဘူး။ သူတို့နဲ့ မဆိုင်လို့။ အဲဒီတော့ ဗီဒီယိုဇာတ်လမ်း စီဒီခွေက ကြည့်နေရင်း အရုပ်က ရှေ့ဆက်မသွားဘဲ အသံပဲထွက်နေတယ်။ ဘယ့်နှယ်··· အသံပဲနားထောင်ချင်ရင် ကက်ဆက်ဇာတ်လမ်းတိတ်ခွေဝယ်ပြီး ဖွင့်မှာပေါ့ကွ။ အသံရော ရုပ်ရောကြည့်ချင်လို့ စီဒီခွေငှားကြည့်ခါမှ ဘယ်လိုဖြစ်ရတာလဲ၊ စက်မကောင်းတာလားလို့မေးတော့ မဟုတ်ဘူးတဲ့၊ စီဒီခွေက အော်ရီဂျင်နယ်မဟုတ်ဘူးတဲ့။ ကော်ပီခွေကိုပဲ ထပ်ဆင့် ထပ်ဆင့်ကူးထားတာမို့ အခုလို အသံပဲသွားနေပြီး အရုပ်က ရပ်နေတာလို့ ပြန်ဖြေတယ်။ ဟား··· ဖြစ်မှ ဖြစ်ရလေကွာ။ မင်းတို့ဟာက ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာ အသံထွက်နေတဲ့ ရုပ်သေဇာတ်ကားကြီးဖြစ်နေပြီလို့ ပြန်ပြောရင်း စိတ်ပျက်သွားမိတယ်။

အခု နဝတ နအဖလည်း ဘာထူးလဲ။ နဂိုကမှ တိုင်းပြည်နဲ့ လူထုအကျိုးကို စစ်မှန်တဲ့စေတနာနဲ့ ဆောင်ရွက်ဖို့ ကြိုးစားတာမှ မဟုတ်တာ။ ဗိုလ်နေဝင်းရဲ့ စစ်ဗျူရိုကရက် စစ်အာဏာရှင်စနစ်ကို ပုံတူကူးချကော်ပီဆွဲပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစစ်အာဏာရှင်ဥပဒေကို အသက်သွင်းနေတာ မဟုတ်လား။ အဲဒီလို ပြည်ထောင်စုအနှစ်သာရကို အလေးမထားဘဲ ပြည်ထောင်စုရဲ့ အနှစ်တွေကို ဘယ်လိုအသာရအောင် လုပ်မလဲလို့ ကြံစည်နေတာကို ဇမာအပါအဝင် တိုင်းရင်းသားတွေအားလုံးကလည်း သိ။ ကမ္ဘာကလည်း သိနေတော့ အကြံမအောင်ဘဲ အဆံချောင်နေရင်း ဒီမိုကရေစီရေးအတွက် ဘယ်လိုလုပ်မယ် ဘာတွေလုပ်နေတယ်ပြောပြီး တိုးတက်မှုကို မပြနိုင်ဘူးဖြစ်နေတာ။

ဒါကြောင့် နအဖရဲ့ မြန်မာ့နိုင်ငံရေးဆောင်ရွက်ချက်ဆိုတာ အထက်မှာ ပြောခဲ့တဲ့ ဗီဒီယိုဇာတ်လမ်းလိုပဲ အသံထွက်နေပြီး အရုပ်သေနေတဲ့ အသံထွက်ရုပ်သေဇာတ်ကားကြီးကို ကြည့်နေရသလိုပါပဲခင်ဗျာ။

□ □ □



# အရှေ့တောင်အာရှရဲ့ ငါးခုံးမကြီး

ကဲ··· ဘယ်လိုပဲဖြစ်ဖြစ် အရှေ့တောင်အာရှထဲက မြန်မာနိုင်ငံ၊ အဲဒီမြန်မာနိုင်ငံထဲက လူမျိုးစုံပြည်သူလူထုတွေကို အခုတော့ဖြင့် ကမ္ဘာကြီးက ပိုလို့စိတ်ဝင်စားလာကြပါလားလို့ ထင်ရပါပြီ။ အရင်ကရော စိတ်ဝင်စားတဲ့သူ မရှိဘူးလားဆိုတော့ ရှိပါတယ်။ အဲဒီလိုရှိတဲ့အထဲမှာ နိုင်ငံတွေအလိုက် တွေ့ကွဲပြားမှုတွေ ရှိတော့ ရှိကြပေတာပေါ့။ နိုင်ငံသားတွေအပေါ် နည်းမျိုးစုံနဲ့ လူ့အခွင့်အရေးချိုးဖောက်၊ တိုင်းရင်းသူတွေအပေါ် အဓမ္မပြုကျင့်မှုကို လက်နက်သဖွယ်အသုံးချ၊ ဒီမိုကရေစီဘက်တော်သားတွေကို နှိပ်စက်ညှဉ်းပန်း၊ ထောင်သွင်းအကျဉ်းချ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၊ တရုတ်ဖြူနယ်ချဲ့ကျူးကျော်စစ်မှာ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့တဲ့ အမျိုးသားသူရဲကောင်း ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးတို့နဲ့ ဒီမိုကရေစီရေး ကြိုးပမ်းသူတွေကို လက်ပါးစေ အမိုက်အမဲတွေလွှတ်ပြီး ဒီပဲယင်းလူသတ်ပွဲကြီးနဲ့ လုပ်ကြံခဲ့တာဆိုတော့ လူသားချင်းစာနာထောက်ထား၊ လူ့အခွင့်အရေးနဲ့ ငြိမ်းချမ်းရေးကို တန်ဖိုးထားလေးစားတဲ့ ကမ္ဘာ့နိုင်ငံတွေက မြန်မာပြည်သူလူထုအရေးကို စိတ်ထဲမှာ လေးလံ၊ တွေးပြီးပူပန်လာကြတာ မဆန်းပါဘူး။

ဒါပေမဲ့ အိမ်နီးချင်းနိုင်ငံအချို့နဲ့ အခြားနိုင်ငံအချို့ကတော့ မြန်မာ့အရေးမှာ လူထုကို ထည့်မတွေးကြပေဘူး။ ထည့်ပြီးမတွေးဆို မြန်မာပြည်သူလူထုက ဘာဆို ဘာမှမရှိတာကိုး။ လွတ်လပ်ခွင့်လည်း မရှိ။ လူ့အခွင့်အရေးလည်း မရှိ။ စီးပွားရေးအရ လုပ်ပိုင်ခွင့်နဲ့ ပိုင်ဆိုင်မှုလည်း မရှိ။ ထုန်ကုန်ပြောရရင် သမီးကိုယူထားလို့ ယောက္ခမအိမ် တက်နေတာကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ညီစာရင်းမတိုင်လို့ဆိုပြီး ဖမ်းဆီးထောင်ချနေတော့ အဲ… ကိုယ့်မိန်းမအိမ်ထောင်မှ အိပ်ခွင့်မရှိဆိုတာမျိုးကြီးကိုး။ ဒီတော့ မြန်မာလူထုအရေးကို တွေးလည်း မပူပန်ဘူး။ အရေးတယူလည်း မရှိပြန်ဘူးဆိုပါတော့။

သူတို့စိတ်ဝင်စားတာက စစ်ဗိုလ်ချုပ်တွေပဲ။ စစ်ဗိုလ်ချုပ်တွေ ထင်ရာလုပ်ပြီး မြင်တာအုပ်ထားသမျှ သူတို့က အဆီစားပြီး အသားမျိုချင်တာကိုး။ ဒါကြောင့် မြန်မာနိုင်ငံထဲက နအဖစစ်ဗိုလ်ချုပ်တွေဟာ အရှေ့တောင်အာရှရဲ့ ငါးခုံးမကြီးပါလို့ ပြောလည်း မရဘူး။ ဒီငါးခုံးမကြီးကို ရေမွှေးတဖျန်းဖျန်းပက်ပြီး လည်ပင်းဖက်နေကြတာ။

စစ်ဗိုလ်ချုပ်တွေဆိုတာကလည်း တိုင်းပြည်အတွက် အမျိုးသားရေးလည်း ပါခဲ့တာမဟုတ်။ လွတ်လပ်ရေးတိုက်ပွဲလည်း ဆင်နွှဲခဲ့ဖူးတာမဟုတ်။ မျိုးချစ်ပုဂ္ဂိုလ်တွေ၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးလွတ်မြောက်ရေးသူရဲကောင်းတွေက ဘယ်လိုစိတ်ဓာတ်နဲ့ ဘယ်လိုအမြော်အမြင်နဲ့ ဘယ်လိုနှလုံးသားနဲ့ တပ်မတော်ကို ဖွဲ့စည်းခဲ့ကြတယ်ဆိုတဲ့ သမိုင်းအမှန်ကိုတောင် ဖုံးအုပ်ပစ်ကြတဲ့ လူန်းရုပ်တွေကိုး။ 'အင်္ဂလိပ်လူမျိုး အင်္ဂလိပ်စာပါမောက္ခ၊ သမိုင်းသုတေသီ ဆရာကြီး ဂေါ်ဒွင်လုစ်က ပုဂံရဲ့ ရှေးဟောင်းအမွေအနှစ်တွေ ဖုံးဒဏ်ကြောင့် ပျက်စီးမယ့်အရေးကို စိုးရိမ်ပူပန်ပြီး ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယနိုင်ငံမှာ အခြေစိုက်တဲ့ မဟာမိတ်စစ်တပ်ဌာနချုပ်ကို စာရေးပြီးတော့ 'ပုဂံမြို့ဟောင်းကိုတော့ ချမ်းသာပေးပါ'လို့ မေတ္တာရပ်ခံပေးခဲ့ပေမဲ့ ဒီကနေ့ စစ်ဗိုလ်ချုပ်တွေခေတ်မှာ ပုဂံရဲ့ရှေးဟောင်းအမွေအနှစ်တွေကို ပါးစပ်က ဘုရားဘုရားနဲ့ လက်က ကားယားကားယားလုပ်ပစ်လိုက်ကြပြီ။

ဒီကြားထဲ စစ်ယူနီဖောင်းပေါ်ဖိတ်ကျတဲ့ သကာရည်အကြွင်းအကျန်ကလေး မှန်မှန်ကြီးလျက်နေရတာကိုမှ ပိုပြီးချိုလှပါလားလို့ သွေးနားထင်ရောက်နေတဲ့ ရေပေါ်ဆီတွေ၊ လက်ကိုင်တုတ် အမိုက်အမဲတွေကလည်း ဒါ့အပြင် ကိုယ့်တိုင်းပြည်လူထုရဲ့ ဆန္ဒမဲနဲ့ ယုံကြည်မှုကိုမှ အားမနာ၊ စစ်အာဏာရှင်ကို လည်ပင်းဖက်ပြီး စီးပွားရှာနေတာကိုလည်း ရှက်စရာလို့ တွေးဘဲ မျက်နှာသာပေးထားတဲ့ အိမ်နီးချင်းနဲ့ အခြားနိုင်ငံအချို့က ပုဂ္ဂိုလ်တွေကလည်း ရှိဆိုတော့ ဟိုရှေ့နေကြီးတစ်ဦးပြောသလို တုပြီးပြောရရင် အမှန်တရားဟာ စစ်ယူနီဖောင်းပေါ်မှာ အိပ်မောများကျနေသလားလို့ တွေးရ



မလိုပါပဲ။

သို့သော်လည်း အခုတော့ဖြင့် ဒီနအဖဆိုတဲ့ နိုင်ငံတော်အကြမ်းဖက်သမား စစ်အာဏာရှင်တစ်စုက အရှေ့တောင်အာရှရဲ့ ငါးခုံးမကြီးအဖြစ်ကနေ အချိန်မရွေးပေါက်ကွဲလာနိုင်တဲ့ အဏုမြူဗုံးကြီးဖြစ်လာတော့မယ်လို့လည်း သိရော ကမ္ဘာ့နိုင်ငံတချို့သာမက အကျိုးစီးပွားတွေအတွက် ငါးခုံးမကြီးကို ရေမွှေးဖျန်းပေးနေတဲ့ နိုင်ငံတချို့လည်း မျက်ခုံးလှုပ်လာကြပါပြီ။ နအဖက ရေပေါ်ဆီတွေကို စီးပွားရေးလုပ်ကွက်၊ တိုင်းနဲ့ ပြည်နယ်က ဒေသအာဏာပိုင်တွေ၊ ကြံ့ဖွံ့၊ မီးသတ်၊ ကြက်ခြေနီနဲ့ စွမ်းအားရှင်တွေကို ပြည်တွင်းအကြမ်းဖက်ရေး လုပ်ကွက်၊ တပ်မတော်ကို ခါးပိုက်ဆောင်လုပ်ပြီး စစ်သားတွေကို တိုင်းရင်းသားအတွက် လုပ်ကွက်အဖြစ်မွေးတယ်။ အဲ… နိုင်ငံတချို့ကတော့ နအဖရှိနေရင် သူတို့အတွက် ငွေတွင်းကြီးလို့သဘောထားရုံမက ဒေသတွင်း လုပ်ကွက်ကြီးအဖြစ်နဲ့လည်း နအဖကို မွေးထားတာကိုး။

ခုတော့ဖြင့် အဲဒီလုပ်ကွက်ကြီးက အဏုမြူဗုံးပိုင်ရှင်ကြီးဖြစ်တော့မယ်ဆိုတော့ မျက်ခုံးလှုပ်တာ တော်သေးတာပေါ့။ ဆက်ပြီးမျက်နှာသာပေးထားရင် ပခုံးပါပြုတ်တော့မယ့်ကိန်း ဆိုက်လာတာကိုး။ နဂိုကတည်းကမှ အရှေ့တောင်အာရှမှာ အကြမ်းဖက်သမားတွေ အဆက်အသွယ်လုပ် အခြေပြုနေပြီလို့ သတင်းက ထွက်နေတာမဟုတ်လား။ အဏုမြူစွမ်းအားဆိုတာ သုံးတတ်ရင် ကမ္ဘာကြီးအတွက် ဆေးပါ။ အဲ… မသုံးတတ်ရင်တော့ ဟီရိုရှီးမားလို ဓာတ်လမ်းကတော့ မသန်းဖြစ်ပြီသာ မှတ်ပေတော့။ နအဖဆိုတာကလည်း အပ်တစ်ချောင်းတောင်မှမရှိတဲ့ ရဟန်းရှင်လူ၊ ကျောင်းသူ ကျောင်းသားကို စစ်လက်နက်တွေနဲ့ ချေမှုန်းခဲ့ရုံမက ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကိုတောင် ဝါးရင်းတုတ်တွေ့ရင် ဝါးရင်းတုတ်နဲ့ရိုက်ဆိုပြီး အမိန့်ပေးခဲ့သူတွေ။ ဒီတော့ အဏုမြူဗုံးသာပိုင်လို့ကတော့ စဉ်းစားသာကြည့်ပေတော့။

တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက် နှလုံးသားအားမာန်လက်နက်ကိုသုံးပြီး ဆောင်ရွက်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦးနဲ့တကွ ဒီမိုကရေစီရေးဆောင်ရွက်နေသူအားလုံးကို အကျယ်ချုပ်၊ အကျဉ်းချုပ်သာမက ထောင်သွင်းအကျဉ်းချထားပြီး ငါ့ကျည်ငါထိုး လူမျိုးပျက်ပျက်လုပ်နေတာ အနိုင်စစ်ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များပါပဲ။ ထပ်ပြီးပြောရရင် နအဖဗိုလ်ချုပ်ကြီးတွေရဲ့ လုပ်ရပ်ဟာ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးကို ထောင်သွင်းအကျဉ်းချထားပြီးတော့ အဏုမြူဗုံးကို ကြိုးဖြေပေးဖို့ ကြိုးစားနေတဲ့ လုပ်ရပ်ကြီးပါ။

ဒီနေ့အချိန်မှာတော့ ပြည်တွင်းက လူထုတွေကလည်း တိုင်းပြည်အရေးအတွက် ရဲရဲဝံ့ဝံ့ ဆန္ဒမဲပေးကြ၊ ပြည်ပရောက်မြန်မာအင်အားစုတွေကလည်း အသံမစဲ ဆန္ဒပြပွဲတွေနဲ့ မြန်မာ့အရေးကို ကမ္ဘာ့အတွေးထဲရောက်သွားဖို့ ကုလသမဂ္ဂအထွေထွေညီလာခံထဲထိ အသံကြားအောင် အမှန်တရားတွေနဲ့ တောင်းဆိုနေပြီ။ အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချ်မက္ကော်နဲလ်ကလည်း အပုပ်နံ့လှိုင်နေတဲ့ အရှေ့တောင်အာရှ ငါးခုံးမကြီးက အဏုမြူဗုံးကို အန်ထုတ်တော့မယ့်အကြောင်း ကြေညာမောင်းခတ်လိုက်ပြီ။

ဒီတော့လည်း နအဖဗိုလ်ချုပ်ကြီးတွေက အချိန်ကိုက်ပြီးတော့ နိုင်ငံခြားရေးဌာနသာမက ဝန်ကြီးဌာနအားလုံးလောက်ကို စစ်ယူနီဖောင်းဝတ်ပေးပြီး ငါ့ကျည်ငါထိုး လူမျိုးပျက်ပျက်ဆိုတဲ့ဓာတ်ထုပ်ကို ပွဲထုတ်လာတော့တာပဲ။

ဘယ့်နှယ်ဗျာ... သံတမန်ရေး နိုင်ငံရေးက ထားပါဦး။ သားသမီးနာမည်နဲ့ ဓာတ်မြေဩဇာထုတ်ပြီးရောင်းတာတောင်မှ အရှည်အသွေးညံ့လို့ နိုင်ငံတကာမပြောနဲ့၊ ကိုယ့်နိုင်ငံထဲက လယ်သမားတွေတောင် မဝယ်လို့ ဒေသအာဏာပိုင်တွေနဲ့ပေါင်းပြီး အဓမ္မရောင်းနေရတဲ့ လူတွေက အရာရာမှာ စစ်ယူနီဖောင်းကြီးတကားကားနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံထဲမှာ ကားသွားပြောဦးမယ်ဆိုတော့ ဟင်း... ဟင်း... နအဖကတော့ 'ရောဂါ၊ ရောဂါ' လို့သာ ဆိုလိုက်ချင်တော့တာပဲဗျို့။

❒ ❒ ❒

## အဘိုးသခင်ကိုယ်တော်မှိုင်းနှင့် နိုင်ငံရေးအသိပညာ

*'မွေးရာပါအရည်အသွေးများကို အထူးချွန်ဆုံးအဆင့်တိုင် ဖွံ့ဖြိုးစေနိုင်မည့် ဘဝမျိုးအတွက် စိတ်အချရဆုံးအခြေခံအုတ်မြစ်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။*

*ဖိနှိပ်မှုကြောင့် ဖိပြားဆိတ်ငြိမ်နေခြင်း၊ တစ်ဖက်သတ် တစ်ယူသန်အတွေးအခေါ်များ ပိုက်ဖက်ထားသည့် ခေါင်းဆောင်ပိုင်း၏ပယောဂကြောင့် မလှုပ်မရှား ငြိမ်သက်နေသောစိတ်အခြေနေဟူသည့် သရုပ်ပျက် အတုအယောင်ငြိမ်းချမ်းရေးမျိုးကို ဆိုလိုသည်မဟုတ်ပါ။ တရားမျှတမှု၊ ကရုဏာစိတ်၊ ညီညာသင့်မြတ်မှု၊ ပုဂ္ဂလိကလွတ်လပ်မှု၊ အများပြည်သူ ထိန်းသိမ်းအပ်သော စည်းမျဉ်းများအတိုင်း ရှိသင့်ရှိထိုက်သော ညီမျှမှု၊ မိမိနိုင်ငံအပေါ်ထားအပ်သော တာဝန်သိစိတ်နှင့် အပြည်ပြည်ဆိုင်ရာ အသိအမြင်နားလည်မှုများကို မျှတအောင်မြင်အောင် ပြုလုပ်မှု စသည်တို့အပေါ်တွင် အခြေခံသော ငြိမ်းချမ်းရေးမျိုးကို ဆိုလိုပါသည်'*

ဒီစာပိုဒ်ကလေးဟာ ၁၉၉၂ ခုနှစ်က စပိန်နိုင်ငံကို အိုလံပစ်မီးရှူးတိုင်ရောက်လာတဲ့နေ့မှာ ကြိုဆိုတဲ့မိန့်ခွန်းဖြစ်ပြီး ဒီမိန့်ခွန်းကိုတော့ အဲဒီအချိန်ကလည်း နေအိမ်အကျယ်ချုပ်ကျခံနေရပြီး အခုလည်း နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ၁၉၉၁ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ရေးသားခဲ့တာပါ။

မွေးရာပါအရည်အသွေးများကို အထူးချွန်ဆုံးအဆင့်တိုင် ဖွံ့ဖြိုးစေနိုင်မည့် ဘဝမျိုးအတွက် စိတ်အချရဆုံး အခြေခံအုတ်မြစ်မှာ ငြိမ်းချမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖြစ်ပါသည်ဆိုတဲ့ အပိုဒ်ကလေးကို ထပ်တလဲလဲရွတ်ဖတ်နေရင်းက လာမယ့် ဇူလိုင် ၂၉ ရက်မှာ ကွယ်လွန်ခြင်း ၄၂ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖခင်ကြီး၊ ဇာတိမာန်စာဆိုတော်ကြီး အဘိုးသခင်ကိုယ်တော်မှိုင်းကို လွမ်းဆွတ်တသဖြစ်မိရပါတယ်။

လွတ်လပ်ရေးရပြီးတာကလည်း နှစ်ပေါင်း ၅၀ ကျော်၊ ပြည်တွင်းစစ်မီးကလည်း တငွေ့ငွေ့နဲ့ နှစ်ပေါင်း ၅၀ ကျော်၊ 'ဆရာ မသေခင် တိုင်းပြည်မှာ တကယ့်ငြိမ်းချမ်းရေးအစစ်ကို မြင်တွေ့သွားချင်တယ်' လို့ အဘိုးသခင်ကိုယ်တော်မှိုင်းက မှာကြားခဲ့ပေမဲ့ ဒီကနေ့ အဘိုးကွယ်လွန်ခြင်း အနှစ် ၄၀ ပြည့်တဲ့အချိန်ထိ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဆိုတာ စစ်အာဏာရှင်တွေရဲ့ မုသာဝါဒရွှေရည်စိမ်စကားလုံးအဖြစ် ပုံသွင်းထားတာကိုပဲ ခံနေရပါသေးတယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးအတွက် နိုင်ငံရေးစနစ်ပြောင်းလဲဖို့ နိုင်ငံတော်ကို စစ်အာဏာရှင်မြောင်းပုပ်ထဲက ဆွဲထုတ်ဖို့ ကြိုးပမ်းနေသူမှန်သမျှဟာလည်း သွေးအသက်တွေ ပေးဆက်ခဲ့ရသလို နိုင်ငံရေးအကျဉ်းသားဘဝရောက်နေပေမဲ့လည်း စစ်အကျဉ်းထောင်ထဲကနေ တိုက်ပွဲဝင်နေကြရပါသေးတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က 'နိုင်ငံရေးဆိုတာ လူတိုင်း လူတိုင်းနဲ့ ဆိုင်တဲ့ကိစ္စပါ။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီး ကြိုးစားဖို့လိုပါတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းပြည်အပေါ်မှာ စစ်မှန်တဲ့စေတနာ ထားရပါလိမ့်မယ်။ ကိုယ့်အဖွဲ့အစည်းအကျိုးကိုပဲ လုပ်နေမယ်။ ကိုယ့်အသိုက်အဝန်းအကျိုးကိုပဲ လုပ်နေမယ်ဆိုလို့ရှိရင်တော့ စစ်မှန်တဲ့စေတနာလို့ မခေါ်နိုင်ပါဘူး' လို့ ၁၉၈၉ ခုနှစ် ကချင်ပြည်နယ်၊ စည်းရုံးရေးခရီးစဉ်အတွင်း မြစ်ကြီးနားမြို့မှာ ပြောကြားခဲ့ဖူးပါတယ်။

တိုင်းပြည်တစ်ပြည်ဟာ နိုင်ငံသားတွေရဲ့ မြင့်မားတဲ့အတွေးအမြင် အပွင့်အသီးတွေအရ ကမ္ဘာ့အလယ်မှာ တစ်ထီးတစ်နန်းလတ်ဆတ်နေရမယ့်အစား တိုင်းပြည်ကို အကျဉ်းထောင်ကြီးလုပ်ပစ်လိုက်တဲ့ အာဏာရှင်တွေကတော့ ဒီကနေ့ခေတ်မှာ ကမ္ဘာ့ခြေရာခွက်လောက်တောင် မရှိတော့တဲ့ မီးကျိုးမောင်းပျက် စစ်အာဏာရှင်စနစ်ကို အမြစ်ပုပ်နေတာတောင်မှ ခြစ်ကုတ်ပြီး



ဖက်တွယ်ထားနိုင်ဖို့ နိုင်ငံရေးလှုပ်ရှားသူတိုင်းအပေါ် ရိုင်းပျတဲ့သုတ်သင်မှုတွေ ကျူးလွန်နေပါသေးတယ်။ အမြော်အမြင်ကလည်း နည်း၊ မေတ္တာကလည်း ခေါင်းပါး၊ နှလုံးသားကလည်း ကြမ်းကြုတ်၊ အလုပ်ကလည်း မုသာဝါဒဆိုတဲ့ အာဏာရှင်တွေရဲ့ သရုပ်မှန်ကို ပြည်သူလူထုရဲ့ လက်တွေ့ဘဝ အရုပ် အသံတွေပေါ်မှာ ခံစားရတိုင်း သီပေါမင်းပါတော်မူတော့ မြတောင်ကျောင်းအောက်ကနေ မျက်ရည်ကျရင်း တိုင်းပြည်နဲ့ အမျိုးသားရေးအပေါ်မှာ ပွင့်သီးနီးကြားလာခဲ့တဲ့ မှိုင်းရဲ့ ချစ်ခြင်းမေတ္တာ၊ မှိုင်းရဲ့ အမြော်အမြင်၊ မှိုင်းရဲ့ ဇာတိမာန်သတ္တိ၊ မှိုင်းရဲ့စေတနာတွေဆိုပြီး စာတွေနဲ့ အသိအကြားတွေထဲကနေ မော်ကွန်းတင်ဦးခိုက်ထားမိတဲ့ အဘိုးသခင်ကိုယ်တော်မှိုင်းရဲ့ ပုံရိပ်တွေကို ပိုလို့ ပိုလို့ လွမ်းဆွတ်တသလာမိရပါတယ်။

ကွယ်လွန်သူ ခေတ်စမ်းစာဆို ဆရာကြီးဇော်ဂျီက '၁၉၁၉ ခုနှစ်သည် ဆရာကြီးဦးလွန်း၏ ခေါင်းငြိကာခေတ်ဖြစ်လေသည်။ ဤခေတ်တွင် ဆရာကြီးသည် မိမိ၏ဇာတိမာန်စာဆိုဘဝကို မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုလုပ်ငန်း၌ (ဝါ) ဝံသာနုလုပ်ငန်း၌ အုတ်မြစ်ချလိုက်ပြီဟု ယူဆသင့်လေသည်။ အုတ်မြစ်ချရာအရပ်သည် ထိုခေတ်က သူရိယသတင်းစာဖြစ်၍ ထိုခေတ်တစ်ခေတ်လုံးတွင် ဆရာကြီး၏ကလောင်သည် သူရိယမှနေ၍ ဆရာကြီး၏ဇာတိမာန်၊ နိုင်ငံချစ်စိတ်ဓာတ်ကို တိုင်းသူပြည်သားများ၏ နား၊ မျက်စိတို့သို့ လွယ်လင့်တကူ အရောက်ပို့နိုင်ခဲ့လေသည်' လို့ ရေးသားခဲ့ပါတယ်။

အဲဒီခေတ်က အဘိုး သခင်ကိုယ်တော်မှိုင်းရဲ့ အသက်ဟာ ဇာတိမာန်တွေ နှပ်ပြီးသန်စွမ်းလွန်းလှတဲ့ အသက် ၄၀ အရွယ်ဖြစ်ပြီး ဗြိတိသျှအစိုးရကို ရဲရဲတွံ့တွံ့အတိုက်အခံပြုနေတဲ့ ဝံသာနုလူငယ်တွေရဲ့ 'နိုင်ငံသားတွေကိုယ်တိုင်က ကိုယ့်တိုင်းပြည် ကိုယ်တိုင်အုပ်ချုပ်ခွင့်ရရှိရေး' ဆိုတဲ့ 'ဟုမ်းရူးဝါဒ' ကို တိုင်းပြည်သိအောင် ဖြန့်ဝေပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ၁၉၁၉ ခုနှစ် ဇူလိုင်လမှာ ဟုမ်းရူးအတွက် ဗိလပ်သွားအရေးဆိုဖို့ ဝိုင်အမ်ဘီအေ အသင်းချုပ်က ကြီးမှူးပြီး 'ဦးပု၊ ဦးဘဘေ၊ ဦးထွန်းရှိန်' တို့ကို စေလွှတ်တဲ့အခါ…

'ဩော်… ပြေအမှုပေမို့

www.burmeseclassic.com

www.burmeseclassic.com



ငွေခရုငယ်နှင့် ဓေယျတုပါကွဲ့
သပြေနုချိန်တင်ရန် ပန်းတွေကလည်း များလိုက်ပါဘိသနဲ့
ဖေ ပု ရှိန် အင်္ဂလန်နန်းမြေသွားတို့မှာဖြင့်
အားမြောက်ဖွယ် ကြံလွယ် ဖန်လွယ်နှင့်
အန္တရာယ် ရန်စွယ်မောင်းပါလို့
မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနှင့်
ဆုတောင်းကာ ပတ္ထနာဆင်တဲ့ပြင်
ဆရာအရှင် မင်းရို့ကိုရင်မှိုင်းမှာဖြင့်
လယ်ကိုင်းသူ အရွယ်သင့်တွေနဲ့
မယ်မြင့်ခေါ် ကေသာဝတီရဲ့ပြင်
ခေမာထေရီ မေရီ ကြော့ကြော့ရွှန်းတို့နှင့်
မဟာအလှံ့ အညာ မုံရွာတဝန်းငဲ့ပြင်
ဟံသာ ဒဂုန်ပါ စံရာသထုံကွန်းဆီက
လွမ်းရက် မမေ့သူတွေမှာနော်ကွယ် ဆွမ်း သက်စေလှူ' ဆိုတဲ့

'ဩဒိဿ ပတ္ထနာ' လေးချိုးကြီးနဲ့ ဒေါင်းလံလွှင့်ကောင်းချီးပေးခဲ့ကြောင်း ဆရာကြီးဇော်ဂျီက ရေးသားခဲ့ပါတယ်။

တစ်ခါ ၁၉၁၉ ခုနှစ်က ရန်ကုန်မြို့ ဂျူဗလီခန်းမမှာ ကျင်းပတဲ့ ပြည်လုံးကျွတ်အစည်းအဝေးကြီးအကြောင်းကို တိုင်းသူပြည်သားတွေ နိုင်ငံရေးစိတ်ဓာတ်နိုးကြားလာအောင် ဖွဲ့ဆိုပြီး ၁၉၂၀ မှာ ဟုမ္မရူးအတွက် ဘိလပ်သွားအရေးဆိုခဲ့တဲ့ ကိုယ်စားလှယ်တွေထဲက ဦးထွန်းရှိန်ကွယ်လွန်တဲ့အခါ မျိုးချစ်ခေါင်းဆောင်တစ်ဦးအပေါ် ပြည်သူလူထု နှမြောတသဖြစ်အောင် ဖွဲ့ဆိုခဲ့ပါတယ်။ အဲဒီ ဦးထွန်းရှိန်ကွယ်လွန်ခြင်း လေးချိုးကြီးက ပထမနဲ့ နောက်ဆုံးအပိုဒ်မှာ အဘိုးသခင်ကိုယ်တော်မှိုင်းက...

'ပြောင်မွန်းတထိန်ထိန် ပြကတော့ လက္ခဏာအားရယ်နှင့်
တောင်ကျွန်း ပုသိမ်အရှေ့ဘက် မြန်မာသွားပေပ
မောင်ထွန်းရှိန် ယနေ့ အသက်ခန္ဓာလားရှာပတဲ့
ပြေမျက်နှာတပါးရယ်ကြောင့် ပွားမီးတပြောင်ပြောင်
(အမယ်လေး) မမေ့ခက်စရာများပါပေါ့ သားကြီးမောင်။



သမိုင်းတိုးအောင် တိုင်းကျိုးမောင်ဆောင်လို့
မအောင် တအောင် ကောင်းဘွယ်သမယတွင်မှ
ရှောင်တောင်တောင် စောင်းဖယ်လို့ကြွရှော့မလ
(အမယ်မင်း) ညောင်းတယ်လို့မှ မထပြီဘု
ငှင်းအရွယ်လှချိန်မှ အသေ သီသီစောသူကြောင့်
ညော်... သောင်းနယ်မြန်မာ့ရွှေပြည်သူတို့ကလည်း နှမြောကြပေလိမ့်
(အမယ်မင်း) အကြောင်းမဖွယ်စွ၊ ဂေါင်းတယ်သမတလေးရဲ့
အဒေါင်းမယ်လျှ အမေ မကြည်မော...' လို့ ရေးသားဖွဲ့ဆိုခဲ့ပါတယ်။

ခေတ်စမ်းစာဆို ဆရာကြီးဇော်ဂျီကတော့...

'ဆရာကြီးသင်ပေးသော နိုင်ငံရေးပညာသည် တက္ကသိုလ်ပါမောက္ခတို့ ပို့ချလေ့ရှိသော နိုင်ငံရေးပညာမျိုး မဟုတ်။ (ဝါ) နိုင်ငံရေးသဘောတရား၊ (ဝါ) နိုင်ငံရေးဝါဒ၊ နိုင်ငံရေးစနစ်တို့၏အကြောင်း မဟုတ်၊ ထို့ထက်ပို၍ ထက်မြက်သောပညာမျိုးဖြစ်သည်ဟု ဆိုသင့်လေသည်။ ဆရာကြီးသင်ပေးသော ပညာကား အခြားမဟုတ်။ နိုင်ငံအတွက် ဝမ်းမြောက်စရာရှိလျှင် ဝမ်းမြောက်တတ်အောင်၊ ဝမ်းနည်းစရာရှိလျှင် ဝမ်းနည်းတတ်အောင် ပြုပေးနိုင်သော ပညာမျိုးဖြစ်လေသည်။ (ဝါ) ဇာတိမာန်ကဗျာများပင် ဖြစ်လေသည်' လို့ ဂျူဗလီဟောနဲ့ ဦးထွန်းရှိန် ကွယ်လွန်ခြင်းကဗျာနှစ်ပုဒ်ကြောင့် တိုင်းသူပြည်သားတွေ နိုင်ငံရေးပညာ အခြေခံရလိုက်တယ်လို့ မှတ်ချက်ချရေးသားခဲ့ပါတယ်။

ဒီကနေ့ကာလမှာတော့ အမျိုးသားနိုင်ငံရေးနိုးကြားမှု၊ ကမ္ဘာ့နိုင်ငံရေးနိုးကြားမှုတွေနဲ့ တိုင်းပြည်အကျိုးဆောင်ရွက်နေသူမှန်သမျှ စစ်အကျဉ်းထောင်ထဲမှာပဲ မိသားစုနဲ့ရော၊ ပြည်သူလူထုနဲ့ရော သေကွဲ၊ ရှင်ကွဲဖြစ်အောင် အာဏာရှင်တွေက ရိုင်းပျနေကြတာမို့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရင်း အဘိုးသခင်ကိုယ်တော်မှိုင်းအပေါ် ကျေးဇူးဆပ်ကြစို့သားခင်ဗျား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တရားမျှတစွာ ဝေဖန်ဆုံးဖြတ်ပါ

### ဒီဗွီဘီ၊ ၂၄၊ ဖေဖော်ဝါရီ၊ ၂၀၀၇

အခုနှစ်ဆန်းပိုင်း ရန်ကုန်မြို့မှာ ဆန္ဒပြမှု နှစ်ကြိမ်ပေါ်ပေါက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃၀ ရက်နေ့က တစ်ကြိမ်နဲ့ ပြီးခဲ့တဲ့ ၂၄ ရက်နေ့က တစ်ကြိမ်ဖြစ်ပါတယ်။ ဇန်နဝါရီလ ၃၀ ရက်နေ့က ဆန္ဒပြပွဲဟာ ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးနဲ့ ဗြိတိန်သံရုံးရှေ့မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲ… ပြီးခဲ့တဲ့ ၂၄ ရက်နေ့က ဆန္ဒပြပွဲကတော့ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်က သိမ်တော်ကြီးရှေ့မှာ စတင်ပြီး ဆူးလေဘုရားအထိ ချီတက်ဆန္ဒပြမှုဖြစ်ပါတယ်။ ပေါ်ပေါက်ခဲ့တဲ့ ဆန္ဒပြမှုနှစ်ခုစလုံးကို စစ်အစိုးရပိုင်သတင်းစာတွေက မဆိုင်းမတွဖော်ပြပါတယ်။ ဒီလိုဖော်ပြတဲ့နေရာမှာတော့ အကြီးအကျယ်ကွဲလွဲမှုတွေ ရှိခဲ့ပါတယ်။ အမေရိကန်သံရုံးနဲ့ ဗြိတိန်သံရုံးရှေ့က ဆန္ဒပြပွဲဖော်ပြတဲ့နေရာမှာ စစ်အစိုးရကိုယ်တိုင်က အကွက်ချစီမံထားမှုကြီး အောင်မြင်သွားသည့်အလား ဖော်ပြခဲ့တာပါ။ သတင်းခေါင်းစီးတပ်ထားပုံကိုက **အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက်ဖြစ်ပွား ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုကို မခံရပ်နိုင်သောလူထုက ရှေ့တန်းထွက်၍ ကန့်ကွက်၊ ပြည်သူတို့၏ ဆန္ဒသဘောထားများနှင့် တစ်သားတည်းထင်ဟပ်လျက်ရှိ၊ နယ်ချဲ့လက်သစ်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ် ရပ်တန်းက ရပ်ရန် သတိပေးလိုက်သည်**လို့ ရေးသားဖော်ပြထားပါတယ်။

အဲ… ပြီးခဲ့တဲ့ရက် မဟာဗန္ဓုလလမ်းပေါ်က ဆန္ဒပြပွဲကိုတော့ အယ်(န်)အယ်(လ်)ဒီမှ နုတ်ထွက်သူများဟုဆိုသော ထင်ကျော်ခေါ်



ကျော်ထင်ပါလူတစ်စု ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း၌ ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့၊ လူအများစုဝေးရာတွင် စီတန်းလှည့်လည် ကြွေးကြော်သောင်းကျန်းခြင်းသည် ရှန်းရင်းဆန့်ခတ်မှုကို ကျူးလွန်ရာရောက်သဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ်ရှိလို့ ခေါင်းစီးတပ်ပြီး ခြိမ်းခြောက်ထားတဲ့ လေသံတွေတောင် ပါဝင်နေပြန်ပါတယ်။ ပြည်ဝသံရုံးနှစ်ရုံးရှေ့က ဆန္ဒပြပွဲနဲ့ပတ်သက်လို့ ဖော်ပြထားချက်တွေကို ပြန်လည်ဖတ်ရှုကြည့်တဲ့အခါ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ရပ်တန်းက ရပ်ရန် သတိပေးလိုက်သောပြည်သူလူထု၏ ဆန္ဒသဘောထားများလို့တောင် ခေါင်းစီးတပ် သီးသန့်မှတ်ချုထုတ်ပြီး ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးမှုဘောင်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း စသဖြင့် ပြည်သူတွေကပဲ ပြောဆိုခဲ့သယောင် ရေးသားဖော်ပြပါတယ်။ ကျွန်တော်ကတော့ သံရုံးနှစ်ရုံးရှေ့က ဆန္ဒပြပွဲဟာ ကျွန်တော်တို့ ပြည်သူလူထု လက်တွေ့ဘဝနဲ့ အတော်ကြီးကို ဝေးကွာတယ်လို့ ခံစားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်ချဲ့ ပြည်တွင်းရေးကို ဝင်စွက်တယ် ဘာညာနဲ့ တခြားတိုင်းပြည်တွေကို လက်ညှိုးငေါက်ငေါက်ထိုး ရန်တွေ့နေတာထက် ကိုယ့်ပြည်တွင်းမှာ လယ်သိမ်းမြေသိမ်းပြီး အိမ်တွင်းရေးကို ဝင်ရောက်ဖြိုခွဲနေတဲ့လုပ်ရပ်တွေ ရပ်တန့်ဖို့ အထွေထွေနေထိုင်ရေးစရိတ်တွေ၊ အကျပ်အတည်းတွေ ပြေလည်ဖို့တောင်းဆိုတာက ပိုပြီးသဘာဝမကျပေဘူးလားလို့ တွေးပြီး ခံစားမိတာပါ။

ပြီးခဲ့တဲ့ သိမ်ကြီးဈေးရှေ့က ဆန္ဒပြပွဲတောင်းဆိုချက်တွေကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း လူထုဘဝနဲ့ တစ်သားတည်းပါပဲ။ ရန်တွေ့တာ၊ စော်ကားတာ၊ ဂုဏ်သိက္ခာကျဆင်းအောင် သုံးနှုန်းထားတဲ့ စကားလုံးတွေလည်း လုံးဝမပါပါဘူး။ ကျန်းမာ၊ လူမှု၊ ပညာ စတဲ့ အချက်တွေနဲ့ လူလိုနေနိုင်ရေး ဘဝတွေကို တောင့်တတဲ့ဆန္ဒပြမှုပါ။ အဲ... သံရုံးနှစ်ရုံးရှေ့က ဆန္ဒပြပွဲကမှ အာဏာကို ဖြတ်လမ်းကလိုချင်တဲ့ ပုဆိန်ရိုးတွေ ကျဆုံးပါစေဆိုတဲ့ ပုဂ္ဂိုလ်ရေးထိုးနှက်ချက်တွေ ပါနေပါသေးတယ်။ ဒီတော့ လူထုလိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်း အေးချမ်းစွာတောင်းဆိုတာကို ထိုသို့ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့သော အဆိုပါဥပဒေနှင့် ဆန့်ကျင်သော လူတစ်စုသည် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်မရရှိဘဲ နိုင်ငံတော်အား ဆန့်ကျင်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်ခြင်း၊ လူအများစုဝေးရာလမ်းမပေါ်တွင် စီတန်းလှည့်လည်သောင်းကျန်းခြင်းတို့သည် ရန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ထို့ပြင် ၎င်းတို့သည် ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်သော၊ ဆူပူမှုကို လှုံ့ဆော်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခြင်းမှာလည်း နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ အကြည်ညိုပျက်အောင်သော်လည်းကောင်း ပြုလုပ်ရာရောက်ကြောင်း သို့ဖြစ်၍ စသဖြင့် သတင်းစာထဲ ရေးသားဖော်ပြလိုက်တာဟာ နိုင်ငံတော်ပိုင်သတင်းစာကြီးရဲ့ အရှက်မဲ့မှုဖြစ်သလို ဒီသတင်းစာနဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေရဲ့ တရားမမျှတမှုတွေကလည်း ပိုပြီးပေါ်လွင်ထင်ရှားသွားစေခဲ့ပါတယ်။ ဒါကြောင့် ကျောသားရင်သားမခွဲခြားဘဲ တရားမျှတစွာဝေဖန်ဆုံးဖြတ် ဆောင်ရွက်ကြပါဦးလို့ ပြောကြားရင်း ဗိုလ်ချုပ်ကြီးများကျန်းမာပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဟဲ... ဟဲ... ဟဲ... ချမ်းသာပါစေလို့တော့ ဆုမတောင်းတော့ပါဘူး။ ချမ်းသာပါစေလို့ ထပ်ပြီးဆုတောင်းလိုက်ရင် ကျွန်တော်တို့မြန်မာနိုင်ငံမြေပုံကြီးကို လံကွတ်တီကလေးဝတ်ပေးဖို့ပဲရှိပါတော့တယ်။

❖ ❖ ❖

# အလုံးစုံခြောက်ခန်း ပညာနှမ်း

## ဒီဗွီဘီ ညပိုင်းအစီအစဉ် (၂၂-၁၁-၀၃)

နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းဆိုင်ရာ စစ်မှန်တဲ့ အခန်းကဏ္ဍတွေကို နိုင်ငံသူ နိုင်ငံသားတိုင်း သိသင့်သိထိုက် သိနေရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလို ကိုလိုနီနယ်ချဲ့လက်အောက် နှစ်ပေါင်းများစွာကျရောက်ခဲ့ရာက တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို လွတ်လပ်ရေးနဲ့ ပြန်လည်ရယူနိုင်ခဲ့တာ၊ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ တစ်မျိုးသားလုံး လွတ်လပ်ငြိမ်းချမ်းစွာ ရှင်သန်နိုင်အောင် စွမ်းဆောင်ခဲ့ရတာ စတဲ့ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းအစစ်အမှန်တွေကို နိုင်ငံသားတိုင်း သိမြင်နားလည် ခံစားနေနိုင်ပါမှ နိုင်ငံတော်ရှင်သန်တည်မြဲရေး၊ တစ်မျိုးသားလုံးညီညွတ်ပြီး အနှောင်အတွယ်ကင်းကင်းနဲ့ ပွင့်လင်းတရားမျှတစွာ ရှင်သန်နိုင်ရေးမှာ မွေးရာပါတာဝန်တွေ ပိုင်ဆိုင်လာကြမှာဖြစ်ပါတယ်။ ဒီလို လူမျိုးပေါင်းစုံပါဝင်တဲ့ အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝလာဖို့မှာ သမိုင်းခေတ်အဆက်ဆက် တိုက်ပွဲဝင်ဖြတ်သန်းခဲ့ကြသူများက နည်းလမ်းပေါင်းစုံ လက်ဆင့်ကမ်းမှုလိုအပ်သလို နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့ တာဝန်ရှိသူများကလည်း တာဝန်သိဖို့ အထူးလိုအပ်လှပါတယ်။ ဒါမှသာ အတိတ်ခေတ်အဆက်ဆက်က သမိုင်းဆိုင်ရာအခန်းကဏ္ဍနဲ့ အမျိုးသားရေးအမွေအနှစ်တွေဟာ တန်ဖိုးတက်နေပြီ တက်နေပြီး အမျိုးသားရေးလက္ခဏာဂုဏ်ပုဒ်တွေကို လက်ရှိလူငယ်လူရွယ်တိုင်းက မြတ်မြတ်နိုးနိုး သိမ်းချုပ်လို့ နောင်ကြီးပြင်းလာမယ့် လူငယ်လူရွယ်တွေထံ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ လက်ဆင့်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



လွဲအပ်နိုင်ကြမှာဖြစ်ပါတယ်။ ဆိုပါတော့၊ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၈ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဟာ မြန်မာနိုင်ငံရဲ့ ၈၃ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကျွန်သက်ရှည်စေမယ့် ဗြိတိသျှအစိုးရရဲ့ ၁၉၂၀ ရန်ကုန်တက္ကသိုလ် ပညာရေးအက်ဥပဒေကို တက္ကသိုလ်ကျောင်းသားထုအပါအဝင် တစ်နိုင်ငံလုံးက ကျောင်းသားထုတွေ ပြင်းထန်စွာသပိတ်မှောက်တိုက်ပွဲဝင်ခဲ့ရာက ပေါ်ပေါက်လာတဲ့ အမျိုးသား အောင်ပွဲနေ့ထူးနေ့မြတ်ကြီးပါ။ ကျွန်နှံ့သင်းနေတဲ့ ဗြိတိသျှပညာရေး စည်းမျဉ်း စည်းကမ်းတွေကို ဖျက်နှင်းခဲ့ရာက စခဲ့တယ်ဆိုပေမဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကြီးအခြေခံ စစ်မှန်တဲ့အနှစ်သာရဖြစ်ပါ တယ်။ တက္ကသိုလ်ကျောင်းသားတွေက YMBA ခေါ်တဲ့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ပထမဆုံးတည်ထောင်ပါတယ်။ နောက် ၁၉၂၀ ရောက်တော့ YMBA ဘာသာရေးအသင်းကနေ GCBA လို့ခေါ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ်ကြီး ဖြစ်လာပါတယ်။ အဲ… နိုင်ငံရေး တိုက်ပွဲနဲ့ မြန်မာ့လွတ်လပ်ရေးကြီး ဖော်ဆောင်မယ့်အသင်းကြီး ဖြစ်လာခဲ့တာ ပါ။ အဲဒီကနေ အခု အမျိုးသားအောင်ပွဲနေ့ထူးနေ့မြတ်ကြီးဖြစ်လာမယ့် မြန်မာ့လွတ်လပ်ရေးကို အကြီးမားဆုံးတွန်းအားပေးလိုက်တဲ့ ၁၉၂၀ ကျောင်း သားသပိတ်ကြီး ပေါ်ပေါက်လာတဲ့အခါ အမျိုးသားရေးလှုပ်ရှားမှုအရှိန်အဟုန် က ကြီးမားကျယ်ပြန့်ပြီး လူမျိုးပေါင်းစုံပါဝင်လာကြတဲ့အထိ ဖြစ်လာပါတော့ တယ်။ ဒီကနေ တို့ဗမာအစည်းအရုံး၊ ဒုတိယကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ နောက် ဗြိတိသျှကိုတိုက်ထုတ်ပြီးတော့ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ နောက်တော့ လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ကြေညာနိုင်ခဲ့ကြတယ်ပေါ့ခင်ဗျာ။ ဒီလို ၁၉၂၀ ကျောင်းသားခေါင်းဆောင်များရဲ့ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအသိ၊ သပိတ်မှောက်လှုပ်ရှားမှုကြီးဟာ နိုင်ငံ့လွတ်လပ်ရေး ခရီးလမ်းကို မီးမောင်းထိုးပြပေးခဲ့သလို အဲဒီကျောင်းသားခေါင်းဆောင်များက လည်း လွတ်လပ်ရေးခရီးတစ်လျှောက် ဦးဆောင်ခဲ့ကြတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ် လပ်ရေးခရီးတစ်လျှောက် အခန်းကဏ္ဍတွေကွဲပြားနေပေမဲ့ ၁၉၂၀ ကျောင်း



သားထုသပိတ်မှောက်တိုက်ပွဲကြီးက မောင်းနှင်ပေးလိုက်တဲ့ ဒီအမျိုးသားရေး အသိစိတ်ဓာတ်ကတော့ တစ်နိုင်ငံလုံးအပေါ်၊ တစ်မျိုးသားလုံးအပေါ်မှာ စည်းနှောင်အားကြီးမားခဲ့ပါတယ်။ အဲ… ဗိုလ်နေဝင်းလက်ထက်ရောက်တော့ နိုင်ငံ့သမိုင်းအစစ်အမှန်တွေလည်း ဖြတ်တောက်သုတ်သင် ပြင်ဆင်တာခံရ၊ သမိုင်းရေးစွမ်းဆောင်ခဲ့သူ ပုဂ္ဂိုလ်ကြီးများလည်း ဖိအားပေးခံရ၊ ထောင်သွင်း အကျဉ်းကျခံရ၊ မတရားဖယ်ရှားပစ်တာ ခံရတဲ့အပြင် မျိုးဆက်သစ်တို့ရဲ့ ပညာရေးအသိ၊ သမိုင်းဆိုင်ရာအသိတွေလည်း ဆွံ့အခဲ့ကြရပါတယ်။ တစ်ခါ တော့ဖြင့် ဗိုလ်နေဝင်းက ထူးထူးခြားခြား အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကြီးကို ကြီးကြီးကျယ်ကျယ်ကျင်းပ၊ ပထမ၊ ဒုတိယ ကျောင်းသားသပိတ် ခေါင်းဆောင်တွေကြားမှာ စကားလက်ဆုံကျပြီး ကိုယ်တိုင်ပဲ ပထမ၊ ဒုတိယ၊ ကျောင်းသားသပိတ်တိုက်ပွဲဝင်ခေါင်းဆောင်လိုလို ဟိတ်ဟန်ပြပြီး အမျိုး သားအောင်ပွဲနေ့အပေါ်က နိုင်ငံရေးအမြတ်ထုတ်ယူသွားခဲ့ပါသေးတယ်။ ကဲ… အခု နဝတ၊ နအဖခေတ်ကျတော့ရော သမိုင်းဆိုင်ရာ အမျိုးသားရေး ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေကို ကမောက်ကမဖြစ်အောင် ပြုပြင်ပစ် တယ်။ တို့ဗမာသီချင်းကို စာသားတွေပြင်ရေးပြီး ဆိုပေါက်တွေ ပြောင်းပစ် တယ်။ အဲ… နှစ်စဉ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆောင်ပုဒ်တွေ ထုတ်၊ ပြိုင်ပွဲတွေ ကျင်းပ၊ နဝတ–နအဖခေတ် သာကြောင်းမာကြောင်းရေး တဲ့လူတွေကို ဆုပေး၊ ဒါကိုပဲ သတင်းစာနဲ့ ရုပ်မြင်သံကြားမှာ ထပ်တလဲလဲ ပြ၊ ဘာတဲ့… ကျွန်ဖြစ်မယ့်အကြံ တို့လက်မခံဆိုပဲ။ ဒီမှာက ဒီမိုကရေစီ ရေး ဆောင်ရွက်နေသူတွေရော၊ လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံးကပါ လွတ်လပ်ပွင့်လင်းတဲ့ နိုင်ငံရေးစနစ်နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြန်လည်ရရှိအောင် အသက်သွေးချွေးပေးဆပ်ပြီး ကြိုးပမ်း၊ တွေ့ဆုံဆွေးနွေး ရေး စားပွဲဝိုင်းကို ခေါ်နေချိန်မှာ နဝတ–နအဖက အရှင်သခင်ကို ခိုးကြောင် နိုးဝှက်ကြည့်ပြီး ကျွန်ဖြစ်မှာ ကြောက်နေသလားမသိဘူး။ ကျွန်ဖြစ်မယ့်အကြံ တို့လက်မခံဆိုပြီး ဆောင်ပုဒ်ရေးနေတယ်။ စဉ်းစားကြည့်ပါ။ နိုင်ငံ့အချုပ် အခြာအာဏာနဲ့ တစ်မျိုးသားလုံး လွတ်လပ်ငြိမ်းချမ်းစွာရှင်သန်ဖို့ရေးဟာ စကားလုံးတွေနဲ့ ဖြီးဖြန်းပြီး ထိန်းနှန်းစောင်းလို့ ရတာမဟုတ်ပါဘူး။ တစ်မျိုး သားလုံး သမိုင်းဆိုင်ရာ အမျိုးသားရေးအသိ ပြည့်ဝဖို့လိုပါတယ်။ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သားအသိ စူးရှပြည့်ဝမှ အမျိုးသားရေးတာဝန်ရှိကြပြီး၊ အမျိုးသားရေးတာဝန် သိကြပြီး တိုင်းပြည်နဲ့ လူမျိုးရဲ့ အနာဂတ်နဲ့ ဘဝ လှပနေမှာဖြစ်ပါတယ်။ အခုတော့ဖြင့် ကိုယ့်နိုင်ငံသားတွေကို အိမ်နီးချင်းနိုင်ငံက လူမျိုးနဲ့ ရန်တိုက်ပေးပြီး တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖလုပ်ချင်တဲ့ စစ်အာဏာရှင်တွေက အမျိုးသားရေးတို့၊ မျိုးချစ်စိတ်ဓာတ်တို့ဆိုတဲ့စကားလုံးတွေ ပါးစပ်က ထွက်ကျရဲတာ အတော်သိက္ခာမဲ့ပါလားလို့ တွေးမိပါတယ်။ ဒီကြားထဲ ကိုယ်တိုင်က သေနတ်ခါးထိုးပြီး မတရားတန်ခိုးထွားနေရုံနဲ့ အားမရနိုင်သေးဘူး။ ကာကွယ်ရေးစရိတ်ကို ၅၀ ရာခိုင်နှုန်း ပိုပြီးတော့သုံးတယ်။ တိုင်းပြည်အနာဂတ်နဲ့ လူမျိုးရေးအသိစိတ်ဓာတ် မြှင့်တင်ပေးမယ့် ပညာရေးစရိတ်ကျတော့ ၂ ရာခိုင်နှုန်းလောက်တောင် မသုံးချင်ဘူး။ ဒါကြောင့် နအဖလက်ထက် ပညာရေးဟာ ကိုလိုနီခေတ်ပညာရေးထက် အဆမတန်နိမ့်ကျနေတယ်လို့ သုတေသီတွေက အတိအကျတွက်ချက်ဝေဖန်လာကြပါပြီ။ ဒြော်… ကိုလိုနီနယ်ချဲ့ကို အမျိုးသားရေးအသိစိတ်ဓာတ်နဲ့ တွန်းလှန်အောင်မြင်ခဲ့ပြီးတဲ့နောက်ပိုင်း မဆလ၊ နဝတ၊ နအဖဆိုတဲ့ အသားထဲက လောက်ထွက်လာတော့ ကျွန်တော်တို့တိုင်းပြည်မှာလည်း အလုံးစုံခြောက်ပြီး ဖြစ်ရတော့တာပေါ့ခင်ဗျာ။

❖ ❖ ❖

# နိုင်ငံတော်အကျိုး၊ လူထုအကျိုး ဘာမှမလုပ်တဲ့ နဝတ၊ နအဖ၊ စစ်အစိုးရ

## ဒီဗွီဘီ၊ ၂၂-၇-၂၀၀၆

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဲဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တစ်ခါ အခမ်းအနားတွေနဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ မိမိတို့ တပ်မတော်အစိုးရ စသဖြင့် သုံးနှုန်းပြောဆိုနေတဲ့အဖွဲ့ကြီးဟာ စပြီးအာဏာသိမ်းခဲ့ကတည်းက ဒီကနေ့အထိ နိုင်ငံတော်အကျိုး၊ လူထုအကျိုးကို ဘာတစ်ခုမှ မလုပ်ဆောင်သေးပါဘူး။ တကယ်ပါ။ ဟုတ်နေလို့ ကျွန်တော်ပြောတာပါ။ အဲ… တစ်ခုတော့ရှိတာပေါ့ဗျာ။ နိုင်ငံတော်အကျိုး၊ လူထုအကျိုးဆိုတဲ့ စကားရပ်ကိုတော့ ရှင်းရှင်းလင်းလင်းသိမြင်ထားရပေမပေါ့။

တိုင်းပြည်တစ်ပြည်ရဲ့ ကိစ္စအဝဝကို ဦးဆောင်နေပါတယ်လို့ ထုတ်ဖော်ပြောကြားနေသူတွေဟာ တိုင်းပြည်နဲ့ လူထုအကျိုးရှိမယ့်ကိစ္စတွေကို ဆောင်ရွက်ရမှာဖြစ်သလို၊ တိုင်းပြည်နဲ့ လူထုဆန္ဒတွေကိုလည်း ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ တိုင်းပြည်မှာ ဘာတွေလိုအပ်နေသလဲ။ တိုင်းပြည်ရဲ့ အနာဂတ်ခရီးလမ်းကြောင်းဟာ ဘယ်ကိုမောင်းနှင်မှာလဲ၊ ဒါတွေကိုသိမြင်ပြီး ပန်းတိုင်ရောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးမှ ဒါတိုင်းပြည်တာဝန်ကို ထမ်းတာ။ ပြည်သူလူထုတွေ ဘာလိုအပ်သလဲ။ လက်ရှိပညာရေးအဆင့်က ငါတို့တိုင်းပြည်ကို ကမ္ဘာ့အလယ်မှာ တင့်စေနိုင်မလား။ ကျန်းမာရေး၊ လူမှုရေး စသဖြင့် လူထုတွေရဲ့မျှော်လင့်ချက်က ဘာလဲ။ ဒီမျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေအတွက် သူတို့တစ်တွေ ဘာတွေဆောင်ရွက်ခဲ့ပြီးပြီလဲ။ ဒါတွေကို သိမြင်သုံးသပ် ကျွမ်းကျင်သူတွေနဲ့ ဆွေးနွေးဆုံးဖြတ်ပြီး လူထုလိုအင်ဆန္ဒ ပြည့်ဝသွားအောင် ရွက်ဆောင်ကြိုးပမ်းရမှာဟာ တိုင်းပြည်မှာတာဝန်ရှိပါတယ်လို့ သတ်မှတ်ခြင်းခံထားရသူတွေနဲ့ တိုင်းပြည်ကို တာဝန်ယူနေပါတယ်လို့ ထုတ်ဖော်ပြောကြားနေသူတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။

ကဲ… နိုင်ငံတော်အာဏာကို သိမ်းယူပြီးချိန်က လူထုတောင်းဆိုတဲ့ မျှော်လင့်တဲ့ကိစ္စတွေ ဆောင်ရွက်ပေးမယ်ဆိုပြီး ရွေးကောက်ပွဲလုပ်တယ်။ ဒီရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ကတိကဝတ်တွေလည်း ပေးတယ်၊ ဒါပေမဲ့ ဘာဖြစ်သွားလဲ။ တိုင်းပြည်ကို ပါတီစုံဒီမိုကရေစီနိုင်ငံထူထောင်ဖို့နဲ့ လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို လူထုအာဏာလွှဲပေးဖို့ဟာ အာဏာသိမ်းစစ်အုပ်စု ကျေပွန်အောင်ထမ်းဆောင်ရမယ့် တာဝန်ဖြစ်သလို ကိုယ်တိုင်ပေးထားတဲ့ ကတိလည်းဖြစ်ပြီး ဒီကတိကို ပြည့်ပြည့်ဝဝ စောင့်ထိန်းပြသရမှာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဖျက်ကွက်ခဲ့တာ ကနေ့အထိပါပဲ။

တံတားဆောက်၊ လမ်းတွေဖောက်သတဲ့။ ဟာ… ဒါဆိုရင် လမ်းပန်းဆက်သွယ်ရေးက ကောင်း၊ စီးပွားကူးသန်းမှုတွေက မြန်ဆန်၊ လူထုတွေ အခြေမှန်အနေမှန်နဲ့ ငွေလျှံနေကြပြီပေါ့။ ဒါပေမဲ့ အဲဒီလိုဖြစ်မလာပါဘူး။ မြန်မာကျပ်ငွေတောင်မှ ထိုင်းဘတ်ငွေနဲ့ယှဉ်ရင် တန်ဖိုးချင်းအဆမတန် ကွာခြားသွားပါတယ်။ ဘာဖြစ်လို့လဲ။ တံတားဆောက်၊ လမ်းဖောက်တာတွေက တိုင်းပြည်နဲ့ လူထုကို ဘာလို့အကျိုးမပြုသလဲမမေးနဲ့။ ပြောရမှာ ခပ်ရှက်ရှက်ကြီး။ အဲဒီတံတားတွေ၊ လမ်းတွေ မဆောက်မီကတည်းက ဗိုလ်ချုပ်တွေနဲ့ ရေပေါ်ဆီအသိုက်အဝန်းဟာ အကျိုးအမြတ်တွေနဲ့ သူခိုးဓာတ်ကို ဆိုင်းမပါ ဗုံမပါဘဲ နွှဲပြီးခဲ့ကြပြီ။ တံတားဆောက်မယ်၊ လမ်းဖောက်မယ် ဆိုပြီး စီမံကိန်းစာရွက်တွေနဲ့ လက်မှတ်ထိုးကြ၊ ငွေထုတ်ကြ၊ အကျိုးအမြတ်တွေခွဲကြ၊ ဒီလို ရသမျှ ဘောင်းဘီအိတ်ထဲထည့်ထားတဲ့အပြင် လူထုလုပ်အားကို အဓမ္မအခမဲ့တောင်းခဲ့ပြီး ကုပ်သွေးစုပ်ခဲ့ကြသေးတယ်။ ဒီတော့ လမ်းတွေ၊ တံတားတွေ စီမံကိန်းစပြီဆိုကတည်းက လူထုအကျိုးရှိဖို့ မပြောနဲ့၊ လူထုက ခံနေရတာ။



ဟော… လမ်းပန်းဆက်သွယ်ရေးကောင်းတော့ရော စစ်ဗိုလ်ချုပ်တွေနဲ့ အကျိုးတူ စီးပွားဘက်တွေရဲ့ ရွှေလမ်းငွေလမ်း၊ ဒေါ်လာလမ်းဖောက်ရာပဲ ဖြစ်သွားတယ်။ လူထုအတွက် ဘာမှအကျိုးရှိတာမဟုတ်ဘူး။ ပိုတောင် အကျိုးပျက်သွားသေးတယ်။ ဟုတ်တယ်လေ။ လမ်းတွေကောင်းတော့၊ တံတားတွေကောင်းတော့ ဗိုလ်ချုပ်တွေ၊ အကျိုးစီးပွားဘက်တွေက အလွယ်တကူရောက်လာကြရော။ အဲဒီလိုရောက်လာပြီဆိုရင် သတိထားပေရော့။ သူတို့ရောက်တဲ့ဒေသက သီးနှံရှိရင် ဈေးနှိမ်ပြီး အဝယ်ခံရမယ်။ လယ်မြေရှိရင် သိမ်းမယ်။ သီးနှံရော၊ လယ်မြေရော မရှိရင် အဓမ္မလုပ်အားပေးနဲ့ မထည့်မနေရ အလှူငွေတွေ အထည့်ခိုင်းမယ်။ ကဲ… ဟောဒီစစ်အုပ်စုကြီး ခေတ်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းလေ လူထုဘဝတွေက ပိုပြီးနာလေဖြစ်နေရတယ်။ တကယ့်ကို အံ့သြစရာကြီး။

ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ရင် အစ၊ အလယ်၊ အဆုံး ဆောင်ရွက်မယ်ဆိုတဲ့ ကတိကဝတ်တွေကို ပြည်သူလူထုက ယုံတယ်။ လေးစားတယ်။ အသိအမှတ်ပြုတယ်။ သူတို့မျှော်မှန်းတဲ့၊ သူတို့ငတ်မွတ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီအရေးအတွက် တက်တက်ကြွကြွနဲ့ ဆန္ဒမဲပေးခဲ့ကြတယ်။ ဒါပေမဲ့ ဒါတွေအားလုံးကို ပက်ပက်စက်စက် ဖောက်ဖျက်ပစ်လိုက်တာက အာဏာသိမ်းစစ်အုပ်စုပါ။

စစ်အာဏာရှင် အခြေခံဖွဲ့စည်းပုံကြီး ပေါ်ပေါက်လာအောင်၊ ညောင်နှစ်ပင်မှာ ဘောင်ဘင်ခတ်နေတဲ့ ဟဲ… ဟဲ… ဟဲ… မပြည့်တော့လည်း ဘောင်ဘင်ခတ်တာပေါ့ဗျာ။ အဲ… အဲဒီလို ညောင်နှစ်ပင်မှာ ဘောင်ဘင်ခတ်နေတဲ့ အာဏာသိမ်းစစ်အုပ်စုက ၁၉၈၈ အာဏာသိမ်းပြီးကတည်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စသဖြင့် နာမည်တွေပြောင်းခဲ့။ ဒါပေမဲ့ အဲဒီလိုပြောင်းထားတဲ့ နာမည်အတိုင်းတောင်မှ ဘာမှဖြစ်မလာဘူး။ ဘာဖြစ် သွားလဲ။ အာဏာသိမ်းစစ်အုပ်စုကနေ စစ်အာဏာရှင်စစ်အုပ်စုကြီးအဖြင့် ပြင် ဖြစ်လာတာပဲရှိတယ်။

ဒါဟာ နိုင်ငံတော်နဲ့ လူထုအကျိုးရှိတဲ့ ကိစ္စလား၊ အပြောကတော့ အရာဥပဒေအထက်မှာ ဘယ်သူမှမရှိစေရတဲ့။ ဗိုလ်ချုပ်တွေတောင် အရေး

www.burmeseclassic.com

www.burmeseclassic.com



ယူပစ်တယ်။ မျက်နှာမထောက်ဘူးတဲ့။ ဘယ်ဟုတ်လိမ့်မလဲ။ အဲဒီလုပ်ရပ်တွေက နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးအတွက် လုပ်တာမဟုတ်ဘူး။ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်အတွက် အကျင့်ပျက်ခြစားမှုတွေကို နှိမ်နင်းတဲ့ လုပ်ရပ်မဟုတ်ဘူး။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လုပ်တာမဟုတ်ပါဘူး။ ဘာလုပ်တာလဲ။ တိုင်းပြည်ရဲ့ ဘဏ္ဍာသယံဇာတ အခင်းအကျင်းကြီးကို သူတစ်လူ ငါတစ်မင်း ကြီးနိုင်ငယ်ညှဉ်းဝင်လုရာက ချိုကျိုးနားရွက်ပဲ့ဇာတ်ထုပ်ကို ဖြုတ်ထုတ်သတ်နည်းနာတွေနဲ့ လိုးကြ ဖြတ်ကြတာပါ။

တိုင်းပြည်သိက္ခာ၊ လူထုကံကြမ္မာအတွက် အလွန်အန္တရာယ်ကြီးတဲ့ အမှုအခင်းကြီးတွေပါ။ တိုင်းပြည်နဲ့ လူမျိုးအတွက် ဘယ်လိုမှအကျိုးမပြုနိုင်တဲ့ ကိစ္စတွေပါ။ ဒါကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဲဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ၊ တစ်ခါ အခမ်းအနားတွေနဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ မိမိတို့တပ်မတော်အစိုးရစသဖြင့် သုံးနှုန်းပြောဆိုနေတဲ့အဖွဲ့ကြီးဟာ စပြီး အာဏာသိမ်းခဲ့ကတည်းကနေ ဒီကနေ့အထိ နိုင်ငံတော်အကျိုး၊ လူထုအကျိုးကို ဘာတစ်ခုမှ မလုပ်ဆောင်သေးပါဘူးခင်ဗျာ။

❒ ❒ ❒

# လူကြီးတွေ စာဖတ်ပါ

စာအုပ်စာပေတွေရဲ့ကျေးဇူး၊ စာဖတ်ခြင်းရဲ့ကျေးဇူးဟာ အလွန်တရာတန်ဖိုးရှိပြီး အကျိုးကျေးဇူးများပြားလှကြောင်းကိုတော့ဖြင့် အထွေအထူးပြောစရာ မလိုတော့ပါဘူး။ စာထဲကအသိနဲ့ ဘဝထဲက အတွေ့အကြုံတွေပေါင်းစပ်ပြီး လူ့လောကကြီးကို ဖြတ်သန်းကြရတာကိုး။ အတွေးအမြင်တွေကို လမ်းဖွင့်ပေးတဲ့စာအုပ်စာပေတွေထဲက ဗဟုသုတ၊ အမှားအမှန်တွေကို ခွဲခြားဝေဖန်နိုင်ဖို့ လက်တွေ့ပြသပေးတဲ့ ဘဝဖြတ်သန်းမှုတွေက လူသားဆိုတဲ့အဓိပ္ပာယ်ကို ပိုပြီးလေးနက်လှပစေပါတယ်။

ကျွန်တော်ငယ်ငယ်က ကျောင်းစာကိုလည်း သင်၊ ပြင်ပစာပေကိုလည်း အိမ်ကလူကြီးတွေရဲ့ စာအုပ်စင်က ဖတ်ခွင့်ရခဲ့၊ တစ်ခါ စာကြည့်တိုက်တွေမှာလည်း မွှေနှောက်ရွေးချယ်ပြီး ဖတ်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့်လည်း စာပေရဲ့အားကို လေးစားတန်ဖိုးထားတတ်ခဲ့သလို အမှန်တရားကိုလည်း ပွေ့ဖက်မြတ်နိုးတတ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ငယ်ငယ်က စာကြည့်တိုက်တွေ များများစားစားမရှိခဲ့သေးပါဘူး။ အထူးသဖြင့် နယ်ဘက်ကျေးရွာတွေဆို မရှိသလောက်နည်းပါးခဲ့ပါတယ်။ သတင်းစာနဲ့ အခြားစာနယ်ဇင်းတွေလည်း အရောက်အပေါက်နည်းခဲ့ပေတာကိုး။

ဒါပေမဲ့ ဗိုလ်ချုပ်ကြီးအေးချမ်းသာယာရေးတို့ လက်ထက်တော့မဖြင့် အတော့်ကို အလုပ်ဖြစ်နေပြီလို့ သိရပါတယ်။ ဘယ်လောက်အလုပ်ဖြစ်နေပြီလဲဆိုရင် မြန်မာနိုင်ငံမှာ မြို့ပေါင်း ၃၀၀ ကျော်ရှိပြီး ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အနက် အခုနှစ် ဧပြီလ ၁၈ ရက်နေ့အထိ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၃၅၅၄ တိုက်ဖွင့်လှစ်နိုင်ခဲ့ပြီလို့ ကြေညာလိုက်နိုင်တော

www.burmeseclassic.com



တိုး။ သာမှုခေါ်စရာကြီးပါ။ အဲလေ… သာမှုခေါ်စရာကြီး မဟုတ်ပါဘူး။ သာမှုခေါ်လိုက်ရပါတယ်။ အခုလို စာကြည့်တိုက်တွေ ပေါ်များလာတော့ လူငယ်တွေ စာဖတ်တဲ့ခလေ့ ရှဲမြဲလာ၊ စာပေကို ချစ်စိတ်ဝင်၊ ဗဟုသုတတွေ ကြွယ်ဝ၊ လူယဉ်ကျေးကလေးတွေ ပေါ်ပေါက်လာ၊ အသိအတတ်ပညာရှင်တွေ ပေါ်ထွက်လာ၊ ဩော်… တို့တိုင်းပြည်တော့ဖြင့် ဉာဏ်အလင်းပညာအလင်းတွေနဲ့ အနာဂတ်ကို ခွင်းနိုင်တော့မယ်ဟဲ့လို့ လက်ခမောင်းခတ်မိမတတ် ကျွန်တော် အားရကျေနပ်လိုက်ရပါတယ်။

ဒါ့အပြင် စာပေဟာ လူငယ်များကို နိုးကြားအောင် လှုံ့ဆော်တယ်။ စာပေဟာ လူငယ်များကို အသိအမြင်ကျယ်ပြန့်အောင် အလင်းတံခါးဖွင့်ပေးတယ်။ စာအုပ်စာပေရဲ့ ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်များဦးရေ ပိုမိုတိုးတက်စေတယ်။ အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စေ၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင်ဖြစ်စေ၊ အဓိကကျသော ဆွဲအား၊ ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာဖြစ်ပါတယ်လို့ စစ်သားစာရေးဆရာ ချစ်ညာ(စိတ်မနိုင်) အဲလေ… ချစ်နိုင်(စိတ်ပညာ)က နအဖ သတင်းစာထဲမှာ ရေးသားခဲ့ပါတယ်။ ရေးသားချက်တွေဟာ မမှားပါဘူး။ သိပ်ကိုမှန်ပါတယ်။

ဒါပေမဲ့ 'စာပေဟာ လူငယ်များကို' ဆိုတဲ့ စကားလုံးပြောရရင် လူငယ်နဲ့ စာပေတရားသေကြီးတွဲထားတာကို ကျွန်တော် မှန်းချင်နေမိပါပြီ။ ဘယ့်နှယ်… လူငယ်တွေပဲ စာဖတ်ရမတဲ့လား။ လူကြီးတွေရော စာမဖတ်ရဘူးလား။ လူငယ်တွေ စာဖတ်ကြ၊ စာဖတ်မှ အသိတိုး အတွေးအခေါ်ကောင်း ဗဟုသုတကြွယ်ကြမှာကွဆိုတော့ အင်း… မဟုတ်သေးဘူးထင်ပါရဲ့။ ငယ်ငယ်ကတည်းက စာမဖတ်ခဲ့တဲ့၊ ဗဟုသုတမကြွယ်ခဲ့တဲ့၊ စာပေကို တန်ဖိုးမထားခဲ့တဲ့၊ အသိအတတ်ပညာရှင်တွေကို လေးစားရကောင်းမှန်းမသိတဲ့ လူကြီးတွေလည်း စာဖတ်ကြပါ။ စာဖတ်မှ ခင်ဗျားတို့ အိုစာမင်းစာ ထပ်ပြီးရမှာပါလို့ မပြောကြတော့ဘူးလား။

ကဲ… ချစ်နိုင်(စိတ်ပညာ) ရေးသားထားတဲ့အတိုင်းဆိုရင် စာအုပ်စာပေရဲ့ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်ဦးရေ ပိုမိုတိုးတက်စေတယ်လို့ ဆိုတယ်။ ဒါဆို ကျွန်တော်တို့နိုင်ငံကို အခု အုပ်ချုပ်နေတဲ့လူတွေ



ဟာ ပညာတတ်တွေလား၊ ပညာမဲ့တွေလားလို့ မမေးခင် ငယ်ငယ်က စာဖတ်ခဲ့ကြရဲ့လားဆိုတာကိုပဲ အရင်ဖြေကြပါဦး။ စာပေဟာ အသိအမြင် ကြွယ်ဝစေတယ်ဆိုတာ မငြင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံကို အခု အုပ်ချုပ်နေတဲ့လူတွေကတော့ စစ်အာဏာရှင် ဝါးလုံးခေါင်းထဲဝင်ပြီး ပြဿနာကို ကြက်ဆူဆီနဲ့ မီးထွန်းပြီးရှာချင်နေတာပဲ သိတယ်၊ တတ်တယ် ဖြစ်နေတာကိုး။

ရှိသေးသဗျ။ အဆင့်ဆင့်ပြောင်းလဲမှု၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင် ဖြစ်စေ၊ အဓိကကျသော ဆွဲအား၊ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာဖြစ်ပါတယ်လို့ ဆိုထားပြန်ပါတယ်။ ဒါပေမဲ့ စိတ်မကောင်းစရာပါပဲ။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပညာရှင်တွေခမျာ တချို့ အကျဉ်းထောင်ထဲမှာ တချို့ ပြည်ပထွက်ခွာ၊ တချို့ကျတော့ စာရေးခွင့်မရှိတဲ့ ကလောင်အကျယ်ချုပ်ကျခံနေရ၊ တချို့များကျတော့လည်း လူဆိုးတွေရဲ့ ခင်းတိုင်ပင်ဆိုတဲ့ ပညာရှင်တွေအဖြစ် ဦးနှောက်တွေ ယိုစီးသွားကြတာကိုး။ ဒီကနေ့ လူငယ်တွေဟာ စာဖတ်ကြပါတယ်။ စာပေလေ့လာမှု အားကောင်းကြပါတယ်။ ဗဟုသုတလည်း ကြွယ်ဝကြပါတယ်။ အတွေးအမြင်တွေလည်း မှန်ကန်ကြပါတယ်။ အမှန်တရားအတွက်လည်း ထက်မြက်ပြီး ရဲရင့်ကြပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင်ဝါးလုံးခေါင်းထဲဝင်ပြီး ပြဿနာကို ကြက်ဆူဆီနဲ့ မီးထွန်းရှာချင်နေတဲ့ ဗိုလ်ချုပ်ကြီးတွေခေတ်မှာ ရေတိမ်နစ်နေကြရတုန်းပါပဲ။ ဒါကြောင့် မြန်မာနိုင်ငံမှာ စာကြည့်တိုက်တွေသာ များလာပေမဲ့လည်း စစ်အာဏာရှင်တွေနဲ့ စာမဖတ်တဲ့လူကြီးတွေနည်းပြီး ပပျောက်သွားခြင်းမရှိသေးသရွေ့တော့ စာပေရဲ့တန်ခိုးနဲ့ တိုင်းပြည်အကျိုးဆောင်ဖို့ကတော့ လမ်းမပွင့်နိုင်သေးပါဘူး။

ကျွန်တော်ဖြင့် မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ သူတို့ရဲ့ အပြောအဆိုတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိပါတယ်။ အံ့လည်း အံ့ဩမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မားပြ ၈ ကြိမ်တိုက်ခဲ့ဖူးပြီး ထောင် ၃ ကြိမ်ကျခဲ့ဖူးတဲ့ မောင်အုံးဖေအမည်ရှိ ထောင်သား လူဆိုးလူပေကလေးဟာ ထောင်မှူးဦးမောင်လေးရဲ့ကျေးဇူးနဲ့ ထောင်တွင်းစာကြည့်တိုက်မှာ စာကြမ်းပိုးလုပ်ခဲ့ပြီး စာပေရဲ့ဆုံးမသွန်သင်မှုကြောင့် လူကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ပြောင်းသွားရုံမက လူမှုရေးအလျှုရှင် ပခုက္ကူဦးအုံးဖေဆိုတဲ့ စာရေးဆရာတောင် ဖြစ်လာခဲ့ပါသေးတယ်။ ဒါပေမဲ့ အဲဒီ ပခုက္ကူဦးအုံးဖေကို စာပေဆုချီးမြှင့်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးများကျတော့ ဘာဖြစ်လို့များ အခုထက်ထိ နိုင်ငံတော်နဲ့ လူထုဆီက အကြိမ်ပေါင်းများစွာ ဓားပြတိုက်နေကြတာလဲလို့ စဉ်းစားမိလို့ပါပဲ။

ဒါကြောင့် လူငယ်တွေကို စာဖတ်စေချင်တဲ့ လူကြီးများကိုယ်တိုင်လည်း စာဖတ်ကြပါဦး။ စာပေရဲ့အကျိုးကျေးဇူးဟာ လူငယ်ရယ်လူကြီးရယ် ခွဲခြားမထားပါဘူး။ အားလုံးကို အလင်းတံခါးဖွင့်ပေးမြဲပါပဲ။ စာဆိုရင် ဘာစာပဲဖြစ်ဖြစ် ဖတ်ကြပါ။ ပြည်သူ့ဆီကလာတဲ့ စာလည်း ဖတ်ကြပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆီကလာတဲ့ စာလည်း ဖတ်ပါ။ စာဟူသမျှ အကျိုးရှိတာပါပဲ။ အဲ… လူကြီးတွေစာမဖတ်ရင်တော့ တိုင်းပြည်ဟာ အနာဂတ်ကို ငတ်မြဲငတ်နေဦးမှာပဲလို့ သတိပေးလိုက်ရပါတယ်ခင်ဗျာ။

❖ ❖ ❖

## အားကိုး… အားကိုးတယ်… အားကိုးတယ်

ဟုတ်ပါတယ်။ အားကိုးတယ်ဆိုတဲ့ စကားလုံးဟာ သုံးစွဲတဲ့ အကြောင်းအရာ အခြေအနေပေါ်မှာ မူတည်ပြီး အတ္တနဲ့ ပရက္ခပြားတာကို လည်း ညွှန်ပြသလို ခမ္မနဲ့ အခမ္မအရ မညီမျှတဲ့တန်ဖိုးကို မီးမောင်းထိုးပြ ပါသေးတယ်။ ဒီတော့ အားကိုးရာတယ်။ အားကိုးလိုချင်တယ်။ အားကိုး ပါတယ်လို့ သုံးစွဲတိုင်း အဲဒီလိုစိတ်ဖြစ်ပေါ်တိုင်း အပေါ်ယံအမြင်အတွေးနဲ့ မလျော့ကန်ဘူးလို့ ပြောမထည့်လိုက်ပါနဲ့ဦး။ အားဆိုတာ ဘက်ပေါင်းစုံ အတွက် လိုအပ်ပြီး အမြဲတမ်းဖြည့်စွက်သုံးစွဲနေရတဲ့အရာပဲ ဖြစ်ပါတယ်။ အနုပညာသမား၊ နိုင်ငံရေးသမား၊ ဘာသာရေးသမား၊ စီးပွားရေးသမား စသဖြင့် ကွဲပြားနေပေမဲ့ ကိုယ့်အလုပ်နဲ့ ကိုယ့်အခန်းကဏ္ဍအတွက် လိုအပ် တဲ့အားတွေ မောင်းသန်နေအောင် ကြိုးစားကြရစမြဲပါပဲ။ လူတစ်ကိုယ် သက်နှစ်ဖက်ရှိတာတောင်မှ ဘယ်သန် ညာသန်ဆိုတဲ့အပေါ်မူတည်ပြီး ဘယ် နဲ့ညာ အားကိုးလိုအပ်ချက်အရ ရွေးချယ်ကြရသေးတာပဲ။

အဲ… လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ သစ်ပင်တွေပဲဖြစ်ဖြစ် တစ်ခု မဟုတ်တစ်ခု၊ တစ်နေရာမဟုတ် တစ်နေရာဆိုပြီး အကြောင်းအကျိုးပေါ် မှာ အားကိုးစရာတော့ ရာကြရ ရှိကြရစမြဲပါ။ သို့သော် ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၊ ပေါက်နေတဲ့ ခေါင်းထဲမှာလည်း အခြားသက်ရှိတွေအားလုံး ထက် မြင့်မြတ်ပြီး တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်တဲ့ ဦးနှောက်ကြီး ရှိတဲ့လူက အားကိုးရာတယ်ဆိုရင်တော့ အများအကျိုးပါရှိတော့မှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အားကိုးရာမှုတိုင်းဟာ ကိုယ့်မှာရှိတဲ့အားကို လိုအပ်နေတဲ့ တခြားက အားနဲ့ပေါင်းစပ်ပြီး ကောင်းမြတ်တဲ့အကျိုးကိုသာ ရည်မျှော်တာမျိုးဖြစ်သင့်ပါတယ်။ ဒီလို အများကောင်းကျိုးအတွက် လိုအပ်ချက်အရ အားကိုးအားထားပြုခြင်းဟာ သေးသိမ်ညံ့ဖျင်းတဲ့အလုပ်မဟုတ်ဘဲ လှပတဲ့ပေါင်းစပ်ခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းနေတဲ့နိုင်ငံက အမြော်အမြင်နဲ့ စောင့်ရှောက်မှုကို မငြိမ်းချမ်းသေးတဲ့နိုင်ငံက အားကိုးအားထားပြုရမှာပါပဲ။ လူ့အခွင့်အရေးပြည့်နေတဲ့နိုင်ငံက အကူအညီနဲ့ စာနာမှုကို လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့နိုင်ငံက လိုအပ်နေမှာပါပဲ။ လူသားကမ္ဘာရဲ့ ငြိမ်းချမ်းရေးကို မျှော်တွေးသုံးသပ် စာနာတတ်သူတိုင်းက မငြိမ်းချမ်းသေးတဲ့နိုင်ငံက အဓမ္မမှုတွေကို ပြင်းပြင်းထန်ထန်ရှုတ်ချနေမှာဖြစ်သလို မငြိမ်းသေးတဲ့နိုင်ငံက တိုင်းသူပြည်သားတွေကလည်း မတရားမှုတွေချုပ်ငြိမ်းဖို့အရေး ကမ္ဘာ့မိသားစုဝင်နိုင်ငံတွေရဲ့ အင်အားကို အားကိုးအားထားပြု တောင်းဆိုသမှုပြုနေကြမှာဖြစ်ပါတယ်။ ဒါကြောင့် အများအကျိုး၊ လူသားအကျိုးကို မြော်မြင်သုံးသပ်ဆုံးဖြတ်ဆောင်ရွက်နေသူတိုင်းဟာ အပြန်အလှန်အားကိုးအားထားပြုပေါင်းစပ်နေကြမှာဖြစ်သလို ဒီလိုပေါင်းစပ်နိုင်ဖို့အရေး ရှေးရှုဆောင်ရွက်နေကြမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆိတ်သုဉ်းနေတဲ့ ဒီမိုကရေစီရေးအတွက်၊ ချိုးဖောက်ခံနေရတဲ့ လူ့အခွင့်အရေးတွေအတွက်၊ ပြည်တွင်းစစ်မီးရောင်ကြားမှာ ဖျားနာနေတဲ့ ငြိမ်းရေးအတွက်၊ အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်တွေ၊ ရေပေါ်ဆီအသိုက်အဝန်းတွေရဲ့ ဗိုလ်ကျစိုးမိုး ခိုးဆိုးစော်ကားနေတဲ့ မတရားမှုတွေအတွက် အမျိုးသားရေးတာဝန်သိသူ လူမျိုးဘာသာမရွေး လူကြီးလူငယ်မရွေး သမိုင်းပေးတာဝန်ကို ထမ်းပိုးနေကြတာဟာ ပရနဲ့ ဓမ္မအလုပ်ပဲဖြစ်ပါတယ်။ ဒီလို ဓမ္မတန်ဖိုးသိပြီး တိုင်းပြည်နဲ့ အမျိုးသားရေးအတွက် ပရအကျိုးရှိတဲ့အလုပ်တွေကို ဆောင်ရွက်ကြသူတိုင်းဟာ လိုအပ်ချက်အရ အပြန်အလှန်အားကိုးအားထားပြုနေကြမှာဖြစ်ပါတယ်။

တိုင်းပြည်ကြီး စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေအတွက် မားမားမတ်မတ်ဆောင်ရွက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်



နဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများကို ပြည်သူလူထုက အားကိုးအားထားပြုနေကြသလို ဒီပါတီအဖွဲ့အစည်းတွေနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ပုဂ္ဂိုလ်ကြီးများကလည်း ပြည်သူလူထုကို အားကိုးအားထားပြုနေကြရပါတယ်။ တိုင်းပြည်အတွက် ပရနဲ့ ဓမ္မကျိုးမျှော်ကိုးပြီး ဆောင်ရွက်တဲ့အခါ ဒီလိုပေါင်းစပ်နိုင်မှဖြစ်မှာကိုး။ ဒီလိုပဲ ပြည်ပနိုင်ငံများက စာနာနားလည်မှု၊ ရိုင်းပင်းကူညီမှုအင်အားကို မျှော်ကိုးတဲ့အခါ အမေကျော် ဒွေးတော်လွှမ်းတာမဟုတ်ဘဲ ကမ္ဘာကြီးထဲက လူသားအချင်းချင်း ငြိမ်းချမ်းရေးရှုခင်းကို ရင်းရင်းနှီးနှီး ဖန်တီးနိုင်ဖို့ အားထုတ်တဲ့အလုပ်၊ ချစ်ခင်မှုတွေကို ဖော်ပြတဲ့အလုပ်ပါ။ တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းသာယာဝပြောမှုကို ဒေသတွင်းနဲ့ နိုင်ငံတကာက ပိုင်းဝန်းဖော်ဆောင်ကြရတဲ့ခေတ်မှာ ဒေသတွင်းနဲ့ နိုင်ငံတကာအင်အားကို တန်ဖိုးထားလေးစားပြီး အပြန်အလှန်အသုံးချနိုင်မှ ကိုယ့်တိုင်းပြည်အနာဂတ် မြင့်မြတ်လာမှာဖြစ်သလို ကမ္ဘာ့အသိုက်အဝန်းထဲမှာလည်း ခြေမြဲလက်မြဲယှဉ်တွဲနေထိုင်လာနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ပရအကျိုး ဓမ္မအကျိုးကို ဆောင်ရွက်နေတဲ့ကိစ္စမှာ ပြည်ပအားကိုးတိုင်း ပုဆိန်ရိုးဖြစ်ရမှာတဲ့လား။

ဒါကြောင့် ကိုယ့်လူမျိုးကို ဖိနှိပ်၊ ကိုယ့်အမျိုးသားရေးကို ဖောက်ဖျက်နေတဲ့ စစ်အာဏာရှင်တွေကို အားကိုးအားထားပြု ဦးနိုက်၊ ဗိုလ်ချုပ်ကြီးတွေ ရှူးတိုက်ပေးတိုင်း ရိုင်းစိုင်းတဲ့ အဓမ္မမှုတွေကို ကျူးလွန်နေသူများ၊ ကိုယ့်တိုင်းပြည်ငြိမ်းချမ်းရေးကို မျက်နှာလွှဲခဲပစ်လုပ်ပြီး စစ်အာဏာရှင်တွေတို့မှ ခြေသုတ်ပုဆိုး၊ မြွေဖွယ်ကျိုးလို ရှိခိုးဦးချနေသူများ၊ ကိုယ့်တရားကို ကိုယ်တိုင်စီရင်ရမယ့်အချိန်မရောက်မီ တိုင်းပြည်ကြီး ကမောက်ကမမှာ ...တ်ပျက်သူ ငွေဘဝနဲ့ အာဏာအလွဲသုံးစားလုပ်နေကြတာကို ရပ်တန့်ကရှင်းပစ်ကြဖို့ လိုအပ်နေပါပြီ။ လူရယ်လို့ဖြစ်လာပြီး အတ္တနဲ့ အဓမ္မအလုပ်တွေကို အာဏာရှင်အားကိုးနဲ့ တိုးသတက်တိုးလုပ်နေကြတာဟာ လူဆိုတဲ့...ဘောသကို အကြိမ်ကြိမ်အခါခါ စော်ကားပြီး ကိုယ့်သမိုင်းကို ကိုယ်တိုင်ရိုင်းရိုင်းစိုင်းစိုင်းဖျက်ဆီးနေတဲ့လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။ ကိုယ့်မိသားစု...ဝင်နဲ့ ကိုယ့်မျိုးဆက်အနာဂတ်ကို စစ်အာဏာရှင်တစ်ဘဝစာထဲမှာ ဆုံးဖြ...ပစ်သင့်ပါသလား။ အလေးအနက်ထားကြည့်ကြစမ်းပါ။ တရားမျှကိုယ်...ဘူးဆိုတဲ့စကားက လူတိုင်းရဲ့လုပ်ရပ်တွေအပေါ်မှာ ပြဋ္ဌာန်းထားပြီးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီလို့ ဆိုချင်ပါတယ်။

ကဲ… ပြည်သူပြည်သားတွေအတွက် ပရအကျိုးလည်း မပါ။ တိုင်းပြည်ထဲမှာလည်း အဓမ္မမှုတွေကို နေရာတိုင်းမှာလိုလို ကျူးလွန်၊ တစ်ခါ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ အတ္တအကျိုးမျှော်ကိုးပြီး မကြာခဏ ပြည်ပနိုင်ငံတွေကို ခရီးထွက် ကြိုးပမ်းအားထုတ်လေ့ရှိတဲ့ ဗိုလ်ချုပ်ကြီးများရဲ့ ပြည်ပအားကိုးသဝေထိုးခရီးစဉ်တွေကသာ ပုဆိန်ရိုးလုပ်ရပ်အစစ်အမှန် ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

❐ ❐ ❐

## မင်းကြိုက်စရိုက်

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြီးလို့ အဖြူအမည်း သဲကွဲပြီလည်းဆိုရော စစ်အာဏာရှင်ဇာတ်ကို ပြခဲ့တာ ဟာ ဗိုလ်ချုပ်ကြီးတို့ရဲ့ မုသာဝါဒစာမျက်နှာသစ်လို့ ဆိုရပါ့မယ်။ ဒီနောက် တော့ တို့တာဝန်အရေးသုံးပါးဆိုတဲ့ ရွှေရည်စိမ်ဂါထာကို ရေမန်းမန်းသလို ရွတ်၊ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း နေပြီဆိုတဲ့ မုသာဝါဒတံတွေးကို မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေပေါ် တဖျန်းဖျန်းထွေးချရုံမက ဘုရားသွားကျောင်းတက် သာသနာ့ခရီးတိုကလေး တွေ ထွက်ထွက်ပြကြသေးတယ်။

ဒီတော့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ရဲဘော်ဖုန်းမော် ကျဆုံးခဲ့ရတာကစပြီး ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကို စစ်တပ် နဲ့ နှိမ်နင်းသတ်ဖြတ်ပြီး အာဏာသိမ်းခဲ့တဲ့အထိ ကျူးလွန်ခဲ့သမျှ ပြစ်မှုတွေ ကို ၁၉၉၀ ရွေးကောက်ပွဲနဲ့ အာရုံပြောင်းလိုက်တယ်။ ဟော… ရွေးကောက် ပွဲပြီးတော့ ကိုယ်ပေးထားတဲ့ကတိကို ကိုယ်တိုင်ချိုးဖောက်ပြီး အမျိုးသား ညီလာခံနဲ့ လှည့်စား၊ တရားဝင်မှတ်ပုံတင်ထားတဲ့ စစ်အာဏာရှင်အစိုးရ လုပ်ဖို့ ကြိုးပမ်းအားထုတ်ပြန်ပါတယ်။

အဲဒီနောက်ပိုင်း ဒီပဲယင်းလူသတ်ပွဲ၊ မင်းကြိုက်စရိုက်ဆန်ဆန် အဲ… မင်းကြိုက်စရိုက်ဆန်ဆန်ဆိုတာက ရှင်းပါတယ်။ မင်းတော့ မမဲ့ဘူး။ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်လို့ ဗိုလ်ချုပ်မှူးကြီးတို့က ဝန်ခံထားတာကိုး။ ဒါကြောင့် မင်းတော့ဖြင့် မမဲ့ဘူး။ ဒါပေမဲ့ မင်းမဲ့စရိုက်လိုမျိုး ရိုက်နှက်

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရမ်းကားမှုတွေက ကြိုကြား ကြိုကြားဆိုသလို ပေါ်နေတယ်။ ဒီလို ရမ်းကားသူတွေကို တွေ့မြင်နေရပေမဲ့ အရေးယူမှုလည်းမရှိတဲ့အပြင် ဗိုလ်ချုပ်မှူးကြီးတို့ရဲ့ ငယ်မွေးခြံပေါက်တွေပါ။ အဲဒီ မင်းလိုကြိုက် မင်းကြိုက်စရိုက် လူသတ်ပွဲ၊ ရမ်းကားပွဲတွေ ဖြစ်လာပြန်ရော။ ဒီနောက်တော့ လမ်းပြမြေပုံတဲ့။ နောက် လူမျိုးရေးသွေးခွဲမှုနဲ့ ငြိမ်းချမ်းရေးအပဲ့ကလေးတွေ။ ဒီလိုနဲ့ အနှစ် ၂၀ ထဲ ဝင်လာခဲ့ပါပြီ။

တိုင်းပြည် ဘာဖြစ်သွားလဲ၊ လူထုဘဝ ဘယ်အခြေအနေရောက်သွားလဲ။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍတွေ ဘယ်လောက်နိမ့်ကျခဲ့ရသလဲ။ ဗိုလ်ချုပ်ကြီးတို့ ပါးစပ်ကနေ နိုင်ငံတော်တည်ငြိမ်ရေး၊ စစ်မှန်တဲ့ဒီမိုကရေစီ၊ ငြိမ်းချမ်းသာယာဝပြောတယ် စသဖြင့် ပြောဆိုနေပေမဲ့ အဲဒီဗိုလ်ချုပ်ကြီးတို့လို ကရားရေလွှတ် တတွတ်တွတ်ပြောဆိုမနေဘဲ လက်တွေ့ကျကျ တိုင်းပြည်ချစ်စိတ်၊ ပြည်တွင်းငြိမ်းချမ်းရေးမြတ်နိုးစိတ်၊ ဒီမိုကရေစီပေါ်ပေါက်စေလိုတဲ့စိတ်တွေနဲ့ မဆုတ်မနစ်ကြိုးပမ်းခဲ့တဲ့လူတွေ၊ အခု အဲဒီလူတွေ သူတို့မိသားစုနဲ့အတူ သူတို့အိမ်တွေမှာ ရှိကြရဲ့လား၊ တချို့ လူ့လောကကြီးထဲမှာကို ရှိကြသေးရဲ့လား။ ဒါ ဗိုလ်ချုပ်ကြီးတို့ရဲ့ စွမ်းဆောင်ချက်တွေပဲ မဟုတ်ဘူးလား။

လူထုလည်မျိုကို စစ်ဖိနပ်နဲ့ တက်နင်းထားတာ၊ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဖမ်းဆီးထောင်ချသတ်ဖြတ်ပြီး နိုင်ငံတော်တည်ငြိမ်နေပြီလို့ ထအော်ရဲတဲ့သတ္တိဟာ နဝတ၊ နအဖရဲ့ စွမ်းဆောင်ချက်တွေလားလို့ မမေးချင်တော့ပါဘူး။ ဒီတော့ တိုင်းပြည်ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးအပြည့်အဝရရှိရေး၊ တရားမျှတရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးကြိုးပမ်းလာခဲ့တာ လွတ်လပ်ရေးရပြီးကတည်းကဖြစ်သလို အဲဒီကြိုးပမ်းလာခဲ့သမျှဟာလည်း လူထုဆန္ဒအစစ်အမှန်ဖြစ်ပါတယ်။

အခုတော့ မြန်မာပြည်က သတင်းတွေကို ဖတ်လိုက်ရရင် ဆိုင်အကူလုပ်တဲ့ အလုပ်ကလေးတွေကို ဘွဲ့ရ ပညာတတ်တွေက ဝင်လုပ်နေကြရပြီ။ လုပ်ကြရတော့မှာပေါ့။ ပညာမဲ့တွေက နေရာတကာ နေရာဝင်ယူနေတဲ့ခေတ်ကိုး။ ဟော… ဖမ်းမိပြန်ပြီ။ ခွေးသူခိုးတွေ။ အဲ… ဆဲရေးတိုင်းထွာတဲ့စကား မဟုတ်ပါဘူး။ ခွေးတွေခိုးပြီး ရောင်းနေကြတဲ့လူစုကို ဖမ်းမိ



တဲ့သတင်းမှာ သုံးထားတာပါ။ အေးလေ… သူတို့ခမျာလည်း ခွေးပဲခိုးရောင်းနေကြရမှာပေါ့။ အကောင်းဆုံးဆိုတဲ့ဟာတွေကို အကြီးဆုံးဆိုတဲ့ပုဂ္ဂိုလ်တွေက ခိုးနေကြတာကိုး။ တစ်ခါ ဖမ်းမိပြန်ပြီ။ လမ်းပေါ်က ကားထဲမှာ မှောင်ခိုပစ္စည်းတွေတဲ့။ အေးလေ… ဝင်းကြီးခြံကြီးထဲက မှောင်ခိုပစ္စည်းတွေကိုမှ မဖမ်းရဲတော့လည်း လက်လုပ်လက်စား မှောင်ခိုသမားတွေ တပြွတ်ပြွတ်အဖမ်းခံကြရတော့မပေါ့။ အဲဒီလို အဲဒီလို တိုင်းပြည်ကြီးက ဖြစ်နေတာပါ။

လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ကြီးနိုင်ငယ်ညှဉ်းလုပ်မှု၊ ဒါ့အပြင် နိုင်ငံနဲ့ လူမျိုးချစ်စိတ် ရှေ့တန်းတင်ပြီး ဒီမိုကရေစီရေးကြိုးပမ်းနေသူတွေကို ညှဉ်းပန်း နှိပ်စက် သတ်ဖြတ် ထောင်သွင်းအကျဉ်းချရက်စက်မှုတွေကြောင့် နိုင်ငံတကာနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက ဝေဖန်ထောက်ပြ မေးမြန်းလာတိုင်း တိုင်းပြည်ငြိမ်းချမ်းရေးကို နှောင့်ယှက်တယ်။ နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ဆောင်တယ်လို့ အသံကောင်းလွှင့်ပြီး နာနာထောင်းပြန်ရော။

ဒီတော့ တိုင်းပြည်အနာဂတ်က ဝေဝေဝါးဝါး၊ လူထုဘဝ နင်းပြား၊ ငွေရေးကြေးရေးက ဖောင်းကား၊ ပညာရေးက နာတာရှည်ဖျား၊ ကျန်းမာရေးက မရဏတရားဖြစ်နေရတာ ဘယ်သူ့လက်ချက်တွေလဲလို့ စစ်ယူနီဖောင်းဝတ်ကြီးတို့ စဉ်းစားကြည့်ကြစမ်းပါ။

သေချာတာက သွေးခွဲပြီးရယူထားတဲ့ ငြိမ်းချမ်းရေးအပဲ့လေးတွေနဲ့ လူထုအာဏာကို ဆက်လက်ချုပ်ကိုင်ထားဖို့ မစဉ်းစားပါနဲ့။ မင်းလိုလိုက်မင်းကြိုက်စရိုက်ဆန်ဆန် ဖန်တီးထားတဲ့ ဆန္ဒပြပွဲအတုတွေနဲ့ လူထုကိုအပ်ပြီးလိမ်လည်ဖို့ မကြိုးစားပါနဲ့။ စစ်ယူနီဖောင်းနောက်လိုက် လူရမ်းကားတွေ ဓာတ်ခေါင်းကွဲ နိုင်ငံရေးသမားအတုတွေကို အခွင့်အရေးတစ်မတ်သားပေးပြီး စစ်အာဏာရှင်အောင်နိုင်ရေး ရွေးကောက်ပွဲကြီးအသစ်အတွက် အားပြည့်ဖို့ မကြိုးစားပါနဲ့တော့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## "ပြည်သူ့ကဗျာ ရေးစမ်းပါ"

ဒီမိုကရက်တစ် မြန်မာ့အသံကနေ '၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှုအထူးအစီအစဉ်'ကို တင်ဆက်ခဲ့တဲ့အခါ နအဖစစ်အကျဉ်းထောင်ထဲမှာ နှစ်ရှည်မတရားထောင်ဒဏ်ကျခံခဲ့ရတဲ့ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်တွေက…

'ကျောင်းသားထု စခဲ့တဲ့ အရေးတော်ပုံကို ကျောင်းသားထုကရော ကျောင်းသားထုပါဝင်နိုင်တဲ့ အခန်းကဏ္ဍကနေပြီးတော့ ထိုက်သင့်သလို ငြိမ်းချမ်းစွာ ရှာဖွေယူသွားမယ်။ ငြိမ်းချမ်းစွာနဲ့ ကျွန်တော်တို့ရဲ့ ခရီးစဉ်ကို ရအောင်ချီတက်မယ်။ ကျန်တဲ့အဖွဲ့အစည်းတွေ ကျန်တဲ့အင်အားစုတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီးတော့ ကိုယ့်တာဝန်ကိုယ်ကျေကြမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်'လို့ ပြောဆိုသွားခဲ့ပါတယ်။

ဒါ့အပြင် 'ကျွန်တော်တို့ဟာ နာကျင်နေတဲ့ နှလုံးသားက ခံလာတဲ့ အတွေး အနာစိတ်ကို အရင်းခံတဲ့ တွေးခေါ်မှုဆိုလို့ရှိရင် လမ်းကြောင်းလွဲတတ်တယ်။ ဒါဟာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ ကိုယ်တိုင်ပေးဆပ်လာပြီးတော့ အရင်းအနှီးကြီးကြီးမားမားပေးလာပြီးတော့ ရလာတဲ့ သင်ခန်းစာပါ။ ခံစားချက်ကို ဦးစားမပေးဘဲနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်ကြဖို့လိုတယ်လို့ ယူဆပါတယ်'လို့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ပြောဆိုသွားခဲ့ပါတယ်။ ရင့်ကျက်မှုတွေက အနာဂတ်ငြိမ်းချမ်းရေးလမ်းကို ခေါ်ဆောင်နေပြီမို့ တိုင်းပြည်ရဲ့အရေးတော်ပုံမှာ အတွေးအခေါ်တွေ မှန်ကန်လှပဖို့ လိုအပ်နေသလို တစ်ဦးချင်းရဲ့ဘဝဟာ အားလုံးဘဝတွေနဲ့ ပူးကပ်စီးမျောကြရတော့မယ့်အချိန်ပါ။



ဒါကြောင့်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်**အောင်ဆန်း**စုကြည်က 'ကျွန်မတို့ တစ်ဦးချင်းရပ်တည်လို့ ဘယ်လိုမှမဖြစ်ဘူး။ **ဗမာ**ချည်းပဲလည်း ရပ်တည်လို့မရဘူး။ မွန်ချည်းပဲလည်း ရပ်တည်လို့မဖြစ်ဘူး။ ရှမ်းချည်းပဲလည်း မဖြစ်ဘူး။ ကျွန်မတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုတာ အားလုံးကနေ တစည်းတလုံးတည်းနေမှ ဖြစ်မယ်ဆိုတာ **ကျွန်မ**ယုံကြည်တယ်'လို့ ပြောဆိုခဲ့ဖူးပါတယ်။

နိုင်ငံတော်အနာဂတ်အတွက် အဆုံးအဖြတ်ဟာ သတ်မှတ်ထားတဲ့အချိန်ထက် ပိုလို့နီးကပ်နေတဲ့ကာလ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို ချီတက်နေကြရတဲ့ကာလမျိုးမှာ လူမျိုးစုံပြည်သူလူထုနဲ့ အသိအတတ်ပညာရှင်တွေထဲ ဒီကနေ့အထိ စစ်အာဏာရှင်ဆေးမိပြီး အမျိုးသားရေးအပေါ် အမြင်အတွေးချော်လို့ ဖိနှိပ်သူကို အရှင်ခေါ် လက်အုပ်ချီ လူသားအဓိပ္ပာယ်ကို စစ်အာဏာရှင်ဆေးထိုးပြီး အဖိနှိပ်ခံလူမျိုးစုံပြည်သူလူထုကြားထဲမှာ ရေပေါ်ဆီအဖြစ် သွေးထိုးနေသူတွေလည်း ဒုနဲ့ဒေးရှိနေပါသေးတယ်။ ဒီအထဲက တချို့ကို ကဗျာဆရာ ဖျာပုံနီလုံဦးရဲ့ 'ပြည်သူ့ကဗျာ ရေးစမ်းပါ'ဆိုတဲ့ ကဗျာလေးနဲ့ ဥပမာပြလိုက်ချင်ပါတယ်။

ငါ့ညီမောင်တွေး
ကဗျာရေး၏
မင်းရေးသည့်ကဗျာ
'အော့နှလုံးနာ'ဟု
ကြားရတိုင်းတွင် ငါ့ဘဝင်ဝယ်
နာကျင်ခံခက် ငါစိတ်ပျက်မိ။
မင်းရေးသည့်ကဗျာ
တစ်ခါလာလည်း မည်းပြာပုဆိုး
ညစ်နွမ်းသိုးနှင့် မျိုးဂုဏ်မစောင့်
ရိုးမဖြောင့်တည့် ကြောင့်ကြောင့်ကြကြ
လျှလျှညိုးညိုး များအကျိုးကို
မပိုးမရှက် လက်တစ်ဆုပ်စာ
ကောင်းစားရာကို မွှမ်းကာချီးပ

www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေရသည့် မစင်ထဲက
လောက်ကောင်မျှသို့
ရှုံ့စွ ရှက်စွ ကောင်းပေစွ။

အမှန်တရားနဲ့ဝေးတဲ့ အနုပညာကို လူထုက မရွေးကြသလို တိုင်းပြည်အတွက်လည်း မမွေးမြူနိုင်ပါဘူး။ ဒုက္ခနဲ့ သောကကြားမှာ တစ်ကိုယ်တော်ကောင်းစားရေးဝါဒဆိုတာလည်း မမြဲတတ်သလို မရိုးသားတဲ့ ကလောင်တစ်ချောင်းကြောင့် မတိုးပွားခဲ့ရတဲ့ လူ့အဖွဲ့အစည်းတွေကို အားနာသင့်ပါတယ်။ လက်နက်ကိုင်ဖိနှိပ်နေတဲ့ စစ်အာဏာရှင်ဘက်ကနေ ရပ်တည်ပြီး လူထုကို ကလောင်နဲ့ ထိုးချိန်နေတာဟာလည်း အမျိုးသားရေးအတွက် စိုးရိမ်စရာပါပဲ။ ဒါကြောင့်လည်း ကဗျာဆရာ ဖျာပုံနီလုံဦးက…

မင်းတစ်မျက်နှာ
ကောင်းစားရာကို ဥစ္စာမက်မော
ဂုဏ်သဘောလား နစ်မျောရစီး
တစ်ကိုယ်ထီးကျန် ကိုယ်ကောင်းဆန်၏
နိုင်ငံနှင့်လူမျိုး ပြည်သူ့ကျိုးတွက်
ငဲ့ကွက်ချင့်ချင့် မထောက်သင့်လော
ဖွင့်ပြောစမ်းပ ပြောစမ်းပ။
စည်းစိမ်ဆိုတာ
သမုဒ္ဒရာထက် ခဏတက်သည့်
ရေပွက်ပမာ မင်းသိပါလျှင်
ကဗျာရေးလက် ပြည်သူ့ဘက်မှ
ချင့်တွက်စာနှာ ရေးစမ်းပါလော့
မဟာပြည်သူ အများလူတို့
ကြည်ဖြူစောင့်ကြိုနေပေလိမ့်။
ငါ့ညီငယ်သွေး
ပန်းလိုမွှေးစေ အတွေးလိမ္မာ
မင်းကဗျာကို အနာဂတ်ခေတ်
မျိုးဆက်သစ်တွက်



ပြောင်းချစ်ပါလော့ ပြောင်းပါလော့။

ကဗျာဆရာ ဖျာပုံနီလုံဦးရေးသားတဲ့ 'ပြည်သူ့ကဗျာ ရေးစမ်းဝါ' ဆိုတဲ့ ကဗျာတစ်ပုဒ်ပါ။ စစ်အာဏာရှင်တွေရဲ့ ဆုတံဆိပ်ကို ရင်ဘတ်မှာ ချိတ်ပြီး အတိတ်မေ့နေသူများ မမ္မနဲ့ အဓမ္မကို အမြန်ဆုံးခွဲခြားနိုင်ကြပါစေ ခင်ဗျာ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# စာပေနဲ့ လူသားအရင်းအမြစ်

ပါတီကြီးမူဝါဒ၊ တစ်ပါတီစနစ်၊ တစ်ပါတီအာဏာရှင်စနစ်တွေ၊ လွှမ်းမိုးတဲ့နိုင်ငံများမှာ လူထုရဲ့ငြိမ်းချမ်းစွာရှင်သန်နိုင်ရေးနဲ့ လွတ်လပ်ခွင့်တို့ အနည်းကနေ အများ ဆင့်ကဲဆင့်ကဲပိတ်ဆို့ကန့်သတ်လာတာကို ခံကြရပါတယ်။ ဒီထက်ဆိုးတာကတော့ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်သောနိုင်ငံတွေရဲ့ ရုပ်ပုံလွှာနဲ့ လူထုဘဝအသက်ရှူသံတွေပဲ ဖြစ်ပါတယ်။

လက်နက်နဲ့ ရက်စက်တယ်၊ သဘောထားကြမ်းကြုတ်တယ်၊ စီမံခန့်ခွဲမှုညံ့ဖျင်းတယ် စတဲ့အချက်တွေကြောင့် နိုင်ငံတော်နဲ့ လူထုဘဝနာလန်မထူနိုင်တဲ့အပြင် အာဏာရှင်ကလည်း သူတို့စစ်ပလ္လင် ဖင်မြဲအောင် ဆင့်ကဲ ဆင့်ကဲဖိနှိပ်နေတာကိုး။ ဒါကြောင့်လည်း စစ်အာဏာရှင်တွေရဲ့ သံကန့်လန့်ကာအထပ်ထပ်နောက်မှာ တိုင်းပြည်ကမောက်ကမဖြစ်နေတာကို ကမ္ဘာကြီးကလည်း အလွယ်တကူမမြင်တွေ့နိုင်သလို အာဏာရှင်စစ်ဖိနပ်အောက်မှာ အနာဂတ်ပျောက်နေရတဲ့ လူထုဘဝအသက်ရှူသံနှင့် ဘက်စုံကဏ္ဍရုပ်ပုံလွှာ အပေါင်းအမြင်းတွေကို ကမ္ဘာတစ်ဝန်းရှိတဲ့ ရောင်းရင်းတွေ ခံစားသိရှိနိုင်ဖို့ကလည်း ကွာဟလာရတော့တာပါပဲ။

အဲဒီလို နိုင်ငံတကာနဲ့ အလှမ်းဝေးလာသမျှ နိုင်ငံတော်အတွင်းမှာလည်း မျိုးဆက်အရ ခေတ်ရေစီးကြောင်းအရ ကြီးမားတဲ့ဆုံးရှုံးမှု ၂ ခုကို အပြင်းအထန်ခံစားရတော့တယ်။ အခြားမဟုတ်ပါဘူး။ စာပေနဲ့ လူသားအရင်းအမြစ်ပဲဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်အောက်မှာ အဖြစ်သနစ်မှန်သမျှတွေ ရေးသားခွင့်၊ ဖော်ထုတ်ခွင့်၊ ပြောဆိုခွင့်တွေ ဆိတ်သုဉ်းနေလေတော့



'လွတ်လပ်စွာ' ဆိုတဲ့ စကားလုံးကို တစ္ဆေသရဲလို ကြောက်ရွံ့လာကြရပြီး တစ်ပြိုင်တည်းမှာပဲ အောက်စီဂျင်လို ငတ်မွတ်နေကြပြန်ပါတယ်။ ဒါ့အပြင် ညံ့ဖျင်းတဲ့စီမံမှုခန့်ခွဲမှုတွေအောက်မှာ ပညာရေးခန်းမအတွင်း စာအံသံတွေ ဆိတ်ငြိမ်နေပြီးတော့ ထောင်တံခါးဖွင့်သံက မျိုးဆက်သစ်ရှမ်မျှော်ခင်းများတို့ ဖြတ်နင်းကုတ်ခြစ်နေပြန်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်က စပြီး စစ်အာဏာရှင်အဆက်ဆက် ဖိနှိပ်အုပ်ချုပ်လာခဲ့ပေမဲ့ ၁၉၈၈ ခုနှစ်က ကိုယ်တိုင်သိမ်းယူခဲ့တဲ့ လူထုအာဏာကို 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့' အမည်ကနေ 'နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ' လို့ အမည်ပြောင်းပြီး ကိုယ်တိုင်ပဲ ထပ်မံသိမ်းယူပြန်တဲ့ စစ်အာဏာရှင်လက်ထက်မှာတော့ စာပေနဲ့ လူသားအရင်းအမြစ်တို့ရဲ့ ဆုံးရှုံးမှုဟာ ဆိုဖွယ်ရာမရှိတော့ပါဘူး။ စစ်အကျဉ်းထောင်တွေက မျိုးဆက်သစ်တို့ရဲ့ ပညာရေးကို လှောင်ပြောင်နေသလိုပဲ နာကြည်းဖို့ကောင်းသလို ဘာသာအယူဝါဒနဲ့ တွေးအခေါ်များ လွဲမှားစေမယ့် အာဏာရှင်စိတ်တော်သိ ဗောင်းတော်ညိတ်စာပေတွေ ထွန်းကားလာတာဟာလည်း ဝမ်းနည်းစရာကောင်းလှပါတယ်။ ခေတ်ရေစီးကြောင်းနဲ့ မျိုးဆက်သစ်တွေအကြား ကွာဟချက်ကြီးမားလာလေလေ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် ရွှေရောင်နေ့ရက်တွေလည်း ပြိုကွဲလာရလေလေပါပဲ။

စာပေနဲ့ လူမျိုးဂုဏ်ကိုမြှင့်ဖို့ ပညာနဲ့ ဘဝတိုင်းရဲ့အနာဂတ်သာမက လူသားကမ္ဘာကို မျှော်စင်ထိုးနိုင်ဖို့ဟာ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံရေးစနစ်ကောင်းမွန်ရုံနဲ့ မလုံလောက်သေးပါဘူး။ အုပ်ချုပ်သူတွေရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဉာဏ်ပညာပေါ်မှာလည်း တည်မှီနေပြန်ပါတယ်။ ဒီနေ့ခေတ်ဟာ လမင်းကို မြင်ရပေမဲ့ အရောက်သွားဖို့ စိတ်မကူးရဲတဲ့ခေတ် မဟုတ်တော့ပါဘူး။ မြင်ရတဲ့လမင်းပေါ် ခြေချနိုင်တဲ့ခေတ်ရောက်နေပါပြီ။ မြန်မာနိုင်ငံမှာတော့ ဝေးကွာလွန်းလှသော လမင်းကိုဖြင့် မြင်ရ၏။ သို့သော် လမင်းထက်နီးကပ်စွာတည်ရှိနေသော မန္တလေးကိုဖြင့် မမြင်ရပါတကားလို့ ရန်ကုန်သားတစ်ယောက် ညည်းညူပြောဆိုတဲ့ အဆင့်ထက်မပိုသေးတာဟာ အာဏာရှင်စနစ်ကြောင့်ပါပဲ။ သတင်းနဲ့ နည်းပညာခေတ်ရေအလျဉ်က စက္ကန့်တိုင်းကို အံဆင်သင့်ဆွတ်ယူစားသုံးနေနိုင်ပြီဖြစ်ပါတယ်။ စာပေက စိတ်ကို အာဟာရဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လွတ်လပ်ခွင့်က ပညာတံခါးကို ဆွဲဖွင့်ပေးထားတော့ ကမ္ဘာ့အရေး အရာမှာ အလေးသာလာတာပေါ့ခင်ဗျာ။

'အကျဉ်းထောင်များတွင် အပြစ်တစ်စုံတစ်ရာကြောင့် ထပ်ဆင့် အပြစ်ပေးသည့်အနေဖြင့် အခန်းတစ်ခုထဲတွင် တစ်ယောက်တည်း ပိတ် လှောင်ထားလေ့ရှိ၏။ ယင်းကို 'တိုက်ပိတ်သည်'ဟု ခေါ်၏။ တိုက်ပိတ်ခံ ရသူသည် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွေ့ဆုံဆက်သွယ် စကား ပြောခွင့်မရ။ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းနှင့် အဆက်ပြတ်နေတော့ ၏။

ကျွန်ုပ်အား ဒဏ်ခတ်လျှင် ရက်အကန့်အသတ်မရှိ 'တိုက်ပိတ်' ထားပါက ခံနိုင်ရည်စွမ်းရှိပါ၏။ သို့သော် မည်သည့်စာအုပ်မျှမဖတ်ရဟု စာအုပ်နှင့် လုံးဝအဆက်ဖြတ်ကင်းကွာနေစေရန် ဒဏ်ခံရပါလျှင်မူ ကျွန်ုပ် တွင် ခံနိုင်ရည်စွမ်း မရှိပါချေ'

ဆရာတက္ကသိုလ်နေဝင်းရဲ့ စာအုပ်စာပေနှင့်ပတ်သက်တဲ့ ရင်တွင်း ဖြစ်စာစုပါ။ ဒီစာစုကို ဖတ်ရှုမိတဲ့အခါ ပိုပြီးထိခိုက်ခံစားရပြန်ပါတယ်။ အာဏာရှင်တွေရဲ့ စစ်ပလ္လင် ဖင်မြဲအောင် ဖိနှိပ်ရက်စက်မှုတွေကြားက မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကိုပါ အကျဉ်းထောင်ထဲမှာ ဘယ်လောက်ပဲ တိုက်ပိတ်ထားထား ခံနိုင်ရည်ရှိပေမဲ့ စာကောင်းပေမွန်နဲ့ စာအုပ်ငတ်တဲ့ဒဏ် ကိုတော့ မခံစားနိုင်ဘူးလို့ ဆရာတက္ကသိုလ်နေဝင်းက ဆိုခဲ့ပါတယ်။ လက်ရှိ မြန်မာ့အခြေအနေက လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်တွေ ဆိတ် သုဉ်းနေမှုအောက်မှာ စာကောင်းပေမွန်လည်း မထွက်နိုင်ဘဲ စစ်အာဏာရှင် စနစ်ကို ကျားကန်ပေးတဲ့ မှိုင်းတိုက်ဝါဒဖြန့်စာပေတွေ၊ ခလေ့ရိုးရာယဉ်ကျေး မှုနဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ နိုးကြားလာစေခြင်းကနေ လမ်းလွှဲတဲ့ ဘာသာရေးသရုပ်ပျက်စာပေတွေ စိတ်ကူးယဉ်ထက်ကိုပဲ လူမှုရေးချော်တော ငေါ့နေတဲ့စာပေများကို ပေလျှာလကန်ပြုထားတာ မဟုတ်လား။ တစ်ခါ ဆရာတက္ကသိုလ်နေဝင်းက စာအုပ်ငတ်မွတ်မှုကို အကျဉ်းသားတိုက်ပိတ်ဘဝနဲ့ နှိုင်းယှဉ်ပြီး ဥပမာပြုထားပြန်တော့ မျိုးဆက်သစ်တွေရဲ့ လက်ရှိဘဝကို အတွေးနဲ့ပဲ ထိတွေ့ရင်း ခံပြင်းဒေါသဖြစ်မိရပြန်ပါတယ်။

စစ်ဖိနှိပ်အောက်က လူမှုဒုက္ခတွေကို ခါးစည်းခံရင်း ကွဲကြေခဲ့ကြ



ရတဲ့ ကျောက်သင်ပုန်းကလေးတွေ၊ အကျဉ်းထောင်သံတိုင်နောက်မှာ ဘဝ ကို တစ်စစီပြန်လည်တပ်ဆင်ဖို့ မျှော်လင့်ရင်မောနေရတဲ့ ပျိုမျစ်တဲ့ လူသား အရင်းအမြစ်တွေဟာ စစ်အာဏာရှင်စနစ်နဲ့ နိုင်ငံတော်ရဲ့ လက်ရှိကာလ သရုပ်မှန်ကို ထုတ်ဖော်လှန်လှောပြနေတာပါ။ ဒါပေမဲ့ လက်ရှိအခြေအနေ ကို လက်ညှိုးထိုးနေလို့ မပြီး။ ညည်းညူတောင်းဆိုနေလို့ မရပါဘူး။ ဒီလိုပဲ မျှော်တလင့်လင့်နဲ့ အခန့်သင့်လိမ့်နိုး ကံကြမ္မာကို အားကိုးနေလို့ လည်း မရပါဘူး။ ပွင့်လင်းလွတ်လပ်လာတဲ့အချိန်မှာ အဆင်သင့်စွမ်းဆောင် နိုင်ဖို့ အခုကတည်းက စာပေမြင့်ပြီး လူသားအရင်းအမြစ်တွေ ထွန်းကားရေး ကို အခွင့်အရေးနည်းနည်းကြားမှာ နိုးနိုးကြားကြားနဲ့ တာဝန်တစ်ရပ်လို ထမ်းဆောင်ကြရပါတော့မယ်။

နိုင်ငံရေးစနစ်ဟာ နိုင်ငံသားတိုင်းနဲ့သက်ဆိုင်ပြီး နိုင်ငံသားတိုင်းရဲ့ လွတ်လပ်စွာစွမ်းဆောင်နိုင်ချက်ဟာလည်း နိုင်ငံတော်အတွက် အသီးအပွင့် ဖြစ်ရပေမယ် မဟုတ်ပါလားခင်ဗျာ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခွင့်အရေးသမားတွေ သတိထား

နအဖက ပြုလုပ်ပြီးစီးသွားတဲ့ ၅၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပေးပို့တဲ့ ဗိုလ်ချုပ်ကြီးသန်းရွှေရဲ့ သဝဏ်လွှာထဲမှာ "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်းသင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်ဆိုတဲ့ အပိုဒ်တစ်ပိုဒ် ပါဝင်ခဲ့ပါတယ်။

နားမလည်နိုင်ဖြစ်ရတာက "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်းသင်ခန်းစာများကို ရယူလျက်"ဆိုတဲ့ စာသားပါ။ ဘယ်လိုသင်ခန်းစာတွေကို ရယူခဲ့တာလဲ။ ဘယ်သူ့အကျိုးအတွက်လဲလို့ မေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆို မြန်မာနိုင်ငံသမိုင်းကြောင်းဟာ လွတ်လပ်ရေးရပြီး ဘာကြာလို့လဲ။ ၆၂ ခုနှစ်က စပြီး ဦးနေဝင်းရဲ့ အာဏာရှင်စနစ်အောက် ရောက်ခဲ့ရတာ။ အဲဒီနောက် တိုင်းပြည်ဘာဖြစ်သွားသလဲ။ လူထုတွေ ဘယ်ဘဝရောက်သွားသလဲ။ သမိုင်းအစဉ်အလာရှိခဲ့တဲ့ ကျောင်းသားသမဂ္ဂအဆောက်အအုံ ဘာဖြစ်ခဲ့ရသလဲ။ တိုင်းရင်းသား



စည်းလုံးညီညွတ်ရေး ဘယ်လိုပြိုကွဲခဲ့ရသလဲ။ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ကြီးက ခါးပိုက်ဆောင် ကြေးစားတပ်ဖြစ်၊ ပင်လုံစာချုပ်အရ ဖြစ်ပေါ်လာတဲ့ ပြည်ထောင်စုအနှစ်သာရ ပျက်ပြားပြီး တစ်ပြည်ထောင်စနစ်အောက်မှာ သွေးစည်းညီညွတ်ရေးလက္ခဏာတွေ စိတ်မြှာသွားခဲ့ရတာ မဟုတ်ဘူးလား။ သင်ခန်းစာယူရင် ဒါကိုပဲယူပြီး တိုင်းပြည်နဲ့ လူထုအကျိုးစီးပွားကို ဆောင်ရွက်ရမပေါ့။ အခုတော့ဖြင့် ပင်လုံစာချုပ်အရ ဖြစ်ပေါ်လာတဲ့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကို ဦးနေဝင်း စစ်အစိုးရက အာဏာသိမ်းဖျက်ပစ်ခဲ့ပြီး ထင်ရာစိုင်းခဲ့သလို ဦးနေဝင်းရဲ့ ၁၉၇၄ ခုနှစ် အတုအယောင်ဖွဲ့စည်းပုံကိုတော့ နဝတစစ်အစိုးရက ဖျက်သိမ်းပြီး အာဏာရှင် တိုနည်းလည်းကောင်းဇာတ်ကို ယူနီဖောင်းခါးတောင်းကျိုက်ပြီးကခဲ့တာမဟုတ်လား။ တကယ်တမ်း မှန်ကန်တဲ့ သမိုင်းသင်ခန်းစာတွေကိုယူပြီး တိုင်းပြည်နဲ့ လူထုအကျိုးစီးပွားဆောင်ရွက်ခဲ့ရင် တိုင်းရင်းသားတွေရဲ့ နယ်မြေတွေဟာ စစ်တလင်းပြင်ဖြစ်နေဦးမလား။ လယ်မြေတွေ၊ တိုင်းတွေ၊ ယာတောတွေဟာ ကျည်ဆန်ကုန်းတွေ ဖြစ်နေဦးမလား။ စစ်ရူးရိကရက်အာဏာပိုင်တွေ၊ သူတို့အောက်က အာဏာကိုင်တွေ၊ စစ်ယူနီဖောင်းအခွင့်ထူးခံ ရေပေါ်ဆီတွေရဲ့ ဝိုင်းကြီးပတ်ပတ် ဖိနှိပ်ရက်စက်ခေါင်းပုံဖြတ်မှုထဲမှာ လူထုဘဝတွေဟာ ကိုယ့်မျက်ရည်နဲ့ကိုယ် အခုလို နစ်မွန်းနေပါ့မလား။

'သမိုင်းကြောင်းသင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး'တဲ့။ ဗိုလ်မှူးချုပ်ကြီးတို့နဲ့တော့ ခက်နေပါပြီ။ ခင်ဗျားတို့က 'ဝ'မရှိဘဲ 'ဝိ'လုပ်ချင်တာထက်ဆိုးတယ်။ 'ဝ'ရှိအောင် မလုပ်တတ်။ ဘယ်တော့မှလည်း လုပ်တတ်မှာမဟုတ်ဘူး။ အဲဒီလို 'ဝ'ရှိအောင် မလုပ်တတ်ဘဲ 'ဝိ'ပဲ ဇွတ်ဖြစ်ချင်နေတော့ သကိုး။ ကဲ… ပြောစမ်းပါဦးဗျာ။ ပြည်ထောင်စုမပြိုကွဲချင်သူကြီးတွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်စေချင်သူကြီးတွေ၊ ဦးခွန်ထွန်းဦးတို့၊ ဗိုလ်ချုပ်ဆော့ထင်တို့ကို ဘာကြောင့်ဖမ်းရတာလဲ။ ဒီပုဂ္ဂိုလ်တွေက ခေါင်းခေါက်ခံတဲ့သူ လက်ညှိုးထောင် ခေါင်းညိတ်တဲ့လူတွေနဲ့ ဖွဲ့စည်းပုံအခြေခံစစ်အာဏာရှင်ဥပဒေကို အတည်ပြုဖို့ ခင်ဗျားတို့လို ညောင်နှစ်ပင်မှာ သောင်းဘင်ခတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး။ ပြည်ထောင်စုအနှစ်သာရကို အတူတကွလက်တွဲဖော်ဆောင်ဖို့ ဒီမိုကရေစီဘောင်အတွင်းက ကြိုးစားနေကြတာ။ ပြီးတော့ ဆိုးသွမ်းတဲ့ စစ်အာဏာရှင်အဆက်ဆက်အောက်မှာ ကိုယ်ပိုင်အခွင့်အရေးနဲ့ တန်းတူညီမျှရေးကို မျိုးဆက်တွေ အကျွေးခံခဲ့ရပြီး မဆုတ်မနစ်တိုက်ပွဲဝင်နေတာ။ ဒီတော့ အခုလို ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးထားတာဟာ ပြည်ထောင်စုပြဿနာကို ဗိုလ်ချုပ်မှူးကြီးတို့ ထပ်ပြီး မီးမွှေးတာပဲ။ ဒါကြောင့် ပြည်ထောင်စုမပြိုကွဲရေးတို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့ စကားလုံးတွေပြောပြီး 'ဝ'ရှိအောင်မလုပ်တတ်ဘဲ 'ဝိ'ဖြစ်အောင် လေသေနတ်ပစ်မနေနဲ့တော့။

အခုလို ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းလိုက်တာဟာ 'ငြိမ်း'အဖွဲ့တွေကို စိန်ခေါ်တာပဲလို့ တိုင်းရင်းသားခေါင်းဆောင်တစ်ဦးက ပြောသွားတယ်။ ကျွန်တော်ကတော့ ထောက်ခံတယ်ဗျာ။ ခင်ဗျားတို့က အဲဒီလိုလည်း စိန်ခေါ်တယ်။ ညောင်နှစ်ပင်ညီလာခံထဲမှာ ၁၀၀ နီးပါးလောက်ရှိတဲ့ ခင်ဗျားတို့ရဲ့ လက်ညှိုးထောင်ခေါင်းညိတ် များသောအားဖြင့် ကြံ့ဖွံ့ကိုယ်စားလှယ်တွေကို အင်အားပြပြီးတော့လည်း ခြိမ်းခြောက်နေပြန်တယ်။ ကြံ့ဖွံ့ဆိုလို့ ပြောရဦးမယ်။ ဒီလူတွေဟာ ခင်ဗျားတို့ကို ယုံကြည်လို့၊ ခင်ဗျားတို့ကို အားထားလို့၊ ခင်ဗျားတို့ကို စေတနာထားလို့ မဟုတ်ဘူး။ များသောအားဖြင့်က အချောင်သမားနဲ့ အကြောက်သမားတွေချည်းပဲ။ ပြောပြရဦးမယ်။ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်အတွင်းက တကယ့်ဖြစ်ရပ်မှန်။ အရက်ပုန်းရောင်းတဲ့ ဆာမိဆိုတာ ရှိတယ်။ အရက်ပုန်းရောင်းတယ်ဆိုမှတော့ ဟော့… ဆာမိဆိုပြီး ရဲအဖွဲ့လာလည်း ပေးရ ကျွေးရ၊ ရဝတလာလည်း ပေးရ ကျွေးရနဲ့ နောက်ဆုံး အရက်ပုန်းသမားဘဝကနေ မာလကီးယားတော့မယ်။ အဲဒီမှာ ကံကောင်းချင်တော့ ဗိုလ်ချုပ်မှူးကြီးရဲ့ ကြံ့ဖွံ့အဖွဲ့ပေါ်လာတာ။ ဒီတော့ ဆာမိက ကြံ့ဖွံ့ထဲအရင်ဝင်ပြီး ခိုင်းသမျှလုပ်ရာက လူကြီးတောင်တက်ဖြစ်သွားတယ်။ အရက်ကိုလည်း ပုန်းမရောင်းတော့ဘူး။ စစ်ထောက်လှမ်းရေးဆီက ဖောက်သည်ယူပြီး ဖြောင့်ရောင်းတယ်။ ဒီတော့ ရဲတွေလာလို့ ဟော့… ဆာမိဆိုရင် ဘာလဲ။ အရင်ဆာမိ မဟုတ်တော့ဘူး။ ကြံ့ခိုင်ဆာမိ ကြံ့ခိုင်ဆာမိဖြစ်သွားပြီလို့ ပြောထည့်လိုက်တာပဲ။



ဒါကြောင့် ညောင်နှစ်ပင်ညီလာခံထဲမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖွဲ့စည်းတည်ထောင်ထားတဲ့ အဲဒီလို ကြံ့ခိုင် ဆာမိ အဖွဲ့ဝင်တွေနဲ့ တိုးတဲ့အခါ အထူးသတိထားကြပါလို့ တလေးတစားအကြံပြုလိုက်ချင်ပါတယ်ခင်ဗျာ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## လောကကိုအလှဆင်နေတဲ့ သမ္ပတ္တိတရားလေးပါး

ဒီဗွီဘီ၊ ၁၉၊ ဩဂုတ်၊ ၂၀၀၆

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ သဗ္ဗညုတရွှေဉာဏ်တော်ကြီးရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် လောကအကြောင်းကို ဆင်ခြင်သုံးသပ်ရာ၌ လောကတွင် အကျိုးပေးကောင်းရန်အတွက် အကြောင်းတရားကောင်းဖို့လိုကြောင်း ထိုအကြောင်းတရားတော်များမှာ သမ္ပတ္တိစက်လေးပါးပင်ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။ ယင်းလေးပါးမှာ…

ကာလသမ္ပတ္တိ၊ ခေတ်အခါကောင်းနှင့် ကြုံတွေ့ရခြင်း။

ဂတိသမ္ပတ္တိ၊ လူ့ဘဝ၊ နတ်ဘဝကဲ့သို့ ကောင်းသောဂတိနှင့် ကြုံတွေ့ရခြင်း။

ဥပဓိသမ္ပတ္တိ၊ ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည်ရူပကာတင့်တယ်ခြင်း။

ပယောဂသမ္ပတ္တိ၊ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါး ဖြူစင်ကောင်းမွန်ခြင်းတို့ ဖြစ်ပေသည်။

ကဲ… စစချင်း ဘုရားစကားတွေနဲ့ အများကြားအောင်ပြောနေတာ ကျွန်တော့်ကို အထင်မကြီးလိုက်ကြပါနဲ့ဦး။ နအဖသတင်းစာ ရှေ့ဆုံးမျက်နှာမှာ ဖော်ပြထားတဲ့ လောကကို အလှဆင်နေတဲ့ အကြောင်းတရားလေးပါးဆိုတဲ့ စာပိုဒ်ကို ဖတ်နေမိတာပါ။

ဘာတဲ့။ ပထမဆုံးက အဲ… ကာလသမ္ပတ္တိ၊ ခေတ်အခါကောင်းနှင့် ကြုံတွေ့ရခြင်း။ ဘယ့်နှယ်… ဗုဒ္ဓအမွေအနှစ်တွေနဲ့ ရှေးဟောင်းလက်ရာတွေကို လိုက်လံဖျက်ဆီးနေတာကိုများ လေလုံးထွားလွန်းနေတာ ဘယ်သူတွေရှိနိုင်ပါ့မလဲ။ ပြည်သူလူထုတွေရဲ့ ဘာသာတရားအပေါ် ကြည်ညိုကိုင်းရှိုင်းမှုကနေ အမြတ်ထုတ်ချင်တော့ တန္တရ၊ မန္တရ၊ လောကီသမထ



အလုပ်နဲ့ ဝိသမစီးပွားရေးလုပ်နေတဲ့ ဘာသာရေးလိုင်းကြောင်ဆရာတွေကို အဖော်ပြုပြီး နိုင်ငံအနှံ့ခရီးထွက် စေတီပျက်၊ စေတီမွှားတွေကို ပြုပြင်၊ စစ်အာဏာရှင် ပလ္လင်မလှုပ်အောင် ယတြာအလုပ်တွေကို အိတ်ပေါက်နဲ့ ပေါက်ပေါက်ဆုပ်ထည့်သလို လျှောက်လုပ်၊ အဲ… ရိုးသားပြီးဘာသာတရားမင်တဲ့ ပြည်သူတချို့က ဘုရားဒကာကြီးလို့ အမြင်မှားလာအောင် လုပ်ဆောင်နေသူတွေရဲ့ ခေတ်ဟာ ဘယ်လိုလုပ်ပြီး ကာလသမ္ပတ္တိဆိုတဲ့ ခေတ်အခါကောင်းကြီး ဖြစ်နိုင်ပါ့မလဲ။ ပြည်သူတွေခမျာ ကိုယ်စိတ်နှလုံး ညှိုးချုံးပြီး နအဖမုသာဝါဒလှိုင်းလုံးထဲမှာ ဘဝတွေ ဘုန်းခနဲ လဲမသွားအောင် ရုန်းကန်နေရတာပါ။

နောက်တစ်ခု ဂတိသမ္ပတ္တိ လူ့ဘဝ၊ နတ်ဘဝကဲ့သို့ ကောင်းသောဂတိနှင့် ကြုံတွေ့ရခြင်း၊ အဲ… ဂတိဆိုရာမှာလည်း ဒေဝဂတိ-နတ်ပြည်ဗြဟ္မာပြည်၊ မနုဿဂတိ-လူ့ပြည်၊ နိရယဂတိ-ငရဲပြည်၊ ပေတဂတိ-ပြိတ္တာပြည်၊ တိရစ္ဆာနဂတိ-တိရစ္ဆာန်ပြည်ဆိုပြီး ဂတိငါးပါးရှိပါတယ်။ သတ္တဝါတွေ သေပြီးတဲ့နောက် လားရောက်ရမယ့် ဂတိငါးပါးပါ။ ဒါပေမဲ့ ကာလသမ္ပတ္တိဆိုတဲ့ ခေတ်အခါကောင်းကို မကြုံတွေ့ရတဲ့နောက် ဘယ်လိုလားရာဂတိတွေရောက်မယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့။

အဲ… လောကကောင်းကျိုး၊ လူသားကောင်းကျိုး၊ တိုင်းပြည်ငြိမ်းချမ်းပြီး တရားမျှတ စည်ပင်ဝပြောဖို့ ကြိုးပမ်းသူတွေကလွဲရင် ကိုယ်လိုရာဌာနရောက်ဖို့ဆိုတာ မတွေးရဲစရာကြီးပါ။ ကျွန်တော်တို့နိုင်ငံမှာက လက်ရှိဘဝ လူ့ဘဝ၊ နတ်ဘဝကဲ့သို့ မနေရပေမဲ့ တိုင်းပြည်နဲ့ လူထုကောင်းကျိုးဆောင်ရွက်နေသူ သုဂတိ လောင်းလျာတွေကို ရေမြေ့ရှင်မင်းဘဝလို နေထိုင်ပြီး အဂတိလိုက်စား မိုက်မှားနေသူတွေက အကြမ်းဖက်ဖိနှိပ်ပြီး မာရ်နတ်တွေလို ရန်သတ္တရုပြုနေတာကိုး။ ဒီတော့ အနိစ္စ ဒုက္ခ နအဖပါတကားလို့ အခါမလပ် ရွတ်ဖတ်နေကြရတာပေါ့ဗျာ။

ဟော… ဥပဓိသမ္ပတ္တိ ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည်ရူပကာတင့်တယ်ခြင်းတဲ့။ များသောအားဖြင့် မိမွေးတိုင်း ဖမွေးတိုင်း ဥပဓိတွေ ကောင်းကြပါသော်လည်း တချို့က စစ်အကျဉ်းထောင်တွေထဲရောက်၊ တချို့က ပြည်တွင်းစစ်ရဲ့ မြေစာပင်ဖြစ်ရ၊ တချို့က စစ်ကြောရေးစခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



နိပ်စက်ခံရ စတဲ့ နအဖကြောင့်ဖြစ်ရတဲ့ ဘေးအပေါင်းကို ခံစားကြရတဲ့ မှောက်ပိုင်း ဥပမိသမ္မုတ္တိနဲ့ ပြည့်စုံနေပါလျက် ချို့ငဲ့ကြရပြန်တာပေါ့ခင်ဗျာ။ စဉ်းစားသာကြည့်ကြပါတော့။

ကဲ… သမ္မုတ္တိတရား ၄ ပါးထဲက နောက်ဆုံးသမ္မုတ္တိက ပယောဂ သမ္မုတ္တိတဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံ ၃ ပါးဖြူစင်ကောင်းမွန်ခြင်းလို့ ဆိုပေတာပေါ့ဗျာ။ ဟဲ… ဟဲ… ဟဲ ပြောပြရင်လည်း ဒေါပွကြဦးမှာပေါ့။ နအဖဆိုတာ စရိုက်ကလည်း ကြမ်း၊ နှုတ်ခမ်းကလည်း မုသာဝါဒ၊ စိတ်ထား ကလည်း ညှံ့ဆိုတဲ့ အမျိုးအစားမဟုတ်လား။ နအဖ ဝစီဘေဒထွက်တိုင်း မုသာဝါဒလို့ ပြောနေရတာပဲ ကြည့်ကြပေတော့။

တစ်ခါ အမျိုးစုံသော အရုပ်ဆိုးဖွယ်လုပ်ရပ်တွေကို အသာထား၊ မေ ၃၀ ဒီပဲယင်းလူသတ်ပွဲကြီးကို ကိုယ်တိုင်ဦးစီးခဲ့တာဆိုတော့ ဖြူစင်တဲ့ ကာယကံဆိုတာ နအဖအထဲမှာ ဘယ်လိုရှာတွေ့နိုင်ပါ့မလဲ။ လူထုအာဏာကို ဖြတ်လမ်းကနေ အချောင်နိုက်ထားတာဆိုတော့ တစ်ချိန်လုံး လူထုကိုပဲ ကြောက်ရွံ့နေကြသူတွေပါ။ ဒီတော့ လူထုတွေ၊ ခေါင်းဆောင်တွေ၊ အမှန် တရားရဲ့ ဘက်တော်သားတွေကို ဘယ်လိုချိုးနှိမ်ပစ်ရမလဲလို့ ညာဏ်နီ ညာဏ်နက် ညာဏ်ပြာ ညာဏ်ဝါတွေပဲ ထုတ်နေကြရတာ။ ဒါကြောင့် နအဖ ခများ မနောကံဖြူစင်လှပါတယ် လို့ ဘယ်လိုလုပ်ပြောနိုင်ပါ့မလဲ။ ပြောတဲ့သူ ရှိရင်လည်း အဲဒီလူဟာ မုသာဝါဒကိုဏ်းဝင်ပဲဖြစ်နေတော့မှာပေါ့ဗျာ။

ဒီတော့ လောကကို အလှဆင်နေတဲ့ အကြောင်းတရားဆိုတဲ့ ဘုရား ဟောတွေကို သတင်းစာထိပ်ဆုံးမှာဖော်ပြ၊ လူထုတွေအမြင်မှာ ဘာသာရေး တရားကိုင်းရှိုင်းတဲ့အဖွဲ့ကြီးလို့ မြင်နေအောင် ဟန်ဆောင်နေတာပါ။ အဲဒီ လို ဟန်ဆောင်ရင်း တိုင်းပြည်ကို ကမ္ဘာ့အကြီးဆုံး အကျဉ်းထောင်ကြီးဖြစ် အောင် လုပ်ဆောင်နေတဲ့ နအဖအဖွဲ့ကြီးပါ။ ဒါကြောင့် ဒီအဖွဲ့ကြီးခေတ်မှာ လာကကို အလှဆင်တဲ့ သမ္မုတ္တိတရား ၄ ပါး ပြည့်စုံဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲလို့ စဉ်းစားရင်း ဩော်… မြတ်စွာဘုရားသာသနာ အလျှင် အမြန်ကုန်ဆုံးလာနေရတာဟာ သင်းတို့ကြောင့်လည်း ပါနေပါလားလို့ သံဝေဂပွားမိရပါတော့တယ်ခင်ဗျာ။

❐ ❐ ❐

# လမင်းနဲ့ ရှင်ကွဲ

ဘာမှမရေရာဘူး
လွမ်းဆွေးမှုပဲ သေချာခဲ့တယ်
အချိန်အခါမဲ့
မိုးနှင်းတွေ
ငါ့မိန်းမ မျက်ရည်ကို
ဖြားယောင်းခဲ့တယ်။
မြေကြီးပေါ်မှာ
လူးလိမ့်နေတဲ့
ငါ့မိန်းမနှလုံးသားကို
နှစ်သိမ့်ဖို့
ငါဆွံ့အနေခဲ့တယ်လေ။
သား… သား…
သား…
တော်လဲသံလို
ငါ
ထစ်ချုန်းအော်ဟစ်လိုက်တယ်
ဒါ တစ်ခုပဲ ငါစွမ်းတယ်။
ငါ့မျက်ရည်
ငါ့သောက
ငါ့ဗျာပါဒ
ငါ့ပရိဒေဝ

www.burmeseclassic.com

www.burmeseclassic.com



ငါ့မီးလျှံ
ဒါ အိပ်မက်မှ မဟုတ်တာဘဲ သားရယ်။
သားအတွက်
မေတ္တာကို မေတ္တာနဲ့
မီးလျှံကို မီးလျှံနဲ့
မုန်တိုင်းကို မုန်တိုင်းနဲ့
ဓားကို ဓားနဲ့
လှံကို လှံနဲ့
အဖေတို့ ပြေးတွေ့ဖို့အနေအထားမှာ။
သားရဲ့ဒုလ္လဘပဲ ဝေဝါးခဲ့လေသလား
အဖေတို့ဘဝကပဲ ခါးသီးခဲ့လေသလား
ဪ… သားရယ်။

မြန်မာကဗျာဆရာ 'အောင်ဘညို'က သူ့သားလေး လူ့မမည်ဘဝ လောကကြီးထဲက ထွက်သွားရချိန်မှာ ဖြေမဆည်နိုင်တဲ့ သောကနဲ့ ဒီကဗျာကို ရေးဖွဲ့လိုက်တာပါ။ မိသားစုဘဝ ကြေကွဲဖွယ်ထက် မျိုးဆက်သစ်ကလေး သမိုင်းသစ်လမ်းကြောင်းပေါ် မလျှောက်လှမ်းနိုင်တော့တဲ့ ရင်ထုမနာဖြစ်မှုကို ခံစားလိုက်ရသလို မိဘတစ်ဦးရဲ့ မေတ္တာထဲမှာ တစ်နည်းပြောရရင် လူကြီးက လူငယ်မျိုးဆက်သစ်အတွက် ဆူးခင်းလမ်းတွေကို ပြေးတွေ့ဖြတ်သန်းပြီး သမိုင်းသစ်ကိုလက်ဆင့်ကမ်းပေးချင်တဲ့ မေတ္တာထဲက စေတနာကို ထပ်ပြီးတွေ့လိုက်ရပါသေးတယ်။

ဓားကို ဓားနဲ့
လှံကို လှံနဲ့

အဖေတို့ ပြေးတွေ့မယ့်အနေအထားမှာတဲ့။ ဒီကဗျာလေးဟာ ပုဂ္ဂလိကခံစားမှုသက်သက် ကဗျာလေးမဟုတ်ဘဲ ဒီကနေ့ ခေတ်ရေအလျဉ်မှာ စီးဆင်းတိုက်ရှနေတဲ့ မိသားစုဘဝတွေကို ကိုယ်စားပြုနေပါတယ်။ စီးပွား၊ လူမှု၊ ကျန်းမာ၊ ပညာ အစစအဆိုးရွားနိမ့်ကျနေတဲ့ နိုင်ငံတစ်ခုထဲမှာ ဒီလို ကြေကွဲဖွယ်ဇာတ်လမ်းတွေ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေကြတာပါ။ မြန်မာကဗျာဆရာ အောင်ဘညိုရဲ့ ဒီကဗျာလေးကိုဖတ်မိပြီး အတူနေထိုင်ကြတဲ့



မိသားစုဘဝလေးထဲ ကြမ္မာဆိုးက တိုးရှဲဝင်ရောက်မွှေနှောက်လိုက်တဲ့အခါ အခုလို သောကမီးတွေ တောက်လောင်ကြရသေးရင်ဖြင့် မိသားစုတွေနဲ့ ရှင်ကွဲကွဲနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေဘဝ ဘယ်လောက်ကြေကွဲစရာကောင်းလိုက်လေမလဲလို့ အမေး တစ်ပါးကနေ ကျွန်တော် အတွေးပွားမိရပါတယ်။

အိမ်ထောင်ဦးစီးတစ်ယောက် အကျဉ်းထောင်ထဲရောက်နေရင် သူ့မိသားစုရဲ့ အရိပ်အမြုံ လုံခြုံစေရေးမှာ အခက်အခဲတွေ့နေရတော့တာပဲ။ ဒီလိုအကျဉ်းထောင်ထဲရောက်နေတဲ့ အိမ်ထောင်ဦးစီးတစ်ယောက်ဟာ နိုင်ငံရေးအကျဉ်းသားဖြစ်နေရင် သူ့တိုင်းပြည်အနာဂတ်ရေးမှာ တစ်စုံတစ်ရာ လစ်ဟာရတော့တာပါပဲ။ အိမ်ထောင်ဦးစီးတစ်ယောက်ဟာ မိသားစုဘဝမှာ အရေးပါသလို နိုင်ငံရေးအကျဉ်းသားတစ်ယောက်ဟာ တိုင်းပြည်အတွက် လူ့အဖွဲ့အစည်းအတွက်လည်း အရေးပါနေတာကိုး။ ဒါ့အပြင် လူငယ်တစ်ယောက်ဖြစ်နေရင် သူ့လူငယ်ဘဝ အချည်းနှီးဖြစ်အောင် အကျဉ်းထောင်ထဲပို့သူတွေက ဖျက်ဆီးလိုက်တာဖြစ်သလို နိုင်ငံတော်ရဲ့ အနာဂတ်ထဲက လူငယ်တစ်ယောက်စာတန်ဖိုးတွေကို အကျဉ်းထောင်ထဲပို့သူတွေက ချိုးဖဲ့ပစ်လိုက်တာနဲ့ အတူတူပါပဲ။ တိုင်းပြည်တစ်ပြည်နဲ့ အဲဒီတိုင်းပြည်ထဲက လူ့အဖွဲ့အစည်း တိုးတက်ငြိမ်းချမ်းရေးဟာ မျိုးဆက်သစ်တွေအပေါ် အားကိုးအားထားတည်ဆောက်သမှုပြုရတာကိုး။

တိုင်းပြည်တစ်ပြည်ထဲက မိသားစုဘဝတွေ ငြိမ်းချမ်းမှ လူ့အဖွဲ့ တိုးတက်ပြီး နိုင်ငံ့တန်ခိုးအာနိသင်လည်း ထက်မြက်လာမှာဖြစ်ပါတယ်။ ဘယ်သူမဆို စိမ်းလန်းအေးမြ ငြိမ်းချမ်းရေးကာလတွေရရှိနိုင်ဖို့ ဘဝအမှောင်ကို လရောင်ဖြာချင်ကြတာပါပဲ။ ဒါကြောင့်လည်း စစ်အာဏာရှင်အမှောင်ခေတ်ကို ကလောင်ခြစ်ပြီး တိုက်ပွဲဝင်ခဲ့သူ အခု စစ်အကျဉ်းထောင်ထဲမှာ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားအဖြစ် ကျခံနေရတဲ့ မြန်မာကဗျာဆရာ 'မောင်အောင်ပွင့်'က…

အခန်းရှေ့
မြေတလင်းပေါ်
သောက်ရေတစ်အိုးလုံးသွန်ချ

www.burmeseclassic.com

www.burmeseclassic.com



လကို ငုံ့ကြည့်ရင်း ကြည့်ရင်း
မှိန်…
မှိန်ရာက ပျောက်
သောက်ရေနဲ့ လ

ပျောက်လေတဲ့ ည…လို့ အခန်းကျဉ်းကလေးထဲမှာနေရတဲ့ကာလ ထမင်းမျှော်ကဗျာတစ်စကို ရေးခြစ်ခဲ့ဖူးပါတယ်။ စစ်အာဏာရှင်ခေတ်နဲ့ ကျွန်တော်တို့ဘဝတွေကလည်း သောက်ရေနဲ့ လ၊ ပျောက်နေရတဲ့ညတွေ ဖြစ်နေတာကိုး။ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ဦးဆောင်ပြီး လူထုဆန္ဒ ကောက်ယူတဲ့အခါ ရင်ထဲက ဆန္ဒတွေကို ရဲရဲတင်းတင်းထုတ်ဖော်ခဲ့ကြတဲ့ ပြည်သူလူထုကို လေးစားဂုဏ်ယူ မှတ်တမ်းတင်အပ်ပါတယ်။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကိုလည်း 'စိတ်ဓာတ်ကို ဘယ်တော့မှ ခြိုးမဖွနိုင်ဘူး'ဆိုတဲ့ အမှန်တရားပေါ်မှာ ခိုင်ကျည်စွာရပ်တည်ရင်း ပါရမီ ဖြည့်ပေးနေတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်။ မြန်မာကဗျာဆရာ 'စည်သူငြိမ်း'က သူ့ရဲ့ 'မိသားစု'ဆိုတဲ့ ကဗျာထဲမှာ…

လွမ်းမိ
တစ်ယောက်ကို တစ်ယောက် စောင့်ကြ
ဟင်းတစ်ခွက်ထဲ လက်စုံနှိုက်ကြ
တို့ငါးယောက် ညတွေဆီမှာ
တစ်ယောက်ပေါင်ပေါ် ခေါင်းအုံးအိပ်လို့
ဆေးလိပ်ဖွာသူ ဖွာနေ
ထွေရာလေးပါး စကားပြန်စီကြည့်ကြ
စိတ်ကူးလေးချ မျှားနေတုန်းပေါ့
နာရီထိုးလို့ ထွက်ခဲ့ရတယ်
တစ်ယောက်ပြန်မလာသေးခင်လို့ ရေးဖွဲ့ခဲ့ပါတယ်။

ကျွန်တော်တို့ တစ်ယောက်ပြန်အလာကို တစ်ယောက်က ဆက်ပြီး စောင့်မနေကြရအောင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းဆန္ဒပြပေးကြပါစို့လားခင်ဗျာ။

❒ ❒ ❒

## စစ်တုပ်ကွေး

ဘယ်တိုင်းပြည်မှာပဲဖြစ်ဖြစ်၊ ဘယ်စနစ်မှာပဲဖြစ်ဖြစ် အစိုးရဆိုတာကတော့ ယုံလို့ရတာမျိုး မဟုတ်ပေဘူး။ ဟင်း… ဟင်း… ဒီလိုပါ။ ကျွန်တော်ပြောချင်တာက ဘယ်တိုင်းပြည်မှာပဲဖြစ်ဖြစ် ဘယ်စနစ်မှာပဲဖြစ်ဖြစ် အစိုးရဆိုတာ ပြည်သူလူထုလောက်တော့ ယုံရတာမဟုတ်ဘူးလို့ ပြောလိုက်တာပါ။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူလူထုက ဘယ်တော့မှ မလိမ်ဘူး၊ မညာဘူး။

ဒီတော့ အစိုးရတွေက အားလုံးကောင်းပါသည်ခင်ဗျားလို့ ဘယ်လောက်ပဲ အော်နေနေ တကယ်ကောင်းသလား မကောင်းဘူးလားဆိုတာ ပြည်သူလူထုကသာ အာမခံနိုင်၊ သက်သေပြနိုင်တာပါ။ ပြည်သူလူထုရဲ့ လူမှုလက်တွေ့ဘဝတွေ၊ နေ့စဉ်ရှင်သန်နေထိုင်ရမှုပုံရိပ်တွေ၊ မျက်ဝန်းထဲက မျှော်လင့်ချက်တွေ၊ အနာဂတ်ရေး ပွင့်လင်းလွတ်လပ်မှုတွေကို လေ့လာကြည့်ရင် အဲဒီနိုင်ငံရဲ့ နိုင်ငံရေးစနစ် အဆိုးအကောင်း၊ အစိုးရရဲ့ အကျိုးအကြောင်းတွေကို သိနိုင်တာပါပဲ။

အိမ်နီးချင်းနိုင်ငံက ပုဂ္ဂိုလ်ကိုပဲ ကြည့်၊ ထိုင်းနိုင်ငံဟာ သူ့လက်ထက်ရောက်မှပဲ ပိုပြီးတိုးတက်လာသလိုလို၊ သူ့ကိုယ်သူ အရှေ့တောင်အာရှရဲ့ခေါင်းဆောင်လိုလို သွေးနားထင်ရောက်ပြီး မြန်မာ့နိုင်ငံရေးအကျပ်အတည်းတိုတောင် ဝင်ပြီးဖြေရှင်းတော့မယ့်ပုံစံ လေသံအမျိုးမျိုးပေးပြီး နောက်ဆုံးကျတော့ ဘောင်းဘီရှည်ကြီးနဲ့ စစ်အာဏာရှင်အကြိုက် ခါးတောင်းကျိုက်ပြခဲ့တဲ့ သူကြီး၊ အခုတော့ဖြင့် ထိုင်းပြည်သူလူထု မောင်းချတဲ့ ရာဇသံကို အမောက်ကမစကားတွေနဲ့ ခုခံနေရတဲ့ဘဝ ရောက်နေရှာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပါပဲ။ လူထုက မလိမ်ဘူး။ အစိုးရတွေ လိမ်ရင် လူထုဘဝ ပိန်ရော၊ အစိုးရတွေ ညာရင် တိုင်းပြည် ပြာပုံဖြစ်ရော။ ဒီတော့ အစိုးရတွေရဲ့ အဆိုးအကောင်း အကျိုးအကြောင်းကို အစိုးရတွေကိုယ်တိုင်ပြောတာထက် လူထုပြောတာကသာ ပိုပြီးမှန်ပေတော့မပေါ့။

အဲ… ခြွင်းချက်ပေါ့လေ။ တစ်ခါတစ်ရံ ဘာသာရေး၊ လူမျိုးရေး၊ သံတမန်ရေး စတဲ့ တစ်တိုင်းပြည်လုံးနဲ့ တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ကိစ္စတွေမှာတော့ဖြင့် တိုင်းပြည်အကျိုး လူထုအကျိုးမျှော်ကိုးပြီး မုသားသုံးရတာတွေ အစိုးရတိုင်းမှာရှိပါတယ်။ ဒါကတော့ ပရိယာယ်လို့ ဆိုရမှာပေါ့ဗျာ။ မုသားမပါ လက်ာမချောဆိုတဲ့စကားလို ကျင့်သုံးရတာလေးတွေပေါ့။ သို့သော် မုသားမဟုတ်ဘဲနဲ့ ကလိမ်ကကျစ်ကျတာမျိုးကတော့ ဒါမဟုတ်တော့ဘူး။

ဥပမာ ရွေးကောက်ပွဲကြီး ကျင်းပပြီးလို့ လူထုကိုယ်စားလှယ်တွေလက်ထဲ အာဏာလွှဲပေးပြီးရင် စစ်တန်းလျားပြန်မယ်လို့ ပြောတယ်။ နောက်တော့ ဘာလုပ်သလဲ။ တစ်နိုင်ငံလုံးကို စစ်တန်းလျားကြီးလို့ လုပ်ပစ်လိုက်တယ်။ ပြီးတော့ စစ်ပလ္လင်ပေါ်က မဆင်းတော့ဘူး။ ဘယ်မှာလဲ ဒီမိုကရေစီဆိုတော့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကိုသွားဖို့ ဖော်ဆောင်နေတယ်လို့ ပြောပြန်ရော။ ဒီလိုဆိုရင် ဒီမိုကရေစီရဲ့ အငွေ့အသက်တွေ မြန်မာပြည်တွင်းမှာ ဘယ်လောက်ရနေပြီလဲ စနည်းနာတော့ အပြောနဲ့ အလုပ်၊ အထင်နဲ့ အမြင်တွေက မဆင်မခြင်အမှားတွေကြားထဲမှာ ကမောက်ကမနဲ့ ကပေါက်တိကပေါက်ချာဖြစ်နေပြန်ရော။ လုပ်ပါ။ တိုင်းပြည်နာနေပြီ။ စည်းလုံးပါ။ ပြည်သူတွေဘဝ နိမ့်ကျနေပြီ။ ကြိုးစားပါ။ ဒေသတွင်းမှာ မြန်မာပြည်အဆင့်အတန်းကျဆင်းနေပြီ။ ကတိတွေ တည်ပါ။ အစဉ်အလာရှိတဲ့ တပ်မတော်နာမည်ပျက်နေပြီ။ ကိုယ့်ကိုယ်ကိုယ် သိကြပါ။ ဉာဏ်နည်းတဲ့ အတွေးအမြင်တွေကို တစ်ကမ္ဘာလုံးက သိနေပြီ။ ရိုးသားပါ။ မတရားမှုတွေ ထုပြောနေပြီ။ ဆင်ခြင်ပါ။ တိုင်းပြည်ဘဏ္ဍာ ကုန်နေပြီ။

စသဖြင့် စသဖြင့် ပြည်တွင်းကလည်း ပြော၊ ပြည်ပကလည်း နားချ၊ အတိုက်အခံတွေကလည်း တောင်းဆို၊ ငြိမ်းချမ်းရေးအဖွဲ့တွေကလည်း စာတင်၊ အချင်းချင်းကလည်း ဝေဖန်ရှုတ်ချလုပ်နေပေမဲ့ ရန်ကုန်မှာ အကြံကုန်လို့ ကြပ်ပြေးကို ထွက်ပြေးကြတဲ့ ပုဂ္ဂိုလ်ရော်ကြီးတွေက



ဂရုတောင်မစိုက်ဘူး။ ဒါပေမဲ့ သူတို့ရဲ့ သတင်းစာနဲ့ ရုပ်မြင်သံကြားပေါ်မှာတော့ တပ်မတော်အစိုးရလက်ထက် တိုးတက်မှုတွေဟာ အံ့မခန်းလောက်အောင် များပြားနေကြောင်း နေ့စဉ်နဲ့အမျှ ကြေညာမောင်းခတ်နေဆဲပါပဲ။ ဟော… အမျိုးသားညီလာခံ၊ နိုင်ငံအတွက် သိပ်ကိုအရေးကြီးတဲ့ ဒီညီလာခံကြီးကို ထောက်ခံကြောင်း၊ ညီလာခံကြီးရဲ့ အကျိုးတွေကို ဂုဏ်ပုဒ်အမျိုးမျိုး ငြိကာချဲ့ပြီး မမောနိုင် မပန်းနိုင် ဖတ်ကြား အဆိုပြုထောက်ခံတာတွေ သောသောညံနေတုန်း မြုန်းဆို အဲဒီညောင်နှစ်ပင်ညီလာခံကြီး ရပ်သွားခဲ့တာကလည်း ဘယ်နှကြိမ်ရှိနေပြီလဲ။

တိုင်းပြည်မှာ တစ်ခုခုဖြစ်လာရင် အတိုက်အခံတွေက ခက်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောထားတင်းမာတယ်။ ကျုပ်တို့က တိုင်းပြည်အရေးကို ဘယ်လိုလုပ်နေတာ။ ဖဆပလနဲ့ မဆလခေတ်မှာတောင် ကျုပ်တို့လောက် မလုပ်နိုင်ဘူး စသဖြင့် အဟောင်းတွေကို တူးဆွပြီး သူတို့ကိုယ်သူတို့ အမွှန်းတင်တာတွေကလည်း မရပ်ဘူး။ အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကမ်းလှမ်းထားတဲ့ကိစ္စ၊ ဒီကိစ္စကျတော့ မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီကို ဖော်ဆောင်နေသူကြီးတွေ မသိချင်ဟန်ဆောင်နေပြန်ရော။

ကဲ… တကယ်သာ နဝတ နအဖလုပ်ရပ်တွေ ကောင်းမွန်မှန်ကန်ပြီး အကျိုးရှိရင် မြန်မာနိုင်ငံရေးဟာ အခုလို အကျဉ်းအကျပ်တွေနဲ့ မရှင်းမပြတ်ဖြစ်နေမှာ မဟုတ်ဘူး။ ဒါဆို ဘာလို့ အခုလိုဖြစ်နေရသလဲ။ ရှင်းတာပဲ။ လိမ်နေတာ ညာနေတာကြောင့်ပဲ။ ယုံလို့မရလို့၊ မယုံရလို့ပဲ။ လူထုတွေက ဒီမိုကရေစီရေးမျှော်လင့်ချက်ခံတပ်မှာ ကြုံ့ကြုံ့ခံခံ မားမားမတ်မတ်ရပ်နေတာဟာ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေတဲ့ နအဖကို မယုံလို့ပဲ။ ဒါကြောင့်ပြောတာပေါ့။ ဘယ်အစိုးရမှ ပြည်သူလူထုလောက် ယုံရတာမဟုတ်ဘူးလို့ ပြောတာပေါ့။ နဝတ နအဖလို အစိုးရဖြစ်ချင်လို့ ယူနီဖောင်းတစ်ပိုင်းသေနေတဲ့ အဖွဲ့မျိုးကတော့ စကားဆဲထည့်ပြောနေစရာတောင် မလိုတော့ပါဘူး။

ဟော… ကြက်ငှက်တုပ်ကွေးတဲ့။ ကမ္ဘာအနှံ့မှာ စမ်းသပ်စစ်ဆေးကြ၊ ကြိုတင်ကာကွယ်ကြ၊ ပညာပေးကြ၊ ရှာဖွေဖော်ထုတ်ကြလုပ်နေပေမဲ့ တောင်ကြီးတွေခံနေလို့ မြန်မာနိုင်ငံကို မကူးစက်နိုင်ပါဘူးလို့ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေညာဏ်တော်စူးရောက်တဲ့ နအဖ အရှုံးဘုံမြှောက်စစ်မိုလ်ချုပ်က ရှိသေးတယ်။ အခု ဒီရောဂါ တကယ်တမ်း နိုင်ငံတွင်းကိုရောက်လာတော့မှ ကြက်တွေဘယ်နကောင် သေတာ၊ ရောဂါလက္ခဏာက ဘယ်လို၊ ကာကွယ်ရမှာက ဘယ်လိုဆိုတဲ့ ကြေညာချက်တွေကို နစ်ရှည်လများ စီမံကိန်းချ လုပ်ဆောင်ခဲ့တဲ့အတိုင်း သတင်းစာတွေထဲမှာ ဖော်ပြလာတယ်။ ဒါကြောင့် ပြောတာပေါ့။ အစိုးရတွေက အနည်းနဲ့အများ လိမ်တယ်။ မုသားသုံးတယ်။ အစိုးရမဟုတ် ဘာမဟုတ် ကလိမ်ကကျစ်တွေက ပိုပြီးလိမ်တယ်လို့ ပြောရတာ။ ပင်ကိုဉာဏ်ကလည်း နည်းတော့ သစ္စာစောင့်သိမှုကလည်း ပါးလျ၊ ကိုယ်ကျင့်တရားကလည်း မွဲဆိုတော့ တိုင်းပြည်နဲ့ လူထုဘဝ ကမ္ဘာ့အလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်နေရတာပေါ့။

ဩော်… ကြက်ငှက်တုပ်ကွေးဆိုပြီး ပြောပြောနေရပေမဲ့ ဒီရောဂါက မနှစ်ကမှ စပြီးပေါ်ပေါက်လာတာပါ။ အသေအပျောက်တွေရှိတယ်ဆိုပေမဲ့ တစ်မျိုးသားလုံးကိုတော့ ဒုက္ခပေးမယ့်ရောဂါ မဟုတ်နိုင်ပါဘူး။ အဲ… ၁၉၈၈ ခုနှစ်ကတည်းက အခု နဝတ နအဖ ဗိုလ်ချုပ်ကြီးတွေနဲ့ အတူပါလာတဲ့ရောဂါဆိုးကတော့ ဒီကနေ့အထိ တစ်မျိုးသားလုံးကို ဒုက္ခပေးနေတုန်းပါပဲ။ သိတယ်မဟုတ်လား။ ကြက်ငှက်တုပ်ကွေးရောဂါထက်ဆိုးတဲ့ နဝတ နအဖရဲ့ စစ်တုပ်ကွေးရောဂါလေဗျာ။

□ □ □

## နွားခြေရာခွက်ထဲက စစ်အာဏာရှင်စနစ်

ဘယ်တိုင်းပြည်မှာမဆို နိုင်ငံသားတိုင်း နိုင်ငံသားတိုင်း ကိုယ့်တိုင်းပြည်ရဲ့ သမိုင်းကြောင်းနဲ့ ပြည်သူလူထုရဲ့အခန်းကဏ္ဍ ခေတ်အဆက်ဆက် ဘယ်လိုဖြတ်သန်းခဲ့ရသလဲ။ ကိုယ့်နိုင်ငံ ဖြတ်သန်းခဲ့ရတဲ့ခေတ်တွေထဲက ပြည်သူလူထုဘဝ၊ ခေတ်ဆိုးစနစ်ဆိုးတွေကို တွန်းထိုးတော်လှန်အောင်ပွဲခံနိုင်ဖို့ ရည်သန်ခဲ့ရတဲ့ အမျိုးသားရေးလှုပ်ရှားမှု စွန့်ဦးတော်လှန်ခဲ့သူတွေရဲ့ အာဇာနည်စိတ်ကို ဦးညွှတ်အလေးအမြတ်ပြုရင်း သူတို့အပေါ်ထားရှိရမယ့် နိုင်ငံသားတို့ရဲ့ တာဝန်နဲ့ သစ္စာတရား စသဖြင့် သမိုင်းကြောင်းအဆက်ဆက်ရဲ့ အချက်အလက်တွေအပေါ် မြော်မြင်သုံးသပ်ရင်း ဒီကနေ့တိုင်းပြည်မှာ လူဖြစ်နေရတဲ့ ကိုယ့်ရဲ့ နိုင်ငံသားဘဝကို သိမြင်ဖို့လိုပါတယ်။ နိုင်ငံသားဘဝကို ပြတ်သားစွာသိမြင်ထားမှ မြင့်တဲ့အတွေးနဲ့ လူ့အဖွဲ့အစည်းရေးမှာ တစ်တပ်တစ်အားပါဝင်နိုင်မှာဖြစ်သလို တိုင်းပြည်အနာဂတ်ရှင်သန်ရေးအထိ ကိုယ့်ရဲ့တာဝန်သိမှုနဲ့ အုပ်တစ်ချပ် သဲတစ်ပွင့်စွမ်းဆောင်နိုင်မှုက ဆက်လက်စီးဆင်းသွားနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မြင့်မြတ်ပြီး လူထုလှုပ်ရှားမှုအားကောင်းတဲ့ နောက်ခံကားချပ်တွေနဲ့ အနာဂတ်ကို ဆွဲဖွင့်ခဲ့ရတာချည်းပါပဲ။ ဒါကြောင့်လည်း အာဇာနည်စိတ်ပြည့်ဝခဲ့ကြတဲ့ ကျေးဇူးရှင်ကြီးများ ဆွဲဖွင့်ပေးထားတဲ့ အနာဂတ်ထဲမှာ အခု ကျွန်တော်တို့ နေထိုင်ကြရတာပါ။ ဒါပေမဲ့ နိုင်ငံ့သမိုင်းကြောင်းဟာ ဘယ်လိုခေတ်ရိုင်းတွေထဲက တိုးထွက်လာခဲ့ရသလဲ။ စွန့်ဦးတော်လှန်သူတွေရဲ့ လှုပ်ရှားမှုရေအလျဉ်ဟာ ခေတ်ဆိုး စနစ်ဆိုးကို ဘယ်လိုထိုးနှက်ခဲ့သလဲ။ အမျိုးသားရေးတာဝန်လို့ သိမြင်လာတော့ ဝံသာနုခေတ်တွေ တစ်တိုင်းပြည်လုံးအပေါ် ဘယ်လိုသွန်ချခဲ့သလဲ စတဲ့ လှတဲ့

www.burmeseclassic.com

www.burmeseclassic.com



တတဲ့သမိုင်း၊ ချွန်တဲ့မြတဲ့ အမျိုးသားရေးလှုပ်ရှားမှု၊ စူးတဲ့ ထက်တဲ့ အာဇာနည်ခေါင်းဆောင်များနဲ့ အခြားပုဂ္ဂိုလ်ကျော်တွေရဲ့ အခန်းကဏ္ဍကို လျစ်လျူရှု ဒီတိုင်းပြည်မှာ ဘယ်သူ့ကျေးဇူးကြောင့် လူဖြစ်နေရပါလိမ့်ဆိုပြီး မတွေးမသိ ဘဝကို မမြင်ဖြစ်နေတဲ့ ဘဝမမြင် မင်းကြားကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အပေါင်းပါတွေကတော့ အခုထိ ခေါင်းမာနေတုန်းပါပဲ။

သတင်းတွေထဲမှာ ကြားလိုက်ကြပါလိမ့်မယ်။ ဧရာဝတီတိုင်းဘိုကလေးမြို့နယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ၁၄ ဦးကို ဖမ်းဆီးပြီး ချက်ချင်း ဖျာပုံထောင်ထဲ ထည့်လိုက်တဲ့ကိစ္စ၊ စွဲချက်တင်တဲ့ကိစ္စက အမျိုးသားအောင်ပွဲနေ့ကျင်းပဖို့ ပြင်ဆင်လို့တဲ့။ ကဲ... ဘယ်လောက်တောင်မှ တိုင်းပြည်ရဲ့သမိုင်းကြောင်းတွေ ထောင်းထောင်းထသွားအောင် ခံပြင်းဖို့ကောင်းသလဲ။

အမျိုးသားအောင်ပွဲနေ့လို့ သတ်မှတ်ခဲ့ရတဲ့ ၁၉၂၀ ကျောင်းသားသပိတ်က သူ့ကျွန်ဘဝအောက်က ထမြောက်နိုင်ဖို့ သေနတ်တစ်ချက်မှ မဖောက်ဘဲ ကိုလိုနီနယ်ချဲ့အစိုးရကို နှလုံးရည်တိုက်ပွဲနဲ့ ပထမဆုံးရိုက်လှဲဖို့ ကြိုးစားခဲ့တာ။ ဇာတိသွေး ဇာတိမာန်တွေ နိုးကြွလှုပ်ရှားလာစေရုံသာမက အမျိုးသားထု လွတ်မြောက်ရေးနဲ့ မြန်မာ့နိုင်ငံရေးသမိုင်းသစ်ကို ဆွဲဖွင့်ပစ်လိုက်တာပါ။ အမျိုးသားပညာရေးအခန်းကဏ္ဍ မြင့်မားလာစေရေးအတွက် ပြောရရင် မြန်မာ့ပညာလူ့အဖွဲ့အစည်းကို ကမ္ဘာကြီးနဲ့ ညီမျှခြင်းချနိုင်ဖို့ နယ်ချဲ့အစိုးရရဲ့ ယုတ်မာတဲ့ပညာရေးဥပဒေတွေကို ထုချေဖို့ ကျောင်းသားကြီး ၁၁ ဦးက စွန့်လွှတ်တိုက်ပွဲဝင်ခဲ့တာ။ တို့ကိုယ်ကျိုး လုံးလုံးမပါဆိုတာ အဲဒါပါပဲ။

ခုတော့ဖြင့် အမျိုးသားအောင်ပွဲနေ့ကျင်းပရန် ပြင်ဆင်လို့တဲ့... နိုင်ငံသား ၁၄ ဦးကို ညတွင်းချင်းဖမ်း ထောင်တန်းပို့ပစ်လိုက်သတဲ့။ ကြားလို့မှ မတော်၊ ကျော်လို့လည်း မကောင်း၊ ပြန်ပြောင်းပြောရင်လည်း အရှက်ကွဲရမယ့်အမှုကြီး အမှုငယ်တွေအားလုံးကို ကျူးလွန်ဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကြီးတစ်ခုလုံးက ကန်ထရိုက်များယူထားလေရော့သလားလို့ အတွေးပွားနေမိပါတယ်။

ဉာဏ်အမြော်အမြင်ရှိတဲ့ လူမျိုးဟာ အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ မြင့်မြတ်တဲ့လူမျိုးဟာ ကိုယ့်နိုင်ငံသားအပေါ် သူခိုးမားပြလို မရိုင်းပျဘူး။ နိုင်ငံ့ကျေးဇူးသိတတ်တဲ့ လူမျိုးဟာ ကိုယ့်နိုင်ငံရဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းကြောင်းကို အပ်တစ်ချောင်းစာလောက်တောင် ပွန်းပဲ့သွားအောင် မလုပ်ဘူး။ လူသားစိတ်ပြည့်ဝတဲ့လူမျိုးဟာ တိုင်းသူပြည်သားတွေကို အကျဉ်းထောင်ထဲထည့်ပြီး နွားခြေရာခွက်သာသာရှိတဲ့ အာဏာရှင်စနစ်ပေါင်းထဲမှာ အိပ်မောကျမနေဘူး။ အတွေးအခေါ်ရှိတဲ့လူမျိုးဟာ တိုင်းပြည်အနာဂတ်တခြား၊ မျိုးဆက်သစ်တခြား၊ စာအုပ်တခြား၊ ကျောင်းတခြား၊ ကျောင်းသားတခြား၊ အခွင့်အရေးတခြားနဲ့ ပညာရေးကို ခွေးမြည့်သွားအောင် မလုပ်ဘူး။

လူဟာ အသက်ကို ရှူသွင်းတတ်ဖို့လိုသလို လေအဟောင်းကို ပြန်ထုတ်တဲ့အခါမှာလည်း စေတနာကောင်းဖို့ လိုပါတယ်။ ကိုယ်ရှူသွင်းလိုက်တဲ့ လေဟာ တရားမျှတရဲ့လား၊ သန့်ရှင်းရဲ့လား၊ အနှောင်အဖွဲ့ကင်းရဲ့လား၊ သောကဗျာပါဒတွေ ဖွဲ့စည်းနေသလား၊ ငိုသံရှိုက်သံတွေ ကပ်ငြိနေသလား၊ ထောင်းသံထုသံတွေ ပုန်းခိုနေသလား။ ပြေးလွှားသံတွေ စီးဆင်းနေသလား။ မွန်းကျပ်သံတွေနဲ့ ပိတ်ဆို့နေသလား။ မြော်မြင်သုံးသပ် ရှူသွင်းတတ်ဖို့ လိုပါတယ်။ ဒီလိုပဲ ကိုယ်ပြန်ထုတ်လိုက်တဲ့ လေဟောင်းတွေကြောင့် ပတ်ဝန်းကျင်ကို ဟောင်းနွမ်းသွားစေသလား။ ဒုက္ခနဲ့ အာဃာတတွေအဖြစ် အပြောင်းအလဲဖြစ်မလား။ တစ်ပါးသူရဲ့ စိတ်အာဟာရကို ထိုးဆိတ်ချေမွပစ်လေမလား စဉ်းစားတတ်ဖို့ လိုပါတယ်။

ဗိုလ်ချုပ်မှူးကြီးတို့ကတော့ တိုင်းပြည်နဲ့ ပြည်သူလူထုထံက လေတွေကို သေနတ်ပြပြီး တောင်းယူတယ်။ ဥပဒေကမောက်ကမတွေထုတ်ပြီး အဓမ္မသိမ်းယူတယ်။ မလျော်ကန်တဲ့နည်းနာတွေသုံးပြီး ခိုးဝှက်ယူတယ်။ မတရားလုပ်ရပ်တွေနဲ့ တိုင်းသူပြည်သားတွေဆီက လေကို အခွန်တော်အဖြစ် ဆောင်ခိုင်းတယ်။ ပြောရရင် စစ်အာဏာရှင်တွေ အသက်ရှင်သန်ရေးအတွက် လူထုထံက လေတွေကို နည်းမျိုးစုံအကြမ်းဖက်ပြီး ရှူသွင်းနေရုံသာမက လေအဟောင်းကို ပြန်ထုတ်တဲ့အခါ လူထုကို ရန်လုပ်တာတွေ ပါလာပြန်တယ်။

ဒီလို လူချင်းအတူတူ အသက်ရှူတာ၊ ထုတ်တာမတော်လို့ တိုင်းပြည်လည်း ဆုတ်ကပ်ထဲကို ဇောက်ထိုးဆင်းနေတာပေါ့ခင်ဗျာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ပွဲလန့်တုန်း ကော်ဇောနီခင်းသွားသူများအား ဖယ်ရှားပါ

### ဒီဗွီဘီ၊ ၁၇၊ ဖေဖော်ဝါရီ၊ ၂၀၀၇

လူပုဂ္ဂိုလ်တွေအကြောင်း ပြောရတာ မကောင်းပါဘူး။ ဒါပေမဲ့ လူပုဂ္ဂိုလ်အချင်းချင်းကို စွပ်စွဲပုတ်ခတ်၊ တိုက်ခိုက်၊ ဂုဏ်သိက္ခာချနေကြတဲ့ နှစ်ဆိုး၊ အယူအဆဆိုး၊ မူဝါဒဆိုးတွေကို ချမှတ်ကျင့်သုံးနေတယ်။

အဲဒီလို ချမှတ်ကျင့်သုံးနေသူတွေကို ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးလို့ ကိုးကွယ်၊ အဲဒီလူတွေက ပေးတဲ့ အခွင့်အရေးနှစ်ပဲတစ်ပြားနဲ့ မျက်နှာအိုးမည်းသုတ်ပေးလိုက်တာကို တစ်ဖက်မှာ အမျိုးပဲစုတ်စုတ်ဆိုပြီး ပုတ်ခတ်ရေးသားပြောဆိုနေကြသူတွေ များလာတော့ တစ်ခါတစ်ခါ အဲဒီလိုလူတွေအကြောင်း ကျွန်တော့်အနေနဲ့ ပြောမကောင်း ဆိုမကောင်း ဖြစ်လာရပေတော့တယ်။ တကယ်တော့ အတွေးအခေါ်လွဲကြတာပါ။ အတွေးအခေါ်လွဲတော့ စကားလုံးတွေလည်း မွဲ၊ ပါးစပ်ပေါက်တွေကလည်း မဆဲရုံတစ်မည်ဖြစ်နေကြ၊ ဒါတွေကို နိုင်ငံတော်ပိုင်သတင်းစာနဲ့ နိုင်ငံတော်ပိုင် အသံချဲ့စက်ခင်မြင့်ကြီးတွေအပေါ် တရားဝင်တင်ပေးလိုက်သူတွေကလည်း ရှိနေတော့ ကျွန်တော်တို့နိုင်ငံမှာ သေနတ်နဲ့ ရမ်းကားသူတွေရှိသလို ပါးစပ်နဲ့ ရမ်းကားသူတွေလည်း ရှိလာကြရတော့တာပေါ့ဗျာ။

အဲ… စာရေးဆရာတွေလည်း များလာကြသဗျ။ ဟဲ… ဟဲ… ဟဲ… ဖဒိုအောင်ဆန်းတောင်မှ စာရေးဆရာဖြစ်သွားပြီလေ။ ဟို နအဖ သတင်းစာထဲမှာ၊ အဲ… အဲဒီသတင်းစာထဲမှာ ရေးသားနေကြတဲ့ အထဲက အချောင်သမားဆိုတဲ့ စကားကိုပဲ ဆွဲထုတ်ကြည့်ကြရအောင်၊ အင်း…



ဒေါ်အောင်ဆန်းစုကြည်တောင်မှ အချောင်သမားလို့ စွပ်စွဲခံရတာဆိုတော့ ဒီစကားလုံးဟာ အတော့်ကို ကြက်သီးထစရာဖြစ်ရပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ အခု စစ်အစိုးရလက်ထက်မှာ အချောင်သမားတွေ အများကြီးရှိပါတယ်။ အချောင်သမားဆိုတာကတော့ ခေတ်တိုင်းမှာ ရှိနေတာပေါ့ဗျာ။ ဒါပေမဲ့ ဒီခေတ်မှာက ပိုပြီးတော့ များလည်း များ၊ အဆင့်အတန်းကလည်း ကြီးမားနေတာပါ။ ဟုတ်ပြီ၊ အချောင်သမားတွေချည်းပဲ ရှိသလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ နှစ်မျိုးနှစ်စားရှိနေတာက အဲဒီအချောင်သမားအပြင် ထောင်သမားတွေလည်း ရှိနေပါသေးတယ်။

ပြောရရင် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေသူတိုင်းလိုလို ထောင်သမားတွေဖြစ်သွားကြရပါတယ်။ အဲ… အကျယ်ချုပ်ကျတယ်ဆိုတာကလည်း ကိုယ့်အိမ်နဲ့ ကိုယ်၊ ထောင်ကျနေတာပါပဲ။ ဒီတော့ အချောင်သမားဆိုတာ ဘယ်သူတွေလဲလို့ ရှင်းပြစရာ မလိုတော့ပါဘူး။ ထောင်သမားတွေကို သိထားရင် အချောင်သမားတွေကိုပါ မြင်လာကြရမှာပါ။ ဒီလို အချောင်သမားတွေဆိုတာ အာဏာရှင်အသိုက်အဝန်းထဲမှာလည်း ရှိတယ်။ အာဏာရှင်နဲ့ ဖက်လဲတကင်း လက်တွဲရင်း အိုးမည်းအသုတ်ခံထားရသူတွေလည်း ပါတယ်။ ပြီးတော့ ဒီမိုကရေစီရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေထဲမှာလည်းပါပါတယ်။

ကျွန်တော် ပြောခဲ့ပြီးပါပြီ။ အချောင်သမားဆိုတာ ခေတ်တိုင်းမှာရှိတယ်။ အဖွဲ့အစည်းတိုင်းမှာရှိတယ်။ ပေါ်ပေါက်လာတတ်တယ်။ ဒါပေမဲ့ အချောင်သမားမွေးတဲ့အလုပ်ကိုတော့ ကျွန်တော်တို့နိုင်ငံမှာ နဝတ၊ နအဖ စစ်အာဏာရှင်ကလွဲပြီး ဘယ်သူမှ မလုပ်ကြပါဘူး။ ကျွန်တော်တို့နိုင်ငံကို ဘယ်သူတွေ အသက်ပေးပြီး လွတ်လပ်ရေးရယူခဲ့သလဲ၊ ပြည်ထောင်စုကြီးလို့ ခေါ်တွင်ခဲ့ရတဲ့ ကာလတစ်ခုဖြစ်အောင် ဘယ်သူတွေ ဆောင်ရွက်ခဲ့သလဲ၊ အဲဒီလို အသက်ပေးခဲ့သူ၊ ဆောင်ရွက်ခဲ့သူတွေရဲ့ ရလဒ်ကို ကျွန်တော်တို့ ဘယ်လောက်ထိန်းသိမ်းနိုင်ခဲ့ကြသလဲ၊ ဘယ်လောက် တာဝန်ယူခဲ့ကြသလဲ ဆိုတာ ဒီကနေ့ လက်ရှိ မြန်မာနိုင်ငံရဲ့ ပြဿနာအဝဝကို တွေးကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်ပါပြီ။ ဒီတော့မှ ကျွန်တော်တို့တစ်တွေဟာ တိုင်းပြည်အတွက်၊ ည်ထောင်စုကြီးအတွက် တာဝန်ပျက်ကွက်ခဲ့ကြတဲ့ အချောင်သမားတွေ ါလားလို့ သိလာရမှာပါ။

ဒီတော့ အချောင်သမားတော့ အဖြစ်မခံနိုင်ဘူး။ ဆောင်ရွက်ကြ ဟဲ့ဆိုပြီး ဆောင်ရွက်ကြတော့ ဟော… ထောင်သမားတွေ ဖြစ်ကုန်ကြ ပြန်ရော။ ဒါကြောင့် စစ်အာဏာရှင်လက်အောက် မြန်မာတစ်နိုင်ငံလုံး ကျဉ်းထောင်ကြီးလိုဖြစ်နေချိန်မှာ ဘယ်သူဟာ ထောင်သမား၊ ဘယ်သူ ဟာ အချောင်သမားလို့ သိကြမြင်ကြရင် ထောင်သမားက ဘယ်သူ့အတွက် အချောင်သမားက ဘယ်သူ့အတွက် ဆောင်ရွက်နေသလဲဆိုတာကိုပါ ရှင်းရှင်း လင်းလင်းသိသွားကြရမှာပါ။ သိလာကြရမှာပါ။

နောက်တစ်ခုက ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်တော့ ဘယ်သူတွေ ဘယ်ဝါတွေက ပွဲလန့်တုန်း လာပြီးဖျာခင်းသွားကြတယ်လို့ ပြောကြ ပြောကြတယ်။ ပွဲလန့်တုန်း ဖျာခင်းသွားရင် ခင်ဗျားရော၊ ကျွန်တော် ရော ဖျာတစ်ချပ်စာ နစ်နာမယ်။ ဒါပေမဲ့ ကျွန်တော်ရော၊ ခင်ဗျားရော တွေတကွပူးပေါင်းပြီး တွန်းလှန်နိုင်ရင် အဲဒီ ပွဲလန့်တုန်း ဖျာခင်းသွားတဲ့ သူကို ဖယ်ရှားပစ်နိုင်မယ်။ ဒါပေမဲ့ ပွဲလန့်တုန်းဖျာမခင်းဘဲ ကော်ဇောကြီး ခင်းသွားတဲ့အတွက် ကျွန်တော်တို့ရော၊ ခင်ဗျားတို့ရော တစ်နေရာစာမက နိုင်ငံတော်ကြီးတစ်ခုလုံး နစ်နာဆုံးရှုံးနေတာ ဒီနေ့ကာလပဲ။ ဒါကြောင့် လည်း ဒီကနေ့အထိ ပွဲလန့်တုန်း ဝင်ပြီး ကော်ဇောခင်းသွားသူ အချောင် သမားတွေကို အမြစ်ပြတ်အောင် ဖယ်ရှားနေရတာပေါ့။

□ □ □

## စစ်ကျွန်တံဆိပ်ကို ဖုန်သုတ်နေသူတွေ

လူတစ်ယောက်ရဲ့အကြောင်းဆိုတာ မကောင်းပြောရတာ အလွန် လွယ်သလို၊ ဝေဖန်တိုက်ခိုက်ဖို့လည်း အလွန်လွယ်သလို အတတ်ပညာအသုံး ချပြီး ဝေဖန်ထောက်ပြဖို့ဆိုတာ ကျွန်တော့်အနေနဲ့ အလွန်ဝန်လေးနေရပါ တယ်။ ဒီအထဲ ကိုယ့်ဆောင်းပါးရဲ့ အတိမ်အနက်နဲ့ ဦးတည်ချက်က သမိုင်း မရှိ၊ အသိမကြွယ်၊ အသက်ကြီးပြီး အရွယ်မရောက်သေးတဲ့ ကိုယ့်အတွေး အခေါ်ကို ထင်ထင်ရှားရှားဖော်ပြနေသူများအပေါ် ဝေဖန်ရတာဟာ ပိုလို့ တောင် ဝန်လေးမိပါသေးတယ်။ ဒါ့အပြင် အားလည်း နာလှပါတယ်။ ဒါပေမဲ့ လွဲချော်နေတဲ့ အတွေးအခေါ်အပြင် ဘဝအမှားအယွင်းနဲ့ ကြီးပြင်း နေသူတွေက အရည်အချင်းမဲ့ပြီး ညှို့ဖျင်းစွာအုပ်ချုပ်နေသူ ဗိုလ်ချုပ်ကြီး အကြမ်းဖက်သမားတွေကို မျက်နှာချိုသွေး၊ သမိုင်းကို ညစ်ထေးအောင် လုပ်လာရင်တော့ ပြုပြင်ပေးလိုတဲ့ ကျွန်တော့်စေတနာက တားမရတော့ပါ ဘူး။ အမေ့သားတဲ့၊ ပြီးခဲ့တဲ့ ဩဂုတ် ၁၄ ရက် မြန်မာ့အလင်းသတင်းစာ ထဲက ဆောင်းပါးရှင်ရဲ့ နာမည်ပါ။ ဟုတ်ကဲ့… ဆောင်းပါးရှင်ရဲ့ နာမည် ပါ။ ကလောင်အမည် မဟုတ်ပါဘူး။ ကလောင်အမည်ဆိုတာ တိုင်းပြည်၊ လူထု၊ လောကကောင်းကျိုးကို အမှားအမှန်ဆန်းစစ်ပြီး အတွေးအခေါ် ဦးတည်ချက်ရှိရှိနဲ့ စွမ်းဆောင်၊ ထမ်းဆောင်ကြသူများ ပိုင်ဆိုင်တဲ့အရာပါ။ ထားတော့။ ဆောင်းပါးရှင်နာမည် အမေ့သားဆိုသူက ယောက်မနှင့်ရိုက် သော အမေ၊ သားကို အသက်စွန့်ခွင့်ပြုသော အမေဆိုပြီး ခေါင်းစဉ်တပ်လို့ မြန်မာ့အလင်းသတင်းစာထဲမှာ ရေးသားထားပါတယ်။ ၁၉၇၄ ခု ဦးသန့်

www.burmeseclassic.com

www.burmeseclassic.com



အရေးအခင်းဖြစ်တော့ လိုင်းကားစီးမရဘဲ ကျောင်းအပြန်နောက်ကျတာကို သူ့အမေက ဦးသန့်အရေးအခင်းထဲမှာ ဝင်ပြီးပါတယ်ထင်လို့ ယောက်မ တစ်ချောင်းကျိုးအောင် ရိုက်ပါသတဲ့။ ထပ်ပြီးပြောရဦးမယ်။ ဗိုလ်နေဝင်း အာဏာသိမ်းပြီးနောက်ပိုင်း 7 July အရေးအခင်း၊ ဆင်မလိုက်သဘော်ကျွင်း ဦးသန့်အရေးအခင်း၊ သမိုင်းချည်မျှင်စက်ကိစ္စ၊ ရှစ်လေးလုံးအရေးတော်ပုံ၊ နောက် နဝတ၊ နအဖလက်ထက် ၉၆ ကျောင်းသားလှုပ်ရှားမှု စတဲ့ မြန်မာနိုင်ငံတွင်း ပြဿနာတွေဟာ မတော်တဆဖြစ်ပွားလာတာ မဟုတ်သလို အာဏာရှင်ကို ဖယ်ရှားပစ်ချင်တဲ့ သမိုင်းရဲ့ တောင်းဆိုချက်ဖြစ်ပါတယ်။ အာဏာရှင်နဲ့ လူထု၊ ကျောင်းသားထုနဲ့ အာဏာရှင်တွေအကြား ဘက်ပေါင်းစုံဖိနှိပ်ခံရမှုအောက်က နိုင်ငံတော်အနာဂတ်နဲ့ လူမျိုးစုံပြည်သူလူထုဘဝ လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြတာပါ။ ဒီကြိုးပမ်းမှုအဆက်ဆက်မှာ အစဉ်အလာရှိခဲ့တဲ့ တပ်မတော်ဂုဏ်သိက္ခာကို ချိုးဖဲ့ပြီး ရက်စက်ကြမ်းကြုတ်ရမ်းကားသူ စစ်အာဏာရှင်တွေကြောင့် ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေ အသက်ပေးခဲ့ကြရပါတယ်။ ဒီလိုအသက်ပေးပြီး တိုက်ပွဲဝင်ခဲ့တဲ့ အမှန်တရားဟာ သမိုင်းမှာ ထင်ထင်ရှားရှားကမ္ဗည်းတွင်နေပါတယ်။ ဒါ့အပြင် လက်တစ်ဆုပ်စာစစ်အာဏာရှင်တွေကလွဲလို့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကြိုးပမ်းခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေး တိုက်ပွဲအသစ်တွေပါ။ ဒီတော့ ကိုယ်မွေးဖွားလာတဲ့ နိုင်ငံရဲ့ သမိုင်းအမှန်ကို ကိုယ်ပိုင်ဦးနှောက်နဲ့ ထိုးဖောက်မရှာဖွေဘဲ စစ်အာဏာရှင် ဘောင်းဘီအိတ်ထဲက သွားဖြဲပြတဲ့ လုပ်ရပ်ဟာ တော်တော့်ကို စက်ဆုပ်စရာကောင်းပါတယ်။ နောက်တစ်ချက် ဆောင်းပါးရှင်က အဲ… ဆောင်းပါးရှင်က စစ်ထဲဝင်မယ်ဆိုတော့ သူ့အမေက ပြောသတဲ့။ သူပုန်သူကန်ဖြစ်ပြီး သေသွားတာထက်စာရင် စစ်သားဘဝနဲ့ တိုက်ပွဲကျတာ ကောင်းတယ်ပေါ့လေ။ ထားပါ။ မဆလခေတ်မှာ စစ်ဗိုလ်ဖြစ်လာတဲ့ ဆောင်းပါးရှင်ကို ပြောချင်တာက သေနတ်ကိုင်ပြီး ဘယ်သူ့ကို တိုက်ခိုက်နေကြတာလဲဆိုတဲ့အချက်ကို ဒီကနေ့ ပြန်လည်သုံးသပ်နေရပြီဆိုတာပါပဲ။ တိုင်းရင်းသားလက်နက်ကိုင်တွေကို အာဃာတကြီးကြီးနဲ့ တိုက်ခိုက်၊ ဒီနေ့ ဘယ်လိုဖြစ်လာသလဲ။ လက်တွဲဖော် လက်တွဲဖက်တွေ အဖြစ် အချိန်ကာလ ပြောင်းလဲပစ်လိုက်ပါပြီ။ အဲ… ဆိုးတာက ဘိန်း



ဘုရင်ကို အလေးပြုနေရတဲ့ ဒီကနေ့ခေတ် နအဖရဲ့ စစ်သည်တော်တွေပါပဲ။ ပြောချင်တာက အာဏာရှင်သာမရှိရင် တပ်မတော်ရဲ့ သမိုင်းအမှန်ကို ဖျက်ဆီးပစ်သူတွေသာ မရှိခဲ့ရင် သူပုန်သူကန်လည်း ရှိမှာမဟုတ်သလို တပ်မတော်ဟာလည်း လူမျိုးစုံ ပြည်သူလူထုလုံခြုံရေးအတွက် သမိုင်းဂုဏ်တက်နေမှာ အမှန်ပါပဲ။ ဒီတော့ အမေ့သားဆိုတဲ့ ဆောင်းပါးရှင်ဟာ မဆလစစ်တပ်ထဲ ဝင်တဲ့အထိ၊ ဒီနေ့အထိ ရာထူးသာတက်လာတယ်။ တပ်မတော်အကြောင်း၊ သေနတ်ပြောင်းအကြောင်း လုံးဝမသိတဲ့အပြင် လူထုကာကွယ်ရေး၊ အမျိုးသားစစ်ပွဲဆိုတာတွေကိုလည်း မသိ။ သမိုင်းဆိုတဲ့ စာလုံးပေါင်းကိုတောင် ပြန်သင်ပေးရမလို ဖြစ်နေပါတယ်။ အဲ… ပိုဆိုးတာကတော့ အထက်မှာ ပြောခဲ့သလို သူ့အမေက ယောက်မကျိုးအောင်ရိုက်တာတွေ၊ သူ မဆလစစ်တပ်ထဲ ဝင်တာတွေတင် ဆောင်းပါးရှင်က အားမရဘဲ ထို့ကြောင့် လူငယ်များက အမေဟုခေါ်သော အမေရေ၊ သားသမီးတွေကို ယောက်မနဲ့ ရိုက်လှည့်ပါ အမေဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်တိုက်ခိုက်ရေးသွားပါတယ်။ ခက်တယ်။ သိပ်ပြီးခက်တယ်။ ရက်စက်ကြမ်းကြုတ် အဂတိလိုက်စားပြီး အရည်အချင်းမဲ့တဲ့ စစ်အာဏာရှင် သမိုင်းအမှိုက်ထုပ်ကြီးပေါ်ကို ဒီ အမေ့သားလို ဆောင်းပါးရေးသူတွေက ယူနီဖောင်းခါးတောင်းကျိုက်လို့ ထပ်ထပ်ပြီးတော့ ခုန်ချနေတယ်။ နားထောင်ပါ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအရေးကို ဦးဆောင်ဦးရွက်ပြုနေကြသူအားလုံးဟာ တိုင်းပြည်နဲ့ လူထု စစ်ကျွန်ဘဝထဲက ရုန်းထွက်ဖို့ လူထုရဲ့အစေအပါးအဖြစ် ကြိုးပမ်းဆောင်ရွက်နေကြတာပါ။ အမေ့သားဆိုသူ ဆောင်းပါးရှင်တို့လို စစ်အာဏာရှင်ရဲ့ ကျွန်တံဆိပ်ကို ရင်ဘတ်ပေါ်မှာ ချိတ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူထုရဲ့ အတိတ်လည်း မသိ၊ ပစ္စုပ္ပန်လည်း မတွေး၊ အဲ… စစ်ကျွန်ဘဝလေး ဆုံးရှုံးသွားမှာကို စိုးရိမ်နေသူတွေ မဟုတ်ပါဘူး။ ဒီတော့ ခင်ဗျားတို့ တစ်တွေ တစ်ကိုယ်ကောင်းစိတ်နဲ့ အတိတ်၊ ပစ္စုပ္ပန်၊ မရဏ၊ ဟုတ်ပါတယ်။ ဘယ်လိုနာမည်မျိုးက ခင်ဗျားတို့ပြောနေနေ ဒါကြောင့် ခင်ဗျားတို့တစ်တွေ တစ်ကိုယ်ကောင်းစိတ်နဲ့ အတိတ်၊ ပစ္စုပ္ပန်၊ မရဏကို ဆက်ပြီးချိတ်ထားကြပါ။ ကိုယ့်သမိုင်းကို အဲဒီလိုရေးပြီး အဲဒီဘဝနဲ့ နိဂုံးချုပ်သွားကြပါ။ ပြောချင်တာက ကိုယ့်ဟာကိုယ် အသေခံသွားကြပါ။ ကိုယ့်မျိုးဆက်ကို သတ်မသွားကြပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောချင်တာပါ။ တိုင်းပြည်အပေါ်၊ လူသားအချင်းချင်းအပေါ် သမိုင်းကြောင်းမကောင်းရင် လူမသေခင် နာမည်သေတယ်။ လူသေတော့ မျိုးဆက်ပါ သေကျန်သွားနိုင်ပါတယ်။ ဒါသတိပြုရမယ့်အချက်ပါ။ အခုတော့ဖြင့် ခင်ဗျားတို့က ရင်ဘတ်ပေါ်မှာ စစ်အာဏာရှင်ကျွန်တံဆိပ်ကို ဖုန်သုတ်ပြီး သတင်းစာထဲ ဆောင်းပါးတွေတစ်ပုဒ်ပြီးတစ်ပုဒ်ရေး သမိုင်းအမှန်တွေကို ဖုတ်ခတ်နေကြတယ်။ အင်း… ကျွန်တော့်သူငယ်ချင်း ကဗျာဆရာတစ်ယောက်က ပြောဖူးတယ်။ အနုပညာချင်း ချိန်းရိုက်လိုက်ရရင် တစ်ချက်စာတောင်မရှိဘူး။

❖ ❖ ❖

## ဤသစ်ပင်တွင် ရက္ခစိုးရှိသည်

**ဒီဗွီဘီ၊ ၁၆၊ စက်တင်ဘာ၊ ၂၀၀၆**

စစ်သားဖြစ်လို့ သေနတ်ကိုင်ရတာ၊ သေနတ်ကိုင်ရလို့ စစ်အာဏာရှင်လုပ်နေတာဆိုတော့ ပညာနည်းရာမကျဘူးလား။ ဟင်း… ဟင်း… ဟင်း… ပြောပြတော့လည်း ဒေါ်ပွကြီးမှာပေါ့လေ။ ဟင်း… ဟင်း… ဟင်း…

ဘာသာတရား၊ ပညာ၊ မိဘဆရာသမားတွေရဲ့ အရိပ်တွေဟာ အေးမြသလို သစ်ပင်တွေရဲ့ အရိပ်ကလည်း အေးမြလှပါတယ်။ သစ်ပင်အမျိုးမျိုးက လောင်စာလည်း ပေးတယ်၊ အစားအသောက်လည်း ဖြစ်စေတယ်။ ဆေးဖက်လည်း ဝင်တယ်။ အိုးအိမ်တိုက်တာတည်ဆောက်ရာမှာလည်း ဖြည့်ဆည်းတယ်။ သယ်ယူပို့ဆောင်ရေး ယာဉ်ရထားတွေကိုလည်း မွံပိုးတယ်။ အကြီးစားအမာစား အသုံးအဆောင်တွေကအစ အသေးစားအနုစား သွားကြားထိုးတံကလေးအဆုံး အသုံးပြုနိုင်ပေတာကိုး။

အဲ… သစ်ပင်တွေဟာ ရာသီဥတုနဲ့ တောတောင်ရေမြေကိုလည်း ထာကွယ်ထိန်းသိမ်းစောင့်ရှောက်ပါသေးတယ်။ ဒီတော့ သစ်ပင်ဟာ အသုံးဝင်တော့ သစ်ပင်ကို ခုတ်တယ်။ အသီးက စားလို့ရတော့ အသီးကို ခူးတယ်။ အရွက်နဲ့ အမြစ်က ဆေးဖက်ဝင်တော့ အမြစ်ကို တူး၊ အရွက်ကို ဆွတ်ကြတာပေါ့။ အဲဒီလို ခူးကြ၊ ခုတ်ကြ၊ ဆွတ်ကြ၊ တူးကြပြီး ပြန်စိုက်ကြဖို့ရော သတိရကြရဲ့လား။ ဒါ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားကို အသုံးချပါ။ ဒါပေမဲ့ သဘာဝတရားကို အဆုံးသတ်ပစ်လို့တော့ မရပါဘူး။ တော၊ တောင်၊ ရေမြေ၊ သစ်ပင်တွေ သဘာဝအတိုင်း ဖြစ်တည်လည်ပတ်နေဖို့၊ သဘာဝဝန်းကျင်ကို ပြန်လည်စောင့်ရှောက်ရမှာက အသုံးချသူတွေရဲ့ မမေ့သင့် မမေ့အပ်တဲ့ တာဝန်ကြီးပါပဲ။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလနဲ့ အောက်တိုဘာလအကြားမှာ အင်ဒိုနီးရှားနိုင်ငံအနှံ့ တောမီးတွေလောင်ခဲ့တယ်။ ထူထပ်တဲ့မီးခိုးတွေဟာ အရှေ့တောင်အာရှ နိုင်ငံအနှံ့အပြားကိုတောင် ဖုံးအုပ်ခဲ့ပါသေးတယ်။ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်အဖွဲ့ကတောင် ဒီတောမီးလောင်ကျွမ်းမှုကို သုတေသနပြုပြီး ဒါဟာ ရေတိုအကျိုးစီးပွားကိုသာကြည့်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ လူမှုအကျိုးဆက်တွေကို မစဉ်းစားဘဲ လုပ်တဲ့အလုပ်တွေကြောင့် ဖြစ်ရတာလို့ ကောက်ချက်ချပြောဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံမှာရော အခုချိန်မှာ ငှက်တစ်သောင်းနားဖို့ သစ်ကောင်းတစ်ပင် ရှိသေးရဲ့လား။ မရှိနိုင်တော့သလောက် ဖြစ်နေပါပြီ။ ကမ္ဘာ့သက်သေသက္ခာယအဖွဲ့ကြီးကတောင် သစ်တောပြုန်းတီးမှုကြောင့် သဘာဝဘေးဒဏ်ကို မြန်မာနိုင်ငံ ခံရတော့မယ်လို့ ဝေဖန်ပြောဆိုခဲ့တာ မကြာလှသေးဘူးကိုး။ ရှိသမျှ ရေမြေတောတောင်ထဲက သစ်ပင်တွေခမျာ အာဏာပိုင်တွေရဲ့ ရေတိုအကျိုးစီးပွားကြောင့် ပြုန်းခဲ့ရသလို ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ ရေတိုအခွင့်အရေးကြားမှာ ပြားပြားဝပ်ခဲ့ရပါပြီ။

သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝအကျိုးဆက်တွေဟာ အပြန်အလှန်မှီခိုနေတာပါ။ ဒါကို သတိရကြရမှာဖြစ်သလို နိုင်ငံတော်မှာ တာဝန်ရှိတဲ့သူတွေကလည်း သိမြင်ပြီး ပညာပေးရမှာပါ။ ဒါပေမဲ့ ခက်တာက ပညာပေးဖို့ တာဝန်ရှိတဲ့သူတွေက ပညာမဲ့နေတာကိုး။ ရန်ကုန်မြို့ကြီးကိုတောင် စုပ်ပြီးသားကြံဖတ်လို စွန့်ပစ်ပြီး ကြပ်ပြေးကို ပြောင်းသွားခဲ့ကြတာဆိုတော့ ဟင်း… ဟင်း… ဟင်း… ခက်ကို ခက်နေတာပေါ့ဗျာ။

ဒီမှာ တောတောင်ရေမြေ သစ်ပင်တွေနဲ့ နီးနီးကပ်ကပ်နေပြီး အစဉ်အဆက် ဘဝကို ရှင်သန်လာသူတွေက တောတောင်ရေမြေကို မဖျက်ဆီးဘူး။ သူတို့ ထင်းခွေတယ်။ ရေခပ်တယ်။ သူတို့ ဆေးဝါးအဖြစ် အရွက်ကို ခူးပြီး ပွတ်တယ်၊ လိမ်းတယ်၊ ရှူတယ်၊ အမြစ်ကို တူးပြီး သွေးတယ်။



သောက်တယ်။ ဒါပေမဲ့ သူတို့နေလာတဲ့တစ်လျှောက် သဘာဝတရားတွေကို မဖျက်ဆီးဘူး။ သဘာဝတရားကလည်း မပျက်စီးသွားဘူး။ ဘာဖြစ်လို့လဲ။ သဘာဝတရားက ပေးတာကိုပဲ ယူတာကိုး။ ဒါဆိုရင် အခု မြန်မာနိုင်ငံမှာ ဘာဖြစ်လို့ တောတောင်ရေမြေတွေ ပြုန်းတီး၊ သဘာဝဘေးရန်နဲ့ ရာသီဥတု ဖောက်ပြန်နေရတာလဲ။ ရှင်းပါတယ်၊ သဘာဝတရားက ပေးသမျှထက် သဘာဝတရားကို အမွှအနှိုင်ကျင့်နေတဲ့ ဖောက်ပြန်သူတွေကြောင့်ပါပဲ။

ဟိတ်… ရှိတာ အကုန်ထုတ်၊ ဟော့ကောင်တွေ… ဟိုသစ်ပင်က သူ့အသီးတစ်လုံးကို အရွက်တွေနဲ့ ဖုံးထားတယ်။ တက်ပြီးရိုက်ချစမ်းကွာဆိုတဲ့ လူတွေကြောင့်ပဲ။ အင်းလေ… ကြမ်းချင်တိုင်း ကြမ်း၊ ရမ်းချင်တိုင်းရမ်းနေကြတာကလည်း စစ်အာဏာရှင်တွေကိုးဗျ။ ဒီတော့ မရှုနိုင် မကယ်နိုင် သဘာဝဘေးဒဏ်တွေကြုံ၊ ဒုက္ခရောက်ပြီး တတ်သိကျွမ်းကျင်တဲ့သူတွေက ဝိုင်းပြောကြတော့မှ သစ်ပင်မခုတ်ရ၊ အချုပ်သုံးလ၊ ထောင်ခုနစ်နှစ်စသည်ဖြင့် ဆိုင်းဘုတ်တွေပေါ်လာရော။

ဒါပေမဲ့ အလုပ်မဖြစ်ပါဘူး။ ဗိုလ်မှူးကလေးက အမိန့်ထုတ်ရင် ဗိုလ်မှူးကြီးက ခုတ်၊ ဗိုလ်ချုပ်က အမိန့်ထုတ်ရင် ဗိုလ်ချုပ်ကြီးက ခုတ်၊ ဗိုလ်ချုပ်ကြီးက အမိန့်ထုတ်တော့ ဗိုလ်ချုပ်မှူးကြီးကတော်က ခုတ်ဆိုတော့ ဟင်း… ဟင်း… သစ်ပင်မခုတ်ရဆိုတဲ့ ဆိုင်းဘုတ်က သူတို့ ထမင်းလုတ်ကို ပုတ်ချနေသလို ဖြစ်နေတာကိုး။ ဟော… အခုနောက်ပိုင်းကျတော့ ဆိုင်းဘုတ်က ပြောင်းသွားပြီ။ အရင်ကလို ထောင်ချမယ်၊ အချုပ်ခံရမယ် မဟုတ်တော့ဘူး။ သစ်ပင်မခုတ်ရလို့ မပြောတော့ဘူး။ ဤသစ်ပင်တွင် ရုက္ခစိုးရှိသည်လို့။ ရယ်တော့ ရယ်ရသားဗျ။

နိုင်ငံတော်မှာ တာဝန်ရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်နေတဲ့ အတော့်ကို အောင်မြင်နေပါတယ်ဆိုတဲ့ အဖွဲ့ကြီးက အမိန့်ပေးထားတာတောင် မအောင်မြင်လို့ လက်လျှော့ပြီး ရုက္ခစိုးနဲ့ လှည့်ခြောက်နေရတဲ့အဖြစ်ကိုး။ ထဲ… အဲဒီလို ရုက္ခစိုးတွေနဲ့ ခြောက်လိုက်လို့ သစ်ပင်တွေ ဘေးကင်းပြီတဲ့လား။ မကင်းပါဘူး။ အခုတ်ခံနေရတုန်းပဲ။ ဟာ… ရုက္ခစိုးရှိတယ်ဆိုတာတောင် အခုတ်ခံနေရတုန်းပဲလား။ ဘယ်လိုဖြစ်တာလဲ။ ဒီတော့ ရုက္ခစိုးဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။ ဖြူသလား၊ ဝသလား၊ မည်းသလားလို့ စူးစမ်း

www.burmeseclassic.com



ကြည့်လိုက်တော့ ဟာ… နအဖရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာကို တွေ့ရတော့တာပဲဗျို့။ တချို့ ရက္ခစိုးတွေက ယူနီဖောင်းနဲ့ တချို့ ရက္ခစိုးတွေက ပစ္စတိုသေနတ်ကြီး ခါးထိုးလို့၊ တချို့ရက္ခစိုးတွေက ပဝါကြီးတွေချုလို့၊ ဘာလဲ… မယုံဘူးလား။

မြန်မာပြည်အနှံ့မှာရှိတဲ့ သစ်တောတွေ၊ စိုက်ခင်းတွေမှာ သွားကြည့်။ ဒါက ဗိုလ်ချုပ်ဘယ်သူ့ရဲ့ စိုက်ခင်း၊ ဒါက ဒေါ်ကြိုင်ကြိုင်ရဲ့စိုက်ခင်း၊ ဒါက ဗိုလ်ချုပ်မောင်အေးရဲ့ စိုက်ခင်းဆိုပြီး စာနဲ့ ပေနဲ့ကို ဆိုင်းဘုတ်တင်ထားတာဗျ။ ဒီတော့ ဤသစ်ပင်တွင် ရက္ခစိုးရှိသည်ဆိုတဲ့ ဆိုင်းဘုတ်နဲ့ အခုနက ဆိုင်းဘုတ်တွေကို ယှဉ်ဖတ်ကြည့်လိုက်ပြီး ဩော်… ဟော်… ဟော်… ရက္ခစိုးဆိုတာ အနီပုဂ္ဂိုလ်တွေပါလား။ ဒါကြောင့်လည်း သစ်ပင်တွေ အခုတ်ခံနေရတာပါလားလို့ သဘောပေါက်သွားရတော့တာပေါ့ခင်ဗျာ။ ဟင်း… ဟင်း… ဟင်း…။

❐ ❐ ❐

## ဦးနှောက်နဲ့ နှလုံးလှသူများ

ဘဏ်ထဲမှာ မတရားရယူထားတဲ့ ကိုယ်ပိုင်ပိုက်ဆံတွေရှိနေတယ်။ တရားဝင်တဲ့ အာဏာက မရှိဘူး။ ဒီတော့ သေနတ်ဖောက်ပြီး အာဏာကို သိမ်းယူတယ်။ ဘာဖြစ်လို့လဲ။ ခေါင်းထဲမှာ ဘာမှမရှိလို့ပေါ့။

ဒါကြောင့်လည်း ရင်ဘတ်ထဲမှာ ဘာမှမရှိပြန်ဘူး။ မရှိလို့လည်း ဒီပဲယင်းလို လူသတ်ပွဲကြီးကို ရိုင်းရိုင်းစိုင်းစိုင်းကျူးလွန်ပစ်တာပေါ့။ လူဆိုတာ အတွေးအခေါ်မရှိရင် ခံစားမှုလည်း ချည့်နဲ့သွားတာပဲ။ လူဖြစ်လျက်နဲ့ ကိုယ့်မှာရှိနေတဲ့ ဦးနှောက်နဲ့ နှလုံးသားကို ဘယ်လိုအသုံးချရမှန်းမသိတာဟာ လူဖြစ်နာလိုက်တာလို့ ဆိုရမှာပေါ့။

အခုလိုပြောနေတာကို ကြားတော့ ဒါဟာ စစ်အုပ်စုကို ရည်ညွှန်းပြောဆိုနေတယ်ဆိုတာ ရှင်းပြစရာမလိုတော့ပါဘူး။ ကောင်းပြီ။ ဒါဆိုရင် စစ်တပ်နဲ့ပတ်သက်သူတိုင်း ဒီလိုပဲလား။ ဘယ်ဟုတ်လိမ့်မတုံး။ အမျိုးသားလူ့အဖွဲ့အစည်း တိုးတက်ရေးနဲ့ တိုင်းပြည်ကောင်းစားရေးကို အလုပ်အကျွေးပြုသူတိုင်းက ခေါင်းထဲမှာ ဉာဏ်အမြော်အမြင်ရှိတယ်။ နှလုံးသားထဲမှာ ချစ်ခြင်းမေတ္တာတရားရှိတယ်။ ဒါကြောင့်လည်း စစ်တပ်နဲ့ပတ်သက်ပြီး စစ်ဘက်မှာ ထိပ်တန်းအဆင့်ဝင်ရာထူးတွေ ရရှိခဲ့ပေမဲ့ စစ်တပ်ဆိုတာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ရပ်၊ တပ်မတော်သားဟာ လူထုအတွက်အား၊ တိုင်းပြည်ရန်သူ့အတွက် မားဆိုတဲ့ ရပ်တည်ခံယူချက်တွေထားပြီး တာဝန်ကျေပွန်ခဲ့ကြတာပါ။

ဒီကနေ့ စစ်ဗိုလ်ချုပ်တွေကတော့ စစ်တပ်ဆိုတာ သူတို့ရဲ့ နန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်။ လူထုက သူတို့ကို အလုပ်အကျွေးပြုရမယ်။ တိုင်းပြည်ဆိုတာ သူတို့ရဲ့ အစိတ်အပိုင်းလို့ သဘောထားကြပေတာကိုး။

ဒီကနေ့ ဒီမိုကရေစီရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အနစ်နာခံပြီး လုပ်ဆောင်နေသူတွေထဲကို ပြန်ကြည့်ပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် ၁ က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေဟာ ဗိုလ်မှူးချုပ်တာဝန်ယူခဲ့ဖူးသူပါ။ နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ် ၁ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဟာ ဗိုလ်မှူးကြီးဟောင်းတိုင်းမှူးဟောင်းပါ။ အခု နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးဟာ ဗိုလ်ချုပ်ကြီးအဆင့်နဲ့ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ တစ်ခါ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်တဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၁ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှန်းတင်ဟာ နမဝတိုင်းမှူးအဆင့်အထိ တာဝန်ယူခဲ့ဖူးသလို အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်တဲ့ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ် ၁ က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် (သခင်စိုးမြင့်)ဟာ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်းမှူးပါ။ ဒီလိုပဲ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှာ အတွင်းရေးမှူးတာဝန်ယူထားတဲ့ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်ဟာလည်း ဒုဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ တစ်ခါ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် ၁ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်ဟာလည်း ဒုဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။

ကဲ… စစ်ဘက်ထိပ်တန်းအဆင့်တာဝန်ယူခဲ့ဖူးသူတွေနဲ့ တာဝန်ယူနေဆဲပုဂ္ဂိုလ်တွေ ဘာကြောင့် မြန်မာ့နိုင်ငံရေး ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေရဲ့ တစ်ဖက်တစ်ချက်မှာ ရောက်ရှိနေရတာလဲ။ စစ်တပ်က အငြိမ်း



အစားတွေကို အတိုးမပေးရကောင်းလားဆိုပြီး အကျယ်အကျယ် ငြင်းခုံအွယ် အဖြစ် မြန်မာ့နိုင်ငံရေးထဲသွတ်သွင်းပြီး စာရင်းရှင်းနေကြတာလား။ တချို့က ဒီလိုစဉ်းစားကောင်း စဉ်းစားကြလိမ့်မယ်။

အမှန်တကယ်ကတော့ လာရာမတူလို့ လားရာလည်း ကွဲပြားသွားကြတဲ့ကိစ္စပါ။ ပြည်သူသာ အမိ၊ ပြည်သူသာ အဖဆိုတဲ့ တပ်မတော်သား ခေါင်းဆောင်တွေနဲ့ တပ်မတော်သာ အမိ တပ်မတော်သာ အဖဆိုတဲ့ ခေါင်းဆောင်တွေအဖြစ် ကွဲပြားခြားနားနေကြတာပါ။ ထပ်ပြီးပြောရရင် တို့မြေကြီးကို ကာကွယ်မလေဆိုတဲ့ခေတ်က တပ်မတော်သားတွေနဲ့ တို့အဖေကြီးကို ကာကွယ်မလေဆိုတဲ့ တပ်မတော်သားတွေအဖြစ် ကွဲပြားလာတော့တာကိုး။

တစ်ခါ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတဲ့ တပ်မတော်သားခေါင်းဆောင်များဟာ တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေတ်၊ ဗမာ့လွတ်လပ်ရေး ဗမာ့ကာကွယ်ရေးတပ်မတော်ခေတ်ကတည်းက အမျိုးသားရေးနဲ့ တိုင်းပြည်အရေးကို ဦးနှောက်နဲ့ မြော်မြင်သုံးသပ်၊ နှလုံးသားနဲ့ ချစ်မြတ်နိုးလာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အခု နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ဦးတင်ဦးနဲ့ပတ်သက်လို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက 'ဦးတင်ဦးဟာ တရုတ်ဖြူနယ်ချဲ့ကျူးကျော်စစ်မှာ သူရဘွဲ့ရခဲ့တဲ့ အမျိုးသားသူရဲကောင်း' လို့ ထုတ်ဖော်ပြောဆိုခဲ့ဖူးပါတယ်။

တိုင်းပြည်နဲ့ အမျိုးသားရေးကို ကိုယ်ကျိုးမဖက် အသက်စွန့်ထမ်းဆောင်ခဲ့ဖူးသူတိုင်း သူတို့ထမ်းဆောင်ခဲ့ရတဲ့သမိုင်းကို ဘယ်လိုတစ်စုံတစ်ဦးတစ်ယောက်ရဲ့ အညစ်အကြေးမျိုးနဲ့မှ အရိုင်းအစိုင်းမခံနိုင်ပါဘူး။ အထိအပါးမခံနိုင်ပါဘူး။ ဒါကြောင့်လည်း ဂုဏ်ရောင်မှေးမှိန်ခဲ့ရတဲ့ တပ်မတော်ရဲ့သမိုင်းကို ပြန်လည်ပြုပြင်ဖို့၊ ပြိုကွဲခဲ့ရတဲ့ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ဖို့၊ နိမ့်ကျခဲ့ရတဲ့ အမျိုးသားရေးနဲ့ လူမှုဘက်စုံကဏ္ဍတွေကို ပြန်လည်မြှင့်တင်ဖို့ ချောင်းရိုက်တာလည်း ခံရ၊ အကျဉ်းချတာလည်း ခံရ၊ ရက်ကြာကြာလမ်းပိတ်တားဆီးထားတာလည်း ခံရဆိုတဲ့ကြားထဲကနေ အသက်အရွယ်အထောက် တိုင်းပြည်နဲ့ လူထုသစ္စာကို စောင့်သိရိုသေ တာဝန်ကျေအောင်ကြိုးပမ်းဆောင်ရွက်နေကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မိုလ်ချုပ်တွေချင်း တူတယ်။ အသက်ရှုပုံချင်း မတူဘူး။ တပ်မတော်သားဖြစ်ခဲ့ဖူးတာချင်း တူတယ်။ ဦးခေါင်းချင်း မတူဘူး။ စစ်ဘက်ဆိုင်ရာအဆင့်မြင့်တာဝန်တွေ ထမ်းဆောင်ခဲ့ကြတာချင်း တူတယ်။ နှလုံး သားချင်း မတူဘူး။ ဒါတွေဟာ သိသာထင်ရှားကွဲပြားခြားနားနေတဲ့ မြန်မာ့ နိုင်ငံရေး တစ်ဖက်တစ်ချက်က စစ်ဘက်ဆိုင်ရာ ထမ်းဆောင်ပြီး၊ ထမ်း ဆောင်ဆဲပုဂ္ဂိုလ်တွေရဲ့ လာရာ လားရာတွေပဲ။ ဦးနှောက်နဲ့ နှလုံးသားလှတဲ့ တပ်မတော်ခေါင်းဆောင်တိုင်းက ပြည်သူ့အမိန့်ကို နာခံတယ်။

အဲ··· ပြည်သူ့ဘဏ္ဍာကို ကိုယ်ပိုင်ဖွင့်ထားတဲ့ ဘဏ်စာရင်းထဲ ထည့်၊ သေနတ်ဖောက်ပြီး လူထုအာဏာကို ယူထား၊ လက်နှစ်လုံးလောက် ပိတ်ဖြူစကလေးရှိရင် ထေရဝါဒဗုဒ္ဓဘာသာကို မောင်ပိုင်စီးချင်တဲ့ နိုင်ငံရေး တကြီး ခကွေးနဲ့ အမျိုးသားညီလာခံကို စာလုံးပေါင်းနေတဲ့ စစ်ခေါင်းဆောင် များကျတော့ မတရားတဲ့အမိန့်အာဏာမှန်သမျှ လူထုအားလုံးနာခံကြလို့ နှသားပါးရလုပ်တော့တာပေါ့ခင်ဗျာ။

ဒီတော့ တို့မြေကြီးကို ကာကွယ်မလေဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ တို့အဖေ ကြီးကို ကာကွယ်မလေဆိုတဲ့ ပုဂ္ဂိုလ်များရဲ့နောက်မှာ ကျွန်တော်တို့ ခြေထောက်တွေ လမ်းလျှောက်မှန်ဖို့ လိုပါတယ်။ ဦးနှောက်နဲ့ နှလုံးသားလှ သူတိုင်းက တိုင်းပြည်နဲ့ အမျိုးသားရေးကို သစ္စာစောင့်သိသလို ပြည်သူ့သည် သာ အခရာ အရာရာကို ပြောင်းလဲနိုင်ပါတယ်ခင်ဗျာ။

❒ ❒ ❒

## မဟာမိတ္တဗလ

စီးပွားရေးစနစ် အားကောင်းတယ်။ နည်းပညာကလည်း ဖွံ့ဖြိုး တိုးတက်တယ်ဆိုရင် ဒီလိုနိုင်ငံမျိုးတွေနဲ့ ဟန်ချက်ညီဆက်ဆံရေး ရှိနေသင့် တာပဲ။ ဒါမှ ကိုယ့်နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုနဲ့ တိုင်းပြည်ထွက်ကုန် ဈေးကွက်၊ အလုပ်လက်မဲ့ပြဿနာဖြေရှင်းနိုင်ရေး၊ ပြီးတော့ ကိုယ့်ပြည်သူ ပြည်သားတွေ ပညာရေးနဲ့ ခေတ်မီကမ္ဘာကြီးထဲ ဝင်ဆံ့နိုင်ရေးမှာ အများကြီး အကျိုးရှိလာနိုင်တာကိုး။

တစ်ခါ နိုင်ငံရေးစနစ်ပွင့်လင်းတယ်။ ကောင်းမွန်တယ်။ လူ့အခွင့် အရေးကဏ္ဍတွေ ဘက်စုံသီးနိုင် ပွင့်နိုင်မယ်ဆိုလျှင် သေချာတာပေါ့။ အဲဒီလို ငြိမ်းချမ်းစွာ အသက်ရှင်သန်ခွင့်ရနေတဲ့ လူထုနဲ့ လူ့အခွင့်အရေးကို လေးစား တန်ဖိုးထားတဲ့ အစိုးရတွေဆီက လူသားဆိုင်ရာ လှပတဲ့အတွေးအမြင်နဲ့ ရိုင်းပင်းကူညီမှုတွေ ထွက်ကျလာတတ်ပါတယ်။ ဒီတော့ နိုင်ငံရေးအပါအဝင် ပဋိပက္ခအကျပ်အတည်းကြားမှာ မလူးသာ မလွန့်သာဖြစ်နေရတဲ့အပြင် စစ် အာဏာရှင်တွေ ဖိနှိပ်မှုကြီးမားတာကို ဘဝနဲ့မမျှအောင် ခံစားနေကြရတဲ့ မြန်မာနိုင်ငံလို နိုင်ငံတစ်ခုက ပြည်သူလူထုဟာ လူနေမှုဘဝတွေ၊ အခွင့် အရေးပြည့်ပြည့်ဝဝနဲ့ တိုးတက်ပြီး ငြိမ်းချမ်းစွာရှင်သန်နေတဲ့ တိုင်းပြည်များက ပြည်သူလူထုအပါအဝင် အစိုးရတွေကို လူသားချင်းစာနာစိတ်ကြောင့် အနည်း နဲ့အများ မှားတတ်ကြပေတာပါပဲ။ အကျပ်အတည်း ပဋိပက္ခဖြစ်နေတဲ့ နိုင်ငံ တစ်ခုက လူတွေရဲ့ဒုက္ခဟာ လူ့အခွင့်အရေးပြည့်ဝပြီး ငြိမ်းချမ်းနေတဲ့ နိုင်ငံ များက ပြည်သူလူထုအပေါ် လူသားစိတ်နဲ့ လှမ်းမျှော်ကြည့်တတ်ကြပါ တယ်။ ဒီလိုပဲ နိုင်ငံတစ်ခုရဲ့ စိုးရိမ်ထိတ်လန့်ဖွယ်အခြေအနေကို တခြားနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တွေက လူသားဘဝ လွတ်လပ်စွာရှင်သန်နိုင်ရေးအပါအဝင် ကမ္ဘာ့ငြိမ်းချမ်းရေး အမြော်အမြင်နဲ့ နိုင်းယှဉ်ခံစား စာနာစိတ်ပွားပြီး အလေးထားစောင့်ကြည့်ကြတာ ဓမ္မတာပဲဖြစ်ပါတယ်။ တစ်ခါ တိုင်းပြည်တစ်ပြည်မှာ မင်းကျင့်တရားဖောက်ပြန်ပြီး လူထုအပေါ် ကြီးနိုင်ငယ်ညှဉ်းလုပ်နေတဲ့ အာဏာရှင်အုပ်စိုးသူများ ပေါ်ပေါက်နေလျှင် ပြည်သူလူထုကို တာဝန်ခံတဲ့၊ တန်ဖိုးထားတဲ့ နိုင်ငံများက အစိုးရတွေအဖို့ လူသားအမြင်၊ ဒေသတွင်းတည်ငြိမ်ရေး အမြင်တွေသာမက ကမ္ဘာလုံးဆိုင်ရာ အနာဂတ်ရေးရှုမြင်ချက်တွေနဲ့ အာဏာရှင်အပေါ် ကန့်ကွက်ရှုတ်ချ လူထုနဲ့ တိုင်းပြည်အခန်းကဏ္ဍ ပြန်လည်မြင့်မားလာအောင် ဝိုင်းဝန်းဖော်ဆောင် ကူညီထောက်ပံ့ကြမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာတော့ တိုင်းပြည်နဲ့ လူထုအပေါ် မတရားဖိုလ်ကျလွှမ်းမိုးပြီး စစ်ယူနီဖောင်းကို ဖောက်ထိုးဝတ်ထားတဲ့ အဲ… စစ်ယူနီဖောင်း ဖောက်ထိုးဝတ်တယ်ဆိုတာ အစဉ်အလာနဲ့ သမိုင်းဂုဏ်ရောင်ပြောင်ခဲ့တဲ့ ဗမာ့တပ်မတော်ကို အလွဲသုံးစားလုပ်ထားလို့ ပြောရတာပါ။ ဆိုပါတော့။ စစ်ယူနီဖောင်းကို ဖောက်ထိုးဝတ်ထားတဲ့ ရက်စက်ကြမ်းကြုတ် အဂတိလိုက်စားပြီး ပညာမဲ့တဲ့ နိုင်ငံတော်အကြမ်းဖက်သမား နဝတ-နအဖ စစ်အာဏာရှင်တစ်စုကတော့ နိုင်ငံတကာရဲ့ အကူအညီနဲ့ စာနာမှုတွေ လူထုဆီကို တိုက်ရိုက်သွားတာကို လုံးဝမနှစ်မြို့ပါဘူး။ ဒီလိုပဲ စစ်အာဏာရှင်စနစ်ကို ကျားကန်ပေးမဲ့ စစ်တပ်နဲ့စစ်အုပ်စု ရေပေါ်ဆီအသိုက်အဝန်းကို အထောက်အပံ့မပြုလျှင် ရန်သူဆိုတဲ့အမြင်ကို ပြတ်ပြတ်သားသားချမှတ်ထားပြီး မြန်မာပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့နေတဲ့ နိုင်ငံတကာက လူထုအစိုးရများကိုလည်း ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်တယ်လို့ ပြစ်တင်ဝေဖန် မျက်မာန်တော်ရှနေပါသေးတယ်။ ဒါ့အပြင် လူထုရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး မျှော်လင့်ချက်က ပြည်ပနိုင်ငံများက စာနာမှု၊ ကူညီမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်မိလျှင် တိုင်းတစ်ပါးသြဇာခံတယ်၊ အနောက်မျှော်တယ်လို့ ထထအော်တတ်တာ ဟောဒီ နဝတ-နအဖ စစ်အုပ်စုပါပဲ။ ပြောပါရစေ။ ရက်စက်ကြမ်းကြုတ်တဲ့ အာဏာရှင်ရဲ့သြဇာခံ ကြံ့ဖွတ်တို့၊ စွမ်းအားရှင်တို့ ဘယ်လိုကောင်းမှုနဲ့ တိုင်းပြည်လူထု အကျိုးပြုချက်တွေ ဆောင်ရွက်ခဲ့လို့လဲ။ ဒီမိုကရေစီခေါင်းဆောင်ရဲ့ကားကို ဝင်ရိုက်တာကအစ ဒီပဲယင်း



လူသတ်ပွဲမှာ တင်ပါးကို ရိုက်လွှတ်လိုက်တယ်။ ရိုင်းရိုင်းစိုင်းစိုင်းပြေးတိုက်တဲ့အလုပ်ကို ကြမ်းကြုတ်စွာ လုပ်ခဲ့ကြတာပါ။ ရှိသေးတယ်။ အာဏာရှင်ရဲ့ သြဇာခံ ပညာတတ်ပြီး စစ်ယူနီဖောင်း နောက်မြီးဆွဲဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေရော၊ အာဏာရှင်အကြိုက် မုသာဝါဒပျားရည်သုတ်အလုပ်တွေလုပ်ပြီး ကိုယ့်ပညာကိုယ် ပုပ်သိုးကုန်အောင် ကိုယ့်ဘဝကိုယ် ရိုက်ချိုးနေကြသလိုပါပဲ။ အဲ… လူတစ်ယောက် နိုင်ငံတစ်နိုင်ငံရဲ့ သန့်ရှင်းတရားမျှတတဲ့ တိုးတက်ထွန်းကား စင်ကြယ်မှုကို သြဇာလို့မြင်ပြီး ပူးပေါင်းလျှင် အဲဒါ သြဇာခံဖြစ်မှာပါပဲ။ သို့သော် ဒီလိုမမြင်ဘဲနဲ့ မြင့်မြတ်ပြီး သဘာဝကျတဲ့ လူသားအတွေးအမြင်ကို အခြေခံပြီး ကိုယ့်လိုအင်နဲ့ သူ့စွမ်းအင် အပြန်အလှန်အဝင်ခွင်ကျပူးပေါင်းဆောင်ရွက်သမျှ နှစ်ဦးစလုံးရဲ့ ချစ်ကြည်ရင်းနှီးမှုကြားမှာ အမှန်တရားက လှပနေမှာပဲဖြစ်ပါတယ်။ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်နဲ့ ဇာတိလာမွေးရာပါအသိက လိုက်လျောညီထွေဖြစ်မယ့် အကန့်အသတ်တွေကို ထိန်းညှိပေးလေ့ရှိပါတယ်။ ဒီလို မွေးရာပါအသိကို ထုတ်ပြီးအသုံးမချဘဲ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး အမြီးနန့်တတ်တဲ့ လူမျိုးများဟာ ကိုယ်တိုင်က သူတစ်ပါးအပေါ် မတော်မတရားကြံစည်ဖို့၊ ဖိနှိပ်ဖို့၊ လိုအပ်လျှင် ရက်စက်ကြမ်းကြုတ်ဖို့ နိစ္စဓူဝလုံးပန်းနေတဲ့ ပညာမဲ့သူများပဲဖြစ်ပါတယ်။ ပြောချင်ပါတယ်။ တိုင်းပြည်လူထုအပေါ် သစ္စာစောင့်သိတဲ့ လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားတဲ့ လူထုအစိုးရများနှင့် အဲဒီတိုင်းပြည်က ပြည်သူလူထုအပေါ် အမြော်အမြင်နဲ့ ချစ်ကြည်စွာဆက်ဆံဖို့ဟာ ကမ္ဘာ့လူသားများရဲ့ လိုအပ်လှတဲ့ မဟာမိတ္တဗလပါပဲ။ အင်း… တစ်ခုတော့ရှိသေးရဲ့။ ရက်စက်ကြမ်းကြုတ် အဂတိလိုက်စားပြီး ပညာမဲ့တဲ့ နိုင်ငံတော်အကြမ်းဖက်သမား စစ်အာဏာရှင်တစ်စုအောက်မှာ ဒူးထောက်သြဇာခံဖို့ကတော့ ဟင်း… ဟင်း… အကြိမ်ပေါင်း တစ်သိန်းတစ်သန်း ဆလံပါပဲခင်ဗျာ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## ဒီမိုကရေစီချိုမိုင်မိုင်

နဝတ၊ နအဖလက်ထက် ဆောက်ပြလိုက်ပြန်ပြီ၊ ကျောင်းတွေက ဘယ်နှစ်ကျောင်း။ တည်လိုက်ပြန်ပြီ၊ စက်ရုံတွေက ဘယ်လောက်။ အသစ်ဖွင့်ပြန်ပြီ၊ တံတားကြီးတွေက ဘယ်နှစ်စင်း။ ဖောက်လိုက်ပြန်ပြီ၊ အဝေးပြေးလမ်းကြီးတွေက ဘယ်ရွေ့ဘယ်မျှ စသဖြင့် ကြားနေရတာပဲ။

ဒါပေမဲ့ ကျောင်းတွေဆောက်တယ်လို့ ကြားရသလို ကုန်ရပြန်ပြီ၊ လမ်းစရိတ်၊ အဆောင်စရိတ်။ တက္ကသိုလ်ကောလိပ်တွေက နယ်စွန်နယ်ဖျားသွားဆောက်ထားလို့။ ပေးရပြန်ပြီ ကျောင်းဝင်ကြေး၊ အဆမတန်။ အတန်းကောင်းကောင်းနဲ့ ကျောင်းကောင်းကောင်းရဖို့။ ထပ်ပြီး ပေးရပြန်ပြီ၊ ပြဋ္ဌာန်းစာအုပ်မိတ္တူကူးဖို့။ ပေးလိုက်ပါဦး မေးခွန်းဝယ်ဖို့။ ထပ်ထုတ်ပါဦး။ အဆင့်ကောင်းကောင်းရဖို့ စတဲ့ စတဲ့ အသံတွေလည်း ကြားနေရတာပါပဲ။

တစ်ခါ စက်ရုံတွေ၊ တံတားတွေဆောက်တယ်လို့ ကြားရသလို လာကြပါဦး၊ အခမဲ့လုပ်အားပေး။ တစ်ခါတလေများ လုပ်အားပေးမလိုက်ရင် အချုပ်ထဲထည့်လိုက်သေးတယ်။ အချုပ်ထဲမဝင်ချင်ရင် ငွေပေးရမတဲ့။ ကဲ… ထည့်ဝင်ကြပါဦး၊ တံတားကြီးအတွက် အလှူငွေ။ ဒီလိုနဲ့ တံတားကြီးတွေလည်း မတရားနည်းတွေနဲ့ ပြီးသွားတော့ မှူးကြီး၊ မှူးချုပ်တွေက ဖွင့်ပွဲမှာ ဟန်တွေအမျိုးမျိုးလုပ်လို့၊ သူတို့အိတ်ကပ်ထဲက စိုက်ထုတ်ရတဲ့ မျက်နှာပေးနဲ့။

ဟော… အဝေးပြေးလမ်းမကြီးတွေ ဖောက်တယ်လို့ ကြားရသလို ပါသွားပြန်ပြီ။ ဒေသခံတွေရဲ့ မြေတွေ၊ ယာတွေ။ ပေးလိုက်ရပြန်ပြီ၊ အခမဲ့



လုပ်အားပေး။ ခြိမ်းခြောက်ခံရပြန်ပြီ၊ လုပ်အားပေးမလိုက်လို့။ ဘူဒိုဇာနဲ့ ထိုးသွားပြန်ပြီဗျို့၊ အိမ်တွေ မဖယ်ပေးလို့။

ဆိုတော့… နိုင်ငံတော်ကို တက်ပြီးအုပ်ချုပ်သူတွေက ဘာလုပ်နေသလဲ။ တိုင်းပြည်နဲ့ လူထုအကျိုးမကြည့်ဘဲ နိုင်ငံတော်နဲ့ ပြည်သူလူထုက သူတို့အတွက် ထမ်းပိုးနေရတဲ့အပြင် သူတို့ကိုယ်ကျိုးစီးပွား ကြီးထွားဖို့ အတွက်လည်း လူထုဘဝထဲက ဖဲ့ယူတယ်၊ ခြိမ်းယူတယ်၊ လုယူတယ်၊ ခြိမ်းခြောက်ပြီးတော့ ယူတယ်။ စစ်အာဏာရှင်အဆက်ဆက်မှာ ဟောဒီခေတ်လောက် ပညာမဲ့ပြီး အမျိုးသားရေးကို ရိုင်းရိုင်းစိုင်းစိုင်း ညစ်ထေးအောင်လုပ်တာမျိုး မရှိတော့ဘူး။ ဟောဒီခေတ်လောက် လူတွေစာရိတ္တကျိုးပေါက်ရတာ မရှိတော့ဘူး။ နဝတ၊ နအဖယန္တရားကြီးထဲမှာ စွမ်းအားရှင်၊ ကြံ့ဖွံ့၊ ရယကဆိုတဲ့လူတွေကအစ ထိပ်ပိုင်းစစ်ခေါင်းဆောင်တွေအဆုံး အခွင့်အရေးနဲ့ အာဏာများရထားရင် ဒီတိုင်းပြည်မှာ ရေမြေသနင်း၊ ကြွက်တွင်း၊ မိလ္လာအားလုံး သူတို့ပဲပိုင်တယ်လို့ သွေးနားထင်ရောက်နေကြတဲ့ လူတွေ။ ဆိုးလိုက်တာကလည်း တာတေကို လန်ရော။ မြို့တွင်းမှာရှိတဲ့ ကုက္ကိုပင်ကိုတောင် ခုတ်လှဲရောင်းစားပစ်တဲ့ မယကဥက္ကဋ္ဌက ရှိသေးတယ်။ ပညာမဲ့လိုက်တာကလည်း မပြောနဲ့။ အေအိုင်ဒီအက်စ်ကျန်းမာရေးစာစောင်ကိုင်လာတဲ့ သက်ကြီးရွယ်အိုကို ဖမ်းဆီးစစ်ဆေးတဲ့ ရဲတပ်ဖွဲ့ဝင်တွေက ရှိသေးတယ်။ နဝတ နအဖ ယန္တရားကြီးထဲမှာ။

ဟော… တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်လွှတ်ဖို့ မပြောနဲ့။ ဆူနာမီငလျင်ရေဘေးကြောင့် သေကွဲ ရှင်ကွဲ သတင်းကပ်စေးနဲ့နိုင်ငံမှာ ဒုက္ခရောက်ကြရတဲ့ ကိုယ့်တိုင်းသူပြည်သားတွေရဲ့မျက်နှာမှ မထောက်။ မြစ်ငလျင်လှုပ်တာကို သူတို့ရဲ့ စစ်ပလ္လင်လှုပ်လာမှာစိုးပြီး ယကြောချေ ကိုယ်လွတ်ရုန်းတဲ့ ဗိုလ်ချုပ်ကြီးတွေက ရှိသေးတယ်။

ဒါပဲတင်လားတဲ့။ တောင်ငူ၊ ဖြူး၊ ကျောက်တံတား၊ ညောင်လေးပင်၊ ဒိုက်ဦး စတဲ့ ပဲခူးတိုင်းအရှေ့ခြမ်း ကျေးရွာတွေက လူတွေမှာ လောပိတကလာတဲ့ မဟာဓာတ်အားလိုင်း လုံခြုံရေးကို အိမ်တိုင်းက အလှည့်ကျနဲ့ ၂၄ နာရီ လုံခြုံရေးယူနေရသတဲ့။ ကဲ… စဉ်းစားကြည့်ဦးတော့။ စစ်အာဏာရှင်တွေက စစ်တပ်ကို ခါးပိုက်ထောင်ထဲထည့်ပြီး ထင်ရာစိုင်းနေ

www.burmeseclassic.com



တဲ့နိုင်ငံမှာ ဓာတ်မီးတိုင်လုံခြုံရေးကို ပြည်သူလူထုက တာဝန်ယူနေရသတဲ့။ ဒါဆို တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နေပါတယ်ဆိုတဲ့ စစ်တပ်တွေက ဘာလုပ်နေကြသလဲ။ တိုင်းရင်းသားကျေးရွာတွေ မီးရှို့၊ တိုင်းရင်းသူတွေကို စော်ကား၊ ဒေသခံတွေကို ပေါ်တာဆွဲ၊ အဓမ္မအလုပ်ခိုင်းစေ၊ ဒေသခံ တောင်ယာမြေကွက်တွေကို အဓမ္မသိမ်းယူပြီး ကိုယ်ကျိုးစီးပွားရှာနေတဲ့အလုပ်တွေနဲ့ပဲ တိုင်းပြည်နဲ့လူထုကို ယူနီဖောင်းခြုံကြားထဲက ကာကွယ်နေကြတာလား။

ပြောလိုက်ရင်တော့ စကားလုံးတွေက ရွှေတစ်လုံး မန်းတစ်လုံးပဲ။ ဒီမိုကရေစီနိုင်ငံတော်သစ်တဲ့။ နိုင်ငံတော်တည်ငြိမ်ရေးတဲ့။ အမျိုးသားပြန်လည်သင့်မြတ်ရေးတဲ့။ ပြီးတော့ မည်သူမျှ ဥပဒေ၏အထက်တွင် ကင်းလွတ်ခွင့်မရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်းများအပါအဝင် ဥပဒေနှင့်မညီညွတ်သော ဥပဒေနှင့် ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိတိကျကျ ထိရောက်စွာအရေးယူခဲ့သည်သာဖြစ်ကြောင်းတဲ့။

ဒါကြောင့်လည်း အပြောကတော့ ရွှေမန်းလို့ ပြောနေကြပေတာပေါ့။ အပြောက ရွှေမန်းဆိုတော့ အကကျတော့ရော။ အကကျတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်ထဲကသေနတ် လွတ်ကျမသွားအောင် ဒီမိုကရေစီကို ချိုမိုင်မိုင်လောက်ပဲ ကနေသေးတာပေါ့ခင်ဗျာ။

❐ ❐ ❐

## ထမင်းဆာလို့ သတင်းစာမှာရေးကြသလား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မွန် ရခိုင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ စသဖြင့် ပေါ်ပေါက်လာတာဟာ ၈၈ အာဏာသိမ်းစစ်အုပ်စုရဲ့ ကတိကဝတ်နဲ့ ဆောင်ရွက်မှုတွေကြောင့်ပါ။ တစ်ခါ ဒီကနေ့ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်တွေရှိနေတာကလည်း ၈၈ အာဏာသိမ်းစစ်အုပ်စုရဲ့ ကတိကဝတ်တွေ အကောင်အထည်ပေါ်အောင် ဆက်လက်ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ လူထုထောက်ခံတဲ့ ပါတီအဖွဲ့အစည်းတွေ၊ လူထုထောက်ခံတဲ့ လူထုရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ဒီကနေ့အထိရှိနေသလို ၈၈ အာဏာသိမ်းစစ်အုပ်စုဟာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဆိုပြီး အမည်တွေပြောင်းလဲထားပေမဲ့ ၈၈ အာဏာသိမ်းစစ်အုပ်စုပဲဖြစ်နေသေးပြီး အဲ့ဒီတုန်းကပေးထားတဲ့ ကတိကဝတ်တွေကို ဆက်လက်အကောင်အထည်မဖော်သေးဘဲ ချိုးဖောက်နေဆဲအဖွဲ့ကလည်း ဒီအာဏာသိမ်းစစ်အုပ်စုပါပဲ။

ဒီတော့ ၉၀ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ပြောခဲ့တုန်းက စစ်အုပ်စုရဲ့ ကတိကဝတ်တွေကို ယုံကြည်ပြီး ပြည်သူလူထုက လက်ခံခဲ့တယ်။ ပြည်သူလူထုကသာ အာဏာသိမ်းအုပ်စု ကျင်းပပေးမယ့်ရွေးကောက်ပွဲဆိုတာကြီးကို လက်မခံခဲ့ရင် ဒီကနေ့ ရှိနေတဲ့ပါတီတွေရော၊ ပြည်ပရောက်သွားတဲ့ ပါတီတွေနဲ့ ဖျက်သိမ်းခံရ၊ ပျက်သွားကြရတဲ့ပါတီတွေ ရွေးကောက်ပွဲဝင်ဖို့ ဘယ်လောက်ပဲ တစ်ပိုင်းသေနေနေ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဘာရလဒ်မှလည်း ပေါ်လာစရာအကြောင်း မရှိတော့ဘူး။ ဒီတော့ ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



လူထုလက်ခံလို့ ၉၀ ရွေးကောက်ပွဲဖြစ်လာတယ်။ တစ်ဆက်တည်း ပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်လာတယ်။ ဒါပေမဲ့ ပေါ်မလာတာက စစ်အုပ်စုရဲ့ ကတိကဝတ်တွေ။

ဒီမှာ ကျွန်တော်ပြောချင်တာက စစ်အုပ်စုအနေနဲ့ မဖြစ်မနေလုပ်ဆောင်ရမှာက ပြည်သူလူထုရဲ့ လိုအင်ဆန္ဒပဲ။ ပြည်သူလူထုကို ပေးခဲ့တဲ့၊ ပေးထားတဲ့ ကတိကဝတ်တွေကို ဖြည့်ဆည်းပေးဖို့ပဲ။ ခင်ဗျားတို့ရဲ့ ကတိကဝတ်တွေကို လက်ခံတဲ့ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ဆက်ပြီးစော်ကားမနေဖို့ပါပဲ။ ဒါကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အာဏာပဲတောင်းနေတယ်။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘာဖြစ်တယ်။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘယ်လိုဆိုပြီး လျှောက်ပြောမနေနဲ့။ အဲဒီပါတီအဖွဲ့အစည်းတွေဟာ ပြည်သူလူထုထောက်ခံမှု၊ ယုံကြည်မှု၊ အားထားမှုတွေနဲ့ ဆက်လက်ရပ်တည်နေနိုင်ပြီး ပြည်သူလူထုရဲ့ လိုအပ်ချက်ကို သူတို့ပေးထားတဲ့ ကတိကဝတ်တွေအတိုင်း မငဲ့မကွက် ကိုယ်ကျိုးစွန့် အကောင်အထည်ဖော်နေကြတာ။ ပြောရရင် အဲဒီပါတီအဖွဲ့အစည်းတွေဟာ လူထုကို မျက်ကွယ်မပြုဘဲ လူထုအခွင့်အရေးတွေရရှိဖို့ လူထုကိုယ်စား ဆောင်ရွက်နေကြတာ။ ဒီလို ဆောင်ရွက်ဖို့လည်း ပြည်သူလူထုက သူတို့ကို နိုင်းစေထားတာ။ ရှင်းပြီလား။

အဲ... ပြည်သူလူထုကို မျက်ကွယ်ပြုနေတဲ့ ခင်ဗျားတို့ စစ်အုပ်စုကသာ ဒီကနေ့ ဒီမိုကရေစီရေးကို တောင်းဆိုနေတာဟာ ပြည်သူလူထုဆိုတာထက် နိုင်ငံရေးပါတီတွေသာဖြစ်တယ်။ အဲဒီပါတီတွေက အာဏာငမ်းငမ်းတက်ဖြစ်ပြီး တပ်မတော်အစိုးရက အမျိုးသားနိုင်ငံရေးလုပ်နေသော်လည်း အနီနိုင်ငံရေးပါတီတွေက ပါတီအကျိုးကြည့်ကာ နိုင်ငံတော်ပြိုကွဲအောင် လုပ်နေပါတယ်လို့ လက်ညှိုးထိုးပြီး ပြည်သူလူထုကို အမျိုးမျိုးလှည့်စားနေတယ်။ အင်အားကြီးတဲ့ ပါတီထဲက ပြည်သူ့ကိုယ်စားလှယ်တွေ ချည့်နဲ့အားနည်းသွားအောင် အမျိုးမျိုးသွေးဆောင်၊ သွေးဆောင်လို့မရတဲ့သူတွေကျတော့ စစ်ယူနီဖောင်းပေါ်မှာ လျှောက်ပြေးနေတဲ့ ပုဒ်မတွေနဲ့ ထောင်သွင်းအကျဉ်းချ၊ တချို့ပါတီတွေကျတော့ ဖျက်သိမ်း၊ မတရားအသင်းလို့ ကြေညာလို ကြေညာ၊ လူမျိုးလက်နက်ကိုင်အဖွဲ့တွေကို သပ်လျှိုခွဲထုတ်၊ တိုင်းရင်း



သားနိုင်ငံရေးပါတီခေါင်းဆောင်တွေကို လူ့သက်တမ်းနဲ့ မမျှတဲ့ ထောင်ဒဏ်တွေချ၊ နောက်ဆုံး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတဲ့ နိုင်ငံရေးပါတီတစ်ခုတည်းပဲ ကျန်တဲ့အခါ နိုင်ငံတော်ပြိုကွဲအောင် ဆူပူအောင်လုပ်ရုံသာမက တိုင်းပြည်ချောက်ထဲကျသွားအောင် အာဏာပဲတောင်းနေတယ်ဆိုပြီး ဖြစ်သမျှပြဿနာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ထိုးချပစ်လိုက်ရော။ ဒါပဲလေ။ နဂိုကတည်းက ဒီလိုဖြစ်အောင် လုပ်ခဲ့တာပဲ။ မြန်မာ့နိုင်ငံရေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်လန့် ကန့်လန့်လုပ်နေလို့ ခွကျနေပါတယ်ဆိုတဲ့ အပေါက်မျိုး စစ်အုပ်စုက ဖန်တီးနေတာ။ ဖန်တီးခဲ့တာ။

ဒါပေမဲ့ အထက်မှာ ကျွန်တော်ပြောခဲ့ပြီးပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ ပြည်သူလူထုရဲ့ နိုင်းဖတ်၊ လူထုလိုအင်ဆန္ဒကို သူတို့ပေးခဲ့တဲ့ ကတိကဝတ်တွေအတိုင်း အကောင်အထည်ဖော်နေတာ။ ဒါကြောင့် ဒီကနေ့ မြန်မာ့နိုင်ငံရေးပြဿနာဟာ ပြည်သူလူထုနဲ့ စစ်အုပ်စုရဲ့ ပြဿနာပဲ။ ဒါကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်ပဲ လွှဲလွှဲချနေတော့ ဘယ်လိုဖြစ်တာလဲ။ ခင်ဗျားတို့ ဘာကြောင့် ပြည်သူလူထုကို မျက်နှာချင်းမဆိုင်ရဲဖြစ်နေကြတာလဲ။

နောက်တစ်ခု စစ်အုပ်စုအနေနဲ့ ဘာဖြစ်ချင်လဲ။ ဘာလုပ်ချင်လဲ။ ပြည်သူလူထုနဲ့ တိုက်ရိုက်ပြောပါ။ ဘာလဲ။ ပြည်သူလူထုကို ကြောက်နေသလား။ စစ်မှန်တဲ့လုပ်ရပ်မှန်သမျှကို ဆောင်ရွက်နေတာမှန်ရင် ဘာမှကြောက်စရာမရှိဘူး။ ပွင့်လင်းရမှာပေါ့။ ခုတော့ဖြင့် ပြည်ပရောက်တွေက အဖျက်အမှောင့်လုပ်နေကြောင်း ဟိုနေရာ ဒီနေရာ ဗုံးတွေခွဲနေကြောင်း ပြောပြတဲ့ သတင်းစာရှင်းလင်းပွဲမှာ တစ်စွန်းတစ်စ ထည့်ပြောလို ပြောကြံ့ခိုင်ရေးအစည်းအဝေးမှာ ရိပ်ဖမ်းသံဖမ်းပြောလိုပြောနဲ့ သတ္တိမဲ့နေလိုက်တာ။ ပိုဆိုးတာက သတင်းစာထဲက ဆောင်းပါးတွေပဲ။ ရေးထားတာကဆော့ပိဿာလေးနဲ့ ဘေးပစ်သလိုပဲ။ ဒါပေမဲ့ ဘယ်သူဦးတည်တာလဲဆိုတော့လည်း ခြေခြေမြစ်မြစ်မရှိပြန်ဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့လိုလို၊ ပြည်သူလူထုကိုပဲ ပြောနေသလိုလို၊ တစ်ခါ ဘယ်သူ့ရဲ့အာဘော်လဲ၊ ဘယ်သူ့ရဲ့ဝါဒလဲ ဆိုပြန်တော့လည်း မရေမရာဖြစ်ရပြန်တယ်။ စစ်အုပ်စုရဲ့သဘောထားလိုလို ဆောင်းပါးရှင်ရဲ့ ပုဂ္ဂလိကခံစားချက်လိုလိုဖြစ်နေပြန်သေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခုတလော စစ်အုပ်စုထုတ်ဝေတဲ့ သတင်းစာထဲက 'တစ်ခါလာ
ည်း မဲပြာပုဆိုး' ဆိုတဲ့ ဆောင်းပါးထဲ ရေးထားတာတွေ ဖတ်ကြည့်ရင်
ယ်လည်း ရယ်ရ၊ ရှက်လည်း ရှက်ဖို့ကောင်းတယ်။ အမျိုးသားဒီမိုကရေစီ
န်ဒီ၊ စည်းကမ်းရှိသော ဒီမိုကရေစီ ဒီဒီ စသဖြင့် ဒီပေါင်းများစွာနဲ့
ထိုးနေလိုက်တာ။ ဘာတွေမှန်းကို မသိတော့ဘူး။ ဒါပေမဲ့ အဲဒါ နအဖ
စ်အုပ်စုအာဘော်လားဆိုတော့လည်း မရေမရာကြီးဖြစ်နေပြန်ရော။ ဒီတော့
မင်းဆာလို့ သတင်းစာမှာ ဝင်ရေးချင်တဲ့လူရယ်၊ သတ္တိမဲ့ပြီး လူထုကို
က်နှာချင်းမဆိုင်ရဲတဲ့ စစ်အုပ်စုရယ် ပူးပေါင်းကြံစည်ထားတဲ့ ဝေလေလေ
ဆာင်းပါးကြီးဖြစ်သွားတယ်။

ဒါကြောင့် စစ်အုပ်စုကို ပြောချင်တာက လုပ်ပါ။ ဆက်လုပ်လိုက်
မ်းပါ။ တကယ်ပဲ အမျိုးသားနိုင်ငံရေးကို လုပ်နေတာဆိုရင် သတ္တိရှိပြလိုက်
မ်းပါ။ တကယ်ပဲ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို ထူထောင်နေတာမှန်နေ
င်လည်း ပွင့်လင်းပြလိုက်စမ်းပါ။ တကယ်ပဲ တိုင်းပြည်ကောင်းစားရေး
ုပ်နေတာဆိုရင် ပြည်သူလူထုကို ရဲရဲဝံ့ဝံ့ မျက်နှာချင်းဆိုင်ပစ်လိုက်စမ်း
ါ။ အဲဒီလို ထမင်းဆာလို့ သတင်းစာမှာ ဝင်ရေးချင်တဲ့သူတွေနဲ့ ပူးပေါင်း
ီး ပြည်သူလူထုကို မစော်ကားပါနဲ့တော့ဗျာ။

❒ ❒ ❒

# ညီညွတ်ရေး

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ အမျိုးသားလွတ်
မြောက်ရေးနဲ့ တိုင်းပြည်လွတ်လပ်ရေးတွက် တိုက်ပွဲဝင်ခဲ့သူ သက်ရှိထင်ရှား
ရဲဘော်သုံးကျိပ်ဝင်နှစ်ဦးထဲက ဗိုလ်မှူးချုပ်ကျော်ဇောက···

'ဘယ်သူ့ခွဲခွဲ တို့မကွဲလို့ အော်ခဲ့တဲ့ စစ်အုပ်စု စတင်ပြိုကွဲလာနေ
ပြီ။ တပ်မတော်ပြိုကွဲတာဟာ တိုင်းပြည်အတွက် ထိခိုက်နစ်နာပါတယ်' လို့
ပြောဆိုလိုက်ပါပြီ။

သမိုင်းဂုဏ်ရောင်ပြောင်ခဲ့တဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍ ပါးလှပ်
ချည့်နဲ့သွားအောင် ၈၈၈၈ အရေးအခင်းနောက်ပိုင်း အာဏာသိမ်း ၁၆
နှစ်အတွင်း သူ့ယူနီဖောင်းစ ကိုယ်နင်း၊ ကိုယ့်ယူနီဖောင်းစ သူနင်း၊ တပ်မတော်
တွင်း အုပ်စုဖွဲ့ ဗိုလ်ကျ၊ လာဘ်လာဘ ခိုးထုပ်ခိုးထည်တွေနဲ့ တပ်မတော်
ဂုဏ်သိက္ခာ ညှိုးပုပ်သွားအောင် ချယ်လှယ်ခဲ့သူတွေရဲ့ နိဂုံးဟာ တချို့
အဆုံးသတ်၊ တချို့ကျတော့လည်း မပြုံးတတ်အောင် ဖြစ်နေခဲ့ရပါပြီ။

ပိုက်ဆံအိတ်ထဲက ဗမာကျပ်ငွေ ၁၀၀၀ လောက် နမော်နမဲ့ကျ
ပျောက်တာကို တပ်ရင်းတစ်ရင်းလုံးနဲ့ တောနင်းရှာဖွေခိုင်းချင်တယ်။ ကဲ···
ဘဏ်ထဲမှာ တရားမဝင်စုဆောင်းထားတဲ့ငွေတွေ လျော့ပါးလာရင် အချင်း
ချင်း မျက်စောင်းထိုးမယ်။ သားသမီးချင်း ရန်တိုက်ပေးမယ်။ ပခုံးချင်းတိုက်
အပွင့်ချင်းယှဉ်ပြီး လုပ်ပိုင်ခွင့်ကျွာနေတဲ့အခါ အုပ်စုဖွဲ့ဗိုလ်ကျပြီး အချင်းချင်း
ခြေထိုးကြမယ်ဆိုတဲ့ ဗိုလ်ချုပ်တွေနဲ့ ကျန်းမာရေးဌာနက အရာရှိကတော်တို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး အနှင်းအနှိပ်ခံ၊ ပြည်ထဲရေးက အရာရှိကတော်ကို ဆီဦးထောပတ်တွေ ချက်ခိုင်း၊ သစ်တောရေးက အရာရှိကတော်ကို ထင်းခွေခိုင်း လုပ်ချင်တတ်တဲ့ ဗိုလ်ချုပ်ကတော်တွေခေတ်မှာ တပ်မတော်က နွံနစ်ရတာ။ ပြည်သူလူထုက သူများနိုင်ငံသွားပြီး ကျွန်ဖြစ်ရတာ။

အဲဒီလို စာရိတ္တဖျက်ဆီးရေး နည်းပြကြီးများက တိုင်းပြည်ကို ညှိုးဖျင်းစွာအုပ်ချုပ်နေလို့ နအဖလက်အောက်ခံအားလုံးက လူထုအပေါ်က ရသမျှ အမြတ်ထုတ်၊ နည်းမျိုးစုံ ငွေညှစ်၊ လူထုပိုင်ပစ္စည်း ဝင်ဆွဲလို ဆွဲ၊ နောက်ဆုံး ကြံ့ခိုင်ရေးအဖွဲ့ဝင်လောက်ကလည်း မြူးမြူးနဲ့ ဝင်ဝင်ကဲလိုက်ရုံသာမက ဌာနပေါင်းစုံဝန်ထမ်းတွေလည်း အကျင့်ပျက် ခြစားမှုတွေကြားထဲမှာ ရှက်လှင့်နေကြပါတော့တယ်။

ဒီတော့ အာဏာသိမ်း ၁၆ နှစ်အတွင်း နဝတ နအဖရဲ့ ထူးခြားတဲ့လုပ်ဆောင်မှုတွေက အဲဒါတွေပါပဲလို့ ပြောရတော့မယ်။ ဒါပေမဲ့ ပြည်တွင်းလုပ်ရှားမှု လှုပ်ကြွလာတဲ့အခါ၊ ပြည်ပဖိအား ပြင်းထန်လာတဲ့အခါ၊ နယ်စပ်ဒေသ စုစည်းမှု အခြေပြုလာတဲ့အခါ စည်းကမ်းရှိတဲ့ ဒီမိုကရေစီတို့၊ မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီတို့၊ ဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိစေရဆိုတဲ့ အလိမ်အညာ ကမောက်ကမတွေကို မိုလ္လာပိုက်ပေါက်ကျသလို ပြောတတ်တာလည်း အန္တိမဗိုလ်ချုပ်ကြီးများပါပဲ။

အဲဒီလို စစ်ယူနီဖောင်းပေါ်မှာ ရေးတဲ့သမိုင်းဟာ ရိုင်းပျမှုတွေနဲ့ ခရီးဆက်ဦးမှာဖြစ်တဲ့အတွက် တပ်မှူးကြီးဟောင်းတစ်ဦးဖြစ်သူ အငြိမ်းစား ဗိုလ်မှူးကြီး အေးမြင့်က…

'ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်ဆိုတဲ့ တပ်မတော်ကြီးဟာ ဒီနေ့ ဘယ်သူမှမခွဲဘဲနဲ့ သူ့ဘာသာ၊ သူ့အလိုလို ကွဲသွားပြီ။ ဒီနေ့ဖြစ်စဉ်ဟာ ကျားနဲ့ ဆင် လယ်ပြင်မှာ ပီပီပြင်ပြင်တွေ့တဲ့သဘောပဲ။ ကျားနိုင်ပြန်ရင်လည်း ပြည်သူတွေဟာ ကျားကိုက်ခံရဦးမယ်။ ဆင်နိုင်ရင်လည်း ဆင်နင်းတာ ခံရဦးမယ်လို့ ဒီမိုကရက်တစ်မြန်မာ့အသံကနေ ပြောဆိုခဲ့ပါတယ်။

ဒီတော့ ကျားကိုက်တာလည်း မခံရအောင်၊ ဆင်နင်းတာလည်း မကြုံရအောင် ဒီကနေ့ အခြေအနေကို အရင်ကထက် ကျွန်တော်တို့ အမြင်ရှင်းဖို့လိုတော့တာပေါ့။ စစ်အာဏာရှင်တချို့နဲ့ အကျိုးအမြတ်တွေပေါ် အခြေခံ



ပြီး တစ်ဘဝစာ နိုင်ငံရေးလုပ်ခဲ့သူများ၊ ဒီနေ့အချိန်မှာ ဆင်နဲ့ ကျားကို အထင်မှားစရာမလိုတော့ပါဘူးလို့ ဆိုချင်ပါတယ်။ ပြီးတော့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းဆိုသူက 'ငြိမ်း'အဖွဲ့တွေဟာ နအဖနဲ့ တရားဝင်လက်မှတ်ရေးထိုးတာမဟုတ်ဘဲ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ရင်းနှီးမှုအရသာ အပစ်အခတ်ရပ်စဲထားကြတာဖြစ်တယ်ဆိုတဲ့စကားကိုလည်း သတိမူပြီး ဂရုမြင်စေချင်ပါတယ်။

သက်ရှိထင်ရှားရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောကတော့…

'တပ်မတော်ပြိုကွဲတာဟာ တိုင်းပြည်အတွက် ထိခိုက်နစ်နာပြီး အလွန်အန္တရာယ်ကြီးတဲ့အတွက် တပ်မတော်အတွင်းရှိ မျိုးချစ်၊ ပြည်ချစ်ပုဂ္ဂိုလ်များကို ပန်ကြားလိုကြောင်း၊ အခု NLD ထဲမှာ ခေါင်းဆောင်နေသူများဟာလည်း တပ်မတော်ခေါင်းဆောင်ဟောင်းများပါ။ ဒါကြောင့် ဒီအချိန်မှာ တိုင်းပြည်ကြီးမပြိုကွဲအောင်၊ တပ်မတော်ကြီး မပြိုကွဲအောင် တညီတညွတ်တည်း ဆွေးနွေးညှိနှိုင်းပြီး တိုင်းပြည်တည်ဆောက်ရေးကို ကြိုးစားကြပါ။ အာဃာတတွေ၊ ပဋိပက္ခတွေ ဘေးဖယ်ပြီး ပြည်သူလူထုမျက်နှာထောက်ပြီး ညီညွတ်ကြပါ။ တပ်မတော်သားများအနေနဲ့လည်း အာဏာလု စစ်အုပ်စုသားများ တိုက်ပွဲရဲ့သားကောင်အဖြစ် မခံကြပါနဲ့'လို့ တောင်းဆိုတိုက်တွန်းနေပါတယ်။

ဒီတော့ အမျိုးသားရေးကို ရှေးရှုထားတဲ့ တိုင်းပြည်အနာဂတ်ကို ပြန်လည်လတ်ဆတ်စေရန် ရည်သန်ဆောင်ရွက်နေတဲ့ ဦးနှောက်နဲ့ နှလုံးသားထဲမှာ အမြော်အမြင်ကောင်းတွေ၊ လူထုအပေါ် ချစ်ခြင်းမေတ္တာတွေ ပေါင်းစပ်ထားတဲ့ တပ်မှူးဟောင်းကြီးများရဲ့ လမ်းစဉ်ကို ပန်းဝင်အောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့ လိုပါပြီ။

ဒီလိုပဲ လက်နက်ရှိ လက်နက်မဲ့ အတိုက်အခံအားလုံး ဒီမိုကရေစီရေးကို ဆတက်ထမ်းပိုး ကြိုးစားနေသူအားလုံးနဲ့ အဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီအားလုံးဟာ အကန့်အသတ်ရှိတဲ့ ရပ်တည်မှုတွေက လွဲလို့ ဒီကနေ့ထိ စိတ်အကြံမလွဲ အမိဌာန်မကွဲဘဲ ၁၆ နှစ်တာကာလ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်မှုကြားထဲမှာ ခိုင်ခံ့တည်တံ့နေမြဲပါပဲ။ ဒီလို ခိုင်မြဲတည်တံ့နေမှုတွေနဲ့ လူမျိုးစုံပြည်သူလူထု စစ်အာဏာရှင်လက်အောက်

www.burmeseclassic.com

www.burmeseclassic.com



က လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးတို့ကို ကြံ့ကြံ့ခံတိုက်ပွဲဝင်နေလို့ ပြိုကွဲလာရတာက စစ်အုပ်စုပါပဲလို့ ပြောနိုင်ပါတယ်။

ဒါကြောင့် ညီညွတ်ရေးကနေတစ်ဆင့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အရာအားလုံးကို ပြန်လည်မြှင့်တင်ဖို့ ဘာဖြစ်လို့ နောက်ကျနေကြရမလဲလို့ တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။

❖ ❖ ❖

## လူတောသူတောမှာ ဘာဂုဏ်ပုဒ်မှမရှိတဲ့သူတွေ

သူတို့အဆုတ် ထားခဲ့မြှုပ်သည့်
ဗုံးငုတ်တိုက်များ မောင်ပြောက်ကြားကို
ရှာသားရှာသူ မေးကြမြှုသည့်
အူအူယမ်းငွေ့ ထတုန်းတည်း။

အလွန်တရာ လူကြိုက်များ နှစ်သက်ကြပြီး ဟိုးအရင်ကဆို မေမြို့စစ်တက္ကသိုလ်မှာ ဗိုလ်လောင်းတွေ မျက်ရည်လည်ခဲ့ရတယ်ဆိုတဲ့ ဆရာမင်းသုဝဏ် ရေးသားခဲ့တဲ့ 'သူ့မှာတာမ်း' ကဗျာ ပထမအပိုဒ်ဖြစ်ပါတယ်။ ရှုံးသူတွေနောက်အဆုတ်မှာ မြှုပ်နှံထားတဲ့ဗုံးကို နင်းမိပြီး အသက်စွန့်ရတော့မယ့် ပြောက်ကျားရဲဘော်ကို ဝိုင်းဝန်းမေးမြန်းကြတဲ့ အဖွင့်ပိုဒ်ကလေးက တော်မီသူရင်ကို သိမ်းပိုက်ပစ်လိုက်ပါပြီ။ မေးကြ မြန်းကြပေမပေါ့။ ရဲဘော်လေးက နိုင်ငံနဲ့ လူမျိုးအတွက် တိုက်ပွဲဝင်နေသူကိုး။ စိုးရိမ်ကြ၊ နှမြောကြပေမပေါ့။ ရဲဘော်လေးက ဖိနှိပ်အုပ်စိုးသူလက်အောက် လွတ်မြောက်ဖို့ အကျိုးမဖက် တိုက်ပွဲဝင်နေသူကိုး။

ဒီနေရာမှာ ကြားဖြတ်ပြီး ဗိုလ်ခင်ညွှန့် ပြုတ်တုန်းက လူထုတွေ ဘယ်လိုခံစားသလဲဆိုတာ တွေးကြည့်မိတယ်။ စစ်အုပ်စုတစ်တော်ကြီးက ဆင်ဝင်ရှင်းသွားတာသာဖြစ်ပြီး ရင်တွင်းမှာတော့ မသက်သာဆိုတဲ့အဆင့်ပဲ ရှိပါ။ ဒါပေမဲ့ ဖြုတ်ထုတ်သတ်ပွဲမှာ အနိုင်ရသူတွေကတော့...

www.burmeseclassic.com

www.burmeseclassic.com



ခင်ညွှန့်အပြုတ် ထားခဲ့မြုပ်သည့်
ကျောက်ထုပ်ငွေမည်း သိမ်းဆည်းခွဲဝေ

ဗိုလ်သန်းရွှေကြီး တဟီးဟီးဆိုတာမျိုးပဲ ဖြစ်နေပြန်သေးတယ်။

ထားပါတော့။ ရဲဘော်ကလေး အသက်ကုန်ခါနီး ချစ်သူကို ဘာတွေမှာမလဲလို့ မေးကြတယ်။

ယံက ကြင်မြတ် မိသက်မှတ်ကို
ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေတဲ့။

ကြေကွဲထိခိုက်စရာ ကောင်းလှပါတယ်။ လှပတဲ့ ခွဲခွာခြင်းကြားမှာ စစ်ရဲ့ အနိဋ္ဌာရုံက ရင်ဘတ်ကို ဆောင့်တွန်းလိုက်သလိုပဲ။ အိမ်ထောင့် တာဝန်တွေ မျိုးဆက်သစ်အနာဂတ်တွေဟာ စစ်နဲ့ အဲဒီ အသက်ကုန်ခါနီး ရဲဘော်ကလေးကြား မရရှိနိုင်တော့တာတွေကို စောင့်ဆိုင်းနေသလိုပဲ။ အဲ··· ဒါပေမဲ့ စစ်ဗိုလ်ချုပ်တွေရယ်၊ တစ်ချိန်က ပြည်သူ့အသည်းကြားက မဲပြားတွေကို ရယူနိုင်ဖို့ ကျားကိုဖမ်းပြီး ဆင်ပေါ်တင်လာတော့မယ့်အတိုင်း ပြောဆိုခဲ့ကြတဲ့ အခု ဒီမိုကရေစီခြံခုန်သူများရယ်၊ တစ်ခါ လူမျိုးရေးကို ဗန်းပြပြီး လမ်းမပေါ် ဆေးရိုးလှန်းနေကြတဲ့ တစ်ဘဝစာတော်လှန်ရေး၊ တစ်ဘဝစာ နိုင်ငံရေးသမားတွေရယ်၊ ပြည်ပရောက်တဲ့အခါ မလွှဲမသွေရွေးချယ်ကြရတဲ့ အခွင့်အရေးပေါ်မှာ တတိယနိုင်ငံနဲ့ မိသားစုစီမံကိန်းကို သဲသဲမဲမဲ ရေးဆွဲကြသူတွေကတော့ အသက်က အဝေးကြီးရှိပြီး ကျန်းမာရေးဒေါင်ဒေါင်မြည်နေချိန်မှာပဲ ဇနီးမယားနဲ့ သမီးသားတွေကို အမွေခွဲဝေပေးနေကြပါပြီ။

ဆိုပါတော့။ စစ်ဗိုလ်ချုပ်တွေကလည်း ဇနီးအတွက် ကုမ္ပဏီ၊ သားသမီးအတွက် ပါမစ်၊ တိုက်တစ်လုံး၊ နိုင်ငံရေးနဲ့ တော်လှန်ရေးထဲက ခေါင်းဆောင်အချို့ကလည်း ရတဲ့အခွင့်အရေး ကိုယ့်အိတ်ထဲပြည့်နေတဲ့အခါ မိသားစု ဒေါင်းလန်းကြီးထဲကိုပဲ ပစ်ချပေးနေတော့တာပေါ့ဗျာ။

ဒါလည်း ထားပါဦး။ အဲဒီပြောက်ကျားရဲဘော်ကလေးကို မိဘတွေကို ဘာမှာချင်လဲလို့ ထပ်ပြီးမေးတဲ့အခါ···

မွေးသည့်မိခင် မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေတဲ့။

ဒီအပိုဒ်ကလေး ဖတ်မိတော့ အတော့်ကို စိတ်မကောင်းဖြစ်မိတယ်။



နိုင်ငံမှာ မိခင် ဖခင်လို သဘောထားရမယ့် အသိအတတ်ပညာရှင်တွေကို လည်း ထောင်သွင်းအကျဉ်းချ၊ နှိပ်စက်ညှဉ်းပန်း၊ စီးပွားရေးပျက်အောင် လုပ်၊ မတရားအမှုဆင်ဖမ်းဆီး၊ အခု သွားလေသူ အဲ··· ဖြုတ်လေသူ ဗိုလ်ခင်ညွှန့်ဆိုရင် စစ်တပ်ထဲမှာ သူ့ဆရာဖြစ်ခဲ့တဲ့ အငြိမ်းစားဗိုလ်မှူးကြီး ကိုတောင် ထောင်သွင်းအကျဉ်းချပစ်ခဲ့တဲ့ပုဂ္ဂိုလ်။ ဒီတော့ လူတောသူတော မှာ ဘာဂုဏောမှ မရှိတဲ့သူတွေလို့ပဲ ပြောရမှာပေါ့လေ။ ဒါ သိပ်ပြီး မှားယွင်းတဲ့ လုပ်ရပ်တွေဖြစ်သလို နိုင်ငံတော်အတွက် လူသားယဉ်ကျေးမှု အတွက်·အန္တရာယ်ကြီးမားတဲ့ ဆုံးရှုံးမှုတွေပါပဲ။

ကဲ··· အဲဒီပြောက်ကျားရဲဘော်ကလေးကို ထပ်ပြီးမေးကြတာက တော့···

အမောင်ပြောက်ကျား တိုင်းပြည်အားကို
ဘာမျှားမှာကြားလိုသနည်းတဲ့။

ရဲဘော်ကလေးဟာ တိုင်းပြည်လူမျိုးအတွက် အသက်ကို ပေးဆပ်ရ ခါနီးအချိန်ပါ။ တကယ်တော့ အသက်စွန့်ပြီး တာဝန်ကျေခဲ့ပါတယ်ဆိုတဲ့ ရဲဘော်လို့ ကျွန်တော်တို့ အလေးပြုရတော့မယ့်အချိန် ရောက်နေပါပြီ။ ဒါပေမဲ့···

ခရီးမတ်တတ် လမ်းခုလတ်တွင်
ကိုယ်လွှတ်ရှောင်ခွာ သွားရပါ၍
အားနာခဲ့ကြောင်း ပြောပါလေတဲ့။

အဲဒီအပိုဒ်ကလေးပါပဲ။ ဟိုအရင်က မေမြို့စစ်တက္ကသိုလ်ဗိုလ် လောင်းတွေ မျက်ရည်လည်ခဲ့ကြတယ်ဆိုတာ။ ခုတော့ အဲဒီတုန်းက မျက် ရည်လည်ခဲ့တဲ့ပုဂ္ဂိုလ်တွေ တပ်မှူးကြီးများ ဖြစ်နေလောက်ပါပြီ။ သူတို့လည် ခဲ့တဲ့ မျက်ရည်တွေ ထွက်ကျခဲ့သေးလား။ ဒါမှမဟုတ် ပြန်ပဲ သိမ်းဆည်း ထားကြသလားဆိုတာ သူတို့ပဲ သိမှာပါ။

ဒါကြောင့် တိုင်းပြည်နဲ့ လူမျိုး လွတ်လပ်ငြိမ်းချမ်းတဲ့ဘဝမရောက် မီ အသက်စွန့်သွားရတဲ့အတွက် တိုင်းပြည်ကို အားနာလိုက်တာလို့ ပြောကြား ခဲ့တဲ့ ပြောက်ကျားရဲဘော်ကလေးလိုပဲ ခေတ်အဆက်ဆက် ဖိနှိပ်အုပ်စိုးသူ တွေအပေါ် တွန်းလှန်တိုက်ခိုက်ရင်း အသက်ပေးသွားကြသူ အာဇာနည်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းအဆောင်းကို ဒီကနေ့လို အချိန်ကာလဆိုးကြီးထဲမှာ ကျွန်တော်တို့ အားနာကြပါဦးလို့ ပြောလိုက်ပါရစေခင်ဗျာ။

ခရီးမတ်တတ် လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ သွားရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။

□ □ □

## ယူနီဖောင်းပေါ် ဦးနှောက်တင်ပြီးစဉ်းစားပါ

နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေး တည်ငြိမ်အေးချမ်းရေးဆိုတာ မရှိမဖြစ်လိုအပ်လှပါတယ်။ လိုအပ်သလိုလည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကို နောင့်ယှက်ဖျက်ဆီးသူမှန်သမျှအပေါ် ထိုက်သင့်တဲ့အရေးယူမှုတွေ ပြုလုပ်ရစမြဲပါပဲ။ တစ်ခါ နိုင်ငံတည်ငြိမ်အေးချမ်း လုံခြုံစိတ်ချနေရမှ ပြည်သူလူထုရဲ့ အခန်းကဏ္ဍဟာလည်း တိုးတက်လာမယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသဖြင့် ဖွံ့ဖြိုးစည်ကားလာမယ်။ အဲဒီလို ကောင်းမွန်တဲ့အချက်တွေရှိလာတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးဟာ ချောမွေ့လာရုံမက ဒေသတွင်းပါဝါကိုလည်း အလိုလိုရရှိလာမှာပေါ့ခင်ဗျာ။ သိကြတဲ့အတိုင်း ဒီကနေ့ခေတ်ကမ္ဘာကြီးက သူ့နိုင်ငံ ကိုယ့်နိုင်ငံရဲ့ စီးပွား၊ ကျန်းမာ၊ ပညာ၊ ယဉ်ကျေးမှုခြံစည်းရိုးတွေ နွှေးထွေးကူးစက်နေပြီ။ မြန်မာနိုင်ငံနဲ့ ထိုင်း၊ တရုတ်၊ လာအို စသဖြင့် နီးကပ်နေပြီး မြန်မာနိုင်ငံနဲ့ ဥရောပ၊ အမေရိကန်တို့ဟာ ဝေးကွာလှချည်ရဲ့လို့ ပြောဆိုသုံးနှုန်းလို့ မရတော့ပါဘူး။ ပထဝီအနေအထားတွေ ဘယ်လောက်ဝေးဝေး၊ အာဆီယံတို့၊ ဥရောပသမဂ္ဂတို့၊ အာဆမ်တို့၊ အေပက်တို့နဲ့ ဆွဲယူဆက်စပ်လိုက်ရင် သူ့ခြံစည်းရိုး ကိုယ့်ခြံစည်းရိုးကို တိုးလျှိုပေါက်မြင်နေရသလို ခေတ်က ကမ္ဘာ့အခြေအနေကို ပြသနေပါပြီ။ ဒီတော့ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုတာ ကာယကံရှင်နိုင်ငံတွေအတွက်သာမက ဒေသတွင်းနဲ့ ကမ္ဘာကြီးအတွက်ပါ ထည့်တွက်လာရတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာတော့ နိုင်ငံတော်လုံခြုံရေးကို ထိပါးနှောင့်ယှက်လို့ ရပ်ရွာအေးချမ်းသာယာရေးအတွက် စိတ်မချရလို့ဆိုပြီး နအဖကိုယ်တိုင်က မလျော်မကန်လုပ်ခဲ့တယ်လို့ ထုတ်ဖော်ဖွင့်ချခဲ့တဲ့ ယခင်စစ်ထောက်လှမ်းရေး တွေကရော အခုလက်ရှိ စစ်ဗိုလ်ချုပ်များကရော အကျဉ်းထောင်ထဲ ဆွဲသွင်း ထားတဲ့လူတွေ အများကြီးပါပဲ။ ဒါ့အပြင် ပြစ်ဒဏ်စေ့လို့ လွတ်ရက်ကျော် နေပေမဲ့ ပြန်မလွှတ်ပေးဘဲ အခုနလို လုံခြုံရေးအကြောင်းပြပြီး ထောင် သက်တမ်း ထပ်တိုးခံနေရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံ ရေးအကျဉ်းသားတွေ အများကြီးပါပဲ။ စဉ်းစားရမှာကတော့ ဒီလူတွေဟာ တကယ်ပဲ နိုင်ငံရဲ့လုံခြုံရေးပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြသလား။

ဒါဆိုရင်ဖြင့် နဝတ နအဖသက်တမ်းတစ်လျှောက် တိုင်းပြည်နဲ့ လူထု ပြားပြားမှောက်ခဲ့ရတာကို ခဏထား။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်း ဗိုလ်ချုပ် ကြီးခင်ညွန့်နဲ့ စစ်ထောက်လှမ်းရေးတွေကို ဖမ်းဆီးဖြုတ်ထုတ်။ အဲ… စစ်ရင်း ဆေးရင်းနဲ့ ထောင်ထဲမှာ လက်လွန်သွားသေးဆိုတော့ ဖြုတ်ထုတ်သတ်ပဲ ဆိုပါတော့။ ဒီသတင်းကြားရတော့ တချို့က ဝမ်းသာကြမယ်။ စစ် ထောက်လှမ်းရေးတွေတော့ ခံရပြီ။ ကဲ… အခု ထောက်လှမ်းဖို့မပြောနဲ့။ ထောင်ထဲမှာ လမ်းတောင်လျှောက်နိုင်ရဲ့လား ဘာညာပေါ့ဗျာ။ ဒါပေမဲ့ တကယ်တမ်းတွက်နေရတာက နအဖအဖွဲ့ထဲတော့ ကွဲပြီ။ ဘာတွေဖြစ်ဦးမယ် မသိဘူး။ ဗိုလ်ခင်ညွန့်ရဲ့ကုမ္ပဏီ ဗိုလ်သန်းရွှေက သိမ်း၊ ဗိုလ်သန်းရွှေရဲ့ ကုမ္ပဏီ မမကြိုင်က သိမ်း၊ ပညာကလည်း မဲ့တော့ အရမ်းချိုးဘူးလျှောက် လုပ်ရင် မခက်လား။ အဲဒီလို တချို့လူတွေမှာ တွေးပြီးပူနေရတယ်။ တစ်ခါ ဒါတွေ ပြီးမှာမဟုတ်သေးဘူး။ လူတွေကသာ စစ်ဗိုလ်ချုပ် အာဏာရှင်တွေ ဆိုပြီး တိုင်းပြည်ထိပ်တက်နေတာ စရိုက်က လမ်းသရဲအကြီးစားသာသာ လောက်ရှိတာ။ ဟော… တွေးလို့ ပူလို့ ပန်လို့ မဆုံးသေးဘူး။ ဗုံးတွေက ပေါက်ပြီ။ ဒီတော့ ဗုံးပေါက်ခါစကတော့ သိတဲ့အတိုင်း ပြည်ပရောက်အဖွဲ့ တွေရဲ့ လက်ချက်ပေါ့ဗျာ။ နောက်တော့မှ ဗိုလ်ခင်ညွန့်အဖွဲ့တွေက အငြိုးနဲ့ လုပ်တာဆိုပြီး သတင်းတွေက ထွက်လာပြန်ရော။ ဘယ်လိုလုပ် လူထုတွေ မှာ အိပ်ပျော်နိုင်မလဲ။ နဂိုကမှ အိမ်ရှေ့က သစ်ပင်ခုတ်၊ သစ်ပင်ကနေ မြေကို သိမ်း၊ မြေကနေ ခြင်ထောင်ထဲအထိ လူကို ဝင်ဆွဲနေတဲ့ စစ်ဗိုလ်ချုပ်



တွေခေတ်မှာ ခုတော့ စိတ်ပါမလုံခြုံတော့ဘူးဖြစ်လာတယ်။ ကဲ… နောက် ဆုံး စစ်ရုံးချုပ်ထဲမှာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးရဲ့ ကိုယ်ရေးအရာရှိ ဒုတိယဗိုလ်မှူးကြီး ဘိုဝင်းထွန်း ခေါင်းမှာ တစ်ချက်နဲ့ ဝမ်းဗိုက်မှာ ငါး ချက် ကျည်ဆန် နှစ်မျိုးထိပြီး လုပ်ကြံခံရသတဲ့။ ကဲ… လမ်းသရဲအကြီး စားတွေရဲ့ စီးပွားနဲ့ အာဏာလုပ်ပွဲဟာ တစ်တိုင်းပြည်လုံးကို ကူးစက်ပြီး လက်နက်နဲ့ ဖြေရှင်းနေကြမယ်ဆိုရင် လူထုခမျာ ဘယ်မှာနေရမလဲ။ တိုင်း ပြည်ကရော ဘယ်ဘဝရောက်သွားမလဲ။ ဒေသတွင်းမှာရော နာမည်ကောင်း ရဦးမလား။

အဲဒီလို နအဖအရှုပ်အရှင်းနဲ့ အကွဲအပြဲ အပစ်အခတ် အဖောက်အခွဲ တွေကြား လူထုတွေ ချောက်ချားနေချိန် ဒေါက်တာသန်းငြိမ်းကို နိုင်ငံတော် လုံခြုံရေးအတွက် စိတ်မချရလို့ နောက်ထပ်ထောင်သက်တမ်း တစ်နှစ်တိုး လိုက်သတဲ့။ ကဲ… ဂျာနယ်ဆရာ၊ စာရေးဆရာ မနုဖြူကျော်ထွန်း (ခေါ်) ဆရာအီကြာကွေးရေးတဲ့ ဂုရုကွေးလေသံနဲ့ပဲ 'ဟိုက် ရှာလပတ်ရည်'လို့သာ အော်လိုက်ချင်တော့တယ်။

ပြောရဦးမယ်။ မော်လမြိုင်-မုတ္တမ သံလွင်မြစ်ကူးတံတားဖွင့်ပွဲကို ဗိုလ်ချုပ်မှူးကြီး သွားသတဲ့။ ကြိုဆိုတဲ့လူတွေခမျာ သံချိတ်မပါတဲ့ ဘော်လီ ပဲ ဝတ်ရသတဲ့။ လုံခြုံရေးစက်ကိရိယာနဲ့ စမ်းတဲ့အခါ သံပါရင် အသံထွက် လို့ ဒီလိုမဝတ်နိုင်းတာတဲ့။ ဩော်… ဗိုက်ထဲမှာ သံရှိတဲ့လူတောင် အဲဒီပွဲ တက်လို့ရမှာမဟုတ်ဘူး။ သည်းလိုက်တဲ့အဖြစ်။ ဒီတော့ စဉ်းစားကြည့်တယ်။ လုံခြုံရမှာက နိုင်ငံတော်နဲ့ ပြည်သူလူထု၊ ဗိုလ်သန်းရွှေ လုံခြုံရေး၊ မမကြိုင် လုံခြုံရေး မဟုတ်ဘူး။ ပဲခူးမှာဆို ဗိုလ်သန်းရွှေ လေယာဉ်က မြို့ပေါ်က ဖြတ်သွားတာ။ အဲဒါ မြို့တွင်းမှာလည်း လမ်းပိတ်၊ ကားဂိတ်တွေ မမြင်ကွယ် ရာပြောင်းရွှေ့နဲ့ ရှုတ်ရှုတ်လုပ်တော့ လူထုက ပိုပြီးချောက်ချားကုန်ကြတယ်။ 'ဟယ်… ဗိုလ်ချုပ်မှူးကြီးက လေယာဉ်နဲ့သွားတာ ဘာဖြစ်လို့ ငါတို့မြို့က လမ်းတွေ ကားတွေပိတ်လဲ မသိဘူး။ လုပ်ကြံမှုတွေများ ဖြစ်ဦးမလား။ သူ့လေယာဉ်ကို အောက်ကနေ ပစ်ချမယ်လို့ သတင်းများရထားလို့လား။ ဒါမှမဟုတ် ဗိုလ်ချုပ်တင်ဦး ရဟတ်ယာဉ်ပျက်ကျသလို ငါတို့မြို့ပေါ်များ ပျက် ကျဦးမလား။ ဟဲ့… ကလေးတွေ၊ အိမ်ထဲဝင်နေစမ်း။ ဟိုအငယ်မ

www.burmeseclassic.com

www.burmeseclassic.com



လာ၊ အပြင်မထွက်နဲ့။ အဲဒီလို လူတွေက ထိတ်ထိတ်ပျာပျာတွေဖြစ်ဘာများဖြစ်ဦး မလဲဆိုပြီး စိတ်တထင့်ထင့်ဖြစ်ကြရတာ။

ဒီတော့ နိုင်ငံတော်လုံခြုံရေးကို စိတ်မချရလို့ ပြည်သူကိုယ်စားလှယ်တွေ ဒီမိုကရေစီရေး ဆောင်ရွက်နေသူတွေကို ထောင်သက်တမ်းတိုးအကျဉ်းချလုပ်နေတဲ့ ပုဂ္ဂိုလ်များကိုယ်တိုင် ဒီကနေ့ နိုင်ငံတော်လုံခြုံရေးကို မတည်မငြိမ်ဖြစ်အောင်လုပ်နေတဲ့ တရားခံအစစ်ဟာ ဘယ်သူတွေလဲလို့ ကိုယ့်ယူနီဖောင်းပေါ် ကိုယ်ဦးနှောက်တင်ပြီး စဉ်းစားကြည့်ကြပါဦးခင်ဗျာ။

❖ ❖ ❖

# အပစ်ပဲရပ်ရပ်၊ ငြိမ်းချမ်းရေးပဲလဲလဲ ရှိုးသားဖို့လိုတယ်

## ဒီဗွီဘီ၊ ၁၂ ဩဂုတ်၊ ၂၀၀၆

အပစ်အခတ်ရပ်စဲရေးလုပ်တာတို့၊ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တာတို့ဟာ ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ နိုင်ငံတွေမှာ လိုအပ်လှပါတယ်။ ဒီလိုအလုပ်မျိုးကို လုပ်ဆောင်မယ့် နှစ်ဦးနှစ်ဖက်တွေအနေနဲ့လည်း စဉ်းစားသင့်တဲ့ကိစ္စပါ။ ဒီလိုပဲ အဲဒီအဖွဲ့တွေ သူဆင်းငါတက်၊ သူဝင်ကိုယ်ထွက်၊ သူတွေ့ငါတိုက်၊ ငါတိုက် သူတို့ပြန်ဆိုပြီး ခြေရှုပ်၊ ခြေကုပ်နေကြတဲ့ ဒေသခံပြည်သူလူထုအတွက်လည်း ယမ်းနံ့တွေကင်းစင်ပြီး သေနတ်သံတွေ ဆိတ်သုဉ်းသွားတဲ့အခါ အလွန်အမင်းကို လိုအပ်လှပါတယ်။

ဒီတော့ ဟော့… အပစ်အခတ်ရပ်စဲမလား၊ ဟား… ဟား… ကောင်းတာပေါ့ဗျာ။ လက်တွေလည်း ညောင်း၊ ယူနီဖောင်းတွေလည်း ဟောင်းလှပြီဗျာ။ ကဲ… ပြော၊ ဘယ်ချိန်မှာ ရပ်ကြမလဲ။ ဟော့… လက်နက်နဲ့ ငြိမ်းချမ်းရေး လဲမလား။ ဟာ… လဲမှာပေါ့ဗျ။ ပစ္စုပ္ပန်တွေလည်း တရိရိပြုန်း၊ အနာဂတ်တွေလည်း တဖြည်းဖြည်းဆုံးတော့မှာဗျာ။ ကဲပြော… ဘယ်မှာလဲကြမလဲ။ အပစ်အခတ်ပဲရပ်ရပ်၊ ငြိမ်းချမ်းရေးနဲ့ပဲလဲလဲ၊ နှစ်ဦးနှစ်ဖက် လက်တွေ့လုပ်ဆောင်လိုက်ရင် မခက်ခဲလှပါဘူး။ ဒါပေမဲ့ အပစ်အခတ်ရပ်စဲကြမယ်။ ဘယ်အချိန်မှာရပ်စဲမလဲဆိုတာထက် ဘာကြောင့်ရပ်စဲကြမလဲ၊ ဘယ်အတွက်ရပ်စဲကြမလဲ၊ ရပ်စဲပြီး ဘာတွေဆက်လုပ်ကြမလဲဆိုတာတွေက ပိုပြီး အခရာကျလှပါတယ်။ ဟော့… အပစ်အခတ်ရပ်စဲကြရ

www.burmeseclassic.com

www.burmeseclassic.com



အောင်ကွာ။ သစ်တွေခုတ်ပြီးတော့ တရုတ်ပြည်ဘက် ပို့ချင်လို့ဆိုရင်တော့ ဒါဘယ်ဟုတ်တော့မလဲ။ ဒါ ဥပမာပြောတာနော်။ ဥပမာ နအဖစစ်အုပ်စုက လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲလိုက်မယ်။ နောက်တော့ နှစ်ဦးနှစ်ဖက် ကိုယ်ကျိုးစီးပွားတွေ ခြေချင်းလိမ်ကြမယ်ဆိုရင် အဲဒီဒေသက လူထုတွေသာမက အောက်ခြေရဲဘော်တွေရဲ့ ဘဝကလည်း တပိန်ပိန်ဖြစ်နေရတယ်ဆိုရင် ကောင်းပါ့မလား။ ဒါ ဥပမာပြောတာနော်။ ဒီတော့ အဖွဲ့အစည်းအကျိုး၊ လူထုအကျိုး၊ ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုမျှော်ကိုးပြီး ဆောင်ရွက်တဲ့ အပစ်အခတ်ရပ်စဲမှုမျိုး မဟုတ်ရင် သေနတ်သံတွေ ရပ်စဲသွားပေမဲ့ လူမှုဒုက္ခနဲ့ ဝိသမလောဘကြောင့် ခံစားရတဲ့ သောကမျက်ရည်တွေ၊ ရောဂါဘယနဲ့ နာကြည်းမှုတွေဟာ မရပ်စဲတဲ့အပြင် ပိုလို့တောင် တိုးပွားလာနေဦးမှာပါ။ နောက်တစ်ခု ကျွန်တော်တို့နိုင်ငံမှာ ဟော့… လက်နက်နဲ့ ငြိမ်းချမ်းရေးလဲရအောင်ကွာဆိုပြီး လဲလိုက်ကြတာ။ အကြိမ်ပေါင်း အဖွဲ့ပေါင်း မနည်းတော့ဘူး။ ဟဲ… ဟဲ… ဟဲ… အကြိမ်ပေါင်း၊ အဖွဲ့ပေါင်း မနည်းတော့ဘူးဆိုလိုက်လို့ နအဖစစ်အုပ်စုကတော့ သဘောကျသွားဦးမယ်ထင်ပါရဲ့၊ ထားပါတော့။

ကျွန်တော်တို့နိုင်ငံမှာ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲကြရအောင်ဆိုပြီး လဲလိုက်ကြတာ အကြိမ်ပေါင်း အဖွဲ့ပေါင်းမနည်းတော့ပါဘူး။ ဒါပေမဲ့ ငြိမ်းချမ်းရေးကို ဘယ်သူက ပေးတာလဲ။ လက်နက်နဲ့ ငြိမ်းချမ်းရေးလို့သာ ကြားနေရပေမယ် ဆိုပါတော့ဗျာ… ကျွန်တော်က လက်နက်ရှိတယ်။ ငြိမ်းချမ်းရေးလိုချင်တယ်။ ဘယ်မလဲ ငြိမ်းချမ်းရေး၊ ဘယ်သူ့ဆီမှာလဲ။ ဩော်… ဟော်… နအဖဆီမှာလား။ အင်း… မဟုတ်သေးဘူးဗျ။ နအဖဆိုတာ ပညာ၊ ကျန်းမာစရိတ်ထက် စစ်စရိတ်ကို အဆမတန်သုံးစွဲနေတဲ့ စစ်အာဏာရှင် စစ်အုပ်စုလေ။ ဒီတော့ ငြိမ်းချမ်းရေးရယူထားတဲ့အဖွဲ့တွေကို ကြည့်လိုက်တော့လည်း သူတို့က လက်နက်ပေးတဲ့သူ၊ ငြိမ်းချမ်းရေးလိုချင်လို့။ ဒီတော့ လဲတဲ့သူရော အလဲခံတဲ့သူရော၊ နှစ်ဖက်စလုံးကို ကြည့်လိုက်ရင် လက်နက်တွေချည်းပဲ တွေ့နေရတယ်။ ဘယ်မှာလဲ ငြိမ်းချမ်းရေး၊ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပြည်တွင်းစစ်ရှိနေတဲ့နိုင်ငံမှာ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတာတို့၊ အပစ်အခတ်ရပ်စဲတာတို့ကို ဆောင်ရွက်တာ ကောင်းပါတယ်။



လိုအပ်လှပါတယ်။ ဒါပေမဲ့ အပစ်ပဲရပ်ရပ်၊ ငြိမ်းချမ်းရေးနဲ့ပဲလဲလဲ၊ နှစ်ဦးနှစ်ဖက်စလုံးဟာ အခြေခံအားဖြင့် ရိုးသားဖို့လိုအပ်ပါတယ်။ နှစ်ဦးနှစ်ဖက် ခြေပုန်းခုတ်ဖို့ သေနတ်သံတွေကို ရပ်စဲထားတာမျိုးဟာ အဖွဲ့အတွက်လည်း မကောင်းသလို ဒေသအတွက်၊ ဒေသခံလူထုအတွက်နဲ့ ဒေသထွက် သယံဇာတတွေအတွက်လည်း ပိုပြီးအကျိုးယုတ်စေတဲ့အပြင် နိုင်ငံတစ်ခုလုံးအတွက် အနာဂတ်တွေကို ဖွဲ့ချေပစ်ရာရောက်ပါတယ်။ ဒီအထဲမှာ အဆိုးဆုံးက နအဖစစ်အုပ်စုပါ။ အပစ်ရပ်ခဲ့ကြတာ၊ ငြိမ်းချမ်းရေးနဲ့ လဲခဲ့ကြတာတွေအပေါ် နိုင်ငံရေးအမြတ်ထုတ်ပစ်တယ်။ အဲ… နိုင်ငံရေးသာ အမြတ်ထုတ်ပစ်တာ၊ ဒီအဖွဲ့တွေနဲ့ ကနဦးသဘောတူညီထားတဲ့ နိုင်ငံရေးအရ ဆွေးနွေးဖို့ကျတော့ ခုထိ တုတ်တုတ်မှမလှုပ်၊ ပါးစပ်မဟဘဲ ညောင်နှစ်ပင်ညီလာခံကို နိုင်ငံရေးစင်မြင့်ဆိုပြီး မောင်းသွင်းတယ်။ အထဲရောက်တော့ စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်စေမယ့် စာချုပ်ကို ကိုယ်စားလှယ်တွေ ခေါင်းပုတ်ပြီး ထောက်ခံခိုင်းတယ်။ စစ်အာဏာရှင်ဆိုတာ အဲဒါပဲ။ မတော်မတရားတွေနဲ့ စော်ကားဖို့ဆိုရင် ဘယ်တော့မှ အရှက်ရှိတာ မဟုတ်ပါဘူး။

ကျွန်တော် ပြောခဲ့ပြီးပါပြီ။ အပစ်ပဲရပ်ရပ်၊ ငြိမ်းချမ်းရေးပဲလဲလဲ၊ လူထုနဲ့ နိုင်ငံတော်အကျိုး မျှော်ကိုးပြီးဆောင်ရွက်ကြမှ၊ အခြေခံအားဖြင့် ရိုးသားကြမှ ပိုပြီးသမိုင်းလှကြပေမပေါ့ဗျာ။ အခုတော့ဖြင့် တစ်ဖွဲ့ထဲက တစ်စုကို ခွဲထုတ်၊ အပစ်ရပ်၊ ငြိမ်းချမ်းရေးလဲဆိုတဲ့ကိစ္စတွေ ဆောင်ရွက်၊ ခွဲထုတ်လိုက်တဲ့တစ်စုနဲ့ ကျန်ခဲ့တဲ့အဖွဲ့ကြီးကို ရန်တိုက်ပေး။ ဒီလို ရန်တိုက်ပေးတဲ့အခါမလဲ အတွေးအခေါ်အရရော၊ လုပ်ရပ်အရရော၊ နောက်ဆုံး ကိုးကွယ်ယုံကြည်မှုတွေအရပါ ရန်တိုက် သွေးခွဲပစ်တာပါ။ ပြောချင်တာက အပစ်အခတ်ရပ်စဲထားတဲ့ သေနတ်တစ်လက်ဟာ ဆက်ပြီးမီးပွင့်စရာ အကြောင်း ဘာလို့ရှိရမှာလဲ။ ဒါပေမဲ့ နအဖနဲ့ အပစ်ရပ်ထားတဲ့ သေနတ်တစ်လက်ဟာ တစ်ဖက်မှာ သွားပြီးမီးပွင့်နေတယ်။ တစ်ခါ အချင်းချင်း ကြားထဲမှာလည်း ထပြီးမီးပွင့်တယ်ဆိုတာမျိုးဖြစ်နေတော့ ဩော်… ရပ်စဲတယ်၊ ရပ်စဲတယ်နဲ့ မရပ်စဲတာကမှ ရပ်စဲထားသလိုပါလားလို့ ညည်းရတော့မယ်ထင်ပါရဲ့။ ဒါကြောင့် မကြာသေးမီက ကေအင်န်ယူအဖွဲ့ကြီးကို နအဖဘက်က ကမ်းလှမ်းလာတဲ့ အပစ်အခတ်ရပ်စဲရေး ချဉ်းကပ်မှုတွေဟာ ရိုးသား

www.burmeseclassic.com

www.burmeseclassic.com



မှုမရှိတဲ့အတွက် ကေအင်န်ယူအတွေတွေအတွင်းရေးမှူး ပြောတဲ့စကားလေးနဲ့ပဲ နိဂုံးချုပ်လိုက်ချင်ပါတယ်။

တိုင်းပြည်ကို တကယ်တည်ဆောက်ချင်တယ်ဆိုရင် သဘောထားမှန်မှန်နဲ့ လုပ်ပါ။ နည်းလမ်းမကျတဲ့နည်းလမ်းတွေနဲ့ သွားနေတယ်ဆိုရင်တော့ ဒို့အရေးသုံးပါးမကလို့ ဆယ်ပါး၊ ဆယ့်ငါးပါးနဲ့ပဲလုပ်လုပ် ဒီတိုင်းပြည်ကို သူတို့တည်ဆောက်လို့မရဘူး။ နောက်ဆုံးသမိုင်းဇာတ်ခုံပေါ်က ဆင်းသွားရမယ့်အခြေအနေပဲ ရောက်သွားမယ်လို့ ပြောကြားခဲ့ဖူးပါတယ်ခင်ဗျာ။

□ □ □

# လူနာတယ်

လူသားတွေဟာ သမိုင်းတင်ခါစ ကျောက်ခေတ်ကာလမှာ သဘာဝအန္တရာယ်နဲ့ တောရိုင်းတိရစ္ဆာန်အန္တရာယ်ကို ကာကွယ်ဖို့ စည်းလုံးခဲ့ကြတယ်။ ဒီတုန်းက လူမျိုး၊ ဘာသာဆိုတဲ့ အကာအရံတံတိုင်းကြီးတွေ ရှိသေးတာမဟုတ်တော့ ကမ္ဘာ့မိသားစုကြီးလိုပါပဲ။

အဲဒီနောက် ယဉ်ကျေးမှုခေတ်သစ်ကြီးကို ရောက်လာချိန် လူမျိုး၊ ဘာသာ၊ ယုံကြည်ကိုးကွယ်ရာတွေ အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိကတဲ့ ပထဝီအမည်နာမတွေ ပေါ်ပေါက်လာပြီး နံရံတွေခြားလာပါတော့တယ်။ နောက် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုကိုလိုက်ပြီး အဖြူ၊ အဝါ၊ အညို၊ အမည်းဆိုတဲ့ အသားအရောင်တွေကြောင့် လူမျိုးရေး၊ ဘာသာရေးကွဲပြားမှုစစ်ပွဲကြီးတွေဟာ ကမ္ဘာ့သမိုင်းတစ်လျှောက် မီးဟုန်းဟုန်းတောက်စေခဲ့ပါတယ်။

အဲဒီနောက်က စက်မှုအရင်းရှင်ခေတ်ဆိုတော့ နယ်မြေနဲ့ စီးပွားရေးချဲ့ထွင်လိုမှုကြောင့် ဖြစ်ပွားရတဲ့ ပထမ ဒုတိယကမ္ဘာစစ်ကြီးတွေကြောင့် ကမ္ဘာ့မြေပုံပေါ်မှာ နိုင်ငံသစ်တွေ ပေါ်ပေါက်လာသလို တချို့နိုင်ငံတွေရဲ့ နယ်နိမိတ်တွေလည်း ပြောင်းလဲခဲ့ပြန်ပါတယ်။ ဟစ်တလာဦးဆောင်တဲ့ စက်ဆစ်အုပ်စုကြီး ပြုတ်ကျလို့ ဒုတိယကမ္ဘာစစ်အဆုံးသတ်တဲ့အခါ ဆိုရှယ်လစ်အုပ်စုဝင် နိုင်ငံအများအပြား ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီလိုပေါ်ပေါက်လာခဲ့တာဟာ နိုင်ငံသစ်တွေ၊ နယ်နိမိတ်သစ်တွေဆိုတဲ့ အဓိပ္ပာယ်သက်သက်မှမဟုတ်ဘဲ သမိုင်းကြောင်းအရ ဒေသအရ နီးစပ်ဆက်သွယ်မှုရှိတဲ့ လူမျိုး

www.burmeseclassic.com

www.burmeseclassic.com



နယ်တွေကို ညီညွတ်ပေါင်းစည်းစေပြီး နိုင်ငံအဖြစ် ဖွဲ့စည်းခြင်းလည်း ဖြစ်ပါတယ်။

အဲဒီလို ဒုတိယကမ္ဘာစစ်အပြီး ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတဲ့ ဆိုရှယ်လစ်အုပ်စုကြီးတွေ၊ ဆိုရှယ်လစ်နိုင်ငံတွေ အင်အားကောင်းလာခဲ့ပေမဲ့ လူမျိုးရေးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး၊ လူမျိုးစုံသွေးစည်းညီညွတ်ရေး၊ ကမ္ဘာ့လူသားအချင်းချင်း သွေးစည်းညီညွတ်ရေးဆိုတဲ့ အပြည်ပြည်ဆိုင်ရာဝါဒရဲ့ အသွန်အစက်တွေကို ဝေစည်ဖို့ကြိုးစားရင်းနဲ့ ၁၉၉၀ ပြည့်နှစ်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားခဲ့ရပါတယ်။ အဲဒီနောက်တော့ သီးခြားလွတ်လပ်တဲ့နိုင်ငံတွေ၊ ဆိုဗီယက်ပြည်ထောင်စုထဲက ခွဲထွက်ပြီး ခွဲထွက်ခွင့်မရသေးတဲ့ ချက်(ချ)ညာ ဒေသကတော့ မကြာသေးခင်က သွေးချောင်းစီးဖြစ်ရပ်တွေအထိ ဆက်လက်တိုက်ပွဲဝင်နေဆဲပါပဲ။

ဒီလိုပဲ အခုမှ သေနတ်သံတွေ လျော့ပါးသွားတဲ့ အရင် ယူဂိုဆလားဗီးယားနိုင်ငံက ခွဲထွက်ခဲ့ကြတဲ့ ဘော့(စ)နီးယား၊ ဆာ(ဗ်)ကရိုအက်တို့ရဲ့ လူမျိုးရေးစစ်ခင်းမှု၊ ရဝမ်ဒါနိုင်ငံမှာ တွတ်ဆီနဲ့ ဟူတူမျိုးနွယ်စုတို့ရဲ့ သွေးချောင်းစီး လူမျိုးရေးမုန်းတီးမှုစစ်ပွဲတွေဟာ ဒီကနေ့အထိ အဆုံးမသတ်နိုင်သေးပါဘူး။ ဒီတော့ ဒုတိယကမ္ဘာစစ်အပြီး ဖြစ်ပေါ်ခဲ့တဲ့ နီးစပ်ဆက်နွယ်မှုရှိရာ လူမျိုးစုတွေ စုစည်းတည်ထောင်ခဲ့တဲ့ ပြည်ထောင်စုပုံစံတွေ ပျက်ပြယ်ပြီး မျိုးနွယ်စုတစ်ခုချင်းအလိုက် သီးခြားရပ်တည်ရေးအယူအဆဟာ ကမ္ဘာမှာ တွင်ကျယ်လာပြီလား။

ဒါကြောင့် ဒီလိုကျဉ်းမြောင်းတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ၊ လူမျိုးရေးအယူဝါဒတွေဟာ ကမ္ဘာ့နိုင်ငံရေးရဲ့ ရှေ့တန်းစာမျက်နှာမှာ တွင်တွင်ကျယ်ကျယ်နေရာယူလာတာကို တွေ့ရလို့ ဒီနေ့အချိန် ကမ္ဘာ့နိုင်ငံရေးသမိုင်းဟာ အရေပြားပေါ်မှာ ကမ္ပည်းတင်နေသလား။

သောတရှင်များခင်ဗျား...

ဒီအချက်အလက်တွေဟာ မြန်မာစာရေးဆရာ ဆရာဝင်းထွဋ်ဇော်ရဲ့ ဆောင်းပါးထဲက ထုတ်နုတ်ဖော်ပြလိုက်တာပါ။ ဒီလိုဖော်ပြနေတာကလည်း ကျွန်တော်တို့ ဖတ်ရှုလေ့လာသင့်တဲ့ ဆောင်းပါးကောင်းတစ်ပုဒ်ကို ထုတ်နုတ်



ဝေမျှလိုက်တာဖြစ်သလို ကမ္ဘာ့အခြေအနေကို ရှုမြင်ရင်း မြန်မာ့ရေမြေကို ပြုပြင်ကြည့်စေချင်တာလည်း ပါဝင်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးနောက်ပိုင်း ကျွန်တော်တို့နိုင်ငံဟာ လူမျိုးစုံပြည်သူလူထု ချစ်ကြည်ရင်းနှီးမှုနဲ့ ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီးကို ဦးတည်ခဲ့ကြတာ။ လူမျိုး၊ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဓလေ့ထုံးတမ်းတွေ လွတ်လပ်မျှတ အသက်ဝင်ရှုစေချင်ကြတာ။ အနှစ် ၅၀ ကျော် ပြည်တွင်းစစ်ကြီးကို မောင်းထုတ်၊ လူမျိုးအသီးသီးကြားက အဖုအထစ်တွေကို ပေါင်းနုတ်သလို နုတ်ပစ်ချင်တာ။ စစ်ကြောင့်ပြန့်နှံ့ခဲ့ရတဲ့ ကျည်ဆန်ကုန်းတွေပေါ်မှာ အသီးအနှံတွေကို အကြီးမြန်စေချင်ကြတာ။ ကျွန်တော်တို့ကလေးတွေရဲ့ အနာဂတ်ကို ပညာခေတ်ကြီးနဲ့ ထုပ်ပိုးပေးချင်တာ။

ဒါပေမဲ့ ဒီအရာကိစ္စတွေအားလုံး ရပ်တန့်၊ နိုင်ငံရေးဆွံ့အနေရတာက ဘာကြောင့်လဲ။ ကျွန်တော်တို့နိုင်ငံမှာ အရေပြားပေါ်မှာရေးတဲ့ အာဃာတလည်း မရှိ။ ဘာသာတရားပေါ်မှာ ထိုးခြစ်နေတဲ့ အဆိုးအပြစ်တွေလည်း မရှိ။ လူမျိုးတွေအပေါ်မှာ သံပုံးတီးပေးနေတဲ့ အမုန်းအတီးတွေလည်း မရှိ။ ဒါဖြင့်ရင် ဘာတွေဖြစ်နေသလဲ။

ရှင်းရှင်းလေးပါ။ မျိုးချစ်စိတ်လို့ အမနာပ ကင်ပွန်းတပ်ပြီး အမျိုးသားရေးကို သစ္စာဖောက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလို့ ပြည်သူ့ဘဏ္ဍာတွေ ကြိတ်ချေ ကိုက်ဝါးထားတဲ့ သွားကြားကနေ လေသံထွက်ပြီး လူမျိုးစုတွေကြားမှာ အယူအဆနဲ့ ဘာသာရေးမီးတောက်အောင် သွေးနဲ့ ချီးမြှောက်၊ လူထုရဲ့ ဒီမိုကရေစီယုံကြည်ချက်ကို မှသာဝါဒဖျားရည်တစ်စက် နှစ်စက်နဲ့ ပဟေဠိဝှက်တမ်းကစားနေတဲ့ အာဏာရှင်တွေက နိုင်ငံရေးကို စစ်ယူနီဖောင်းပေါ်မှာ ကမ္ပည်းတင်ချင်နေလို့ပဲ ဖြစ်ပါတယ်။

စစ်ဗိုလ်ချုပ်တွေအချင်းချင်း အမိန့်တွေကြားမှာ ဖောက်ပြန်နေပြီးတော့ စစ်တပ်အတွင်းမှာလည်း အမိန့်တွေအဆင့်ဆင့်အောက်မှာ ခြစား၊ အဲ... နိုင်ငံကတော့ မတရားတဲ့အမိန့်တွေအောက်မှာ စနစ်တကျ ပျက်စီးနေပါပြီ။ အခွင့်အရေးကို လက်ကိုင်ပြုတော့ အခွင့်အရေးပေးသူရဲ့ လက်ကိုင်တုတ်ဖြစ်သွားရတာပဲ။ အဲဒီ လက်ကိုင်တုတ်တွေကလည်း ကိုယ့်အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



တွေကိုပဲ အာဏာရှင်တွေက လက်ဝါးကြီးအုပ်ပြီး ကိုယ့်ကို အကြွင်းအကျန်လေးတွေနဲ့ သူကောင်းပြု၊ ကိုယ့်အပေါ် မလိမ့်တပတ်နဲ့ ထောင်းထုနေတာကို ရှက်ရမှန်းမသိကြတဲ့ အဖြစ်။ ဒီတော့ လွှအခန်းကဏ္ဍမှာ ကိုယ်ဟာ လူဖြစ်သေးရဲ့လားလို့ မသိမမြင်နိုင်တာဟာ စိတ်နာရုံသာမက လှူနာတယ်ဆိုတာ ဒါမျိုးပါပဲ။

ဒါကြောင့် တိုင်းပြည်က အမိန့်တွေအောက်မှာ စနစ်တကျပြိုပျက်နေတဲ့ကြားက လူထုမပါ။ လူထုကိုယ်စားလှယ်တွေမပါတဲ့ လွှတ်တော်ကို ရွှတ်ခေါ်ပြီး စစ်ယူနီဖောင်းပေါ်မှာ နိုင်ငံရေးကမ္ဗည်းတင်ဖို့ မကြိုးစားတော့ပါနဲ့လို့ ရိုးရိုးသားသားသတိပေးလိုက်ချင်ပါတယ်။

❐ ❐ ❐

# ကြောက်တဲ့သူတွေက ပိုခြောက်တယ်

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃၀ ရက်က ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးနဲ့ ဗြိတိန်သံရုံးရှေ့မှာ ဖြစ်ပွားခဲ့တဲ့အခါ (*အမေရိကန်သံရုံးနှဲ့ ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက်ဖြစ်ပွား ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှု မခံရပ်နိုင်သောလူထုက ရှေတန်းထွက်၍ ကန့်ကွက်၊ ပြည်သူတို့၏ ဆန္ဒသဘောထားများနှင့် တစ်သားတည်းထင်ဟပ်လျက်ရှိသည့် နယ်ချဲ့လက်သစ်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်၊ ရပ်တန်းက ရပ်တန့်ရန် သတိပေးလိုက်သည်*)လို့ နအဖပိုင်သတင်းစာတွေက ရေးသားဖော်ပြလိုက်ပါတယ်။ ဒါတင်ကေသေးပါဘူး။ ဒါတင်မကသေးပါဘူး။ ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏ မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း မည်သူတစ်ဦးထံမှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်းလို့တောင် ထပ်ဆင့်ရေးသား ဟဲ… ဟဲ… ပြောရရင် ချီးကျူးထားတာပေါ့ဗျာ။

ဒီတော့ ဆန္ဒပြပွဲဆိုရင် စစ်ယူနီဖောင်းကျွတ်ကျမတတ် ကြောက်လာတတ်တဲ့ အာဏာရှင်တွေက အမေရိကန်သံရုံးနဲ့ ဗြိတိန်သံရုံးရှေ့မှာ ဖြစ်ပွားခဲ့တဲ့ပွဲကို ချီးကျူးနေတော့ ဟို နအဖသတင်းစာတွေထဲမှာ ရေးရေးနေတဲ့ ဆူတ်ပွါမလား မောင်ကာဗျူရယ်ဆိုတဲ့ ဆောင်းပါးခေါင်းစဉ်လို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တလည်း ဟုတ်ပါ့မလား ဗိုလ်ချုပ်ကြီးတို့ရယ်လို့ ကိုယ့်စိတ်ထဲကိုယ် အော်မေးလိုက်မိပါတယ်။

ဟော… မကြာပါဘူး။ အတွေ့တွေ့လူနေမှုစရိတ်တွေ ကြီးမြင့်တာကို မခံနိုင်လို့ ကျန်းမာ၊ လူမှု၊ ပညာ စတဲ့ အချက်တွေနဲ့ လူလိုနေနိုင်ရေးဘဝတွေကို တောင့်တတဲ့ ဆန္ဒပြပွဲ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၄ ရက်က ကုန်ဈေးတန်းရှေ့ကနေ ပေါ်ပေါက်ခဲ့ပါတယ်။

အဲ… အဲဒီအခါကျတော့ လူအများစုဝေးရာ လမ်းမပေါ်တွင် စီတန်းလှည့်လည်သောင်းကျန်းခြင်းတို့သည် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ထို့ပြင် ၄င်းတို့သည် ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်သော၊ ဆူပူမှုကို လှုံ့ဆော်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခြင်းမှာလည်း နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ အကြည်ညိုပျက်အောင်သော်လည်းကောင်း ပြုလုပ်ရာရောက်ကြောင်း စတဲ့ စတဲ့ စွပ်စွဲမှုတွေ တစ်သီတစ်တန်းကြီး သတင်းစာထဲမှာ ဖော်ပြရုံမက လူထုရဲ့ လက်တွေ့အကျပ်အတည်းနဲ့ လိုအင်ဆန္ဒဖော်ထုတ်ခဲ့သူတွေကို ဖမ်းဆီးစစ်ဆေးမှုတွေပါ လုပ်ဆောင်ခဲ့ပါတယ်။

ဒီတော့ အမေရိကန်သံရုံးနဲ့ ဗြိတိန်သံရုံးမှာလည်း ဆန္ဒပြတာပါပဲ။ ကုန်ဈေးတန်းရှေ့ကဟာလည်း ဆန္ဒပြတာပါပဲ။ ဒီလို ဆန္ဒပြတာချင်းအတူတူ ဘယ်လိုဖြစ်လို့ သဘောထားတွေပြောင်းသွားရတာလဲ။ ဟဲ… ဟဲ… ဟုတ်ပါ့မလား ဗိုလ်ချုပ်ကြီးတို့ရယ်လို့ ထပ်ပြီး အော်မေးလိုက်မိပြန်ပါတယ်။

ကဲ… ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ်က အသက် ၆၅ နှစ်ရှိပြီဖြစ်တဲ့ ဦးသိန်းဖဲကို ဖမ်းဆီးပြီး တရားစွဲဆိုလိုက်ပြီတဲ့။ ကြားရတဲ့သတင်းက ဘာဖြစ်လို့လဲဆိုတော့ သတင်းစာထဲက ဆောင်းပါးတွေကို ဝေဖန်ရေးသားပြီး အိမ်ရှေ့ခြံစည်းရိုးမှာ ကပ်တဲ့အတွက်တဲ့။ အင်း… ဟုတ်ပါ့မလား ဗိုလ်ချုပ်ကြီးတို့ရယ်လို့ ထပ်ပြီး အော်မေးရပြန်ပြီပေါ့ခင်ဗျာ။ စဉ်းစားကြည့်လေ။ အမေရိကန်နဲ့ ဗြိတိန်လို သူတစ်ပါးတိုင်းပြည်က သံရုံးရှေ့မှာ သွားပြီး ဆန္ဒပြတာလည်း မဟုတ်။ ကုန်ဈေးတန်းရှေ့ကလို ကြွေးကြော်သံတွေနဲ့ ဆန္ဒပြတာလည်း မဟုတ်။ ပြည်သူတစ်ဦးရဲ့ အကျပ်အတည်းနဲ့ ဆန္ဒကို



သူ့အိမ်ခြံစည်းရိုးရှေ့မှာ တိတ်ဆိတ်ငြိမ်းချမ်းစွာ ဖော်ထုတ်တာလေ။ ဒါဟာ ဘယ်နေရာမှာ မှားနေသလဲ။ ထပ်ပြီးပြောရရင် တိုင်းသူပြည်သားတစ်ဦးရဲ့ ခြံစည်းရိုးကိုတောင် အလွတ်မပေးချင်တဲ့ အာဏာပိုင်တွေနဲ့ လူတစ်ဦးချင်းရဲ့ မွေးရာပါအခွင့်အရေးအရ ဖော်ထုတ်နိုင်တဲ့ ပြည်သူတစ်ဦးကြားမှာ အမှန်တရားကတော့ ဘယ်တော့မှ အဂတိလိုက်စားမှာ မဟုတ်ပါဘူး။ အဲ… ဥပဒေရဲ့ အထက်မှာ တက်ထိုင်နေတဲ့သူတွေကိုတော့ ဘေးဖယ်ထားလိုက်ပေါ့ဗျာ။

ဒီတော့ ကျွန်တော် သဘောပေါက်သွားတယ်။ စစ်တပ်က တိုင်းပြည်ကို အုပ်စိုးနေတာ အနှစ် ၂၀ ထဲရောက်နေပေမဲ့ သူတို့ဟာ အာဏာပိုင်တွေ မဟုတ်သေးပါလား။ တကယ်အာဏာပိုင်နေတာက လူထုပဲ။ အခုထိ လူထုအာဏာ လူထုလက်ထဲမှာပဲ ရှိနေသေးပါလား။ ဒီလူထုအာဏာကို ငမ်းငမ်းတက်လိုချင်လို့ စစ်ဗိုလ်ချုပ်တွေက နှစ်ရှည်လများ ကြိုးစားနေတာပဲ။ ဒါပေမဲ့ အခုထိ စစ်ယူနီဖောင်းနဲ့ အုပ်ထားနိုင်ရုံပဲရှိသေးတယ်။ အဲ… စစ်ယူနီဖောင်းချွတ်ပြီး တိုက်ပုံနဲ့အုပ်ဖို့ ညောင်နှစ်ပင်ထဲမှာ ကြိုးစားကြပြန်တော့လည်း ရပ်လိုက် နားလိုက်နဲ့ သံသရာလည်နေတာ။ အခု ကြည့်၊ လူထုတွေက တစ်ဦးချင်းပဲဖြစ်ဖြစ်၊ တစ်စုတစ်ဖွဲ့နဲ့ပဲဖြစ်ဖြစ် ဆန္ဒထုတ်ဖော်တာကို သည်းညည်းကို မခံနိုင်ဘူးဖြစ်နေတယ်။ စစ်ယူနီဖောင်းနဲ့ အုပ်ထားတဲ့ အာဏာလေး ပြန်လွတ်သွားမှာကို ကြောက်နေတယ်။ စစ်မှန်တဲ့ တိုင်းသူပြည်သားတစ်ဦးချင်းကိုတောင် အလွန့်ကို ကြောက်နေတယ်။ ဘာဖြစ်လို့လဲ။ လူထုလက်ထဲမှာ အာဏာက ရှိနေလို့ပါ။ အာဏာရှိတဲ့လူက တစ်ခုခုလုပ်မှာကို ကြောက်နေတာ။ ဒါကြောင့် ဖမ်းလိုက် ဆီးလိုက် မေးလိုက် မြန်းလိုက်တွေနဲ့ ကြောက်တဲ့လူက သူတို့ကြောက်ရတဲ့လူတွေကို ပြန်ခြောက်နေတာပေါ့လို့ ကျွန်တော် သဘောပေါက်သွားပါတယ်။

ဒီတော့ နဝတ နအဖ ဗိုလ်ချုပ်ကြီးတွေက လူထုမှာ အာဏာရှိတယ်ဆိုတာ ဟုတ်ပါ့မလား နေဇော်နိုင်ရယ်လို့ ကျွန်တော့်ကို မေးချင်ကြလိမ့်မယ်။ အဲဒီလိုသာမေးရင် ကျွန်တော်ကလည်း ပြန်ဖြေလိုက်မှာပေါ့။ ဗိုလ်ချုပ်ကြီးတို့ရယ်… ဟုတ်လိုက်သမှ ဟုတ်၊ ဟုတ်၊ ဟုတ်၊ ဟုတ်နေပြည်တော်တောင် လွန်သေးလို့။ ဟဲ… ဟဲ… ဟဲ… ဟဲ…။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးပြားညီလာခံ

ရန်ကုန်တိုင်း မှော်ဘီမြို့အနီးက ညောင်နှစ်ပင်ကွင်းမှာပြုလုပ်နေတဲ့ အဖရဲ့ အမျိုးပြားညီလာ… ဟုတ်ကဲ့… သည်းခံပါခင်ဗျာ။ တစ်တိုင်းပြည်လုံး တစ်မျိုးသားလုံး စစ်အာဏာရှင်လက်အောက်မှာ လုံးဝပိပြားသွားအောင် တရားဝင်ဖော်ဆောင်မယ့် ညီလာခံလို့ပဲ စိတ်စွဲနေတော့ အမျိုးပြားညီလာခံလို့ နှုတ်ကျိုးနေတာကိုလည်း ခွင့်လွှတ်ပါဗျာ။

ထားပါတော့လေ။ အဲဒီအမျိုးသားညီလာခံမှာ ၁၉၉၀ ခုနှစ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ ထောက်ခံဆန္ဒမဲ ၈၀ ရာခိုင်နှုန်းကျော်ရရှိထားတဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီကိုယ်စားပြုကိုယ်စားလှယ်တွေလည်း မပါ။ လူမျိုးစုံပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ ယုံကြည်လေးစားစွာ လုပ်ပိုင်ခွင့်တွေ အပ်နှင်းခံထားရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း မပါတဲ့အတွက် တရားဝင်မှုရှိမှာ မဟုတ်ဘူး။ ဒီညီလာခံက ထွက်လာမယ့် ဆုံးဖြတ်ချက်တွေကိုလည်း လက်ခံမှာမဟုတ်ဘူးလို့ နိုင်ငံတကာအသိုက်အဝန်းက ပြောဆိုကြပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ပီညဲရိုးကလည်း ပြီးခဲ့တဲ့ ဇွန်လ ၁ ရက်နေ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ‘ဒီအမျိုးသားညီလာခံဟာ အစီအစဉ်ပြာယ်ကင်းမဲ့သလို ဒီမိုကရေစီနည်းလမ်းလည်း မကျပါဘူးလို့ ပြောဆိုခဲ့တဲ့အပြင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ကယ်လီကလည်း ‘မြန်မာနိုင်ငံဟာ အာဆီယံဒေသအတွင်း စစ်တပ်အုပ်ချုပ်တဲ့ တစ်ခုတည်းသောနိုင်ငံဖြစ်သလို



စစ်အုပ်စုက ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေမပါဘဲ အခြေခံဥပဒေရေးဆွဲဖို့ ကြိုးစားနေတယ်’လို့ ဇွန်လ ၃ ရက်နေ့က ပြောဆိုခဲ့ပါတယ်။

သို့သော်လည်း…

ဗိုလ်ချုပ်ကြီး အကြမ်းဖက်သမားတို့ကတော့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နဲ့ ပြည်သူလူထုကိုယ်စားလှယ်တွေကို ဖိနှိပ်ချုပ်ကိုင် အကျယ်ချုပ် အကျဉ်းချုပ်တွေလုပ်ထားပြီး စစ်အာဏာရှင် အမှောင်မဝင်ဖို့ ညောင်နှစ်ပင်ညီလာခံကို အမြဲကြိုးစားနေတာကိုး။ ဒီညောင်နှစ်ပင်ညီလာခံကပဲ တိုင်းပြည်ကို လှုထုသဘောကျပြောင်းလဲနိုင်တော့မယ့်ပုံစံမျိုး ပစ္စတိုသေနတ်ခါးထိုးပြီးပြောရဲတာ ဗိုလ်ချုပ်ကြီး အကြမ်းဖက်သမားတို့ပဲ ရှိပါတယ်။ နိုင်ငံရေးပါတီများက ကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေဆိုပြီး အမည်တပ်ထားသူတွေ ပေါင်းမှ ၄၅ ဦး။ အခုတော့ ၄၄ ဦးပဲ ရှိတော့မယ်ထင်ပါရဲ့။ ဒီတော့ အဲဒီအရေအတွက်ကို နုတ်လိုက်ရင် ကျန်တဲ့ ၁၀၄၃ ဦးဟာ ညောင်နှစ်ပင်ညီလာခံကို ယုံကြည်သက်ဝင်အပြောင်းအလဲမြန်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဗိုလ်ချုပ်ကြီးများ စစ်ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားရင် သွားရည်တမြားမြားကျနေတတ်တဲ့ ခေါင်းညိတ်ခံကိုယ်စားလှယ်တွေပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီကို ဖော်ဆောင်မှာလား။ စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်အောင် ဖော်ဆောင်မှာလားဆိုတာ အဝေးကနေ မြင်နိုင်ပါတယ်ဆိုသလိုမျိုးပေါ့ခင်ဗျာ။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းဟာ တွေ့ဆုံဆွေးနွေးအဖြေရှာမှ ရမယ်။ တိုင်းပြည်နဲ့ အမျိုးသားရေးသာ ဒီကနေ့အချိန်ကာလမှာ အရေးကြီးတယ်လို့ ပြည်တွင်းပြည်ပကပြောဆိုနေပေမဲ့ ဗိုလ်ချုပ်ကြီးတို့ကတော့ နအဖဦးတည်ချက် ခြောက်ရပ်နဲ့ နအဖမူ ၁၀၄ ချက်ကလွဲပြီး နိုင်ငံ့လွှတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက်ဆောင်ရွက်နေသူတွေရဲ့စကားကို လုံးဝနားထဲမသွင်းခဲ့ပါဘူး။ သုံးသပ်ကြည့်တော့လည်း ဟုတ်ပေသားခင်ဗျ။ နအဖစစ်ဗိုလ်ချုပ်များဟာ ကိုယ်ကျိုးမပါတဲ့ နိုင်ငံ့ဝန်ထမ်းအလုပ်ကို ဒီကနေ့အထိ လုပ်မှမလုပ်ဖူးသေးတာကိုး။ ဆုပ်ထားတဲ့ အာဏာလေးကို လက်လွှတ်ရမှာ သိပ်နှမြောကြတယ်။ အာဏာရှိရင် အာဏာ၊ ပါဝါရှိရင် ပါဝါနဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့လမ်းစဉ်ကို စစ်တပ်ရဲ့ ရေပေါ်ဆီအသိုက်အဝန်းထဲမှာ လမ်းညွှန်ထားတာကိုး။ ဒါကြောင့် အာဏာရှိ

www.burmeseclassic.com



ဝါဝါနည်းနေရင်တောင် တော်တော် မတော်တော် မျက်မှန်ကို ဒီဂရီတိုးပစ်လိုက်မယ်ဆိုတဲ့လူစားမျိုးတွေ လူထုကို သစ္စာဖောက်ပြီး နိုင်ငံရေးအသိုက်အဝန်းထဲမှာ ပေါ်ပေါက်လာတော့တာပေါ့ခင်ဗျာ။

ကဲ... နအဖ ဦးတည်ချက် ၆ ရပ်နဲ့ နအဖ မူ ၁၀၄ ချက်ကို ထောက်ခံဖို့ ညီလာခံထဲရောက်လာသမျှ နအဖခေါင်းညိတ်ခံကိုယ်စားလှယ်လို့ မြင်ထား။ ခုတော့ အထင်နဲ့ အမြင်လွဲဆိုသလို အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရဲ့စာတမ်းမှာတင် ပြဿနာက ဝင်လာပြန်ရော။ ဒီတော့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေနဲ့ ညီလာခံကိုရပ်ထားရင် ကောင်းမလား။ ရပ်ထားရင်လည်း ၂၀၀၆ အာဆီယံဥက္ကဋ္ဌနေရာ လွဲပြောင်းနိုင်တဲ့အထိ ရပ်ထား တောင့်ထားနိုင်မလား စတဲ့ ကလိမ်စေ့ငြမ်းဆင်တဲ့ ဟိုတုန်းက ငြိမ်ဝပ်လမ်းစဉ်မျိုး ထိုးသွင်းလာပြန်တယ်။ အစကတည်းကိုက ညောင်နှစ်ပင်ညီလာခံဟာ ဦးတည်ချက် ၆ ရပ်နဲ့ မူ ၁၀၄ ချက်ကို ခေါင်းညိတ်ပေးဖို့ဆိုတာက လွဲပြီး ဒီမိုကရေစီရေးပြောင်းလဲမှုကြီးဆီ ဦးတည်တာမှ မဟုတ်တာ။ အရပ်တကာလှည့်ပြီး ဈာရောင်းတဲ့လူကိုလည်း ညီလာခံကိုယ်စားလှယ်ဆိုပြီး ဆွဲသွင်းထားတော့ ညောင်နှစ်ပင်အကျယ်ချုပ်မှာ မလည်ရှုပ်ကြီးဖြစ်နေရော။ မေ ၃ ဒီပဲယင်းလုပ်ကြံမှုကြီးမှာ ဦးဆောင်ပါဝင်ပြီး ဒီမိုကရေစီကို အမြစ်ပြတ်ချေမှုန်းခဲ့သူတွေကလည်း ညောင်နှစ်ပင်ကိုယ်စားလှယ်ဆိုတော့ ဒီလောက်ရိုင်းပျပြီး ပညာမဲ့တဲ့လုပ်ရပ်ကို ဒီမိုကရေစီဖော်ဆောင်ရေးလို့ ဘယ်လိုသတ်မှတ်ရမလဲ။ တကယ့်ကို နိုင်ငံအနာဂတ်အတွက် ဦးတည်ချက်မှန်ကန်ရင် ပွင့်လင်းလွတ်လပ်တဲ့ဆွေးနွေးမှုတွေကို ခွင့်ပြုပေးရမယ်။ လူထုကိုယ်စားလှယ်တွေအားလုံးပါဝင်အောင် တွေ့ဆုံညှိနှိုင်းစွမ်းဆောင်ပေးရမယ်။ နောက်ဆုံး ညီလာခံကုန်ကျစရိတ်တွေကလည်း တိကျခိုင်မာတဲ့ စီမံခန့်ခွဲမှုတွေနဲ့ ပြည့်စုံကုံလုံနေရမယ်။ ခုတော့ ညီလာခံကိုယ်စားလှယ်အတွက် ကွမ်းယာဆိုင်ကအစ ပြည်သူလူထုအားလုံးဆီက အဓမ္မငွေကောက်ခံ၊ ဆောင်၊ ခြင်ထောင်တွေကို ဈေးသက်သာစွာချရောင်းပေးလုပ်နေတော့ ညောင်နှစ်ပင်ရောက် ခေါင်းညိတ်ခံကိုယ်စားလှယ်တွေကို ဗန်းပြပြီး အဓမ္မငွေညှစ်နေသလိုမျိုး ဖြစ်နေတဲ့အပြင် တိုင်းပြည်အကျိုးရှိမယ့် ညီလာခံမဟုတ်တဲ့ နအဖရဲ့ ညောင်နှစ်ပင်ဈေးပွဲတော်လို့ အမည်ပေးရမလိုဖြစ်နေတယ်။



အပစ်အခတ်ရပ်စဲရေးကိုယ်စားလှယ်တွေ ညောင်နှစ်ပင်ညီလာခံထဲရောက်လာတော့ အဲဒီအဖွဲ့တွေရဲ့ ထိန်းချုပ်နယ်မြေတွေမှာ စစ်အင်အားတိုးချဲ့တယ်။ စစ်လက်နက်ပစ္စည်းတွေကို ဘယ်နိုင်ငံကရရ ဝယ်ယူစုဆောင်းတယ်။ ပြည်ပရန်ကလည်း မရှိဘဲ လူသတ်လက်နက်တွေကို သဲကြီးမဲကြီးဝယ်ယူစုဆောင်း တိုးချဲ့နေတဲ့အလုပ်ဟာ တိုင်းပြည်အတွက် အန္တရာယ်ကြီးလှသလို ဒေသတွင်းပဋိပက္ခကို လူထုဆန္ဒမပါဘဲ တစ်ဖက်သတ်နှိုးဆွပေးရာရောက်ပါတယ်။ အနှစ် ၅၀ ကျော် ပြည်တွင်းစစ်ထဲက ကုန်းမထနိုင်သေးတဲ့ တိုင်းပြည်နဲ့ လူမျိုးစုံ ပြည်သူလူထုဘဝကို ခင်ဗျားတို့မိသားစုတွေ ၉၆ ပါးရောဂါကြောင့် ပူဆွေးရတဲ့ အတ္တပရိဒေဝစိတ်နဲ့ပဲ တိုးတိုးတိတ်တိတ် ကိုယ့်မရှိမဲ့ရှိမဲ့ ပညာအခံစိတ်ကလေးတွေနဲ့ တွေးကြည့်ဖြစ်အောင် တွေးကြည့်ကြပါဦး။

ဒါကြောင့် ခေါင်းထဲမှာ ချုပ်ပုတ်တွေပဲရှိပြီး မုသာဝါဒအမျိုးမျိုးကို ထထပြီးကြွေးကြော်နေတဲ့ မိုလ်ချုပ်ကြီးတို့ရဲ့ အတွေးအခေါ်တွေကို ရပ်တန်းက ရပ်ပါတော့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အာဇာနည်ခေါင်းဆောင်ကြီးများ စကားလုံးဟာ နအဖစစ်ဗိုလ်များလက်ထက်မှာ ပျောက်ဆုံးနေပြီ

ဒီဗွီဘီ၊ ဇူလိုင် ၁၅၊ ၂၀၀၆

ဖေဖော်ဝါရီ ၁၃ မှာ ဗိုလ်ချုပ်မွေးနေ့ပါ။ ၁၉၁၅ ရေနံချောင်းဖွားသားဆိုတဲ့ ကဗျာကလေးကိုတောင် ကလေးငယ်တွေ မပြောနဲ့။ ဆယ်ကျော်သက်တချို့ကိုတောင် ပြန်သင်ပေးရမလိုဖြစ်နေပါပြီ။ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ စကားလုံးဟာလည်း နဝတ၊ နအဖစစ်အာဏာရှင်တွေလက်ထက်မှာတော့ ပျောက်ဆုံးလို့နေခဲ့ပါပြီ။ ဒါဟာ နဝတ၊ နအဖစစ်ဗိုလ်ချုပ်တွေက တိုင်းပြည်တစ်ပြည်လုံးကို လုပ်ကြံပစ်လိုက်တာပါ။ တိုင်းပြည်လွတ်လပ်ရေးကို ဖျက်ဆီးပစ်လိုက်တာ။ အမျိုးသားရေးကို သစ္စာဖောက်လိုက်တာ။ အမျိုးသားခေါင်းဆောင်တွေကို ထပ်ပြီးလုပ်ကြံပစ်လိုက်တာပါပဲ။ လူဟာ ကိုယ့်တိုင်းပြည်အပေါ်က မြေကြီးပေါ်မှာ အသက်ရှင်ရပ်တည်နေသမျှ ဒီမြေကြီးအတွက် ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့ကြသူတွေ ရှုးရှအတွေးအကြံနဲ့ တူးခွတော်လှန်ခဲ့ကြတဲ့သူတွေ၊ ကာယဉာဏ လုံ့လဥဿာဟနဲ့ ဦးဆောင်ဦးရွက်ပြု ကိုယ်ကျိုးစွန့်ကြိုးပမ်းခဲ့ရင်း အသက်ပေးခဲ့ကြတဲ့ အာဇာနည်တွေကို ဘယ်လိုမှ ကျေးဇူးမဲ့ပစ်လို့မရပါဘူး။ တရားမျှတမှုတွေအတွက် ငြိမ်းချမ်းရေးအတွက် အမျိုးသားလွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ရုံသာမက အသက်ကိုပါ ပေးဆပ်ခဲ့ကြတဲ့ အာဇာနည်တွေရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတော်ရဲ့သမိုင်းကိုလည်း လှပစေခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားရေးလက္ခဏာအနက်အရှိုင်းကိုလည်း ကမ္ဘာကြီးထဲမှာ လှိုင်းထသွားအောင် စွမ်းဆောင်နိုင်ခဲ့ကြသူတွေပါ။



အဲဒီလို အာဇာနည်အပေါင်းနဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကျော်တို့ရဲ့ ကျေးဇူးဟာ တိုင်းပြည်အပေါ်မှာ ကြီးမားလှသလို ဒီတိုင်းပြည်၊ ဒီမြေကြီးအပေါ် အသက်ရှင်လှုပ်ရှားနေသူတိုင်းအပေါ်မှာလည်း သူတို့တန်ဖိုးတွေက ကြီးမားလှပါတယ်။ ဘယ်လိုပင်ချေသော်ငြား ပျက်ပြယ်မသွားတဲ့အပြင် ပျက်သုဉ်းအောင် ချေမှုန်းနေသူတွေသာ လိပ်ပြာမလုံမပနဲ့ သိက္ခာကျနေမှာဖြစ်ပါတယ်။

ဟင်း… ဟင်း… ပြောရင်းမတ်တတ် ဖြည့်စွက်ပြီး ပြောလိုက်ချင်သေးတယ်။ အဲဒါကတော့ အခု ကျွန်တော်ပြောနေတာတွေကို တလေးတစားနားထောင်ကြရမှာက နိုင်ငံရေးစကားလုံးတွေကို အလွတ်ကျက်ပြီး စင်ပေါ်တက်တက်အော်နေတဲ့ နအဖလက်အောက်ခံ အဖွဲ့အစည်းဝင်တွေနဲ့ နဝတ၊ နအဖစစ်ဗိုလ်ချုပ်တွေကိုယ်တိုင်ပါပဲ။ ဟုတ်တယ်လေ။ နိုင်ငံသားတစ်ယောက်ဟာ ကိုယ့်တိုင်းပြည်ရဲ့ ကျေးဇူးရှင်တွေကို သိသင့်ပါတယ်။ တန်ဖိုးထားသင့်တယ်။ ကိုယ့်တိုင်းပြည်သမိုင်းကြောင်းမှာ လှပတဲ့၊ ငြိမ်းချမ်းတဲ့၊ ပွင့်လင်းလွတ်လပ်တဲ့ ရေစီးကြောင်းကို ဘယ်သူတွေ တော်လှန်ပြောင်းလဲခဲ့သလဲ သိသင့်တယ်။ ကိုယ့်တိုင်းပြည်မှာ ကိုယ်ကိုယ်တိုင် အရှင်သခင်ဖြစ်ဖို့အရေး ဘယ်သူတွေက အသက်ပေးခဲ့ကြသလဲ။ သိကို သိထားရမယ်။ တိုင်းတစ်ပါးနယ်ချဲ့ကြောင့်၊ စီးပွားရေးကြောင့်၊ လူမှုပဋိပက္ခကြောင့်၊ လူမျိုးရေးကြောင့် ဖြစ်ပေါ်လာတဲ့ အကျပ်အတည်း ဒုက္ခသုက္ခနဲ့ ပယောဂတွေကို ဘယ်သူတွေ ကိုယ်ကျိုးစွန့် ဖြေရှင်းပေးခဲ့သလဲ။ သိကို သိထားရမယ်။ တိုင်းပြည်ကို တည်ဆောက်ခဲ့သူတွေရဲ့ စွမ်းဆောင်ချက်တွေကို သိထားမှ တိုင်းပြည်ဖျက်ဆီးနေသူတွေရဲ့ အလိမ်အညာ အကွယ်အကာတွေကို ခွဲလှန်ထုတ်နိုင်မယ်။ ဖော်ထုတ်တင်ပြနိုင်မယ်။ ဆန့်ကျင်ဖယ်ရှားပစ်နိုင်မှာ ဖြစ်တယ်။ အခုတော့ဖြင့် နအဖလက်အောက်ခံ အဖွဲ့အစည်းဝင် အားလုံးက အလွတ်ကျက်ထားတဲ့ နိုင်ငံရေးစကားလုံးတွေ၊ နှုတ်တိုက်သင်ပေးထားတဲ့ အပုဒ်ချရေးစာသားတွေပဲ စင်ပေါ်မှာ တက်အော်ကြ၊ ထမင်းဆာလို့ သတင်းစာထဲရေးနေတဲ့လူတွေကလည်း မဆဲရုံတမည် လူ့ဂုဏ်သိက္ခာဖျက်ဆီးတဲ့ အရေးအသားတွေနဲ့ ကလောင်တွေ ရမ်းနေကြတာကိုး။

ကိုယ့်တိုင်းပြည်ထဲမှာ ဘယ်သူဟာ ဘာလဲ ဘယ်လဲဆိုတာ စစ်အာဏာသိမ်းထားတဲ့ အနှစ် ၂၀ အတွင်း ရှင်းနေပါပြီ။ အင်း… အားနာနာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြောရဦးမယ်။ ကျွန်တော်တို့တိုင်းပြည်မှာကလည်း လက်နက်ရှိမှ ငြိမ်းချမ်းရေးသမားဖြစ်နေတော့တာကိုးဗျ နော။ ဟုတ်တယ်လေ။ လက်နက်ရှိမှ ငြိမ်းချမ်းရေးနဲ့ လဲလို့ရတာဆိုတော့ အဲဒီလက်နက်ကြီးတွေနဲ့ ငြိမ်းချမ်းရေးလဲပြီးကတည်းက နှစ်ဦးနှစ်ဖက်စလုံး ငြိမ်းချမ်းရေးသမားတွေဖြစ်ကုန်ရော။

အဲ··· အပ်တိုတစ်ချောင်းတောင်မှ မရှိတဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့တို့၊ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များအဖွဲ့တို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ဆိုရင် တိုင်းပြည်ဖျက်ဆီးနေတယ်လို့ကို အပုပ်ချတာ။ ဟော··· ဒေါ်အောင်ဆန်းစုကြည်အဖေဟာ ဗိုလ်ချုပ်အောင်ဆန်း။ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်းခေတ်ပုံကို အလေးပြုတာဟာ နိုင်ငံရေးလုပ်တာပဲ။ ဖမ်းဆိုတော့ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးလုပ်လို့ တိုင်းပြည်လွတ်လပ်တာလေ။ အဲဒီလိုဘာလို့ မစဉ်းစားသလဲ။

အဲဒါပဲ။ နိုင်ငံသားဖြစ်ပြီး နိုင်ငံသားအရည်အချင်းရှိအောင် မလေ့လာထားတော့ ခေါင်းထဲမှာရှိတဲ့ ဦးနှောက်က စစ်အာဏာရှင်ရဲ့ ဘောင်းဘီစပဲ မြင်နေရတယ်။ အဲဒီဘောင်းဘီစ မြင်ရသေးတယ်။ ဟော··· အရည်ပျော်ကျသွားပြီ။ ဘယ့်နှယ်··· ကျွန်တော် အခုလိုပြောပြနေတော့ ခင်ဗျားတို့က နားကြလိမ့်ဦးမယ်။ ကိစ္စမရှိဘူး ပြောရမှာပဲ။ ဒီမှာ တိုင်းပြည်တစ်ပြည်မှာ နိုင်ငံသားတစ်ယောက်ဟာ မှန်ကန်တဲ့အတွေးအခေါ်မဲ့နေရင် တိုင်းပြည်အတွက် အဲဒီဦးနှောက်တစ်လုံး နစ်နာပါတယ်။ နစ်နာလှတဲ့ ဦးနှောက်တွေများလာရင် တိုင်းပြည်အနာဂတ် ခြေတစ်လှမ်းနောက်ကျသွားမယ်။ တိုင်းပြည်အနာဂတ် ခြေတစ်လှမ်းနောက်ကျသွားရင် ခင်ဗျားတို့ဘဝ ခြေလှမ်းပေါင်းများစွာ နောက်ကျသွားမှာဖြစ်ပါတယ်။

ဒီတော့ နိုင်ငံသားတစ်ယောက်ဖြစ်ပြီး ကိုယ့်နိုင်ငံနဲ့ နိုင်ငံတွင်းကလူမှုအဖွဲ့အစည်းတိုးတက်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် စွမ်းဆောင်နိုင်ဖို့၊ ကိုယ့်ဘဝကို ကိုယ့်ဦးနှောက်သုံးပြီး လျှောက်လှမ်းကြမလား။ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသူတွေရဲ့ သမိုင်းဟာ ငါတို့တစ်တွေ လုံခြုံမှုအတွက် တံတိုင်းကြီးတွေလို ကာကွယ်ပေးခဲ့ကြတာ။ ဒါကို မသိမြင်ဘဲ အယူလွဲနေသူတွေနဲ့ ပေါင်းပြီး ဖျက်ဆီးပစ်ကြမှာလား။ အဲဒီလို အဲဒီလို တွေးတောစဉ်းစားနေတဲ့အခိုက် ခင်ဗျားတို့ တည်ရှိနေတာ အာဇာနည်



အပေါင်း သွေးနဲ့အသက် ပေးဆက်တည်ဆောက်ထားတဲ့ မြေကြီးပေါ်မှာဆိုတာကိုလည်း မမေ့ပစ်လိုက်ကြပါနဲ့ဦး။

ကဲ··· ဒီလိုမှမဟုတ်ဘဲ ခေတ်အပျက်ကြီးထဲမှာ စစ်အာဏာရှင်တွေရဲ့ ယူနီဖောင်းစကို ဆွဲပြီး ဘုရားပွဲလှည့်သလို မိုက်မဲနေဦးမယ်ဆိုရင်တော့ ဟင်း··· ဟင်း··· မိုက်ထဲမှာ ခင်ဗျားတို့ စားထားသမျှ ခင်ဗျားတို့ဦးနှောက်မှာ အာဟာရဖြစ်လာမှာမဟုတ်ဘူးလို့ အားမနာ ပါးမနာ ပြောလိုက်ပါရစေတော့ခင်ဗျာ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သတင်းအမှန်မတင်ပြဘဲ ထမင်းပန်းကန်အရင်မသူများ

ဒီဗွီဘီ၊ ၉၊ စက်တင်ဘာ၊ ၂၀၀၆

သတင်းစာဆိုတာ ပြည်သူတွေ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကို တာဝန်ရှိသူတွေရဲ့ နားပေါက်အောင် ပြောပေးရပါတယ်။ အလားတူပဲ အစိုးရက ပြည်သူတွေကို ပြောချင်တဲ့စကား၊ ပြည်သူ့နားကို ချက်ချင်းပေါက်သွားအောင် ပြောပေးရပါတယ်။ အစိုးရနဲ့ ပြည်သူ့အကြား အမြဲတမ်းနားလည်မှုရှိနေအောင် ရိုးသားဖြောင့်မတ် တည်ကြည်တဲ့စိတ်နဲ့ အရင်းခံပြီး စကားပြန်လုပ်ပေးရပါတယ်။ မှန်ကန်ပြီး မှတ်သားဖွယ်ကောင်းတဲ့ စကားလုံးတွေပါ။ ဒါကြောင့် ကျွန်တော့်စကားလုံးတွေလို့ မထင်ကြဘူးမို့လား။ ဟုတ်ပါတယ်။ ဒီစကားကို ပြောခဲ့သူကတော့ ပြောခဲ့သူလို့ ပြောရတာကတော့ ကွယ်လွန်သွားပြီဖြစ်လို့ပါပဲ။ သတင်းစာဆရာအပြင် ဘာသာပြန်ဝတ္ထုတွေနဲ့လည်း နာမည်ကြီးလွန်းလှတဲ့ ဆရာအထောက်တော်လှအောင် ပြောခဲ့တဲ့ စကားတွေပါ။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက် ပေဖူးလွှာမဂ္ဂဇင်းထဲက ဆရာဝင်းငြိမ်းစီစဉ်တဲ့ စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်းကဏ္ဍမှာ ဆရာအထောက်တော်လှအောင် ပြောခဲ့တဲ့စကားတွေပါ။ သတင်းစာဆိုတာ ဘာလဲဆိုတာကို အကျဉ်းချုပ်ပြီးပြောခဲ့သလို ဆရာကြီးဦးဝင်းတင် စကားလုံးနဲ့ဆို သတင်းစာဆိုတာ ပြည်သူတို့ရဲ့ စကားပြန်ဆိုတဲ့ အဓိပ္ပာယ်အထိ သက်ရောက်သွားခဲ့ပါတယ်။ ဒီတော့ သတင်းစာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေအတိုင်း ပြည့်မီဖို့က သတင်းစာကို တာဝန်ယူနေရသူတွေ၊ ရေးသားနေသူတွေရဲ့



တာဝန်ဖြစ်လာပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထုတ်ဝေနေတဲ့ သတင်းစာတွေ၊ သတင်းဂျာနယ်တွေကို မြင်ကြည့်ပြီး ခင်ဗျားတို့နိုင်ငံမှာ သတင်းစာဆိုတာ ရှိသလားလို့ မေးလာမှာကိုတောင် တွေးပြီး လန့်နေပါတယ်။ ဟို သတင်းအနံ့လေး ဖြူးထားတဲ့ စပ်ကူးမတ်ကူး၊ သိုက်တူးဂျာနယ်တွေ စာစောင်တွေကိုတော့ စကားထဲထည့်မပြောတော့ပါဘူးဗျာ။ ဒါကြောင့် စိုးရိမ်မနေကြနဲ့။ ဆက်သာတူးကြ။ အဝီစိရောက်သွားအောင်။ အဲ... ခုနက ဆရာအထောက်တော်လှအောင်ပြောသလို သတင်းစာရဲ့ အဓိပ္ပာယ်နဲ့ အင်္ဂါရပ်တွေ ပြည့်စုံဖို့၊ အဖျက်အမှောင့်မျိုးစုံကြားက ကြိုးစားနေတဲ့ သတင်းဂျာနယ် စာစောင်တွေကိုတော့ လေးစားအသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အခုကပြောချင်တာက နအဖသတင်းစာတွေနဲ့ စစ်အာဏာရှင်တွေရဲ့ မစင်ပုံကို သတင်းစာစက္ကူ၊ ဂျာနယ်စက္ကူတွေနဲ့ လိုက်ပြီးကျုံးပေးနေတဲ့၊ ကလောင်တွေနဲ့ ထပေါင်းပေးနေရတဲ့သူတွေကို ပြောချင်တာ။

အဲ... ကျွန်တော်ပြောတာ ရိုင်းသွားသလား။ မရိုင်းပါဘူး။ ကျွန်တော်က အဖြစ်မှန်ကို မြင်တဲ့အတိုင်း၊ တွေ့တဲ့အတိုင်း တင်ပြပြောဆိုတာပါ။ ရိုင်းတယ်ဆိုရင်တော့ ဘယ်သူမပြု မိမိမှုလို့သာ ယုံလိုက်ကြပါတော့။ မှတ်လိုက်ကြပါတော့။ ဆရာအထောက်တော်လှအောင်က ဘယ်လိုဆက်ပြီးပြောခဲ့ဖူးသလဲဆိုရင် ပြည်သူအချင်းချင်းကြားမှာလည်း ပြောစရာတွေရှိတယ်။ ဆွေးနွေးတိုင်ပင် ညှိနှိုင်းစရာတွေရှိတယ်။ ပြည်သူအချင်းချင်း၊ စည်းလုံးညီညွတ် ခိုင်မာသထက် ခိုင်မာအောင် စကားပြန်လုပ်ပေးရပါတယ်။ သတင်းစာဆိုတာ စည်းရုံးလှုံ့ဆော်နေရပါတယ်။

မမှန်တာမြင်ရင် မမှန်ကြောင်း ထောက်ပြ၊ ကောင်းတာမြင်ရင် ကောင်းကြောင်း မီးမောင်းထိုးပြနေရပါတယ်။ နောက်ပြီးတော့ လောကကြီးဟာ စင်းလုံးချောမနေဘူး။ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားတတ်တဲ့သူတွေ ရှိတယ်။ တိုင်းပြည်နဲ့ လူမျိုးမျက်နှာကို မကြည့်ဘဲ ကိုယ်ကျိုးရှာနေတဲ့သူတွေ ရှိနေတတ်ပါတယ်။ အကျင့်ပျက်သူ၊ တာဝန်ပျက်သူ၊ ခံယူချက်ပျက်သူ၊ ရပ်တည်ချက်ပျက်သူတွေ ရှိနေတတ်ပါတယ်။ ထမ်းဆောင်ချင်လာအောင်၊ လှုံ့ဆော်စည်းရုံးပေးထားတာဟာ သတင်းစာပဲ။

www.burmeseclassic.com



ဒါ ဆရာအထောက်တော်လှအောင် ပြောခဲ့တဲ့စကားတွေပါ။

ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာက သတင်းစာထုတ်ဝေနေတယ်။ အဲဒီသတင်းစာကို ထုတ်ဝေခိုင်းသူ၊ ထုတ်ဝေခွင့်ပြုသူ၊ ဝင်ရောက်ရေးသားနေသူတွေကိုယ်တိုင်က ကိုယ်ကျိုးရှာပြီး တာဝန်ပျက်၊ ခံယူချက်ပျက်၊ ရပ်တည်ချက်ပျက်သူတွေဖြစ်နေတော့တာကိုး။ စကားမစပ် ပြောလိုက်ချင်ပါသေးတယ်။ တချို့လူတွေက တစ်ခါမှ စာမရေးခဲ့ဖူးဘူး။ အခုမှ ထုတ်ဝေသူတို့၊ ပန်းချီဆရာတို့၊ စာဖတ်ဝါသနာပါသူတို့၊ ကာတွန်းဆရာတို့ ဆိုပါတော့။ ဒါပေမဲ့ သူတို့စာရေးလာပြီဆိုရင် အင်မတန်မှခွန်အားရှိတဲ့၊ စကားပြေလှတဲ့၊ ထိမိတဲ့၊ မှန်တဲ့ကန်တဲ့ စာကောင်းပေမွန်ကလေးတွေအဖြစ် တွေ့ရဖတ်ရတယ်။

အဲ… စစ်အာဏာရှင်လက်ထက်မှာလည်း အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ ပေါ်ထွက်လာပါတယ်။ ဒါပေမဲ့ အထက်မှာပြောခဲ့တဲ့အတိုင်း ကလောင်နဲ့ ထယောင်ပေးနေရတဲ့ အလိုတော်ရိစာတွေဖြစ်နေတော့ ဝမ်းနည်းစိတ်ပျက်စရာပါ။ နားနဲ့မနာ ဖဝါးနဲ့နာကြပါဦး။ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့တောင်မှ ဒီလိုစာတွေရေးသားနေတာကို တွေ့ရ ဖတ်ရပါတယ်။ ဒီတော့ ဓမ္မအဆီအနှစ်ကို စာမျက်နှာပေါ်ကနေ နာယူမှတ်သားရမယ့်အစား စစ်အာဏာရှင်တွေရဲ့ အဓမ္မကို ပရိယတ္တိစာဝါနဲ့ ကာဗာလုပ်ထားတဲ့စာတွေပဲ တွေ့ရ၊ ဖတ်ရဖြစ်နေတော့တာပေါ့ဘုရား။ အဲလေ… တွေ့ရ ဖတ်ရ ဖြစ်နေတော့တာပေါ့။

ကိုမင်းကိုနိုင် စစ်အကျဉ်းထောင်ထဲရှိနေစဉ်က ထမင်းမလိုချင်ဘူး၊ သတင်းလိုချင်တယ်လို့ အမှာပါးခဲ့ဖူးပါတယ်။ ကြည့်စမ်း… အကျဉ်းထောင်ထဲက လူက သတင်းလိုချင်တယ်လို့ တောင့်တရင် အပြင်ကလူတွေ ဘယ်လိုတောင့်တကြမလဲ။ ဘယ်လောက်တောင့်တကြမလဲ။ ပြည်သူလူထုဆိုတာ အားလုံးသိချင်တာပဲ။ ဘာလို့သိချင်တာလဲ။ ဒီနေရာမှာလည်း ဆရာအထောက်တော်လှအောင်ရဲ့ စကားကိုပဲ ကိုးကားပါရစေ။

ဆရာအထောက်တော်လှအောင်က ကြည့်သင့်ကြည့်ထိုက်တာတွေ ကြည့်ဖို့၊ မြင်သင့်မြင်ထိုက်တာတွေကို မြင်ဖို့၊ ကြားသင့်ကြားထိုက်တာတွေကို ကြားဖို့ဆိုတာ ပြည်သူတွေရဲ့ တရားမျှတသော မွေးရာပါအခွင့်အရေး



ဖြစ်ပါတယ်လို့ အဲဒီလိုပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ဆရာအထောက်တော်လှအောင်သာ သက်ရှိထင်ရှားရှိနေသေးရင် ဆရာရေ… ကျွန်တော်တို့နိုင်ငံမတော့ သတင်းအမှန်ကို မတင်ပြဘဲ ထမင်းပန်းကန်ကို အရင်မ,တဲ့လူတွေ ပိုပိုများလာပြီလို့သာ ညည်းပြောကလေး ပြောမိဦးမယ်ထင်ပါရဲ့။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# မယားတရားစီရင်ခန်း

စစ်သီချင်းသံတွေက နေ့စဉ်နေ့တိုင်း တီဗွီထဲက ထွက်ကျနေတယ်။ စစ်ခေါင်းဆောင်တွေရဲ့ သားသမီး မြေးမြစ်တွေနဲ့ ရေပေါ်ဆီအသိုက်အဝန်းတွေကို အလုပ်အကျွေးပြုပေးရတဲ့ မြစ်ကူးတံတားတွေ၊ အကျိုးတူစီးပွားဖက်ဟိုတယ်တွေ၊ ကုမ္ပဏီတွေ၊ ဘီယာဆိုင်တွေ၊ ပြည့်တန်ဆာခန်းတွေ၊ အရည်အသွေးညံ့ဖျင်းလှတဲ့ ဓာတ်မြေဩဇာတွေကို အာဏာအလွဲသုံးစားလုပ်ပြီး လူထုကို အဓမ္မရောင်းချနေတာတွေ၊ ဘာပဲလုပ်လုပ် အမြတ်ထုတ်ရမယ်။ ကိုယ်ကျိုးစီးပွားရှာရမယ်ဆိုပြီး စာရိတ္တတွေ ယိုစီးပေါက်ပြဲနေတဲ့ ဌာနဆိုင်ရာအားလုံးက ဝန်ထမ်းတွေ၊ ရွှေကျောင်းပြောင်ပြောင်နေရပေမဲ့ သီလခေါင်ခေါင်ဖြစ်သွားရတဲ့ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကျော်တွေ၊ စစ်ဗိုလ်ချုပ်တွေရဲ့ ငယ်မွေးခြံပေါက် အကြမ်းဖက်အသင်းအပင်းတွေ၊ အရင်းအနှီးဆိုလို့ ခန္ဓာကိုယ်ပဲရှိတော့ ဒါကလေးထုခွဲရောင်းချနေကြရရှာတဲ့ မိန်းမငယ်တွေ၊ ရှေ့တန်းစစ်မြေပြင်မှာ တောကျင့်တော်ကြဲ ကြဲကြတဲ့ စစ်သားတွေ၊ ဗာလာနံတွေမှာ အနာဂတ်မရှိစေရအောင် စွမ်းဆောင်ရင်း စစ်အကျဉ်းထောင်ထဲရောက်နေကြရတဲ့သူတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ အခြေခံပညာကျောင်းတွေ ပေါများနေပေမဲ့ ပညာရေးချည့်နဲ့နေတဲ့ မျိုးဆက်သစ်တွေ ဒီကြားထဲ ပညာဆက်ကြေးကောက်ယူနေသေးတဲ့ နာယကဂုဏ်ပျက်ဆရာဆရာမတွေ၊ အကျယ်ချုပ်ကျခံနေရတဲ့ ငြိမ်းချမ်းရေးသမားတွေနဲ့ သောင်ပြင်မှာလွှတ်နေတဲ့ ဒီပဲယင်းတရားခံတွေ၊ ဒါတွေအားလုံးနဲ့ မြန်မာနိုင်ငံဟာ ဘယ်အရပ်ကို သွားနေသလဲ။ သေချာတာကတော့ တိုင်းပြည်ဟာ စစ်ယူနီဖောင်းတွေအောက်မှာ တစ်စစီကျိုးပဲ့နေတာပါပဲ။



ရှိပါသေးတယ်။ နောက်ဆုံးတစ်နေ့ တိုင်းပြည်အပျက်အစီးပုံကြီးကို ကျောခိုင်းပြီး ထွက်ခွာသွားနိုင်ဖို့ မိသားစုတစ်သက်စာ စုဆောင်းထားတဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ အဲဒီစစ်ဗိုလ်ချုပ်တွလုပ်သမျှ အားလုံးကောင်းပါသည် ခင်ဗျားလို့ ကလောင်တွေနဲ့ ထဟောင်ပေးနေတဲ့ ဟုတ်ကဲ့… သည်းခံပါ ခင်ဗျာ။ ကလောင်တွေနဲ့ ထအော်ပေးနေတဲ့ စာရေးဆရာဇာတ်ပျက်တွေက ရှိပါသေးတယ်။ ဒါတင်ပဲလားဆိုတော့ နိုင်ငံရေးတစ်ပွဲတိုးနဲ့ ကိုယ်ကျိုးစီးပွားရှာချင်တော့ လက်သီးလက်မောင်းတန်းခဲ့ကြ၊ ဒီမိုကရေစီအရေးက နေးကွေးလာတော့ အာဏာရှင်နဲ့ပေါင်းပြီး မဲဆန္ဒရှင်လူထုကို ရင့်ရင့်သီးသီး စော်ကားခဲ့ကြတဲ့ တစ်ဘဝစာ နိုင်ငံရေးသမားတွေကလည်း ရှိသေးတယ်။ ဒီတော့ ခုနကပြောသလိုပဲ တိုင်းပြည်က စစ်ယူနီဖောင်းတွေအောက်မှာ တစ်စစီကျိုးပဲ့နေရတာပေါ့။

နိုင်ငံမှာ တာဝန်ရှိတဲ့လူတွေဆိုတာ တိုင်းပြည်ကို ဘာတွေပေးရမလဲ။ လူထုကို ဘာတွေဖြည့်ဆည်းရမလဲလို့ အမြဲစဉ်းစားနေကြရတာပါ။ ခုတော့ မြန်မာနိုင်ငံမှာဖြစ်နေတာက အမြင့်ဆုံးစစ်ဗိုလ်ချုပ်ကြီးတွေကနေ အနိမ့်ဆုံး ရဲဘော်ကလေးအထိ လူထုဆီက ဘာယူရမလဲ။ တိုင်းပြည်အပေါ်ကနေ ဘာတွေအမြတ်ထုတ်ရမလဲဆိုတာပဲ စဉ်းစားနေကြတာကိုး။

ဒီကြားထဲမှာ ဝက်ခြံကို အနာလုပ်နေရတဲ့ အမျိုးသမီးရေးရာအဖွဲ့ကလည်း ရှိသေးတယ်။ ဘာလို့ အဲဒီလိုပြောရသလဲဆိုတော့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က နန်းဆိုင်နောင့်က ဒီဗွီဘီနဲ့ ဆက်သွယ်မေးမြန်းခန်းမှာ…

'အမျိုးသမီးရေးရာအဖွဲ့အနေနဲ့ လုပ်သင့်တာတွေကတော့ အများကြီးပဲရှိပါတယ်။ ဥပမာ အမျိုးသမီးတွေ အကြမ်းဖက်ခံရတဲ့ကိစ္စပေါ့။ အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာဖြစ်နေတဲ့ နအဖစစ်တပ်ရဲ့ ကျူးလွန်မှုတွေ၊ တခြားအမျိုးသမီးတွေအပေါ်မှာ အကြမ်းဖက်မှုအမျိုးမျိုးကျူးလွန်နေတာတွေကို အသေအချာ document လုပ်ထားတာတွေရှိတယ်။ အဲဒါတွေကို ဘာတစ်ခွန်းမှ မပြောသေးဘူး။ နောက်ပြီး စီးပွားရေးချွတ်ခြုံကျလို့ အတွက် မြန်မာနိုင်ငံက ပြည်သူတွေဟာ နယ်စပ်ဒေသကို ရောက်လာကြတယ်။ အဲဒီအထဲမှာ ၅၀ ရာခိုင်နှုန်းလောက်ရှိတဲ့ အမျိုးသမီးတွေဟာလည်းပဲ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နည်းသူတို့ဟန်နဲ့ အလုပ်တွေရှာရင်းနဲ့ အရောင်းစားခံရတာတွေ ရှိမယ်။ လိင်လုပ်ငန်းတွေမှာ ဝင်ရောက်လာရတဲ့အခြေအနေတွေကို ခွင့်ပြုထားတာပဲ။ အဲတော့ အမျိုးသမီးရေးရာအဖွဲ့ကလည်း တကယ့်အမျိုးသမီးရေးရာ စစ်မှန်တဲ့လုပ်ငန်းတွေ လုပ်ပေးရမှာပဲ။ တကယ်တမ်းမှာ ဘာမှထိရောက်တဲ့လုပ်ငန်းတွေလုပ်တာ မရှိပါဘူး' လို့ ပြောခဲ့ပါတယ်။

အမှန်က နိုင်ငံတကာအမြင်ကောင်းအောင် ကတော်အပေါင်းကို တံဆိပ်တပ်ပေးထားတဲ့ အမျိုးသမီးရေးရာအဖွဲ့ကြီးပါ။ ပြည်တွင်းမှာလည်း ပဝါနှစ်စအသာချပြီး တိုင်းခန်းလှည့်လည်ရုံကလွဲလို့ ထိရောက်တဲ့ လုပ်ငန်းဆောင်တာ မရှိ။ မရှိရှိတဲ့အလုပ်လုပ်တော့လည်း အဖွဲ့ဝင်သစ်တွေကို အခမွှသွတ်သွင်းပြီး ဝင်ကြေးကောက်၊ ဝတ်စုံရောင်းဆိုတဲ့အလုပ်တွေ လျှောက်လုပ်တော့ လူထုခမျာ ဒုက္ခရောက်ရရှာပြန်ပါရော။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က နန်းဆိုင်နောင့်ပြောသလိုပဲ နအဖအမျိုးသမီးရေးရာအဖွဲ့အနေနဲ့ လုပ်မယ်ဆိုရင် အလုပ်တွေက တစ်ပုံကြီး။ စစ်အာဏာရှင်တစ်စုရဲ့ ညံ့ဖျင်းတဲ့စီမံခန့်ခွဲမှုကြောင့် ချွတ်ခြုံကျလာတဲ့ လူမှုစီးပွားတွေကို ဖာထေးဖို့ ရေကြည်ရာ မြက်နုရာထွက်ပြီး အလုပ်လုပ်ကြရာမှာ အများဆုံးက အမျိုးသမီးတွေပါ။ ဒီအမျိုးသမီးတွေ အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်လုပ်ကြရာက အမျိုးမျိုးသောဆုံးရှုံးမှုတွေကြုံရတိုင်း အဲဒီနအဖအမျိုးသမီးရေးရာအဖွဲ့ကြီးက ဘာတွေပံ့ပိုးကူညီနိုင်လို့လဲ။ ဟိုဘက်နိုင်ငံနဲ့ ဒီဘက်နိုင်ငံကို ထမင်းစားရေသောက် ကူးလူးနေတဲ့သူတွေကို ဖမ်းလူကုန်ကူးမှုကြီးကိုပဲ အချိန်မီထိန်းချုပ်တားဆီးနိုင်လိုက်သလို သတင်းတွေထုတ်၊ အင်တာဗျူးတွေ လုပ်။ ကဲ… နအဖစစ်သားတွေရဲ့ ခြေတော်တင်မှုတွေ တစ်သီကြီးကြောင့် ဘဝပျက်ရရှာတဲ့ အမျိုးသမီးတွေအရေးကျတော့ နိုင်ငံတကာက မေးမြန်းလာတိုင်း လူကြီးတွေတန်မဲ့ ဘူးမှုတ်နေတာပဲ မဟုတ်လား။

ဟော… ခုတော့ဖြင့် အဲဒီလို မယောင်ရာဆီလူး ဝက်ခြံကို အနာလုပ်တယ်လို့ ပြောလို့လား မသိဘူး။ မအူပင်နည်းပညာကောလိပ်က ကျောင်းသားလေး ၂ ဦး လူငယ်တို့သဘာဝ ချစ်စကားဖွဲ့တဲ့ကိစ္စကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင် မယကဥက္ကဋ္ဌကတော်က ပုံကြီးချဲ့လိုက်တော့ လူငယ်နှစ်ဦးရဲ့ ပညာရေးလည်း ဆွံ့အသွားရရော။



တစ်ခါ အာဏာပိုင်တွေရဲ့ မတရားတဲ့အမိန့်၊ အခမွှခိုင်းစေမှုတွေကို မခံရပ်နိုင်လို့ ပြန်လည်တရားစွဲတဲ့အမှုတွေကို စစ်ဆေးတဲ့အခါ တရားစီရင်ရေးက ကြန့်ကြာနေသလောက် အခု ကျောင်းသားလေး ၂ ဦးအမှုကျတော့လည်း မြန်လွန်းလိုက်တာ။ စနေနေ့မှာ ပြဿနာဖြစ်၊ တနင်္ဂနွေနေ့မှာ ဖမ်း၊ တနင်္လာနေ့ ထောင်ချလိုက်သတဲ့။ ဆိုတော့ မြန်တာလည်း မပြောနဲ့လေး အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင်က မယကဥက္ကဋ္ဌကတော်ကိုး။

ဒီတော့လည်း ဘယ့်နှယ်… မဟောသဓာလက်ထက်က သားတရားစီရင်ခန်းပဲ ရှိတယ်။ အခု နအဖလက်ထက်မှာတော့ မယားစီရင်ခန်းကြီးပါလားလို့ သက်ပြင်းချလိုက်ရတော့တာပေါ့ ခင်ဗျာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# နအဖရှိခိုး ပုဆိန်ရိုး

အခွင့်အရေးရရင် ရသလို သမိုင်းကို ကြွေးတင်ခံပြီး နအဖရှိခိုး ပုဆိန်ရိုးတွေကို ဒီနေရာကနေ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။ ကျွန်တော်တို့ဟာ စစ်အာဏာရှင်အဆက်ဆက် နိုင်ငံတော်အကြမ်းဖက်သမား၊ အမျိုးသားသစ္စာဖောက်တွေရဲ့ ရိုင်းပျယုတ်မာ၊ ကြမ်းကြုတ်ရက်စက်တဲ့ နည်းမျိုးစုံဖိနှိပ်မှုအောက်ကနေ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့၊ လူထုဘဝတွေ လွတ်လပ်မျှတတဲ့ အခွင့်အရေးပြည့်ဝတဲ့ ရှင်သန်ရပ်တည်မှုတွေ ပွင့်လင်းလာဖို့၊ ကမ္ဘာကြီးထဲမှာ နိုင်ငံနဲ့ မျိုးဆက်သစ်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး မထားပစ်နိုင်ကြလို့ စစ်အာဏာရှင်စနစ်ကျဆုံးရေးကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နေကြတာပါ။ အခုတော့ တပ်မတော်ထဲက ထွက်လာတဲ့လောက်တွေရဲ့ အမျိုးသားသစ္စာဖောက်လုပ်ငန်းတွေမှာ အခွင့်အရေးရရင်ပြီးရော ပေါင်းပြီး ထောက်ခံနေကြ။ နိုင်ငံတော်အကြမ်းဖက်သမားတွေရဲ့ ဒီပဲယင်းလုပ်ကြံမှုကြီးကို ဖုံးဖိအာရုံလွှဲရေးမှာ ပူးပေါင်းပါဝင်ပြီး နအဖယူနီဖောင်းကို ဖုန်ခါပေးနေကြ။ အမျိုးသားညီလာခံကို ပြန်လည်အသက်သွင်းဖို့ကြိုးစားတဲ့အခါ နအဖအလိုကျ ခေါင်းပေါင်းစတလူလူလွှင့်ဖို့ အသင့်ပြင်နေသူတွေက ပြင်ကြနဲ့။ နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို မေ့ပစ်ရဲနေကြပါတယ်။ ဒီမြေ ဒီရေပေါ်မှာ မွေးပြီဆိုရင် ဒီနိုင်ငံတော်ရဲ့ကျေးဇူးကို သိတတ် မြင်တတ်ရသလို လူသားရဲ့ သမိုင်းဆိုင်ရာတာဝန်ကို ရတဲ့နေရာ၊ နိုင်တဲ့အလုပ်၊ စွမ်းနိုင်တဲ့ အားအင်နဲ့ ကျေပွန်ကြရပါမယ်။ သို့သော် အသည်းကြားက မဲပြားတွေထုတ်ပေးပြီးမှ ပြည်သူတွေရင်ဘတ်နာပြီး ကျိန်ရစ်ခဲ့ရတဲ့၊ ပါတီက ထုတ်



ပစ်ခံရသူ၊ လွှတ်တော်ကိုယ်စားလှယ် သမိုင်းအမှိုက်ထုပ်တွေလည်း ရှိသလို စာကလေး တစ်လုံး၊ နှစ်လုံးရေးတတ်ရင် နအဖမစင်ကိုတောင် စားခွဲချင်ကြတဲ့သူတွေကလည်း ရှိနေကြပြန်ပါတယ်။ ဒီမိုကရေစီစနစ်ထွန်းကားဖို့ ကြာလေလေ တိုင်းပြည်နာလေလေပဲ။ စီးပွားရေး တစ်နေ့ထက်တစ်နေ့ ကျနေတယ်ဆိုတာ ကျွန်မတို့ပြည်သူတွေအားလုံးသိတယ်။ ဒီလိုအခြေအနေမှာ တိုင်းပြည်တစ်ပြည်ဟာ ထပ်ပြီးတော့ ကြာကြာနေလို့ရှိရင် ပြည်သူလူထု အများကြီး ဒုက္ခရောက်မှာပဲ။ စီးပွားရေးနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့မရဘူး။ ဒီနိုင်ငံရဲ့ စီးပွားရေးစနစ် ညှံ့ဖျင်းနေတာဟာ နိုင်ငံရေးစနစ်ညံ့ဖျင်းလို့ပဲဖြစ်တယ်။ ဒါ ဒီပဲယင်းလုပ်ကြံမှုကြီးမဖြစ်ခင် မေလ ၂၉ ရက်နေ့ည မုံရွာမြို့ ဆိုင်းဘုတ်တင်ပွဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသွားတဲ့ မိန့်ခွန်းထဲကနေ ကောက်နုတ်ဖော်ပြတာပါ။ ဒီတော့ စီးပွားရေးစနစ်ညှံ့ဖျင်းနေတာဟာ နိုင်ငံရေးစနစ် ညှံ့ဖျင်းလို့။ အဲ... ဒါပေမဲ့ ဒီအညှံ့အဖျင်းနိုင်ငံရေးစနစ်ကြီးက အရည်အချင်းမဲ့တဲ့ ဗိုလ်ချုပ်ကြီးတွေအတွက်တော့ မျိုးမျိုးမြက်မြက်အချောင်ရလိုက်တဲ့ အထုပ်ကြီးဖြစ်နေပါတယ်။ အဲ... ဒီမိုကရေစီကို ပုံတူကူးချလို့မရဘူး။ ပါးစပ်က ပြောပြောနေတဲ့ ဗိုလ်ချုပ်ကြီးအကြမ်းဖက်သမားတို့ဟာ စစ်အာဏာရှင်စနစ်ကိုတော့ ဗိုလ်နေဝင်းဆီကနေ အထုပ်လိုက်ခိုးယူလာတာပါ။ ဒါကြောင့်လည်း မုသာဝါဒ လမ်းညွှန်ချက်နဲ့ စစ်အာဏာရှင်စနစ်ကို အသက်ဆက်နေတာဖြစ်ပါတယ်။ ဒါတွေကို မသိမမြင်ဘဲ ကိုယ့်သားစဉ်မြေးဆက်နဲ့ ကိုယ့်နိုင်ငံတော်အနာဂတ် ဘယ်လောက်အထိ နာကျင်နေရဦးမယ်ဆိုတာကို မတွေးတောဘဲ နအဖပြောသမျှ အဟောဝတ အဟောဝတလုပ်နေသူများကို ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါတယ်။ ကဲ... ရက်စက်ကြမ်းကြုတ်ပြီး အရည်အချင်းမဲ့တဲ့ အမျိုးသားသစ္စာဖောက် ဗိုလ်ချုပ်ကြီးတို့ ဖန်တီးတဲ့ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု၊ ဒါဟာ လူထုခေါင်းဆောင်တွေနဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို အပြီးသတ်ချေမှုန်းတာပါ။ ပြောရရင် ဒီမိုကရေစီစနစ်ကို အမြစ်ဖြတ်ဖို့ တိတိကျကျပြင်ဆင်လုပ်ကြံတာပါ။ ဗိုလ်ချုပ်ကြီးတို့ သတ်မှတ်ထားတဲ့အတိုင်း မအောင်မြင်ခဲ့ပေမဲ့ နိုင်ငံမျိုးဆက်သစ်တွေအတော်များများ သွေးမြေကျခဲ့ရပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ထက်ပိုပြီး စွမ်းဆောင်နိုင်သူတွေ လူရမ်းကားလတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင့် ကိုယ့်ထက်စောပြီး အသက်ပေးသွားကြတာကို နာကျင်ကြေကွဲလို့ မဆုံးပါဘူး။ စဉ်းစားကြည့်ပါ။ လူဟာ ကိုယ်စီကိုယ်ငပါလာကြတဲ့ သမိုင်းတာဝန်ကို ကောက်ရိုးတစ်မျှင်လောက်တောင် မစွမ်းဆောင်နိုင်ရင် အဲဒါ သမိုင်းမှာ အကြွေးတင်ခံရတော့တာပါပဲ။ အဲဒီအကြွေးဟာ ကြီးကျယ်ရင် ကြီးကျယ်သလောက်၊ အမှားများရင် များသလောက် မျိုးဆက်တွေ ထိုးကျွေးပြီး ဆပ်ရပါတယ်။ လူသားအဖြစ် ကိုယ်တစ်ယောက်တည်း မွေးလာတာမဟုတ်သလို ပြန်ထွက်သွားတော့လည်း တစ်ယောက်တည်းမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့်မိသားစု တစ်နိုင်တစ်ပိုင်အရေးကနေ ဆက်စပ်နေတဲ့ နိုင်ငံတော်၊ လူထုနဲ့ မျိုးဆက်သစ်အရေးကို မျက်ကွယ်ပြုပြီး အခွင့်အရေးရရင် ရသလို သမိုင်းကို ကြွေးတင်ခံနေကြတဲ့ နာအဖရှိခိုး ပုဆိန်ရိုးတွေကို ဒီနေရာကနေ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါတယ် ခင်ဗျာ။

❖ ❖ ❖

# သေနတ်နဲ့ မူသာဝါဒအပေါ် အခြေခံထားတဲ့ စစ်အာဏာရှင်တွေအတွက် မူသာဝါဒတွေ ထပ်ဆင့်ဖြန့်ဖြူးပေးနေဦးမှာလား

ဒီဗွီဘီ၊ ၇၊ အောက်တိုဘာ၊ ၂၀၀၅

တိုင်းသူပြည်သားတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်နေတဲ့ အရာရှိတွေ ချယ်လှယ်တဲ့ စနစ်ဆိုးတစ်မျိုးရှိနေရင် အများပြည်သူတို့ဆန္ဒနဲ့ လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်ဘဲ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးတွေပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး။ ဒီအဆိုအမိန့်ကတော့ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားခဲ့တဲ့ မိန့်ခွန်းဖြစ်ပါတယ်။

ဒီတော့ ဒီမိန့်ခွန်းပါ အချက်အလက်တွေနဲ့ ဒီကနေ့ မြန်မာနိုင်ငံ အခြေအနေကို ယှဉ်ထိုးကြည့်လိုက်တဲ့အခါ နဝတ၊ နအဖစစ်ဗိုလ်ချုပ်တွေ ဒီမိုကရေစီရေး ဆောင်ရွက်နေပါတယ်လို့ ပြောဆိုနေတာဟာ အပြောနဲ့ အလုပ် အထာမကျတဲ့ ဟာသကြီးဖြစ်သွားပါတော့တယ်။ ပြောရရင် သေနတ်နဲ့ မူသာဝါဒအပေါ် အခြေခံထားတဲ့ စစ်အာဏာရှင်တွေရဲ့ လုပ်ရပ်တာ ဘယ်လိုလုပ်ပြီး ပြည်သူလူထုဆန္ဒနဲ့ ကိုက်ညီနိုင်မလဲ။ ဘယ်လိုလုပ်ပြီး ပြည်သူလူထုနဲ့ တစ်သားတည်းဖြစ်မလဲ။ ဘယ်လိုလုပ်ပြီး ဒီမိုကရေစီဝါဒ ခေတ်ထလာနိုင်တော့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အစစ်ကြီးပါလို့ လိမ်ညာထားရသူတွေက ဒီအလိမ်အညာတွေဟာ အမှန်ပါပဲလို့ အများသူငါလက်ခံလာအောင် ဆောင်ရွက်နေသေးတာမို့ အတုအယောင်လုပ်ရပ်တွေ၊ အများသူငါ သွေးနားထင်ရောက်စေမယ့် စကားလုံးတွေကလည်း နားနဲ့ မျက်စိကြားမှာ ထားစရာနေရာ မရှိတော့သလောက် ဖြစ်လာနေပါပြီ။ ဒီတော့ အာဏာရှင်တွေရဲ့ ဖုံးကွယ်လိမ်ညာမှုတွေ၊ တရားမဲ့လုပ်ရပ်တွေကို အမှန်တရားအပေါ် ချစ်တဲ့စိတ်၊ ယုံကြည်တဲ့စိတ်၊ အမှန်တရားကြောင့် ရရှိလာမယ့် အကျိုးတရားတွေကို မျှော်လင့်တဲ့စိတ်တွေနဲ့သာ ခံတပ်လုပ်ပြီး ဖယ်ရှားမောင်းမထုတ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ဘယ်နေရာရောက်သွားမလဲ၊ ဘာဖြစ်သွားမလဲ။ သေချာတာကတော့ ကျွန်တော်တို့ဟာ မုသာဝါဒကို စားသုံးသူတွေဖြစ်လာနေသလို တစ်ချိန်တည်းမှာပဲ ထပ်ဆင့်ဖြန့်ဝေပေးနေသူတွေလည်း ဖြစ်သွားပါတော့တယ်။ စဉ်းစားကြည့်ပါ။ သူတစ်ပါးရဲ့ အလိမ်အညာကို ခေါင်းငုံ့ခံပြီး အဲဒီအလိမ်အညာတွေကို ထပ်ဆင့်ထုတ်လုပ်၊ ဖြန့်ဖြူးပေးလိုက်သေးတယ်ဆိုတော့ လူသားမဟုတ်တော့ဘဲ လူသားအဖြစ်က ရာနှုန်းလျော့သွားတဲ့ လားတူကြီးဖြစ်မနေပေဘူးလား။

ရုပ်မြင်သံကြား၊ သတင်းစာနဲ့ ရေဒီယိုတွေထဲမှာ စစ်အာဏာရှင်တွေပြောသမျှ မစားရ ဝခမန်း အလိမ်အညာတွေကို လိုက်ပြီးသွားရည်ကျနေမယ့်အစား ဒီစစ်အာဏာရှင်စနစ်အတွင်းမှာ ကျွန်တော်တို့ ဂုဏ်သိက္ခာရှိရှိ နေနိုင်သလား။ ဒီစနစ်ဟာ လူထုနဲ့ တိုင်းပြည်အပေါ် ဘယ်လောက်၊ ဘယ်လို အကျိုးပြုနိုင်သလဲ။ အခု ဘယ်လောက်အကျိုးပြုနေသလဲ။ ကိုယ့်နိုင်ငံမှာ ရှိနေတဲ့ ဒီစနစ်ဟာ အခြားတိုင်းပြည်မှာရှိနေတဲ့ စနစ်တွေနဲ့ နှိုင်းယှဉ်ရင် လူမြင်သူမြင် ခံရဲသလား။ ဒီလို စဉ်းစားကြရပါမယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုပြောဖူးသလဲဆိုတော့ သိက္ခာရှိတဲ့အစိုးရဆိုရင် စဉ်းစားရမှာက ကိုယ်လုပ်တာမှန်သလား၊ မှားသလား။ အဲဒီအမှန်အမှားကို သိချင်ရင် တိုင်းပြည်အခြေအနေကို ကြည့်။ တိုးတက်သလား၊ မတိုးတက်ဘူးလား၊ ကောင်းသလား မကောင်းဘူးလား။ ပြည်သူလူထုအခြေအနေ ကောင်းသလား၊ မကောင်းဘူးလား။ အဲ··· ပြည်သူလူထုက မိမိကို ထောက်ခံသလား၊ မထောက်ခံဘူး



လား။ ဒါကိုသိဖို့က ပြည်သူလူထုကို လွတ်လပ်ခွင့်ပေးကြည့်လိုက်။ လွတ်လပ်စွာပြောဆို၊ စည်းရုံး၊ သွားလာ၊ ရေးသားခွင့် ပေးလိုက်။ အဲဒီအခွင့်အရေးတွေ မပေးဘူးဆိုရင် အဲဒီအစိုးရဟာ မိမိကိုယ်မိမိ မယုံကြည်လို့ပဲဆိုပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဖူးပါတယ်။

ဒီတော့ မြန်မာနိုင်ငံမှာက အစိုးရလည်း မဟုတ်၊ အစိုးရလုပ်ချင်နေတဲ့ စစ်အာဏာရှင်။ အဲဒီ စစ်အာဏာရှင်ကလည်း မတရားဖိနှိပ်ရမ်းကား၊ ကန့်သတ်ချုပ်ချယ်၊ လူ့အခွင့်အရေးချိုးဖောက် စသဖြင့် ကျူးလွန်နေသူဆိုတော့ စဉ်းစားကြည့်။ ပြည်သူလူထုနဲ့ပတ်သက်ရင် သူတို့ကို ဘယ်လိုလုပ်ယုံလို့ရမလဲ။ အဲဒီလို ပြည်သူလူထုက သူတို့ကို မယုံကြည်သလို၊ သူတို့ကလည်း သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိတာမဟုတ်ပါဘူး။ မယုံလို့လည်း လွတ်လပ်စွာပြောဆို၊ ရေးသား၊ စည်းရုံးလှုပ်ရှားခွင့် မြန်မာနိုင်ငံမှာ မရှိတာပဲပေါ့။

• ဒီတော့ ကိုယ့်ကိုယ်ကိုယ်တိုင်တောင်မှ မယုံကြည်သူတွေရဲ့ အလိမ်အညာကို ခေါင်းငုံ့ခံပြီး မုသာဝါဒသုံးစွဲသူနဲ့ မုသာဝါဒဖြန့်ဝေပေးသူအဖြစ် အာဏာရှင်စနစ်ထဲမှာ ဆက်လက်နစ်မွန်းနေကြတော့မှာလား။ ပြန်လည်စဉ်းစားကြပါဦးလို့ ဒီကနေ့ စစ်အာဏာရှင်တွေအလိုကျ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကပြနေကြသူအားလုံးကို လူသားအကျိုးမျှော်ပြီး နှိုးဆော်လိုက်ရပါတယ်ခင်ဗျာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားအစိုးရတဲ့လား

အမျိုးသားအစိုးရတဲ့။

ကောင်းလိုက်တဲ့စကားလုံး။ ဖတ်မိတဲ့ပါးစပ်တောင် ပျားသလက် ဖြစ်သွားနိုင်သလို ကြားရတဲ့ နားတွေမှာလည်း သကာရည်တွေ လျှံထွက်လာမလားအောက်မေ့ရတဲ့ စကားလုံးပါ။ ကဲ··· ဒီစကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုတော့ရော။

ကျွန်တော့်အနေနဲ့ကတော့ ဉာဏ်မမီဘူးပဲ ပြောရမလား မသိဘူး။ နားထဲမှာ မရှင်းမလင်းဖြစ်နေတယ်။ ဒါနဲ့ အမျိုးသားအစိုးရဆိုတာ အမျိုးသားတွေနဲ့ပဲ ဖွဲ့ထားတဲ့အစိုးရဖြစ်မှာပေါ့လို့ စိတ်ထဲမှာပဲ တွေးလိုက်မိတယ်။ အဲ··· နောက်တစ်ခုလည်း ရှိနိုင်သေးတယ်။ အမျိုးသားအစိုးရဆိုတာ နိုင်ငံခြားသားတွေမဟုတ်တဲ့ နိုင်ငံသူ နိုင်ငံသားစစ်စစ်တွေက အုပ်ချုပ်တာဖြစ်မှာပေါ့လို့။ ဒါပေမဲ့ မဟုတ်ပါဘူးတဲ့။ ဟုတ်ကဲ့··· မဟုတ်ပါဘူးလို့ ငြင်းလိုက်တာက မြန်မာစစ်အာဏာရှင်တွေ ထုတ်ဝေနေတဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာထဲက ဆောင်းပါးရှင်မောင်စေတနာဆိုတဲ့ ပုဂ္ဂိုလ်က ငြင်းလိုက်တာပါ။ ဒါနဲ့ ဆက်ပြီးဖတ်ကြည့်ရတော့တာပေါ့။ ဒီလောက်ကောင်းတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို သိပ်ပြီးသိချင်နေတာကိုး။

နိုင်ငံအတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စကိုသာလျှင် ဦးစားပေးလုပ်ဆောင်ပေးသော အစိုးရမျိုးကိုသာ အမျိုးသားအစိုးရဟု ခေါ်သည်တဲ့။ အမျိုးသား



အစိုးရသည် ဖော်ပြပါအခြေခံလိုအပ်ချက်များကို ဖော်ဆောင်ပေး၏။ ဤသို့ပြုခြင်းကို အမျိုးသားဒီမိုကရေစီဖော်ဆောင်ခြင်းဟုခေါ်၏ တဲ့။ မှတ်သားလောက်စရာပါ။ အဲ··· ရှိသေးတယ်ဗျ။ ဆောင်းပါးရှင်က ဘယ်လိုဆက်ရေးထားသလဲဆိုတော့ တည်ဆဲအစိုးရသည် အရေး ၃ ပါးကို ဦးထိပ်ထားပြီး ဖော်ပြပါအခြေခံလိုအပ်ချက်များကို ဖော်ဆောင်နေသည်။ ထို့ကြောင့် ၎င်း၏ဝါဒမှာ အမျိုးသားရေးဝါဒဖြစ်၏တဲ့။

အင်း··· တည်ဆဲအစိုးရဆိုတာကြီးကလည်း ဗီဒီယိုဇာတ်လမ်းပြနေတုန်း ကြော်ငြာဝင်ဝင်ထိုးသလိုဖြစ်နေပြန်တယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ဆောင်းပါးတစ်ပုဒ်လုံးဖတ်ပြီးတဲ့နောက် နအဖဟာ တည်ဆဲအစိုးရပါလို့ ကြော်ငြာတာပါပဲ။ ကဲ··· အစိုးရကလည်း ဖြစ်ချင်၊ ဖြစ်ချင်တဲ့အစိုးရကလည်း အမျိုးသားအစိုးရတဲ့။

နေပါဦးဗျ။ သူတို့ကိုယ်တိုင် အဓိပ္ပာယ်ဖွင့်ထားတဲ့ အမျိုးသားအစိုးရဆိုတဲ့ စကားလုံးကို ပြန်ကြည့်ကြရအောင်ပါ။ နိုင်ငံအတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက်ဖြစ်သောတစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စကိုသာလျှင် ဦးစားပေးလုပ်ပေးသော အင်း··· စိတ်ညစ်တယ်။ စိတ်ညစ်တယ်။ စိတ်ညစ်တဲ့အထဲမှာ အဲဒီဆောင်းပါးရှင်တွေလည်း ပါတယ်။ ကိုယ့်ပညာနဲ့ ကိုယ့်အတွေးအခေါ်ကို အမှန်တရားနဲ့ မှတ်ကျောက်မတင်ဘဲ သဲထဲရေသွန်ဆိုသလို စစ်ယူနီဖောင်းပေါ်မှာ စာရေးဆရာဖြစ်လာတဲ့သူတွေလည်း အဲဒီစိတ်ညစ်ရတဲ့အထဲမှာ ပါတယ်။ နောက် ကိုယ်တိုင်က အသိအတတ်ပညာရှင် ကိုယ့်ဘဝနဲ့ရင်းပြီး ကိုယ့်တိုင်းပြည်ပိုက်ဆံနဲ့ရင်းပြီး တတ်မြောက်ထားတဲ့ ပညာတွေကျတော့ တိုင်းပြည်နဲ့ လူထုအတွက် အသုံးမပြုဘဲ စစ်အာဏာရှင်တွေရဲ့ သွေးပုရပိုက်ပေါ်မှာ ကမ္ပည်းတင်ပေးနေတဲ့ ပုဂ္ဂိုလ်ကြီးများကလည်း အဲဒီသိပ်သိပ်စိတ်ညစ်ရတဲ့အထဲမှာ ပါနေပြန်တယ်။ ထားပါဦး။

နိုင်ငံအတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စကိုသာလျှင် ဦးစားပေးလုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသောဆိုတဲ့အချက်ကိုထောက်ပြီး ဟဲ… ဟဲ… အမျိုးသားအစိုးရဖြစ်ချင်နေတဲ့ နဝတ နအဖ စစ်အာဏာရှင်အုပ်စုရဲ့ လုပ်ရပ်တွေကို ပြန်ကြည့်ပါ။ နိုင်ငံအတွင်းမှာရှိတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအပ်ချက်က စစ်အာဏာရှင်စနစ်တော့ မဟုတ်တန်ပါဘူး။ အာဏာသိမ်းပြီး ကတိမတည်တဲ့ လူတစ်စုရဲ့ အုပ်ချုပ်မှုကို လိုချင်နေတာလည်း မဖြစ်နိုင်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ အမျိုးသားလွတ်မြောက်ရေးသမိုင်းတစ်လျှောက်က ခေါင်းဆောင်တွေနဲ့ အဲဒီသမိုင်းအမှန်တွေကို ဖျက်ဆီးပစ်နေတဲ့ လူတစ်စုကိုလည်း လိုချင်နေမှာမဟုတ်ပါဘူး။ ပြီးတော့ အာဏာရှင်လူတစ်စုရဲ့ အကျိုးစီးပွားအတွက်ပဲ အလုပ်အကျွေးပြုနေတဲ့ တရားဥပဒေကိုလည်း လိုချင်နေတာမဟုတ်ပါဘူး။ နိုင်ငံသားတစ်ယောက်ကို မတရားတဲ့စွပ်စွဲမှုတွေနဲ့ ခပ်လွယ်လွယ်သတ်ပစ်နေတဲ့ တရားဥပဒေစိုးမိုးမှုတွေကိုလည်း လိုချင်နေမှာမဟုတ်ပါဘူး။ မယုံရင် နိုင်ငံအတွင်းမှာရှိတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးကို မေးကြည့်ပါ။ နောက် တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးဆိုတာကို အသာထား။ လူမျိုးတစ်မျိုးတည်း သွေးစည်းညီညွတ်နေတာကိုတောင် အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲပစ်တယ်။ အဲဒါကိုပဲ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတယ်။ အဲဒါကိုပဲ ဥပဒေဘောင်အတွင်း ဝင်တယ်။ အဲဒါကိုပဲ တပ်မတော်အစိုးရရဲ့ အောင်မြင်မှုလို့ အားမနာ ပါးမနာ မရှက်မကြောက် ကြွေးကြော်တတ်တဲ့ လူလိမ်လူညာတွေကိုလည်း ပြည်သူလူထုက လိုချင်နေမှာမဟုတ်ပါဘူး။ ဒီတော့ ဒီကနေ့ မြန်မာနိုင်ငံကို ဦးဆောင်နေပါတယ်ဆိုသူတွေရဲ့ လုပ်ရပ်ဟာ အမျိုးသားရေးဒီမိုကရေစီကို ဖော်ဆောင်နေတာလား။ တစ်မျိုးသားလုံးရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတာလားဆိုတာ ရှင်းနေပါပြီ။ အချက်တွေ အများကြီးဆွဲမပြတော့ပါဘူး။ အချက်တွေအများကြီး ဆွဲပြရင် ဟဲ… ဟဲ… ဟဲ… အရှက်တွေ တအားကြီးကွဲသွားမှာကိုး။

အဲ… ပြောလက်စနဲ့ ဆက်ပြီးပြောလိုက်ချင်တာက ကိုယ့်ပညာနဲ့ ကိုယ့်အတွေးအခေါ်ကို အမှန်တရားနဲ့ မှတ်ကျောက်မတင်ဘဲ သဲထဲရေသွန်ဆိုသလို စစ်ယူနီဖောင်းပေါ်မှာ စာရေးဆရာဖြစ်လာတဲ့သူတွေ၊ နောက် ကိုယ်တိုင်က အသိအတတ်ပညာရှင် ကိုယ့်ဘဝနဲ့ရင်းပြီး ကိုယ့်တိုင်းပြည်



ပိုက်ဆံနဲ့ရင်းပြီး တတ်မြောက်ထားတဲ့ ပညာတွေကျတော့ တိုင်းပြည်နဲ့ လူထုအတွက် အသုံးမပြုဘဲ စစ်အာဏာရှင်တွေရဲ့ သွေးပုရပိုက်ပေါ်မှာ ကမ္ပည်းတင်ပေးနေတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ကျွန်တော် သတိပေးချင်ပါတယ်။

အဲဒါကတော့ ခင်ဗျားတို့ ဆည်းကပ်ပြီး ကြီးမြတ်တယ်လို့ထင်နေတဲ့ နအဖစစ်အာဏာရှင်တွေဟာ ဘယ်တော့မှ အမျိုးသားအစိုးရဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နှမြောစရာကောင်းလှတဲ့ ခင်ဗျားတို့ရဲ့ အတွေးအသိတွေ မဆုံးရှုံးရအောင် အမျိုးသားစာရေးဆရာတွေ အမျိုးသားအသိအတတ်ပညာရှင်တွေ ပြန်ဖြစ်လာဖို့အရေး ပြုပြင်ကြမယ်ဆိုရင်တော့ အချိန်မီနိုင်ပါသေးတယ်လို့ သတိပေးချင်တာပါပဲခင်ဗျာ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# သူတို့ဆီက ရွေးကောက်ပွဲ

ပူပူနွေးနွေးပြီးစီးသွားတဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲသတင်းတွေကို ကြားရတော့ ကျွန်တော်တို့နိုင်ငံက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမြင်ကွင်းတွေ၊ လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံးရဲ့ ဒီမိုကရေစီမျှော်လင့်ချက်၊ ငြိမ်းချမ်းရေးအာသီသပြင်းပြမှုတွေနဲ့ လူထုအစိုးရရဲ့ အရိပ်အာဝါသကို မျှော်တွေးသုံးသပ် ရင်ထဲက ဆန္ဒတွေ ပုံအပ်ခဲ့ကြတဲ့ အရိပ်၊ အရောင်၊ အသံ၊ အရုပ်တွေကို ပြန်လည်သိမ်းထုပ်ရင်း ရင်ထဲမှာ လှုပ်ခတ်မိရပါသေးတယ်။

ရွေးကောက်ပွဲမှာ ပါတီချင်းယှဉ်ပြိုင်၊ ကိုယ့်ပါတီရဲ့ မူဝါဒပေါ်လစီတွေအရ တိုင်းပြည်နဲ့ အမျိုးသားရေးကို လူထုသဘောကျ ဦးဆောင်ထမ်းရွက်ဖို့ မဲဆွယ်စည်းရုံးလှုံ့ဆော်ခဲ့ကြ။ သို့သော် နောက်ဆုံး ရွေးကောက်ပွဲရလဒ်မှာ ဘယ်ပါတီက သမ္မတလောင်းကပဲ အနိုင်ရရ လူထုဆန္ဒနဲ့ တိုင်းပြည်အရေး အမျိုးသားရေးကို ဦးစားပေးကြ၊ ပူးပေါင်းဆောင်ရွက်ကြတာဟာ ဒီကနေ့ခေတ်မှာတော့ မြင့်မြတ်ပြီး အနှစ်သာရရှိတဲ့ ဒီမိုကရေစီရဲ့ တန်ဖိုးတွေ ဖြစ်လာပါတော့တယ်။

အခုလည်း အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ကို ပြတ်ပြတ်သားသားမကြေညာခင် ဒီမိုကရက်ပါတီ သမ္မတလောင်း ဂျွန်ကယ်ရီက အခု ရွေးကောက်ပွဲမှာ သူရှုံးနိမ့်သွားပြီဖြစ်ကြောင်း လက်ရှိသမ္မတ ဂျော့ချ်ဘုရှ်ကို တယ်လီဖုန်းနဲ့ ဆက်သွယ်ပြောကြားလိုက်ပါတယ်။ မဲဆန္ဒရှင်အဖြစ်နည်းလမ်းတကျမှတ်ပုံတင်ခြင်းမရှိဘဲ နောက်မှ မဲလာပေးခွင့်ရသူတွေရဲ့ Provisional Ballots လို့ ပြောကြတဲ့ နောက်တိုးမဲတွေဟာ မှားယွင်းမှုရှိပြီး ဂျွန်ကယ်ရီထောက်ခံမှုရသင့်တဲ့ မဲတွေမရတာပါလို့ ဂျွန်ကယ်ရီရဲ့ စည်းရုံးရေးမှူးတွေက စောဒကတက်ဖို့ ကြိုးစားခဲ့ကြပါသေးတယ်။ ဒါပေမဲ့ နောက်တိုး



မဲအရေအတွက်အားလုံးပေါင်းဟာ ဂျော့ချ်ဘုရှ်အနိုင်ရရှိခဲ့တဲ့ မဲထက် လျော့နည်းနေတာမို့ သချာသဘောအရပြောရရင် အဲဒီနောက်တိုးမဲတွေအားလုံးကို ရရှိရင်တောင် ဂျွန်ကယ်ရီ အနိုင်ရဖို့လမ်း မရှိတော့ပါဘူး။ ဒီတော့ ရိုးရိုးလေးပြောရရင်ကိုပဲ ဂျွန်ကယ်ရီ ရှုံးနိမ့်နေပါပြီ။ ဒါကြောင့် လူထုအပေါ် ဒီမိုကရေစီစနစ်ကျပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲအပေါ် လေးစားတန်ဖိုးထားတဲ့ သမ္မတလောင်း ဂျွန်ကယ်ရီက ကျွန်တော်ရှုံးနိမ့်သွားပါပြီလို့ ဝန်ခံလိုက်တဲ့အခါ အရှုံးကို ဝန်ခံရဲတဲ့ သမ္မတလောင်း လူသားတစ်ဦးအပေါ် တစ်ကမ္ဘာလုံးက တုံ့ပြန်လေးစားခဲ့ကြရပါတယ်။

ဒါ့အပြင် အခုလို ရှုံးနိမ့်သွားပေမဲ့လည်း သူနဲ့ သူ့ပါတီအဖွဲ့အစည်းဟာ လူထုဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတကြီးရဲ့ နောက်မှာ နိုင်ငံအကျိုး အမျိုးသားအကျိုးကို ရှေးရှုမျှော်မှန်း မမောတမ်း မပမ်းတမ်း ရပ်တည်ဆောင်ရွက်သွားမယ့်သဘော ပြောကြားလိုက်ပါသေးတယ်။ ဆိုတော့ ရွေးကောက်ပွဲဝင်တာကိုက အာဏာအတွက်၊ ငွေကြေးအတွက်၊ လူတစ်စုတစ်ဖွဲ့ ပါတီတစ်ခုတည်းအကျိုးအတွက်မှ မဟုတ်တာဘဲ။ တိုင်းပြည်နဲ့ လူထုအကျိုးကို မြော်မြင်သုံးသပ်ချမှတ်ထားတဲ့ မူဝါဒတွေအရ ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းဖို့ပဲလေ။

ကျွန်တော်တို့နိုင်ငံမှာတော့ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကို ဘယ်လိုအမျိုးသားရည်မှန်းချက်၊ ဘယ်လိုမြော်တွေးသုံးသပ်ချက်တွေနဲ့ ဝင်ပြိုင်ခဲ့ကြသလဲ မသိဘူး။ ဒီလိုပြောရတာက ၁၉၉၀ ပြည့်နှစ်မှာ လူမျိုးစုံပြည်သူလူထု ထောက်ခံဆန္ဒမဲတွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိသွားတယ်။ ဒီအခါ အခြားနိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားနိုင်ငံရေးပါတီတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့အတူ ပူးပေါင်းပြီး ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ လူမျိုးစုံပြည်သူလူထုအရေးနဲ့ စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။ ပါတီချင်းကွဲပြားပြီး မူဝါဒပေါ်လစီတွေသာ မတိမ်းမယိမ်းရှိကြတာကိုး။

တိုင်းပြည်နဲ့ အမျိုးသားရေးမျှော်မှန်းချက်တွေက လူထုဆန္ဒအပေါ် မြော်တွေးသုံးသပ် ဆုံးဖြတ်ထားတာ။ အဲ... စစ်အုပ်စုက သူတို့ကိုယ်တိုင်ကျင်းပပေးခဲ့တဲ့ ရွေးကောက်ပွဲကြီးပြီးသွားလို့ လူမျိုးစုံပြည်သူလူထုဆန္ဒအရ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာတဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ တိုင်းရင်းသားအချင်းချင်းကို သပ်လျှိုဖြိုခွဲ၊ အဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီအသီးသီးနဲ့ ဒီမိုကရေစီရေးဆောင်ရွက်သူတွေကို ဖိနှိပ်၊ သတ်ဖြတ်၊ ထောင်သွင်းအကျဉ်းချ လုပ်လာတဲ့အခါ ဒုတိယလွတ်မြောက်ရေးတိုက်ပွဲကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးယုံကြည်ချက် စွဲစွဲမြဲမြဲနဲ့ တိုက်ပွဲဝင်ကြတော့တာပဲ။

ဒါပေမဲ့ ၁၉၉၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ဘယ်လိုရည်ရွယ်မျှော်မှန်းချက်တွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလဲ မသိဘူး။ ကျင်းပပေးခဲ့တဲ့ စစ်အုပ်စုကိုယ်တိုင်က ရွေးကောက်ပွဲကြီးဟာ လွတ်လပ်ပြီး တရားမျှတပါတယ်လို့ ပြောဆိုခဲ့ရတာတောင် ၉၀ ရွေးကောက်ပွဲဟာ အနိုင်ရရှိတဲ့ နိုင်ငံရေးပါတီကို လူထုအာဏာလွှဲပြောင်းပေးဖို့ မဟုတ်ဘူးဆိုပြီး ပြောဆိုတဲ့ ပါတီက ရှိသေးတယ်။ အဲဒါ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီပဲ။ ပြောရရင် တိုက်ပုံအင်္ကျီကို လက်ဖြတ်ပြီး ရွေးကောက်ပွဲဝင်လာတဲ့ မဆလပါတီပဲ။ အမည်မှည့်ထားတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတဲ့။ ဒါပေမဲ့ လူမျိုးစုံပြည်သူလူထုအရေးကို ဆောင်ရွက်နေသူတွေနဲ့ မပူးပေါင်းဘဲ စစ်အာဏာရှင်အကြိုက် ဘယ်အချိန်က မူဝါဒတွေပြောင်းသွားသလဲ မသိဘူး။ ဒါဟာ လက်ဖြတ်ထားတဲ့ တိုက်ပုံအင်္ကျီကို နောက်ပြန်ဝတ်ပြလိုက်တာ။ လူမျိုးစုံပြည်သူလူထုအရေးကို ကျောခိုင်းပြီး စစ်အာဏာရှင်ဘက်ကို မျက်စပစ်တာပဲ။

ကဲ… အာဏာရှင်တွေကရော ၁၆ နှစ်အတွင်း သူတို့ပြောတဲ့ စစ်မှန်သော စည်းကမ်းရှိသောဆိုတဲ့ မြန်မာနည်း မြန်မာ့ဟန်ဒီမိုကရေစီကို တစ်စွန်းတစ်စတိုးတက်လာအောင် ဆောင်ရွက်ဖို့မပြောနဲ့၊ သူတို့အချင်းချင်းကြားမှာပဲ တော်ကြာ လာဘ်စားလို့ ဖြုတ်ပစ်လိုက်ရပြန်ပြီ။ တော်ကြာ အမိန့်မနာခံလို့ ရာထူးက ဖယ်ရှားပစ်လိုက်ရပြန်ပြီ။ အဲ… အကြိမ်ကြိမ် လုပ်ကြံသတ်ဖြတ်ပစ်လိုက်တာတောင် ရှိတယ်။ ကြည့်… စစ်ထောက်လှမ်းရေးအကြီးအကဲ နအဖဝန်ကြီးချုပ်ဆိုတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့် ဘာဖြစ်သွားသလဲ။ ဒါ သူတို့အချင်းချင်းကြားမှာ ပြိုကွဲနေကြတာ။ အာဏာလုဖယ်ရှား သတ်ဖြတ်နေကြတာ။ ရဲဘော်ဖိုးသံချောင်းပြောတဲ့ 'အာဏာရှင်ဆိုတာ



အိမ်ရှေ့မင်းသား မထားဘူး' ဆိုတဲ့ စကားကို လက်တွေ့ကျကျ သက်သေပြနေကြတာ။ ဒီလို အာဏာရှင်အချင်းချင်း ဖြုတ်ထုတ်သတ်ဖြတ်နေတဲ့ကြားက ဒီမိုကရေစီကိုဖော်ဆောင်ဖို့ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပဦးမယ်တဲ့။

လူထုနဲ့ တိုင်းပြည်အကျိုးလည်း မပါ။ အမျိုးသားရေးကို သစ္စာစောင့်သိမှုလည်း မရှိ။ လူမျိုးစုံပြည်သူလူထုနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြုပြီး လုယူထားတဲ့ နိုင်ငံတော်အာဏာကို အလွဲသုံးစားပြုပြီး အကျင့်ပျက်ခြစားမှုကြား အသေအကျေ နပန်းလုံးနေတဲ့ စစ်ဗိုလ်ချုပ်တွေက အမျိုးသားညီလာခံကို ဆက်လက်ကျင်းပဦးမယ်ဆိုတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၄ ရက် ကြာသပတေးနေ့က ကွယ်လွန်သွားခဲ့တဲ့ ဝါရင့်သတင်းစာဆရာနဲ့ နိုင်ငံရေးသမားကြီး ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်ဟောင်း ဦးထိန်လင်း ဒီမိုကရက်တစ်မြန်မာ့အသံနဲ့ ဆက်သွယ်မေးမြန်းခန်းမှာ ပြောကြားခဲ့ဖူးတဲ့…

'ရွေးကောက်ပွဲကိစ္စဟာ သူ့အတွက်က လည်ချောင်းထဲမှာ အရိုးမျက်နေတယ်။ အဲဒါကို အခု Road Map ဆိုတာ လုပ်လိုက်တဲ့အခါကျတော့ သူက ဘာလဲဆိုတော့ ရွေးကောက်ပွဲရလဒ်ကို သူ ဘာမှအသိအမှတ်ပြုထားတာ မပါဘူး။ မပါတဲ့အခါကျတော့ သူဘာလုပ်မလဲဆိုလို့ရှိရင် သူ အဲဒီ ရွေးကောက်ပွဲရလဒ်ကို ဖျက်ပြီးသားဖြစ်သွားမယ်။ အဲဒါကို ကြေညာလိုက်မယ်ပေါ့ဗျာ။ တိုင်းပြည်ကို ကိုယ်စားပြုခွင့်ရှိတဲ့ အမျိုးသားကို ကိုယ်စားပြုခွင့်ရှိတဲ့ အင်အားစု၊ အဖွဲ့အစည်းတွေမပါဘူး။ သူတို့ ခေါင်းခေါက်ရွေးတဲ့ လူတွေနဲ့ တချို့ ရပ်စဲထားတဲ့အဖွဲ့တွေပဲ ပါမယ်။ တိုင်းပြည်ကို ပြည်သူလူထုကို ကိုယ်စားပြုနိုင်တဲ့ အဲန်အယ်လ်ဒီတို့ ဘာတို့ တက်မယ်ဆိုရင် တိုင်းရင်းသားလူမျိုးတွေ တက်မယ်ဆိုရင် ညှိနှိုင်းပြီးတော့ ဘယ်လိုလုပ်မယ်၊ ဘာမယ်ဆိုတာ ဒီလိုချရမှာ။ အခုက ဒီလိုမဟုတ်ဘူး။ သူတို့ဟာသူတို့ မှ ၆ ချက်တို့၊ ၁၀၄ တို့ ချလိုက်တဲ့အခါကျတော့ ဒီအမျိုးသားညီလာခံနဲ့ ကျွန်တော်တို့တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ဘူး' ဆိုတဲ့ စကားကို စစ်ဗိုလ်ချုပ်များအတွက် ပြန်လည်ပြောကြားရင်း ဦးထိန်လင်းကို လေးစားဦးညွှတ်ဂုဏ်ပြုလိုက်ရပါတယ်ခင်ဗျာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားရေးကို မျက်မောက်ပြုရမယ့်အချိန်

နအဖစစ်အုပ်စုရဲ့ လမ်းပြမြေပုံ ၇ ချက်နဲ့ မူ ၁၀၄ ချက်အပါအဝင် အခု ညောင်နှစ်ပင်ခုံရုံး၊ ကြံ့ဖွတ်ညီလာခံ စသဖြင့် အမျိုးမျိုးလှောင်ပြောင် ခေါ်ဝေါ်နေကြတဲ့ နအဖအမျိုးသားညီလာခံကြီးဟာ တိုင်းပြည်ရဲ့ပြဿနာကို အဖြေရှာတဲ့နည်းလမ်း မဟုတ်ပါဘူး။ စစ်ဗိုလ်ချုပ်တွေကျူးလွန်ခဲ့တဲ့ ဒီပဲယင်းလူသတ်ပွဲ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဦးတင်ဦးတို့ကို အခုထိ တစ်နှစ်နီးပါးကြာ အကျယ်ချုပ်ဖမ်းဆီးထိန်းသိမ်းထားမှု၊ နိုင်ငံတကာရဲ့ ဖိအားနဲ့ စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့ထားမှု အကျပ်အတည်းတွေက လွတ်မြောက်ပြီးတော့ စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်အောင် လူထု အာဏာကို နသားပါရလုပ်မယ့်ပွဲပါ။ ပြောရရင် တိုင်းပြည်ရဲ့ပြဿနာကို နအဖစစ်ဗိုလ်ချုပ်တွေက အဖြေရှာပေးတာမဟုတ်ဘဲ ကမ္ဘာ့မီးကျိုးမောင်းပျက် စစ်အာဏာရှင်စနစ်ထဲက လူရမ်းကားဗိုလ်ချုပ်တွေ သက်ဆိုးရှည်ဖို့ ပြည်သူ လူထုတွေကို အရိုးပဲကျေကျေ၊ အရေပဲခန်းခန်း ဖိနှိပ်ရက်စက်ပြီး ထောက်ခံ နိုင်းမယ့် ညီလာခံကြီးဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေ မပါရင်နေ အမျိုးသားညီလာခံကို ဆက်လက်ပြုလုပ်မယ်လို့ နအဖရဲ့ ဗိုလ်ချုပ် ကြီးယူနီဖောင်းဝတ်ထားတဲ့ ဝန်ကြီးချုပ်က ပြောဆိုလိုက်ပေမဲ့ ညီလာခံထဲ မှာရောက်နေတဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကတော့ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်နဲ့ ပြန်လည်ညှိနှိုင်းပါ။ တိုင်းရင်းသားပါတီတွေနဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် မပါရင် တရားဝင်တဲ့ညီလာခံမဟုတ်ဘူးလို့ ပြောဆိုနေ ကြတဲ့အပြင် မူ ၁၀၄ ချက်ထဲက ပြင်ဆင်ပေးရမယ့်အချက်တွေ၊ လွတ်လွတ် လပ်လပ်ပြောဆိုဆွေးနွေးခွင့်တွေကိုလည်း တောင်းဆိုနေကြပါတယ်။



ညီလာခံမတိုင်မီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုထား တဲ့အချက်တွေဟာ နိုင်ငံတော်နဲ့ လူမျိုးစုံပြည်သူလူထုအတွက် အကျိုးရှိစေ မယ့်အချက်တွေဖြစ်သလို စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနဲ့ ပြည်သူလူထုထောက်ခံတဲ့ ကိုယ်စားလှယ်အစစ်အမှန်တွေဖြစ်ကြောင်း ပြည်သူလူထုဘက်က မားမားမတ်မတ် ရပ်တည်ပြလိုက်တာဖြစ်ပါတယ်။

မုသာဝါဒတဖောင်ဖောင်နဲ့ မျက်နှာပြောင်တိုက်တဲ့နေရာမှာ နအဖ ဗိုလ်ချုပ်ကြီးတွေကတော့ ထမင်းစားရေသောက် ဖြစ်နေပါပြီ။ ပြည်သူလူထု ဆန္ဒမဲပြားနဲ့ ကိုယ်ပါဝင်ခဲ့တဲ့ နိုင်ငံရေးပါတီကို ဖော်ကားပြီး စစ်အာဏာရှင် နောက်မြီးဆွဲဖြစ်သွားတဲ့ အဲန်အယ်လ်ဒီပြုတ် ဖြ ယောက်ကို အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်က ရွေးကောက်ခံကိုယ်စားလှယ်တွေပါသယောင် မျက်နှာ ပြောင်တိုက်သွားပါသေးတယ်။ ဒီတော့ ညီလာခံကိုယ်စားလှယ် ၁၀၇၆ ဦး တက်ရောက်တဲ့အထဲမှာ ရွေးကောက်ခံထားရတဲ့ ကိုယ်စားလှယ်က ၁ ဒသမ ၁၁ ရာခိုင်နှုန်းပဲရှိပါတယ်။ ကျန်တာတွေကတော့ သိတဲ့အတိုင်း နအဖစိတ်ကြိုက်ရွေးထားသူတွေနဲ့ ကြံ့ဖွံ့အဖွဲ့ဝင်တွေပါပဲ။

ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးအသင်းဆိုတာ စတင်ဖွဲ့စည်းခဲ့စဉ် ကတည်းက စစ်အာဏာရှင်လက်ကိုင်တုတ်အဖြစ် နဂိုကတည်းက ညစ်ပေ နေတဲ့သမိုင်းနဲ့ ရှိင်းစိုင်းနေတဲ့အဖွဲ့ကြီးပါ။ ဒါကို နအဖစစ်ဗိုလ်ချုပ်တွေက ထပ်ပြီးမှိုင်းတိုက်ပေးတာက အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် ရွေး ချယ်ပြီး ကြံ့ဖွံ့တွေ အခွင့်အရေးလိုချင်ရင် ညီလာခံထဲမှာ ခေါင်းညိတ် ခေါင်းညိတ်ဆိုတဲ့ နအဖသံပေါက်လက်ာကလေးကို ရက်တိုတိုအတွင်း သင် ပေးခဲ့တာပါပဲ။ ဒီတော့ အဲဒီလို တစ်မွန်းတည့်နိုင်ငံရေးဇာတ်ပျက်တွေ၊ တစ်ပဲပေးရင် တစ်ကျပ်လောက်ခိုးယူပြန်သေးတဲ့ နအဖဝန်ထမ်း အာဏာရှင် နောက်လိုက်အချောင်သမားတွေနဲ့ အတူတူ တစ်ခန်းမတည်းထိုင်၊ တစ်စားပွဲ တည်းစားသောက်နေရတဲ့ တိုင်းရင်းသားလက်နက်ကိုင် အပစ်အခတ်ရပ်စဲ ရေးအဖွဲ့ခေါင်းဆောင်များအတွက် စိတ်ထဲမှာ ကသိကအောက်နဲ့ ကျွန်တော် ရတက်မအေးဖြစ်မိရပါတယ်။ နှစ်ပေါင်းများစွာ လူမျိုးတိုင်း တန်းတူရေး စည်းလုံးညီညွတ်ရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအတွက် တိုက်ပွဲဝင်ရင်း နွမ်းနယ်ခဲ့ကြရသူတွေပါ။ ဒါကြောင့်လည်း အပစ်အခတ်ရပ်စဲရေးလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးဇုန်ကလေးတွေမှာ မျော်လင့်ချက်မြောက်မြားစွာ ရင်မှာ ပိုက်လို့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုသစ်ဆိုတဲ့ အတွေးတွေနဲ့ တိုင်းရင်းသားအရေးတွေကို အသီးသီး အသငကအသက ဦးဆောင်နေကြတာပါ။

ခုတော့ဖြင့် အမျိုးသားညီလာခံထဲမှာ စစ်အာဏာရှင်ကိုယ်စားပြုအဖွဲ့အစည်းတွေမဖြစ်ရအောင် စစ်မှန်ပြီး တရားမျှတမှုလည်း ရှိ၊ တိုင်းပြည်နဲ့လူမျိုးစုံပြည်သူလူထုအနာဂတ်ကိုလည်း အကျိုးရှိစေမယ့် အချက်တွေတင်ပြတောင်းဆိုရင်း စစ်အာဏာရှင်စိတ်ကြိုက် ခေါင်းခေါက်ရွေးထားတဲ့ အာဏာရှင်အလိုလိုက်ပြီး အကြိုက်ဆောင်ခေါင်းညိတ်ပေးဖို့ လိုသလို ကွေးနိုင်ဆန့်နိုင်တဲ့ လည်ပင်းတွေသာပါပြီး ခေါင်းထဲမှာ ဦးနှောက်မရှိကြတဲ့ တစ်မွှန်းတည့်နိုင်ငံရေးဇာတ်ပျက် အချောင်သမား အာဏာရှင်နောက်လိုက်ဝန်ထမ်းကိုယ်စားလှယ်တွေနဲ့အတူ တစ်ခန်းမတည်းထိုင်၊ တစ်အိုးတည်းစားနေကြရတာကို တွေးမိတိုင်း ရာဇဝင်ရိုင်းလှပါလားလို့ ညီလာခံတက်ရောက်နေရတဲ့ တိုင်းရင်းသားခေါင်းဆောင်များကိုယ်စား ကျွန်တော် ဒေါသပွားနေမိပါတယ်။

၁၉၉၃-၉၆ ခုနှစ် အမျိုးသားညီလာခံတုန်းက ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက်ဟာ တက်ရောက်သူပေါင်းရဲ့ ၁၅ ဒသမ ၂၄ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါပေမဲ့ တစ်ဖက်သတ်ရေးဆွဲထားတဲ့အချက်တွေနဲ့ ပွင့်လင်းလွတ်လပ် အခွင့်အရေးမျှတတဲ့အပြင် ပညာလူ့အဖွဲ့အစည်း အားကောင်းတဲ့ ခေတ်ရေစီးကြောင်းထဲက ခွဲထွက်ပြီး တိုင်းပြည်နဲ့ လူထုကို စစ်အာဏာရှင် မြောင်းဆိုးမြောင်းပုပ်ထဲ ဆွဲနှစ်မယ့် မူ ၁၀၄ ချက်တို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သပိတ်မှောက်ထွက်ခွာလာတဲ့အခါ ပွဲပျက်သွားခဲ့ရပါတယ်။ အခု ရွေးကောက်ခံကိုယ်စားလှယ် ၁.၁၁ ရာခိုင်နှုန်းနဲ့ အရင်အတိုင်းပဲဆိုတဲ့ နအဖပြဇာတ်ကို မျက်နှာပြောင်တိုက်ပြီး ကပြနေပြန်ပါပြီ။

ဒီကနေ့အချိန်အခါဟာ ရန်သူ မိတ်ဆွေဆိုတဲ့ သတ်မှတ်ချက်တွေ ရှိခဲ့ရင်တောင် မိတ်ဆွေရော၊ ရန်သူရောအတွက်ပါ နိုင်ငံတော်အရေးကာလ ပိုပြီးအရေးကြီးတဲ့အချိန်ကာလပါ။ ဒါဟာ နိုင်ငံသားတစ်ယောက် ဘယ်သူ့မျက်နှာမှမထောက်ရင်တောင် ကိုယ့်မျက်နှာကိုယ်ထောက်ပြီး အမျိုးသား



ရေးကို မျက်မှောက်ပြုရမယ့်အချိန်ပါ။ တိုင်းပြည်နဲ့ လူမျိုးစုံပြည်သူလူထုအပေါ် လေးစားတန်ဖိုးထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အချိန် မနှောင်းစေချင်ရင် စစ်ဗိုလ်ချုပ်ကြီးများကိုယ်တိုင် ၁၉၉၀ ပြည်နှစ်ကျင်းပပေးခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုလိုက်ပါ။ ပြည်သူ့လွှတ်တော်ကြီး ခေါ်ယူဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုဆန္ဒအတိုင်း ဆက်လက်ဆောင်ရွက်သွားပါလိမ့်မယ်။ တိုင်းပြည်ရဲ့အခြေအနေက ဝေလေလေ ညီလာခံကြီးထဲမှာ နစ်မွန်းစုတ်ပြတ်သွားတော့မှာကိုး။

စိတ်တော့ မဆိုးပါနဲ့။ ကဲ… အခုတော့ စစ်တပ်တွေ အထပ်ထပ်ဝန်းရံထားတဲ့ ညောင်နှစ်ပင်ခန်းမထဲမှာ အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးနောက်ပိုင်း ပထမဆုံး အကျယ်ချုပ်ကျခံနေရသူများဟာ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားတဲ့ လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များ ဖြစ်နေရပြီမဟုတ်လား။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကလည်း မလွတ်မြောက်သေး။ နအဖတပ်ဖွဲ့တွေရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကလည်း လူမိုက်သားရမ်းကားဆိုသလို ပေါ်ပေါက်နေတဲ့အပြင် ဒီလိုချိုးဖောက်မှုတွေကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကို တိုင်ကြားသူများကိုလည်း ဖမ်းဆီးထောင်ချနေပြန်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ့် အမျိုးသားညီလာခံကြီးလို့ တဖွဖွပြောရင်း ညီလာခံကိုယ်စားလှယ်တွေမှာ လွတ်လပ်စွာဆွေးနွေးခွင့်လည်း မရှိ၊ တင်ပြခွင့်လည်း မရှိတဲ့အပြင် ညီလာခံကို ဝေဖန်ပြောဆိုသူများရှိရင် ဖမ်းဆီးအရေးယူဖို့ ညွှန်ကြားချက်တွေထုတ်ထားပြန်သေးတယ်ဆိုတော့ အင်း… ပညာမဲ့များ ရမ်းကားဆိုတာ ဒါမျိုးပဲထင်ပါရဲ့။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာနှင့် အာဃာတ

ဗိုလ်ချုပ်ကြီး ခင်ညွန့်ဦးစီးတဲ့ မစစ်တဲ့ ထောက်လှမ်းရေး အဲ··· သည်းခံပါဦးခင်ဗျာ။ မစစ်တဲ့ ထောက်လှမ်းရေးလို့ ပြောရတာက စစ်ထောက်လှမ်းရေးအစစ်က စစ်ရေးစစ်ရာကိုပဲ ကိုင်တွယ်ကြတာကိုး။ အခု ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးစီးတဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ကြီးကတော့ လမ်းပေါ်ကနေခြင်ထောင်ထဲအထိရောက်ရုံမက ဌာနဆိုင်ရာဆိုရင်လည်း လမ်းဘေးကရေအိမ်ဌာနအထိ ချယ်လှယ်ခဲ့ကြတာကိုး။ ဒါကြောင့် စစ်ထောက်လှမ်းရေးတော့ စစ်ထောက်လှမ်းရေး ဒါပေမဲ့ မစစ်တဲ့ စစ်ထောက်လှမ်းရေးလို့ ခေါ်လိုက်ရတာ။ အင်း··· နားရှုပ်ပြီး အားထုတ်စဉ်းစားသွားကြရပြီထင်တယ်။

တိုင်းပြည်မှာကလည်း နားရှုပ်ပြီး အားထုတ်စဉ်းစားစရာ နဝတ နအဖ ဇာတ်ထုပ်တွေကလည်း များသကိုးဗျ။ ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးရာက စပြီး ကန့်လန့်ကာပင့်တင်လိုက်တဲ့ နဝတ နအဖ ဇာတ်ထုပ်ကြီးဟာ ၁၇ နှစ်သာကြာရော မပြီးနိုင်မစီးနိုင်နဲ့ ဟော··· ကန့်လန့်ကာနောက်ကို သွားကြည့်မှ အာဏာနဲ့ ကိုယ်ကျိုးစီးပွားအပေါ် သူကျော်ငါနင်းသီချင်းတိုက်လို့ ဇာတ်ကွက်ချနေရာက ဖြုတ်၊ ထုတ်၊ သတ်၊ တစ်ပွဲတိုးသရုပ်ဖော်ကလေးတွေလည်း ဟုတ်လို့ကျော် ပုပ်လို့ပေါ်ဆိုသလိုဖြစ်လာတော့ ငိုချင်းတချချနဲ့ လက်ပြနှုတ်ဆက်သူတွေလည်း ရှိခဲ့ကြတာပေါ့ဗျာ။ ဒါပေမဲ့ ကန့်လန့်ကာရှေ့မှာတော့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီတို့၊ မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီတို့ဆိုတဲ့ အဆိုအပြောတွေကတော့ ခုထိ အတောမသတ်နိုင်သေးဘူး။

ထားပါတော့။ အဲဒီ ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစီးတဲ့ မစစ်တဲ့ထောက်လှမ်းရေးအဖွဲ့ကြီးကို ဖြုတ်ချပြီးတဲ့နောက် ဇနီးမယားနဲ့ သမီးတွေ လာဘ်



လာဘတိုးတက်ဖို့ ခိုးဝှက်နေတာလေးတွေ အရှိန်မပျက်အောင် ဆက်လက်ပြီးအရောင်တင်ဦးမှာက နအဖရဲ့ညောင်နှစ်ပင်ဆိုတဲ့ အတုအယောင်ညီလာခံကြီးပါပဲ။ ဘယ့်နှယ်ဗျာ··· ကိုယ်တိုင်ကျင်းပပေးခဲ့တဲ့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုက ယုံကြည်ကိုးစားရွေးကောက်တင်မြှောက်ထားသူတွေကိုတော့ မဖိတ်ကြားဘဲ ရပ်ထဲ ရွာထဲ ဖျာလိုက်ရောင်းတဲ့လူကို ညီလာခံကိုယ်စားလှယ်အဖြစ် လက်ဆွဲပြီး ရွေးသတဲ့။ သူတို့အခေါ် ညီလာခံထဲမှာကလည်းခုနလို ခေါင်းခေါက်ရွေးထားတဲ့လူတွေကပဲ ခန်းမပြည့်လုနီးပါးဆိုတော့ နအဖအလိုကျ လက်ညှိုးထောင်မယ်။ တစ်ခါ ခေါင်းခေါက်ခံရပြီးသားဆိုတော့ ထပ်ခေါက်စရာ မလိုတော့ဘူး။ အလိုလိုညိတ်ပြဖို့ပဲ ရှိတော့တာကိုး။ ပြီးတော့ မမျှမတတွေရေးထားတဲ့ ၁၀၄ ချက်မူကလည်း ရှိသေးတော့ တိုင်းရင်းသား 'ငြိမ်း'အဖွဲ့တွေနဲ့ ထိပ်တိုက်တိုးပါလေရော။ ဒီမှာတင် ညောင်နှစ်ပင် ပထမပိုင်းဟာ ရှဒ်မက်လို့အော်သံမဆုံးခင် ကသုတ်ကရက်ကြီးတစ်ခန်းရပ်လိုက်ရပါတယ်။

အခု လာဦးမှာက ညောင်နှစ်ပင် ဒုတိယပိုင်း။ ပထမပိုင်းမှာအောင်မြင်မှုတချို့ရှိလို့ ဒုတိယပိုင်းကို ဆက်ရတာမဟုတ်ဘူး။ စစ်ဗိုလ်တစ်မတ်သားနဲ့ ဉာဏ်များတဲ့ နအဖရှဒ်မက်ကို 'ငြိမ်း'အဖွဲ့တွေက အရေခွံဆွဲလှန်ပစ်လိုက်တာကို လက်မခံဘဲ တရားဝင်စစ်အာဏာရှင်စနစ်နဲ့ တိုင်းပြည်ကို ဆွဲနှစ်ဖို့ နောက်တစ်ခါလာပြန်ပြီဟေ့ဆိုတဲ့ အတုအယောင်အမျိုးသားညီလာခံ။ ဒီတော့ အခု ပြန်ပြီးတော့ ညီလာခံကျင်းပရင် ဘယ်လိုအချက်တွေ၊ ဘယ်လိုလွတ်လပ်ပွင့်လင်းမှုတွေ၊ ဘယ်လိုအကျိုးမျှော်ပြီး တိုင်းပြည်အရေးကို ကြိုးစားဖော်ဆောင်မလဲ မမေးနဲ့။ မေးရမှာက ညီလာခံပထမပိုင်းမှာ နအဖအလံရှူးတွေ ပျော်မြူးခဲ့ရတဲ့ ညောင်နှစ်ပင်ဖြူတီပါလာတို့၊ အနှိပ်ခန်းတို့၊ ဈေးပွဲတော်တို့ ပါဦးမှာလားဆိုတာပဲ မေးရမလိုဖြစ်နေတယ်။ ဟုတ်တယ်လေ။ တကယ်တမ်း လူထုနဲ့ တိုင်းပြည်အကျိုးမျှော်ပြီး ဆောင်ရွက်တယ်ဆိုရင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေ၊ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီက ကိုယ်စားလှယ်တွေ ပါရမှာပေါ့။ လွတ်လပ်ပွင့်လင်းတဲ့ ပြောဆိုဆွေးနွေးချက်တွေနဲ့ လွတ်လပ်ရေးရပြီးကတည်းက သွားတောင်

www.burmeseclassic.com

www.burmeseclassic.com



မပေါက်သေးတဲ့ နိုင်ငံကို ပြန်လည်ဦးမော့လာအောင် ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်တွေ ညီတူမျှတတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ ဖော်ဆောင်ကြရမှာပေါ့။ အခု အဲဒီလိုမှမဟုတ်တော့ နအဖကိုယ်တိုင်ဦးစီးတဲ့ ညောင်နှစ်ပင်အာဝါဒေးပွဲကြီးပဲ ဖြစ်နေတော့မှာပေါ့ဗျာ။ မဟုတ်ဘူးလား။

ဒီကြားထဲ နအဖရဲ့ချုပ် ခင်ရီက သူတို့ ညောင်နှစ်ပင်ညီလာခံကို ဖျက်ဆီးဖို့ဆိုပြီး ပြည်ပရောက်အင်အားစုတွေကပဲ ဖျက်ဆီးရေးသမားတွေ စေလွှတ်နေတယ်လို့ လူထုကို အယုံသွင်းပြီး ခြောက်လှန့်လိုက်သေးတယ်။ ရယ်စရာကောင်းလိုက်တာ။ အဲဒီလိုလုပ်ရပ်မျိုးက ဒီဘက်ခေတ် မြန်မာ့နိုင်ငံရေးမှာ ခေတ်မရှိတော့ဘူး။ ပြည်ပရောက်အဖွဲ့အစည်းတွေက ညောင်နှစ်ပင်ကို ဖျက်ဆီးမယ်ဆိုပြီး မပြောပါနဲ့ဦး။ မြန်မာနိုင်ငံထဲမှာရှိတဲ့ ကျွန်းတို့၊ ပျဉ်းကတိုးတို့ကအစ ယုတ်စွအဆုံး မြို့ထဲမှာရှိတဲ့ ကုက္ကိုပင်ကြီးတွေကိုတောင် ဖျက်ဆီးတာ ဘယ်သူလဲ စဉ်းစားကြည့်ပါဦး။ ဒီတော့ စစ်မိုလ်ချုပ်တွေအချင်းချင်း ဖနီးမယားနဲ့ သမီးသားတွေရဲ့ ကိုယ်ကျိုးစီးပွားကို အခြေပြုပြီး မြေချဲ့ရာက အဝေမတည့်တော့ တစ်ဦးနဲ့တစ်ဦး ဖြုတ်ထုတ်သတ်လုပ်၊ ပြီးတော့ ပစ်ကြ ခတ်ကြ ဖောက်ခွဲကြတာ မဟုတ်ဘူးလား။ ပြည်သူလူထုခမျာ အချင်းချင်းမိုလ်ကျပြီး လက်နက်နဲ့ စာရင်းရှင်းနေတဲ့ လူဆိုးမိုလ်တွေရဲ့ ရပ်ကွက်ကြီးထဲမှာ သောကကိုယ်စီပိုက်ပြီး အသက်ရှင်နေရသလိုပဲ။ ပိုပြီးဆိုးတာက အာဃာတတရားတွေပဲ။ ပြည်သူလူထုအပေါ် ဒီမိုကရေစီရေးကြိုးပမ်းဆောင်ရွက်နေသူတွေအပေါ်၊ ပြီးတော့ ကိုယ်ကျိုးစီးပွားမြေချဲ့ရာကနေ အဝေမတည့်ဖြစ်ကြရတဲ့ အာဃာတတွေက စစ်မိုလ်အချင်းချင်းကြားမှာ ကြီးထွားသထက် ကြီးထွားလာတာပဲ။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့…

'မှားနေတဲ့လူကို မေတ္တာနဲ့ ပြန်ပြင်မယ်။ ဘယ်တော့မှ အာဃာတတရားနဲ့ ပြုပြင်ဖို့ မစဉ်းစားဘူး။ အာဃာတနဲ့ဆိုရင် ပြုပြင်လို့မရဘူး။ အာဃာတနဲ့ ဖိနှိပ်လို့ပဲ ရတယ်။ ပြုပြင်လို့မရဘူး' လို့ ပြောဆိုခဲ့ဖူးပါတယ်။ နအဖမိုလ်ချုပ်ကြီးများ အာဂုံဆောင်ကျက်မှတ်ပြီး သင်ခန်းစာရယူနိုင်ကြပါစေခင်ဗျာ။

❐ ❐ ❐

# အာဏာရှင်စနစ် ရွှေမဖြစ်

တိမ်တောင် တိမ်လိပ်တွေက ညှိုလို့ မိုးတွေပြိုတော့မယ့် ကောင်းကင်ကြီးကို မြင်ရတိုင်း ကျွန်ရစ်ခဲ့ပြီဖြစ်တဲ့ အနီးဆုံးရက်လ နှစ်တွေကနေ အဝေးဆုံး ကလေးဘဝအထိ ပြန်လည်တွေးကြည့် သတိရမိတတ်တာ မဆန်းပါဘူး။ တချို့တွေကတော့ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ဖိုးလမင်းကြီးကပဲ ဆင်းပေးလိုက်သလို ဘဝချိုချိုတွေ ပိုင်ဆိုင်ခဲ့ကြတာမို့ ငယ်ဘဝတွေကို ပြန်လည်တွေးမိတိုင်း ရင်ခုန်လှိုင်းထ ချိုမြနေမှာပါပဲ။

အထူးသဖြင့် နိုင်ငံကလည်း တိုင်းတပါးအနှောင်အဖွဲ့ကင်း လွတ်လပ်ခွင့်ကလည်း ရှိ၊ လွှအခွင့်အရေးကလည်း ပြည့်ဝ၊ လူထုအခန်းကဏ္ဍလည်း အားကောင်းတဲ့နိုင်ငံတွေက နိုင်ငံသားတွေရဲ့ ငယ်ဘဝဟာ ဘယ်အချိန် ပြန်ပြီးတွေးတွေး လက်ရှိရောက်နေတဲ့အရွယ်ကိုတောင် နွေးထွေးသွားစေနိုင်ပါတယ်။

ဒါပေမဲ့ ငယ်ငယ်တုန်းက ပုခက်ကို လွှဲပေးခဲ့တာ အဖေလား၊ အမေလား။ ဒါမှမဟုတ် အသက်ဆိုတာ ရှိခဲ့ပေမဲ့ ပုခက်ဆိုတာကို မသိခဲ့ရတဲ့ ကလေးဘဝလားလို့ ပြန်လည်တွေးတောရင်မောခဲ့ရတာက ကျွန်တော်တို့ ငယ်ဘဝတွေပဲဖြစ်နေကြပါလိမ့်မယ်။ လွတ်လပ်ရေးရပြီးလို့ နှစ် ၅၀ ကျော်ခဲ့ပေမဲ့ ပြည်တွင်းစစ်ကလည်း မငြိမ်း။ ဟိုတုန်းကတော့ တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်တဲ့။ အခု တိုင်းပြည်က ရင့်လာတော့လည်း မုန်တိုင်းက မစဲသေးတဲ့အပြင် အကြမ်းဖက်အာဏာရှင် ခေတ်ဆိုး စနစ်ဆိုးကြီးကြောင့် ဘယ်သူ့ငယ်ဘဝကိုမှ မလှပနိုင်သလို ပြန်တွေးတော့လည်း လက်ရှိအရွယ်ကို နွေးထွေးမှုမပေးနိုင်သေးပါဘူး။ အဘိုးတွေ၊ အဖေတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပထမလွတ်လပ်ရေးတိုက်ပွဲတွေကို လက်ဆင့်ကမ်းသယ်ဆောင်ရင်း ဒုတိယလွတ်လပ်ရေးတိုက်ပွဲထဲမှာ အဘွားတွေ၊ အမေတွေ တန်ဖိုးထားလေးစားတဲ့ လူယဉ်ကျေးတို့ ငြိမ်းချမ်းရေးအသိက်အမြုံကို ပြန်လည်လုံခြုံအောင် သိမ်းပိုက်နိုင်ဖို့ တိုက်ပွဲဝင်နေရတုန်းပါပဲလားလို့ တွေးမိရပြန်ပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် အဘိုး အဘွား၊ အဖေ အမေတွေ တိုက်ပွဲဝင်ပြီးတဲ့နောက် အမျိုးသားရေးတာဝန်နဲ့ပဲ အမျိုးသားသစ္စာဖောက် စစ်အာဏာရှင်တွေကို အဘိုး အဘွား၊ အဖေ အမေတွေနဲ့အတူ သားတွေ၊ သမီးတွေ၊ မြေးတွေက ဒုတိယလွတ်လပ်ရေးတိုက်ပွဲအဖြစ် ဆက်လက်ဆင်နွှဲနေရတာကိုး။ သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့တဲ့ တပ်မတော်လည်း ဖျက်ဆီး၊ လွတ်လပ်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်ကြီးများကိုလည်း ပစ်ပယ်၊ ရတနာသုံးပါးကိုလည်း စစ်ယူနီဖောင်းပေါ်က လက်နှစ်သစ်လောက် ဗိုတ်ဖြူစကလေးလောက်ပဲ သဘောထား၊ အမိအဖသဖွယ် အလေးထားရမယ့် ပြည်သူလူထုကိုလည်း နေ့စဉ်ခြိမ်းခြောက်၊ ပစ္စတိုသေနတ် ခါးထိုးထားတဲ့ကြားက တိုက်ပုံအင်္ကျီထပ်ဝတ်ပြီး နိုင်ငံရေးဦးဆောင်ချင်နေတဲ့ စစ်ဗိုလ်ချုပ်တွေရဲ့ ခေတ်မှာ ကလေးတွေရဲ့ ငယ်ဘဝဟာလည်း စစ်အာဏာရှင်တွေရဲ့ အကာသိုလ်အထပ်ထပ် ပေကျံစွန်းကပ်နေမှာ သေချာပါတယ်။

မြန်မာကဗျာဆရာ ပိုင်စိုးဝေက သူ့ရဲ့ 'အဝေးက မီးရထားဥသြသံ'ဆိုတဲ့ ကဗျာထဲမှာ…

မီးရထားဥသြသံဟာ
ဘဝမှာ လွမ်းဆွေးစရာ အကောင်းဆုံးပဲတဲ့
စာရေးဆရာကြီး သောမတ်စ်ဝုဖ် ရေးခဲ့တယ်။
ပြန်မြင်ယောင်မိ အဝေးက ငါ့ရဲ့ရွာကလေး
ငါ ပြန်ကြားရ အဝေးက မီးရထားဥသြသံ
လွမ်းစရာပန်းချီကားတစ်ချပ်မျှ ငါ့အခန်းထဲ မရှိ
စက်ရုပ်ဆန်တဲ့ ပရိဘောဂတချို့နဲ့
အိုမင်းတဲ့ ငါ့ရုပ်ပုံမှုသာ
ပြီးတော့ အခွံချည်းသက်သက် အရက်ပုလင်းများ။



ဘုန်းတော်ကြီးကျောင်းက ဆွမ်းစားအုန်းမောင်းခေါက်ပေါ့
ခွေးတွေက သံရှည်ဆွဲအူ
ထန်းတက်သူတွေ ရေနွေးကြမ်းသောက်ချိန်ပေါ့
မနက်ကျည်းပင်ပေါ်က ကျီးကန်းတွေ တအာအာ
နွားမတွေက ကွင်းပြင်ထဲ မြက်စားလို့
တို့ပြည်တော်သာကျောင်းက
ခေါင်းလောင်းရယ် ထိုးနိုင်ခဲပါဘိ
ထမင်းစား ကျောင်းဆင်းဖို့ စောသေးထင်ရဲ့။
အဲသည်တုန်းက
မောင်သင်းခိုင်ဟာ ငါ့မိတ်ဆွေမဟုတ်သေးဘူး။
ကျောက်မီးသွေးနဲ့ ခုတ်မောင်းတဲ့
မီးရထားစက်ခေါင်းကြီး
အနောက်ဘက်တောင်ကြားထဲက
တရှဲရှဲမြည်ပြီးဝင်လာ
ပဲ ပြောင်း နှမ်း ဝါ ထန်းလျက်
ထင်းစည်းတွေ ကိုယ်စီရွက်ပြီး
ဘူတာဘက် ကသုတ်ကရက်လာကြ
ခဏလေးရပ်တဲ့ ရထား ဆွဲထားလို့မှ မရဘဲလေ။
အဲသည်တုန်းက
မာယာကော့ဖ်စကီးကို ငါမသိသေးဘူး။
တို့စာအံသံတွေ
မညီမညာအော်ဟစ်ဆူညံနေဆဲမှာပဲ
တအူအူ ဥသြဆွဲပြီး
ဂုတ်ဂုတ်ဂျမ်းဂျမ်း ဂျုံးဂျုံးဂျက်ဂျက်
ဂုတ်ဂုတ်ဂျမ်းဂျမ်း ဂျုံးဂျုံးဂျက်ဂျက်
အရှေ့ဘက်တောင်တန်းထဲ ခုတ်မောင်းသွားပေါ့။
အဲသည်တုန်းက
ဖြစ်တည်မှုပဓာနဝါဒကို ငါမဖတ်ဖူးသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့ကုန်းခေါင် တောင်ကမူတွေနဲ့
လိမ်ကောက်ပိန်ခြောက် သန်းဒဟတ်ပင်တွေ
ခြောက်သွေ့ယာခင်းတွေနဲ့ ထန်းပင်မတ်မတ်များ
ခန်းခြောက်နေတဲ့ ရေကန်နဲ့ သောက်ရေတွင်းကလေး
တို့ရွာက သုသာန်၊ ဘုန်းတော်ကြီးကျောင်း
တို့ရွာ ဘူတာကလေး
တို့ရွာပေါ် အုံ့ဆိုင်းတဲ့ မိုးသားတွေနဲ့
ငေးကြည့်ကျန်ရစ်တဲ့ ငါနဲ့ အပေါင်းအဖော်တစ်စု
ပူပြင်းတဲ့နေရောင် တံလျှပ်အောက်မှာ
အားလုံးကိုထားခဲ့ပြီး
ရထားဟာ ထွက်ခွာသွားပေါ့။
အဲသည်တုန်းက
ငါဟာ ကမ္ဘာကြီးကို
အကောင်းမြင်သူမျှသာ ဖြစ်တယ်။

ကဗျာဆရာ ပိုင်စိုးဝေက စိတ်မှာ အနာတရတွေမဖြစ်သေးခင် ငယ်ဘဝကို ကြီးပြင်းချိန်ရောက် လောကစံအဖျက်အမှောင့်ကြားမှာ ပြန်လည်တမ်းတလိုက်တာပါ။ ဒီကနေ့ စစ်အာဏာရှင်တွေလက်ထက်မှာတော့ စာသင်ကျောင်းထဲက ထွက်လာမယ့် ခေါင်းလောင်းသံနဲ့ စာအံသံတွေအစား ကလေးတွေလက်ထဲက ရေခဲချောင်းရောင်းတဲ့ ခေါင်းလောင်းသံနဲ့ အိမ်နီးချင်းနိုင်ငံမှာ တစာစာဈေးရောင်းနေရတဲ့ ကလေးတွေရဲ့ အသံတွေပဲ ကြားနေရတာမို့ ငယ်ဘဝမှာကတည်းက စိတ်မှာ အနာတရနဲ့ ဘဝမှာ ဒဏ်ရာရနေကြတဲ့ ကလေးတွေလို့ တွေးတွေးရင်မောနေမိရပါတယ်။

အာဏာရှင်စနစ်ဆိုတာ ဘယ်ခေတ်ကို ရွှေဖြစ်ဖူးလို့လဲဗျာ။

❒ ❒ ❒

# ကြက်ဆူပင်ကက်ကင်း

သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့တဲ့ တပ်မတော်လည်း ဖျက်ဆီး၊ လွတ်လပ်ရေးတိုက်ပွဲဝင် ပုဂ္ဂိုလ်ကြီးများကိုလည်း ပစ်ပယ်၊ ရတနာသုံးပါးကိုလည်း စစ်ယူနီဖောင်းပေါ်က လက်နှစ်သစ်လောက် ပိတ်ဖြူစကလေးလောက်ပဲ သဘောထား၊ အမိအဖသဖွယ် အလေးထားရမယ့် ပြည်သူလူထုကိုလည်း နေ့စဉ်ခြိမ်းခြောက်၊ ပစ္စတိုသေနတ် ခါးထိုးထားတဲ့ကြားက တိုက်ပုံအကျႌ ထပ်ဝတ်ပြီး နိုင်ငံရေးဦးဆောင်ချင်နေတဲ့ စစ်ဗိုလ်ချုပ်တွေက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလို့ အမည်တပ်ထားပေမဲ့ အဲဒီအမည်တပ်ထားတဲ့ အဖွဲ့ပဲ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေတာကို ပြည်တွင်းကလည်း သိ၊ ပြည်ပကလည်း သိနေတာကြာပါပြီ။

အနီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလို့ အမည်တပ် ဗိုလ်ချုပ်ကြီးတွေခေတ်မှာ နားရှုပ်ပြီး အားထုတ်စဉ်းစားစရာ နဝတ နအဖ ဇာတ်ထုပ်တွေကလည်း များလှပါတယ်။ ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးရာက စပြီး ကန့်လန့်ကာပင့်တင်လိုက်တဲ့ နဝတ နအဖဇာတ်ထုပ်ကြီးဟာ ၁၇ နှစ်သာ ကြာရော မပြီးနိုင် မစီးနိုင်နဲ့။ ဟော… ကန့်လန့်ကာနောက်ကို သွားကြည့်မှ အာဏာနဲ့ ကိုယ်ကျိုးစီးပွားအပေါ် သူကျော် ငါနင်း ကြံ့ဖွံ့တွေကို နားရင်းရိုက်လို့ ဇာတ်ကွက်ချနေရာက ဖြုတ်၊ ထုတ်၊ သတ် တစ်ပွဲတိုးသရုပ်ဖော်ကလေးတွေလည်း ဟုတ်လို့ကျော် ပုပ်လို့ပေါ်ဆိုသလိုဖြစ်လာတော့ ငိုချင်းတချချနဲ့ လက်ပြနှုတ်ဆက်ခဲ့ရသူတွေလည်း အဲဒီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးရေးကောင်စီထဲကနေ ထွက်ပေါ်လာခဲ့တာပါပဲ။ ဒါပေမဲ့ ကနဲ့လန့်ကာ ရွှေမှာတော့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီတို့၊ မြန်မာ့နည်း မြန်မာ့ဟန် ဒီမို ကရေစီတို့ဆိုတဲ့ အဆိုအပြောတွေက ခုထိ အတောမသတ်နိုင်သေးပါဘူး။

မိမိတို့ တပ်မတော်အစိုးရ၊ တပ်မတော်အစိုးရ မိမိတို့လက်ထက်မှာ ဆိုတဲ့ စကားလုံးကလည်း သတင်းစာနဲ့ ရေဒီယိုထဲကနေ ကုန်းကုန်းထလာ သေးတယ်။ ဒါပေမဲ့ အဲဒီ မိမိတို့တပ်မတော်အစိုးရဆိုတဲ့ ပုဂ္ဂိုလ်များလက် ထက်မှာပဲ ထမင်းရည်သောက်နေရသူတွေ ရှိလာတယ်။ ခန္ဓာကိုယ်ကို ရောင်းချစားနေရသူတွေ ရှိလာတယ်။ ကျွန်တော့်သေနတ်က ကျွန်တော့် အရပ်ထက် ပိုရှည်တယ်ဆိုတဲ့ ကလေးစစ်သားတွေ ရှိလာတယ်။ တစ်ရပ် ကွက်လုံး မီးတင်ရှို့ခံရပြီးတဲ့နောက် မြို့ပြင်ကွင်းထီးတည်းမှာ ကံတရားကိုပဲ စီးချင်းထိုးရမလား။ အမှန်တရားကိုပဲ မီးပြင်းထိုးရမလားဆိုပြီး ဘဝတွေပါ သောကပရိဒေဝမီး လောင်ကျွမ်းခံနေရပြန်သေးတဲ့ လူထုတွေ ပိုများလာ တယ်။

အဲဒီ မိမိတို့ တပ်မတော်အစိုးရလို့ အော်ဟစ်နေတဲ့ ပုဂ္ဂိုလ်များ လက်ထက်မှာပဲ လူထုကို နောက်ပြန်တောင်လှည့်မကြည့်တော့တဲ့ ဖောက်ပြန် တဲ့ နိုင်ငံရေးသမားတွေ ပေါ်လာတယ်။ ဒီမိုကရေစီရေး၊ တန်းတူရေး၊ ပြည်ထောင်စုအရေးကို တောင်းဆိုရင်း တိုက်ပွဲဝင်ခဲ့သူတွေရဲ့ လက်ထဲက သေနတ်ဟာ စစ်အာဏာရှင်တွေရှေ့မှာ လေဖြတ်သွားကြတဲ့ အဖြစ်အပျက် တွေ ပေါ်လာတယ်။ ရေမြေတောတောင် သယံဇာတတွေကို လူမျိုးအတွက်၊ ပြည်နယ်အတွက်၊ နိုင်ငံအတွက် ရည်မှန်းထားခဲ့သူတွေကိုယ်တိုင် မိစ္ဆာအာဏိဝ အလုပ်တွေကျူးလွန်ရင်း သမိုင်းတရားခံအဖြစ် ထူးချွန်နေသူတွေရဲ့ စာရင်း ဇယားထဲမှာ အရင်းအနှီးတွေ တိုးပွားနေတယ်။

အဲဒီ မိမိတို့ တပ်မတော်အစိုးရလို့ အော်ဟစ်နေတဲ့ ပုဂ္ဂိုလ်များ လက်ထက်မှာပဲ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်ထောင်စုသစ်အရေး ကို ဆောင်ရွက်နေသူတွေမှန်သမျှ နေအိမ်အကျဉ်းချုပ်၊ အကျယ်ချုပ်ဘဝ ရောက်နေရသလို အိမ်ကို ခဲနဲ့ပေါက်ခံရတာမျိုး၊ အိမ်ရှေ့ပစ်စာချခံရတာမျိုး၊ နောက်ကွယ်က ချောင်းရိုက်ခံရတာမျိုး၊ စစ်ကြောရေးစခန်းမှာ လက်လွန်လို့ အသက်နှုတ်ခံရတာမျိုး၊ မတရားတဲ့ပြစ်ဒဏ်ကို တစ်ဘဝလုံးအတွက် ခံစား



နေရချိန်မှာပဲ ခန္ဓာအိမ်နဲ့ အသက်ဇီဝ အဖျက်ဆီးခံရတာတွေ များများလာနေ တယ်။

အဲဒီ မိမိတို့ တပ်မတော်အစိုးရလို့ အော်ဟစ်နေတဲ့ ပုဂ္ဂိုလ်များ လက်ထက်မှာပဲ စစ်သားတွေက တောကျင့်တောကြံ ကြံတယ်။ ကြံ့ဖွံ့တွေ က ခါးပိုက်ဆောင်လူမိုက် လူရမ်းကားအလုပ်ကို ကန်ထရိုက်ဆွဲထားတယ်။ ထောက်လှမ်းရေးတွေက ချော့လိုက် ခြောက်လိုက်နဲ့ လူထုကို အေးဓားပြ တိုက်တယ်။ ပညာရေးဝန်ထမ်းတွေက ကလေးတွေရဲ့ မုန့်ဖိုးကို ကျောင်း လွယ်အိတ်ထဲက နှိုက်ယူနေတယ်။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တွေက ဗာလာ နံတွေကို အပယ်ဝန္တာမိလို့ မပြောရုံတစ်မည် အကာအကွယ်ပေးပြီး သုတ်၊ ဝိနည်းနဲ့ အဘိဓမ္မာတွေကို မသိမသာ ဆုတ်ဖြဲနေတယ်။ အမျိုးသမီးတွေ ဘဝ လုံခြုံဖို့ ဝတ်စုံနဲ့ ပဝါရောင်းပြီး ဆက်ကြေးတောင်းနေတဲ့ ဗိုလ်ချုပ် ကတော်များ ဦးဆောင်သော အမျိုးသမီးအရေးမပါအဖွဲ့ကြီးကလည်း အဲဒီ မိမိတို့ တပ်မတော်အစိုးရလို့ အော်ဟစ်နေတဲ့ ပုဂ္ဂိုလ်များလက်ထက်မှာ ရုပ်ရှင်ပြနေရင်း ခဏခဏကြော်ငြာထိုးသလိုမျိုး ရိုးတိုးရွတလုပ်လုပ်ပြနေ ပါသေးတယ်။

ဒါကြောင့် သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့တဲ့ တပ်မတော်လည်း ဖျက်ဆီး၊ လွတ်လပ်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်ကြီးများကိုလည်း ပစ်ပယ်၊ ရတနာ သုံးပါးကိုလည်း စစ်ယူနီဖောင်းပေါ်က လက်နှစ်သစ်လောက် ပိတ်ဖြူစ ကလေးလောက်ပဲ သဘောထား။ အမိအဖသဖွယ် အလေးထားရမယ့် ပြည်သူလူထုကိုလည်း နေ့စဉ်ခြိမ်းခြောက်၊ ပစ္စတိုသေနတ် ခါးထိုးထားတဲ့ ကြားက တိုက်ပုံအင်္ကျီထပ်ဝတ်ပြီး နိုင်ငံရေးဦးဆောင်ချင်နေတဲ့ စစ်ဗိုလ်ချုပ် တွေက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလို့ အမည် တပ်ထားပေမဲ့ အဲဒီအမည်တပ်ထားတဲ့ အဖွဲ့ပဲ အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်နေတာကို ပြည်တွင်းကလည်း သိ၊ ပြည်ပကလည်း သိနေတာ ကြာပါပြီ။ တိုင်းပြည်လည်း မွဲတေ၊ လူထုဘဝတွေလည်း ကွဲကြေနေပါပြီလို့ ပြောနေရတာပါ။

ဒါပေမဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီလို့၊ မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီလို့ အော်ဟစ်နေလေတော့ တိုင်းပြည်ငြိမ်းချမ်းရေး၊ လူထုဘဝတွေ

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးကို ကြိုးပမ်းနေသလား ပြန်ကြည့်ပြန်တော့လည်း သူတို့တစ်တွေ ဘဝလုံခြုံဖို့ ကြပ်ပြေးကို ပြောင်း၊ ပြောင်းတဲ့နေရာကို နေပြည်တော်လို့ အမည်ပေးသတဲ့။ ဒီတော့ ကျုပ်တို့တစ်တွေ နှိပ်စက်ရမ်းကားထားခဲ့တဲ့ ရန်ကုန်မြို့ကြီးမှာ ခင်ဗျားတို့ ဖြစ်သလိုသေကြပေတော့ဆိုပြီး ထားပစ်ခဲ့သလိုပါပဲ။ သြော်… အတော့်ကို တရားကျစရာကောင်းတဲ့ မိမိတို့ တပ်မတော်အစိုးရကြီးပါလားလို့ ကမ္ဘည်းထိုးလိုက်ရပါတယ်။

ကဲ… ဖြစ်ခဲ့တာတွေ ခဏထား။ ဟုတ်တယ်။ ဖြစ်ခဲ့ ပျက်ခဲ့တာတွေ ခဏထား၊ ခဏထားရမှာနော်။ အဲဒီလို ဖြစ်ခဲ့ပျက်ခဲ့တာတွေ ခဏထားလို့ အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းချက်အပေါ် မိမိတို့ တပ်မတော်အစိုးရဆိုတဲ့ ပုဂ္ဂိုလ်ကြီးများ ဘယ်လိုသဘောထားမလဲ။ လက်ခံမလား၊ ပယ်ချမလား။ အားလုံးက အာရုံစိုက်နေကြပါတယ်။ နိုင်ငံတကာကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းချက်ဟာဖြင့် အပြုသဘောဆောင်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းကလည်း ဒီကမ်းလှမ်းချက်အပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ကြောင်း ပြောဆိုပြီး အာရုံစိုက်နေကြပါတယ်။ လက်ရှိ မြန်မာနိုင်ငံအခြေအနေက ပြည်တွင်းရေးသာမက ဒေသတွင်းအတွက် အရေးကြီးနေတာကိုး။ ဒါကြောင့်လည်း မြန်မာနိုင်ငံရေးအပေါ် အလေးအနက်ပြု အာရုံစိုက်လာကြတာပါ။ ဒါပေမဲ့ မိမိတို့ တပ်မတော်အစိုးရဆိုတဲ့ ပုဂ္ဂိုလ်ကြီးများက ပြည်တွင်းရေးနဲ့ ဒီမိုကရေစီရေးနဲ့ ဒေသတွင်းအရေးကို အာရုံမစိုက်ဘဲ ဘာစိုက်နေသလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို ကက်ကင်းရိုက်ဖို့ ကြက်ဆူပင်တွေပဲ လိုက်စိုက်နေသတဲ့။

အင်း… မိုက်ရိုင်းလှပါလား မိမိတို့ တပ်မတော်အစိုးရကြီးရယ်။

❐ ❐ ❐

# လူထုအမေ

မြန်မာနိုင်ငံမှာ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်နေ့က ဆုံးဖြတ်ခဲ့ကြပါတယ်။

ပထမဆုံးစာဆိုတော်နေ့အခမ်းအနားကို ဂျပန်ခေတ် (ဒုတိယကမ္ဘာစစ်)အတွင်း ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲအဖြစ် မြန်မာနိုင်ငံအရပ်ရပ်မှာ စာပေဟောပြောပွဲတွေ၊ စကားရည်လုပွဲ၊ စာပေသရုပ်ဖော်ပွဲ၊ စာပေပြိုင်ပွဲ၊ စာပေဆွေးနွေးပွဲတွေ ကျင်းပခဲ့ကြသလို ရန်ကုန်မြို့မှာတော့ မြန်မာနိုင်ငံစာရေးဆရာအသင်းက 'ဝိဇယ'ပြဇာတ်ကို တင်ဆက်ကပြခဲ့တာ ၁၉၉၅ ခုနှစ်အထိပါပဲ။

အဲဒီနောက်ပိုင်း (၃၊ ၁၂၊ ၁၉၅၆) ခုနှစ် ၁၃ ကြိမ်မြောက်ကစပြီး ပြဇာတ်မကဖြစ်တော့ပါဘူး။ ဟောပြောပွဲတွေသာ ကျင်းပခဲ့ကြပါတယ်။ ဒါပေမဲ့ တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်း စာပေလွတ်လပ်ခွင့်နဲ့ စာပေဟောပြောပွဲတွေကို ကန့်သတ်မှုကြောင့် ပွန်းပဲ့လာရာက အခု နဝတ၊ နအဖ ခေတ်မှာတော့ဖြင့် ဆိုဖွယ်ရာမရှိတော့ပါဘူး။ နိုင်ငံတော်ရဲ့ စာပေမီးရှူးတန်ဆောင်တွေလည်း စာရေးခွင့် ပိတ်ပင်ခံရ၊ ထောင်သွင်းအကျဉ်းချခံရ ဖြစ်လာတာကိုး။

'လက်တွေ့ဘဝ၊ လက်ငင်းခေတ်၊ လက်တွေ့ပတ်ဝန်းကျင်အတွက် အကျိုးလည်းရှိမယ့် အသုံးလည်းတည့်မယ့် အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတ၊ အတတ်ပညာနဲ့ အမှားအမှန် ဆုံးဖြတ်ချက်တွေကို ပေးနိုင်စွမ်း

www.burmeseclassic.com

www.burmeseclassic.com



**ရှိသယ့် စာအုပ်တွေကို လိုလာပါတယ်'လို့ (စာပေမွေ့လျော်မှု ပျိုးထောင်ခြင်း) အမည်နဲ့** ရေးသားတဲ့ စာတမ်းထဲမှာ သတင်းစာဆရာ စာရေးဆရာကြီး ဦးဝင်းတင်က မိန့်ဆိုဖူးပါတယ်။

ခုတော့ဖြင့် ဆရာကြီးမှာလည်း စာပေဟာ စိတ်ရဲ့အာဟာရ၊ စိတ်မှာ အာဟာရရှိမှ ယဉ်ကျေးမှုလည်း ဗွမ်းသန့်လာမယ်လို့ မသိတတ်သူ အာဏာရှင်များရဲ့ ဉာဏ်တစ်ထွာ တစ်မိုက်ကြောင့် နိုင်ငံရေးအကျဉ်းသားဘဝနဲ့ ထောင်ထဲမှာနေရတဲ့ ကာလတွေ ကြာမြင့်နေခဲ့ရပါပြီ။ အကျဉ်းထောင်ဆိုလို့ သတိရမိတဲ့ မြန်မာပြည်တစ်နေရာက အကျဉ်းထောင်ထဲမှာ ကျင်းပတဲ့ အမှတ်တရစာပေစကားဝိုင်းလေးအကြောင်း ပြောပြချင်ပါတယ်။

အဲဒါကတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၉ ရက်နေ့က ၈၉ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ စာပေမိခင်ကြီး အမေလူထုဒေါ်အမာရဲ့ မွေးနေ့ပွဲကလေးကို မြန်မာပြည်တစ်နေရာက အကျဉ်းထောင်ထဲမှာ ပြုလုပ်ခဲ့ကြတယ်လို့ နိုင်ငံရေ အကျဉ်းသားဟောင်းတစ်ဦးက ပြန်လည်ပြောပြခဲ့တဲ့ အကြောင်းလေးပါပဲ။ ဒီတုန်းက ၁၉၉၄ ခုနှစ်ဆိုတော့ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ ပြုလုပ်တာဆိုတော့ အမေလူထုဒေါ်အမာရဲ့ ၇၉ နှစ်ပြည့် မွေးနေ့ပါပဲ။ အကျဉ်းထောင်ရဲ့ ဆေးရုံဆောင် အပေါ်ထပ်မှာ ရေနွေးကြမ်း၊ ပဲလှော်၊ ထန်းလျက်ခဲတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေက အမေ့မွေးနေ့ပွဲကလေးကျင်းပပြီး အမှတ်တရ ဂုဏ်ပြုကန်တော့ခဲ့ကြတဲ့အခါ ဘယ်လိုအကြောင်းတွေ ပါပါသလဲလို့ ကျွန်တော်က ထပ်ပြီး မေးတဲ့အခါ အဲဒီ နိုင်ငံရေးအကျဉ်းသားဟောင်းက ကဗျာတစ်ပုဒ်ရေးပြီး ကျွန်တော့်အမေးကို ပြန်လည်ဖြေကြားပါတယ်။ ကဗျ ရဲ့အမည်က…

**'လူထုထဲက လူထုအမေ'**တဲ့။

လူထုထဲက လူထု
တစ်ချိန်က…
ဦးလေးဦးလှဟာ
'ကြီးပွားရေးမဂ္ဂဇင်း'ထုတ်ဝေသူနဲ့ တာဝန်ခံအယ်ဒီတာ။
ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်မှာ
'ကြီးပွားရေး ဦးလှ'လို့ ထင်ရှားလာ။



မြမေဒ္ဓါ ခင်လှဝင်းကလောင်အမည်တွေနဲ့
'ကြီးပွားရေး'မှာ စာတွေရေးခဲ့တာ
အမေလူထုဒေါ်အမာပါ။
၁၉၃၈ မှာ…
မောရစ်ကောလစ်ရဲ့
'ဤ Trials in Burma'ကို
မအမာ ဘာသာပြန်တဲ့
'မြန်မာပြည်မှ မှုခင်းများ'စာအုပ်
'ကြီးပွားရေး'က ထုတ်ခဲ့တယ်။
၁၉၃၉ ခုနှစ်က
စာရေးသူနဲ့ ထုတ်ဝေသူ အိမ်ထောင်ကျ
ညောင်လေးပင်သား ဦးလှဟာ
ဇနီးရှိရာ 'ရတနာပုံ'ကို ရောက်ပြီး
'မယားပါ မန္တလေးသား'တစ်ယောက်ဖြစ်လာတယ်။
သူတို့ဇနီးမောင်နှံဟာ
စစ်ပြီးစ မန္တလေးမှာ
'လူထု'သတင်းစာကို တည်ထောင်တယ်။
'လူထု'သတင်းစာကို အကြောင်းပြုကာ
စစ်ပြီးခေတ်နောက်ပိုင်းမှာ
'လူထုဦးလှ' 'လူထုဒေါ်အမာ'ဖြစ်လာတယ်။
လူထုထဲဆင်း လူထုအကျိုးဆောင်
လူထုကောင်းအောင် စာတွေရေးကြလို့
လူထုကိုကိုယ်စားပြုတာလည်း ဖြစ်ပါတယ်။
လူထုဦးလှဟာ…
သူ့တစ်သက်
တိုင်းပြည်နဲ့ လူမျိုးအတွက်
စာပေကလောင်နဲ့ တိုင်းပြည်အကျိုး ဆောင်ခဲ့တယ်။
ဦးလေးရဲ့ စာတချို့

www.burmeseclassic.com

www.burmeseclassic.com



ယူနက်စကိုဆု၊ စာပေဗိမာန်ဆု ရဖူးတယ်။
အင်္ဂလိပ်၊ ဂျာမန်
ဂျပန်၊ ပြင်သစ်
ရုရှား ဘာသာပြန်ဖူးတယ်။
အသွေးအရောင်စုံစွာ၊ ပန်းစကြာမှန်ပြောင်းပမာ
ပရဟိတဝါဒီ၊ သတင်းစာဆရာ
ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနဲ့
ကမ္ဘာ့ငြိမ်းချမ်းရေးမှာ ပါဝင်သူ
ဝတ္ထုရေးဆရာ၊ အယ်ဒီတာ၊
ထောင်မှတ်တမ်း ထောင်ဝတ္ထုရေးသူ
အပြောအဟောကောင်းသူ၊ စာရေးကောင်းသူ
ထုတ်ဝေသူနဲ့ ပုံပြောဆရာ
လူထုထဲက လူထုဦးလှပါ။
ကွယ်လွန်တာ
အသက် ၇၃ နှစ်မှာပါ
သူ့စာတွေက ခုထိရှင်သန်နေဆဲပါ။
သတင်းစာဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ
ပင်ကိုရေးနဲ့၊ ဘာသာပြန်စာရေးဆရာ
အမေလူထုဒေါ်အမာ
သက်ရှိထင်ရှားရှိဆဲပါ။
အမေ့စာတွေ၊ ခုထိ နုပျိုနေဆဲပါ။
ခါးလိုထက်ပြီး လှံလိုထက်တဲ့ ကလောင်ကိုင်ဆဲပါ။
အမေဟာ…
၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်မှာ
ရဲရဲတောက်ခေါင်းဆောင်တစ်ဦးပါ။
'အငြိမ့်' 'စန္ဒမာလာ'
'အောင်ဗလ ဖိုးစိန် စိန်ကတုံး'
'ဘဝချင်းမတူသည့် တရုတ်ပြည်'



'ဆိုရှယ်လစ်တိုင်းပြည်များသို့'
'အိုယန်ကီးတို့'၊ 'ချင်းတွင်းမှ ပင်လယ်သို့'
'ရွှေဒေါင်းတောင် ဆောင်းပါးများ' 'အမေ့ရှေးစကား'
'မန္တလေးသူ မန္တလေးသား'
'သက်တံရောင်' 'ရွှေမန်းတင်မောင်'
'ရတနာပုံ မန္တလေး ကျွန်မတို့မန္တလေး'
'ရွှေရိုးဘကလေး'
'မြန်မာ့မဟာဂီတ' 'ကျွန်မတို့ငယ်ငယ်က'
'ထိုင်းဝတ္ထုတိုများ' 'သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ'
အမေဒေါ်အမာရဲ့ စာပေကောင်းမှုအစုစုများ
စာပေလောကရဲ့ ရှုဝံ့ကြွယ်အလား။
တစ်ခါက…
အလယ်မှာ ရေနွေးကြမ်းနဲ့ ပဲလှော်၊ ထန်းလျက်ခဲ
အမေ့ ၇၉ နှစ်မြောက်မွေးနေ့ပွဲ
ကျွန်တော်တို့ နွှဲခဲ့ဖူးတယ်။
တက်ရောက်သူတွေ ဝန်းရံထိုင်
အမေ့စာ၊ အမေ့ဘဝအကြောင်း
သိသမျှ သောင်းပြောင်း
ပြောကြ၊ ဆိုကြ၊ ဂုဏ်ပြုကြ
အမှတ်တရပေါ့။
အမေ… အသက်ရာကျော်ရှည်ပါစေ
လူထုထဲက၊ လူထုရဲ့အမေ။

ဒီကဗျာလေးကို ရေးသားသူကတော့ နိုင်ငံရေးအကျဉ်းသားဟောင်းလည်း ဖြစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရေနံချောင်းမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မြေက ဦးခင်ကျော်ဟန် ဖြစ်ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## စစ်ယူနီဖောင်းနဲ့ ပိတ်ဖြူလက်နှစ်လုံး

စစ်ယူနီဖောင်းပေါ်မှာ လက်နှစ်လုံးလောက် ပိတ်ဖြူကလေးပတ်ပြီး ရှေးဟောင်းဗုဒ္ဓအမွေအနှစ်တွေနဲ့ ရှေးဟောင်းလက်ရာတွေကို လိုက်လံဖျက်ဆီးနေတာကိုများ သူတို့လက်ထက်ကျမှ ထေရဝါဒဗုဒ္ဓဘာသာဟာ ကမ္ဘာကြီးကိုတောင် လွှမ်းခြုံတော့မယ့်အတိုင်း လေလုံးထွားလွန်းတာဟာ ဘယ်သူတွေရှိပါနိုင်ပါ့မလဲ။ ပြည်သူလူထုတွေရဲ့ ဘာသာတရားအပေါ် ကြည်ညိုကိုင်းရှိုင်းမှုကနေ အမြတ်ထုတ်ချင်တော့ တန္တရ၊ မန္တရ၊ လောကီ သမထအလုပ်နဲ့ ဝိသမစီးပွားရေးလုပ်နေတဲ့ ဘာသာရေးလမ်းကြောင်းကို ဆရာလိုအဖော်ပြုပြီး နိုင်ငံအနှံ့ ခရီးထွက်။ စေတီပျက်၊ စေတီမွှားတွေကို ပြုပြင်၊ စစ်အာဏာရှင်ပလ္လင်မလှုပ်အောင် ယတြာအလုပ်တွေကို အိတ်ပေါက်နဲ့ ပေါက်ပေါက်ဆုပ်ထည့်သလို လျှောက်လုပ်။ အဲ… ရီးသားပြီး ဘာသာတရားမင်တဲ့ ပြည်သူတချို့က ဘုရားဒကာကြီးလို့ အမြင်မှားလာတာပေါ့ဗျာ။

အဲဒီလို ထေရဝါဒဗုဒ္ဓဘာသာ ကမ္ဘာကို လွှမ်းခြုံလောက်အောင် စွမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်ကြီးများအုပ်ချုပ်နေတဲ့ နိုင်ငံထဲက ဒီပဲယင်းမြို့အနီး ကျီရွာမှာ လူမဆန်လှတဲ့ လုပ်ကြံသတ်ဖြတ်မှုကြီး ပြီးခဲ့တဲ့နှစ် မေလ ၃၀ ရက်နေ့က ဖြစ်ပွားခဲ့တာ ဒီနေ့ဆိုရင် ၁၃ လနဲ့ ၃ ရက်ရှိသွားပါပြီ။ ကဲ… အခုအထိ အဲဒီဘုရားဒကာကြီးတို့အဖွဲ့က အဖြစ်မှန်ကို ဖော်ထုတ်ပေးဖို့ နေနေသာသာ ဒီတို့၊ ပဲတို့၊ ယင်းတို့ပါတဲ့ စကားလုံးတွေဆိုရင် 'ဒီမှာဗျ၊ ပဲဟင်းကလေးက ကောင်းလိုက်တာ၊ ယင်းလိပ်ကို ချထားစမ်းပါ' ဆိုတဲ့ စကားလုံးတွေမပါအောင် သတိထားပြီး ပြောဆိုနေကြရမယ်လို့ တွေးမိပါ



တယ်။ ဘာဖြစ်လို့လဲဆိုရင် ထေရဝါဒဆိုတဲ့စကားလုံးတွေကို အာကတ်ပါကတ်ပြောပြောပြီး ဗာလာန်အလုပ်တွေ ဘယ်သူလုပ်နေသလဲဆိုတာ အဲဒီဘုရားဒကာကြီးတို့က အများတကာထက် ပိုပြီးသိနေတာကိုး။

မေလ ၃၀ ရက်နေ့မတိုင်မီ မေလ ၂၆ ရက်နေ့ကတည်းက ဒီပဲယင်းမြို့နယ် ဆရာစံခန်းမထဲမှာ ရိုက်နည်း တိုက်နည်းတွေကို မြို့နယ်ရဲ့ တပ်ဖွဲ့မှူး ဦးသောင်းဝင်းဆိုသူက ဦးစီးပြီး သင်တန်းပေးတာ။ မော်တော်ကား ၂၇ စီးနဲ့ တင်ဆောင်ရတဲ့ ရွှေဘိုခရိုင် ၈ မြို့နယ်က ကြံ့ဖွံ့၊ မီးသတ်၊ ရယကနဲ့ စွမ်းအားရှင်အဖွဲ့ဝင်တွေ ဒီလုပ်ကြံမှုကြီးမှာ ပါဝင်တာ။ စစ်တပ်နဲ့ ရဲနဲ့ လုံထိန်းအဖွဲ့ဝင်တွေ ဒီပဲယင်းမြို့ပေါ်နဲ့ အခင်းဖြစ်ပွားရာ ကျီရွာနဲ့ ရွာသစ်အကြားက ဆည်မြောင်းဝင်းထဲမှာ ကင်းလှည့်စောင့်ဆိုင်းပြီး တာဝန်ယူကြတာတွေဟာ ခုတော့ လူက ရေထဲငုပ်နေပေမဲ့ အထုပ်က ရေပြင်ပေါ်ထိုးတက်လာဆိုသလို ဘွင်းဘွင်းကြီးပေါ်လာပါပြီ။ အဲ… ဒီပဲယင်းမြို့နယ်က ကြံ့ဖွံ့တာဝန်ရှိသူများ၊ ပြန်ဆက်ဝန်ထမ်း၊ မြို့နယ်သမဝန်ထမ်း၊ လဝကဝန်ထမ်း၊ ရယကတာဝန်ရှိသူတွေသာမက မီးသတ်ဌာနက လူတချို့လည်း ပါဝင်ကြောင်း အရင်ရာထူး၊ လက်ရှိရာထူးအပြည့်အစုံတွေဟာ နာမည်စာရင်းနဲ့တကွ ပေါ်ပေါက်လာပါပြီ။ ဒီစာရင်းတွေထဲမှာ အာဏာပိုင်တွေက လိမ်လည်လှည့်ဖြားပြီးပင့်ဆောင်တဲ့အတွက် မေလ ၂၈ ရက်နေ့ကနေ မေလ ၃၁ ရက်နေ့အထိ ကြွပေးခဲ့ရတဲ့ သံဃာတော် ၁၂ ပါးရဲ့ စာရင်းကိုလည်း ဘွဲ့အမည်၊ ကျောင်းအမည်တွေသာမက သံဃာ့နာယကအဖွဲ့မှာ ဘယ်လိုတာဝန်တွေ ဆက်ကပ်ထားတယ်ဆိုတာတွေလည်း တိတိကျကျဖော်ပြထားပါတယ်။ ဒီတော့ နအဖဘုရားဒကာကြီးတို့ရဲ့ အာဏာမတရားတာကြီးတွေဟာ တဖြည်းဖြည်းပေါ်ပေါက်လာပြီပေါ့ခင်ဗျာ။

ဒါကြောင့်လည်း ကမ္ဘာ့ကုသလမဂ္ဂရဲ့ ဂုဏ်သရေရှိသော လူကြီးမင်း လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုးက 'အာဏာပိုင်များ ပူးပေါင်းကြံစည်ဆောင်ရွက်တာမျိုး မဟုတ်ရင် ဒီပဲယင်းဖြစ်ရပ် ဖြစ်ပွားနိုင်စရာကြောင်း မရှိဘူးဆိုတဲ့အချက်ကို သုံးသပ်နိုင်ဖို့ ခိုင်လုံတဲ့အကြောင်း အထောက်အထားသက်သေခံချက်ရှိနေပြီလို့ ကျွန်တော်ပြောနိုင်တယ်' ဆိုပြီး ကုလသမဂ္ဂမှာ ပြောဆိုခဲ့တာပါ။ အကျဉ်းထောင်ထဲမှာဆိုရင်လည်း နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းပန်းသတ်ဖြတ်တယ်။ စိတ်ပိုင်း ရုပ်ပိုင်းချို့ယွင်းအောင် လုပ်တယ်။ အပြင်က မိသားစုစီးပွားရေးပျက်၊ လူမှုရေးချို့တဲ့အောင် နည်းမျိုးစုံနဲ့ ဖျက်ဆီးတယ်။ ရှေ့တန်းစစ်မြေပြင်မှာ လက်သည်မပေါ်တဲ့နည်းတွေနဲ့ လုပ်ကြံတယ်။ လယ်မြေတွေ၊ နေအိမ်တွေကို ဘူဒိုဇာနဲ့ထိုးပြီး မောင်းထုတ်တယ်။

ဒီလိုအကြမ်းဖက်လုပ်ရပ်မျိုးစုံကို ကမ်းကုန်အောင်ကျူးလွန်နေတဲ့ ကြားက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ နိုင်ငံတော် တည်ငြိမ်ရေး ကြိုးပမ်းနေမှုများနဲ့ တိုးတက်မှုများကို မရှုစိမ့်သူတို့က နှောင့် ယှက်ဖျက်ဆီးနေပါတယ်ဆိုပြီး နာရီသံချောင်းခေါက်သလို အချိန်ကိုက် ထအော်နေတော့ သေတဲ့ နအဖ အဲ… သည်းခံပါ။ သေဟဲ့ နန္ဒိယဆိုပြီး ကိုယ့်နဖူးကိုယ် ပြန်ရိုက်မိရပြန်ပါတယ်။ ခုလည်း ကြည့်၊ ပြည်ပရောက် အတိုက်အခံတွေက ညောင်နှစ်ပင်ညီလာခံကို ဖျက်ဆီးဖို့ကြိုးစားနေလို့ လုံခြုံ ရေးသတိ အထူးသတိရှိကြပါဆိုပြီး နအဖပြည်ထဲရေးဝန်ကြီးဌာနက အမိန့် ထုတ်ပြန်လိုက်ပါတယ်။ ရန်ကုန်ဘူတာကြီး မုံးပေါက်ကွဲမှုကိစ္စ သတင်းစာ ရှင်းလင်းပွဲပြီးလို့မှ မကြာဘူး။ ဒီအမိန့်ကြီး ထွက်လာတာပါ။ ပြောရရင် မြန်မာပြည်တွင်းမှာ ဗုံးတွေကွဲနိုင်သေးတယ်လို့ ဆိုတာကိုးဗျ။ ဒီတော့ 'ဟင်… ဗုံးတွေလည်း မကုန်သေးဘူးလား' လို့ စဉ်းစားမိပါတယ်။ ဘူတာ ကြီးဗုံးကွဲတာ နအဖလက်ချက်လို့ပြောတာ မဟုတ်ပါဘူး။ စစ်အာဏာရှင် တွေရဲ့ ပေါက်ဖော်အဖွဲ့ကြီးအကြောင်း ပြောချင်လို့ပါ။

အင်း… နားရှုပ်သွားကြပြီလား မသိဘူး။ ဒီလိုပါ။ နအဖစစ် ထောက်လှမ်းရေးအဖွဲ့ကြီးက ဗုံးပေါက်မှ ခရေစေ့တွင်းကျ ဖော်တော့တာကိုး ဒီလို ပေါက်လို့ဖော်တဲ့နေရာမှာလည်း ပြည်တွင်းနဲ့ ပြည်ပအဆက်အသွယ်က ဘယ်လို၊ ဘယ်သူတွေက ငွေပေးတာ၊ ဘယ်သူက မြန်မာပြည်တွင်း ဘယ် လမ်းက ဝင်တာ၊ ဗုံးတွေကို ဘယ်လိုထည့်တယ်၊ လူက ဘယ်နယောက် စတဲ့ အသေးစိတ်အကြောင်းအချက်တွေကအစ ဖော်နိုင်တာကိုးဗျ။ ဒီတော့ ဗျာ… အဲဒီလောက်သိနေမှတော့ ဘာလို့ ဗုံးပေါက်တဲ့အထိ စောင့်နေရတာ တုံး။ ဟိုပေါက်ဖော်ကြီးတို့အဖွဲ့ရဲ့ ပညာနဲ့ သတင်းစာရှင်းလင်းပွဲကို မယုံလို့ ပြောတာ မဟုတ်ဘူးနော်။ ပေါက်မှ ဖော်မနေဘဲ စပြီးသိကတည်းက ဖမ်းလိုက်ပါတော့လား။ အလကား အထိတ်တလန့်ဖြစ်အောင် စောင့်နေရသေး



တယ်။ မဟုတ်ဘူးလား။ ဟော… ရှိသေးတယ်။ လုံခြုံရေးတစ်ဖွဲ့ဝင်တွေ က ဗုံးကွဲတဲ့နေရာတစ်ဝိုက် ထပ်ရှာပြီးတော့ နောက်ထပ် ၄ လုံးတောင် တွေ့သေးသတဲ့။ ဒါပေမဲ့ ဘာသာတရားကိုင်းရှိုင်းတဲ့နေရာဖြစ်လို့ လူတွေ အထိအခိုက်မရှိဘူးတဲ့။ ဒါဆို အသက်ရှိထင်ရှားရှိစဉ်တုန်းက စစ်ယူနီဖောင်း ကြီးနဲ့ ဘုရားသွား ကျောင်းတက်လုပ်နေတဲ့ ဒုဗိုလ်ချုပ်ကြီးတင်ဦး လုပ်ကြံခံ ရတာကျတော့ နအဖပေါက်ဖော်ကြီးအဖွဲ့က ခုထိ တရားခံကို ရိုပ်ဖမ်းသံဖမ်း တောင် မထုတ်ပြနိုင်ဘူး။

ခုတော့ အဲဒီဘာသာတရားကိုင်းရှိုင်းပါတယ်ဆိုတဲ့ နိုင်ငံတော် တည်ငြိမ်ရေးနဲ့ တိုးတက်ရေးကို စစ်ယူနီဖောင်းတကားကားနဲ့ ဘုရားသွား ကျောင်းတက်လုပ်နေတဲ့သူတွေကပဲ မြန်မာပြည်တွင်းမှာ ဗုံးကွဲနိုင်သေးတယ် ဆိုပြီး အမိန့်ထုတ်တော့ ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… မပြုံးဘဲနဲ့ ဝါးလုံးကွဲအောင် ရယ်မိပါရဲ့ဗျာ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူတို့သက်တမ်းတို့၏ မုန်းသူတို့သက်တမ်းရှည်လှတဲ့ကာလကြီး

### ဒီဗွီဘီ၊ ၃၊ ဖေဖော်ဝါရီ၊ ၂၀၀၇

စစ်သားဖြစ်လို့ သေနတ်ကိုင်ရတာ၊ သေနတ်ကိုင်ရလို့ စစ်အာဏာရှင်လုပ်နေတာဆိုတော့ ပညာနည်းရာမကျဘူးလား။ ဟား… ဟား… ဟား… ပြောပြတော့လည်း ဒေါ်ပွကြဦးမှာပေါ့လေ။ ဟင်း… ဟင်း… ဟင်း…။

ချစ်သောသူတချို့ သက်တမ်းတို့၏၊ မုန်းသူတို့ သက်တမ်းရှည်လှတဲ့ကာလကြီးမှာ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်နိုင်ငံထဲမှာ လူလိုနေနိုင်ရေးအတွက် လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း ကြိုးပမ်းနေကြရတဲ့ကာလကြီးမှာ ငါ့ကျည်ငါထိုး ဘယ်လူမျိုးပျက်ပျက်ဆိုပြီး အခိုးအငုက်၊ အရက်အစက်တွေနဲ့ အာဏာရှင်တွေခေတ်ကြီးထဲမှာ ကျွန်တော်တို့ အသက်ရှူသံတွေ မှန်ကန်ဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ယုံကြည်ချက်တွေ ထက်မြက်ခိုင်မတ်နေဖို့ လိုပါတယ်။ ကျွန်တော်တို့ ကြိုးပမ်းမှုတွေနဲ့ အဆိုးအသွမ်းတစ်ရကို မောင်းထုတ်ပစ်နိုင်ဖို့ ရေးကထက် ပိုချစ်ကြရမှာဖြစ်ပါတယ်။

တစ်ပါတီအာဏာရှင်လက်အောက် ၂၆ နှစ်နဲ့ အခု စစ်အာဏာရှင်တို့ရဲ့ အနှစ်နှစ်ဆယ်အတွင်းကာလတွေထဲမှာ စစ်ယူနီဖောင်းအရောင်နဲ့ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ယောယိမ်းလိုက် ဘသားယိမ်းလိုက် လူတွေမပြောနဲ့၊ မာစီဒီးကားစီးပြီး မော်တော်ဆိုင်ကယ်ရုံနိုင်းခဲ့တဲ့လူကြီးတောင် လူ့လောကထဲကနေ ဘယ်လိုဓာတ်သိမ်းသွားခဲ့ရသလဲ။



မြန်မာနိုင်ငံမှာ ဗမာပြည်ကွန်မြူနစ်ပါတီဆိုတာ ရှိတယ်။ ထရုင်အမျိုးသားအစည်းအရုံးဆိုတာ ရှိတယ်။ မွန်ပြည်သစ်ပါတီဆိုတာ ရှိတယ်။ ကချင်၊ ကရင်နီ၊ ရှမ်း၊ ပလောင် အစရှိသဖြင့် ရှိတယ်။ ဘယ်တုန်းကရှိတာလဲ၊ တရားမျှတမှုနဲ့ လူ့အခွင့်အရေးတွေ၊ ငြိမ်းချမ်းရေးတွေ ချိုးဖောက်ခံခဲ့ရတာတည်းက ရှိပါတယ်။ လိုအပ်ချက်တွေ၊ တောင်းဆိုမှုတွေ ထုနဲ့ထည်နဲ့ထောက်ခံမှုတွေနဲ့ ရှိလာခဲ့ကြတာ။ ဒီတော့ နဝတ၊ နအဖဆိုတာ ဘာလဲ၊ ဘယ်လဲလို့ မမေးတော့နဲ့။ တိုင်းပြည်နဲ့ လူမျိုးစုံ ပြည်သူလူထုအတွက် ကိုယ်ကျိုးနည်းဖွယ်ရာ မလိုအပ်ဆုံးအရာကို ပြပါဆိုရင် အဲဒီစစ်အာဏာရှင်တစ်စုနဲ့ နဝတ၊ နအဖဆိုတဲ့အဖွဲ့ကြီးကို လက်ညှိုးထိုးပြရတော့မှာပဲ။ ဒီမလိုအပ်တဲ့ အဖွဲ့ကြီးထဲ ကိုယ့်ကိုယ်ကိုယ်ထိုးအပ်ပြီး မစို့မပို့အကျိုးအမြတ်ကလေးနဲ့ ကိုယ့်သမိုင်းကို ချေဖျက်ပစ်နေကြတာ တွေ့ရတော့ အလွန်ကိုဝမ်းနည်းလိုက်တာဗျာ။

တရားမျှတမှုတွေနဲ့ချီပြီး၊ လွတ်လပ်ခွင့်တွေနဲ့ချီပြီး၊ တိုင်းပြည်နဲ့ချီပြီးတော့ကို ဝမ်းနည်းရပါတယ်။ ဒီမှာ ပါတီရှိလို့ ရွေးကောက်ပွဲလုပ်ပြီး အာဏာရှင်ဖြစ်သွားတဲ့သူထက် ပါတီမရှိဘဲ ရွေးကောက်ပွဲလုပ်ပြီး စစ်အာဏာရှင်သက်ဆိုးရှည်ချင်တဲ့လူတွေက ပိုပြီးကြောက်စရာကောင်းပါတယ်။ ဒါကလေး အရေးတကြီးစဉ်းစားကြပါ။

ကျွန်တော်တို့မှာ လက်နှစ်ဖက်ရှိတယ်။ စစ်အာဏာရှင်မှာလည်း လက်နှစ်ဖက်ရှိတယ်။ ကျွန်တော်တို့မှာ ဦးနှောက်ရှိတယ်။ စစ်အာဏာရှင်မှာလည်း ဦးနှောက်ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဦးနှောက်ထဲမှာ စိမ်းလန်းအေးမြတဲ့ ငြိမ်းချမ်းရေးဘဝတွေဆီ အရောက်သွားဖို့ မကြောက်တရားနဲ့တော်လှန်နေတဲ့ အတွေးအခေါ်ရှိတယ်။ ဒီအတွက် ကျွန်တော်တို့လက်တွေမြဲမြဲမြံမြံချိတ်ဆက်ထားကြတယ်။ အဲ… စစ်အာဏာရှင်ဆိုတာက လူနဲ့လူချင်း ဖြိုခွင်းဖို့၊ ဖိနှိပ်ဖို့၊ အာဏာကို ခါးပိုက်ထဲထည့်ပြီး မိုက်မဲဖို့ပဲတွေးခေါ်နေတော့ လက်နှစ်ဖက်တော့ ရှိပါရဲ့။ တစ်ဖက်က သွေးစွန်းနေတာကြာပြီ။ အဲ… ကျန်တဲ့တစ်ဖက်ကလည်း အိုးမည်းတွေနဲ့။ ဒီတော့ သွေးစွန်းနေတဲ့အာဏာရှင်တွေနဲ့ သွားပေါင်းတာကိုက လူဖြစ်ရကျိုးနပ်းနေပြီ။ တစ်ခါအာဏာရှင်က အိုးမည်းသုတ်ပေးလိုက်ပြန်တော့ ဟော… မှတ်ထားတာက

www.burmeseclassic.com



တော့ အဖြူနဲ့ အစိမ်း၊ ဒါပေမဲ့ ဘ၀မှာအာဏာရှင်ရဲ့ အိုးမည်းသုတ်တာခံထားရပြီ။ ဒီတော့ အန်အယ်လ်ဒီအလိုမရှိ၊ စီးပွားရေးပိတ်ဆို့မှုတွေ ဆန့်ကျင်၊ နအဖနဲ့ပေါင်းပြီး ငြိမ်းချမ်းရေးဒေသတွေ ထူထောင်မည် စသဖြင့် လျှောက်အော်ကြတာပေါ့ဗျာ။

ဒါကြောင့် ချစ်သောသူတချို့ သက်တမ်းတိုပြီး မုန်းသူတို့ သက်တမ်းရှည်လှတဲ့ကာလကြီးမှာ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်နိုင်ငံထဲမှာ လူလိုနေနိုင်ရေးအတွက် လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း ကြိုးပမ်းနေကြရတဲ့ကာလကြီးမှာ ငါ့ကျည်ငါထိုး၊ ဘယ်လူမျိုးပျက်ပျက်ဆိုပြီး အခိုးအငုက်၊ အရက်အစက်တွေနဲ့ တိုင်းပြည်ကို ဆင်းရဲတွင်းထဲ ၀ကွက်အပ်နေတဲ့ အာဏာရှင်တွေခေတ်ကြီးထဲမှာ ကျွန်တော်တို့အသက်ရှူသံတွေ အလွန်မှန်ကန်ဖို့အရေးကြီးပါတယ်။ ကျွန်တော်တို့ယုံကြည်ချက်တွေ ထက်မြက်နိုင်မတ်နေဖို့ လိုပါတယ်။ ကျွန်တော်တို့ကြိုးပမ်းမှုတွေနဲ့ အဆိုးအသွမ်းတစ်စုကို မောင်းထုတ်ပစ်နိုင်ဖို့ ရှေးကထက် ပိုချစ်ကြရမှာဖြစ်ပါတယ်။

❒ ❒ ❒

## လူသားချင်းစာနာမှု

ဖိနှိပ်တဲ့နေရာမှာ မီးကုန်ယမ်းကုန်ဖိနှိပ်သလို လိမ်တဲ့ ညာတဲ့နေရာမှာလည်း ကမ်းကုန်လွန်းလှချည်ရဲ့လို့ မြန်မာနိုင်ငံက စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများကို ပြောရပါတော့မယ်။ ဒီတော့လည်း မင်းနှယ်ကွာ… နအဖဗိုလ်ချုပ်တွေ လိမ်တာ ညာတာများ စာမဖွဲ့လောက်တော့ပါဘူး။ တစ်ကမ္ဘာလုံးသိနေတာပဲလို့ ဆိုကြမှာပဲ။ ဒါပေမဲ့ အခုကိစ္စက အသက်ရှင်လျက်ရှိတဲ့သူတွေအချင်းချင်းကို လိမ်တာ ညာတာမဟုတ်ဘဲ သေသွားတဲ့သူတွေအပေါ်မှာကို လိုက်ပြီး လိမ်တာ ညာတာကြောင့်ပါ။ ဒါကြောင့် အလိမ်အညာကမ်းကုန်လွန်းလှချည်ရဲ့လို့ ပြောရတာပါ။

သတင်းတွေထဲမှာ ကြားသိခဲ့ရတဲ့အတိုင်း ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၆ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဆူမတ်တြာကျွန်းမြောက်ပိုင်း အာချေးဒေသကို ဗဟိုပြုပြီး အိန္ဒိယသမုဒ္ဒရာမှာ လှုပ်ခတ်ခဲ့တဲ့ ရေအောက်ငလျင်ကြီးနဲ့အတူ အင်အားပြင်းထန်ပြီး 'ဆူနာမီ' လို့ အမည်ပေးထားတဲ့ သေမင်းတမန်ရေလှိုင်းကြီးတွေရဲ့ ရိုက်ခတ်မှုကြောင့် အင်ဒိုနီးရှား၊ မလေးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မော်လဒိုက်၊ ထိုင်းနဲ့ မြန်မာနိုင်ငံတို့မှာ ထောင်ပေါင်းများစွာ ထိခိုက်သေဆုံးခဲ့ရသလို ပျက်စီးဆုံးရှုံးမှုတွေလည်း နည်းနည်းနောနောမဟုတ်ပါဘူး။ နှစ်ပေါင်း ၄၀ အတွင်းအကြီးမားဆုံးလှုပ်ခတ်လိုက်တဲ့ ငလျင်ဒဏ်နဲ့ အပြင်းထန်ဆုံးရေလှိုင်းတွေရဲ့ဒဏ်ကြောင့် တစ်ကမ္ဘာလုံးဟာ သဘာ၀တရားရဲ့ ဆိုးသွမ်းချက်ကို ရက်စက်လှချည်ရဲ့လို့ ရင်ထုမနာဖြစ်ကြ၊ လူသားချင်း စာနာနားလည်မှုတွေနဲ့ လိုအပ်သမျှ တတ်နိုင်တဲ့အကူအညီတွေကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပေးကြ၊ အဲ··· ထိုင်းနိုင်ငံမှာ လာရောက်လည်ပတ်နေတဲ့နိုင်ငံခေါင်းစုံက နိုင်ငံသားတွေအတွက် သက်ဆိုင်ရာနိုင်ငံတွေက တာဝန်ရှိသူတွေ ချက်ချင်းရောက်လာပြီး လိုအပ်သမျှကို ကူညီဆောင်ရွက်ပေးနေကြပါတယ်။ နိုင်ငံတကာရုပ်မြင်သံကြားဌာနတွေကလည်း သေဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာရသူများစာရင်းကို အချိန်ပြည့်ကြေညာပေးနေပါတယ်။ ထိုင်းနိုင်ငံမှာတော့ ရုပ်မြင်သံကြားဌာနတိုင်းက ဝမ်းနည်းကြေကွဲမှုသင်္ကေတနဲ့ ဝတ်စုံအနက်များဝတ်ဆင်ရင်း ဒီဖြစ်ရပ်ရဲ့နောက်ဆက်တွဲသတင်းတွေ၊ မျက်မြင်ကြုံတွေ့ခဲ့သူတွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်တဲ့ အဲန်ဂျီအိုအဖွဲ့အစည်းတွေရဲ့ ကယ်ဆယ်ရေးလုပ်ငန်း၊ အစိုးရဌာနတွေရဲ့ အရေးတယူဆောင်ရွက်မှုအခြေအနေတွေကို အချိန်နဲ့အမျှ သတင်းထုတ်လွှင့်ပေးနေသလို လိုအပ်ရင်လိုအပ်သလို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံမေးမြန်းမှုတွေပြုလုပ်ပြီး ပြန်လည်လွှင့်ထုတ်ပေးနေပါတယ်။ နိုင်ငံတိုင်းက ကိုယ့်နိုင်ငံသားတွေအတွက် ရတက်မအေးဘဲ အပြေးအလွှားကူညီစောင့်ရှောက်နေသလို နိုင်ငံတိုင်းက လူမျိုးဘာသာမရွေးတို့ရဲ့ လူသားချင်းစာနာစိတ်တွေကိုလည်း အားရကျေနပ်စရာမြင်တွေ့နေရပါတယ်။

အဲ··· ဒါပေမဲ့လို့ မြန်မာနိုင်ငံက စစ်ဗိုလ်ချုပ်များကတော့ ကိုယ့်တိုင်းပြည်တွင်းက သေဆုံး၊ ပျောက်ဆုံး၊ ဒုက္ခရောက်နေသူတွေရဲ့စာရင်းကိုလည်း အတိအကျမပြောတဲ့အပြင် ဘယ်လိုအကူအညီတွေ ပေးထားတယ်ဆိုတာလည်း အတိအကျမသိရဘူး။ ကိုယ့်တိုင်းသူပြည်သားတွေ ပြည်တွင်းမှာ ဒုက္ခရောက်ရတဲ့အခြေအနေလည်း မသိ၊ ပြည်ပနိုင်ငံမှာ အလုပ်သွားလုပ်ရင်း ဒုက္ခရောက်ရတာတွေလည်း ဘယ်လိုအခြေအနေရှိတယ်၊ အဆက်အသွယ်တွေ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း မသိရ။ တိတိကျကျဖော်ပြထားတာမျိုး သတင်းစာထဲမှာလည်း မတွေ့ရဘူး။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က နိုင်ငံတွင်းသေဆုံးသူ ၉၀ ခန့်ရှိနိုင်တယ်လို့ ပြောတယ်။ ဗိုလ်ချုပ်ကြီးတို့ကတော့ ၃၆ ဦးပဲတဲ့။ ကဲ··· သေတဲ့လူတွေအပေါ်တောင် လိုက်ပြီး လိမ်ညာရဲတဲ့လူတွေ။ တစ်ခါ ထိုင်းနိုင်ငံက ဥပဒေပြုကော်မတီဥက္ကဋ္ဌက ထိုင်းနိုင်ငံမှာ သေဆုံးတဲ့ မြန်မာပြည်သား ၈၀၀ ခန့်လောက်ရှိ



မယ်လို့ ခန့်မှန်းပြောဆိုတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးတို့ကတော့ အင်းမလှုပ်၊ အဲမလှုပ်နဲ့ ကိုယ့်တိုင်းသူပြည်သားတွေ ဒုက္ခရောက်တာ ကယ်ရမယ့်အစား စစ်ပလ္လင်ပေါ်က ပြုတ်မကျအောင် ၂၄ နာရီ အချိန်ပြည့် ယတြာချေနေသတဲ့။ ကောင်းကြသေးရဲ့လား။ ကောင်းကြသေးရဲ့လား။ နအဖသတင်းစာထဲများ အားကိုးပြီး သွားမကြည့်နဲ့။ ဒီလောက်ကြောက်မက်ဖွယ်ရာ ပြင်းထန်ပြီး ဝမ်းနည်းကြေကွဲရတဲ့သတင်းကို ဦးဦးဖျားဖျားဖော်ပြမထားဘဲ ဘာလဲ အရည်မရ၊ အဖတ်မရ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ၅၁ နှစ်မြောက် လွတ်လပ်ရေးနေ့တန်းက သဝဏ်လွှာတဲ့။ အဲ··· 'မြန်မာတို့ရဲ့စွမ်းပကားသည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်လျက်ရှိ' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ 'မြန်မာတို့သည် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းဆက်ခံပြီး သူရဲကောင်းစိတ်ဓာတ်ဖြင့် မိမိတို့၏ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်သူများဖြစ်ကြောင်းဆိုတာက ပါသေးတယ်။ ဘယ်မှာလဲ မြန်မာတို့ရဲ့ သူရဲကောင်းစိတ်ဓာတ်၊ ဘယ်မှာသွားပြီး လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်နေတဲ့ မြန်မာလဲ။ အဲဒီ မြန်မာမြန်မာနဲ့ မြန်မာထဲက လောက်ထွက်လို့ တိုင်းပြည်မှာ ပြည်တွင်းစစ်လည်း မငြိမ်း၊ စီးပွားရေးကလည်း ပျက်စီး၊ ပညာရေးလည်း ဆွေးမြည့်၊ ကျန်းမာရေးလည်း ဆိုးရွားနေရတာ။

ဒါကြောင့် လူမျိုးစုံမြန်မာနိုင်ငံသားတွေဟာ သဘာဝဘေးဒဏ်ကိုလည်း အကူအညီအစောင့်အရှောက်မဲ့ ခံစားကြရ၊ စစ်ယူနီဖောင်းဝတ်တွေက လူထုအာဏာကို မတရားသိမ်းယူပြီး နိုင်ငံရေးမှာ နသားပါရလုပ်နေတဲ့ သဘာဝမကျတဲ့ ဘေးအန္တရာယ်တွေကိုလည်း ခါးစည်းပြီးခံစားနေကြရပါလားလို့ တွေးမိသမျှပြောရရင် ဟင်း··· ဟင်း··· ခင်ဗျားတို့က ဒေါ်ပွကြဦးမှာပေါ့ဗျာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အာဏာရခေတ်ပျက်သူဌေးများ

ကမ္ဘာ့ရွာကြီးလို့ သုံးစွဲနေရတဲ့ ဒီနေ့ခေတ်မှာ စစ်ပွဲတွေ၊ လူမှုဘဝ အဖြစ်အပျက်တွေ အသစ်ရှာဖွေတွေ့ရှိမှုတွေနဲ့ ဂေဟဗေဒအပြောင်းအလဲတွေ ဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် နေရာဒေသအကွာအဝေးတွေကို ထည့်တွက်ပြီး မျက်နှာလွှဲခဲပစ်လုပ်လို့ မရတော့ပါဘူး။ ညောင်ဦးကမ်းပါးပြိုတာ စမွါနဝိုရ်က နွားမပေါင်ကျိုးတယ်ဆိုတဲ့ ဒီနေ့ကမ္ဘာကြီးကိုး။ နိုင်ငံတိုင်းက အကျိုး စီးပွားတွေနဲ့ ကမ္ဘာ့အနှံ့ ခြေချင်းလိမ်နေကြတာလည်းရှိတော့ ကမ္ဘာ့တောင် ဖျားအရေးက ကမ္ဘာ့မြောက်ဖျားအတွက် မအေးနိုင်သလို အရှေ့ဖျားအရေးကို လည်း အနောက်ဖျားက တွေးရပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေကလည်း မြေဇာပင်မဖြစ်ဘဲ အရှည်ကြာကြာချစ်ခင်ရအောင် ကြိုးစားရပြန်ပါတယ်။ အဲ… နိုင်ငံတော်အာဏာကို သိမ်းပိုက်ထားတဲ့လူတွေကလည်း ညှံ့၊ စနစ်က လည်း မသန့်ဆိုတဲ့ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုပါပဲ။ နိုင်ငံဘဏ္ဍာ ခိုးမယ်လို့ လူဆိုးတွေနဲ့ လာတိုင်ပင်ဆိုတဲ့ ကိုယ်ကျိုးရှာသမားတွေ ပြည်တွင်း ထဲမရောက်ဖို့၊ ပြည်တွင်းက လူဆိုးတွေလည်း အခိုးအဝှက်တွေနဲ့ ပြည်ပ မထွက်နိုင်ဖို့၊ တိုင်းပြည်လည်း တရားမျှတ လွတ်လပ်တဲ့နိုင်ငံဖြစ်ဖို့ ကိုယ့် အစွမ်းအစတွေနဲ့လည်း ကြိုးစားကြ။ လူသားချင်း စာနာထောက်ထားတဲ့ ကမ္ဘာ့မိသားစုဝင်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက် အားကိုးအားထားပြုကြ ရပေတော့တာပေါ့။

ဟုတ်ပါတယ်။ အားကိုးတယ်ဆိုတဲ့ စကားလုံးဟာ သုံးစွဲတဲ့ အကြောင်းအရာ အခြေအနေပေါ်မှာ မူတည်ပြီး အတွန့်နဲ့ ပရ ကွဲပြားတာကို



လည်း ညွှန်ပြသလို ဓမ္မနဲ့ အဓမ္မအရ မညီမျှတဲ့တန်ဖိုးကို မီးမောင်းထိုးပြ ပါသေးတယ်။ ဒီတော့ အားကိုးရှာတယ်။ အားကိုးလိုချင်တယ်။ အားကိုး ပါတယ်လို့သုံးစွဲတိုင်း အဲဒီလိုစိတ်ဖြစ်ပေါ်တိုင်း အပေါ်ယံအမြင်အတွေးနဲ့ မလျှော့ကန်ဘူးလို့ ပြောမထည့်လိုက်ပါနဲ့ဦး။ အားဆိုတာ ဘက်ပေါင်းစုံ အတွက်လိုအပ်ပြီး အမြဲတမ်းဖြည့်စွက်သုံးစွဲနေရတဲ့အရာပဲ ဖြစ်ပါတယ်။ အနုပညာသမား၊ နိုင်ငံရေးသမား၊ ဘာသာရေးသမား၊ စီးပွားရေးသမား စသဖြင့် ကွဲပြားနေပေမယ့် ကိုယ့်အလုပ်နဲ့ ကိုယ့်အခန်းကဏ္ဍအတွက် လိုအပ် တဲ့အားတွေ မောင်းသန်နေအောင် ကြိုးစားကြရစမြဲပါပဲ။ လူတစ်ကိုယ် လက်နှစ်ဖက်ရှိတာတောင်မှ ဘယ်သန် ညာသန်ဆိုတဲ့အပေါ်မူတည်ပြီး ဘယ် နဲ့ညာ အားကိုးလိုအပ်ချက်အရ ရွေးချယ်ကြရသေးတာပဲ။

အဲ… လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ သစ်ပင်တွေပဲဖြစ်ဖြစ် တစ်ခု မဟုတ် တစ်ခု၊ တစ်နေရာမဟုတ် တစ်နေရာဆိုပြီး အကြောင်းအကျိုးအပေါ် မှာ အားကိုးစရာ ရှာကြရ ရှိကြရစမြဲပါ။ သို့သော် ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၊ ပေါက်နေတဲ့ခေါင်းထဲမှာကလည်း အခြားသက်ရှိတွေအားလုံး ထက် မြင့်မြတ်ပြီး တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်တဲ့ ဦးနှောက်ကြီး ရှိတဲ့လူက အားကိုးရှာချင်တယ်ဆိုရင်တော့ အများအကျိုးပါရတော့မှာပါပဲ။

ဒါပေမဲ့ အားကိုးရှာမှုတိုင်းဟာ ကိုယ့်မှာရှိတဲ့အားကို လိုအပ်နေတဲ့ တခြားက အားနဲ့ပေါင်းစပ်ပြီး ကောင်းမြတ်တဲ့အကျိုးကိုသာ ရည်မျှော်တာ မျိုးဖြစ်သင့်ပါတယ်။ ဒီလို အများကောင်းကျိုးအတွက် လိုအပ်ချက်အရ အားကိုးအားထားပြုခြင်းဟာ သေးသိမ်ညံ့ဖျင်းတဲ့လုပ်မဟုတ်ဘဲ လှပတဲ့ ပေါင်းစပ်ခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းနေတဲ့နိုင်ငံက အမြော်အမြင်နဲ့ စောင့် ရှောက်မှုကို မငြိမ်းချမ်းသေးတဲ့နိုင်ငံက အားကိုးအားထားပြုရမှာပါပဲ။ လူ့ အခွင့်အရေးပြည့်နေတဲ့နိုင်ငံက အကူအညီနဲ့ စာနာမှုကို လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့နိုင်ငံက လိုအပ်နေမှာပါပဲ။ လူသားကမ္ဘာရဲ့ ငြိမ်းချမ်းရေး ကို မျှော်တွေးသုံးသပ် စာနာတတ်သူတိုင်းက မငြိမ်းချမ်းသေးတဲ့နိုင်ငံက အဓမ္မမှုတွေကို ပြင်းပြင်းထန်ထန်ရှုတ်ချနေမှာဖြစ်သလို မငြိမ်းသေးတဲ့နိုင်ငံ က တိုင်းသူပြည်သားတွေကလည်း မတရားမှုတွေချုပ်ငြိမ်းဖို့အရေး ကမ္ဘာ့ မိသားစုဝင်နိုင်ငံတွေရဲ့ အင်အားကို အားကိုးအားထားပြု မောင်းဆိုနေကြမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ ဒါကြောင့် အများအကျိုး၊ လူသားအကျိုးကို မြော်မြင်သုံးသပ် ဆုံးဖြတ်ဆောင်ရွက်နေသူတိုင်းဟာ အပြန်အလှန်အားကိုးအားထားပြု ပေါင်းစပ်နေကြမှာဖြစ်သလို ဒီလိုပေါင်းစပ်နိုင်ဖို့အရေး ရှေးရှုဆောင်ရွက်နေကြမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆိတ်သုဉ်းနေတဲ့ ဒီမိုကရေစီရေးအတွက်၊ ချိုးဖောက်ခံနေရတဲ့ လူ့အခွင့်အရေးတွေအတွက်၊ ပြည်တွင်းစစ်မီးရောင်ကြားမှာ ဖျားနာနေတဲ့ ငြိမ်းချမ်းရေးတွက်၊ အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်တွေ၊ ရေပေါ်ဆီအသိုက်အဝန်းတွေရဲ့ ဗိုလ်ကျစိုးမိုး ခိုးဆိုးစော်ကားနေတဲ့ မတရားမှုတွေအတွက် အမျိုးသားရေးတာဝန်သိသူ လူမျိုး ဘာသာမရွေး၊ လူကြီးလူငယ်မရွေး သမိုင်းပေးတာဝန်ကို ထမ်းပိုးနေကြတာဟာ ပရန့် မွေအလုပ်ပဲဖြစ်ပါတယ်။ ဒီလို မွေတန်ဖိုးသိပြီး တိုင်းပြည်နဲ့ အမျိုးသားရေးအတွက် ပရအကျိုးရှိတဲ့အလုပ်တွေကို ဆောင်ရွက်ကြသူတိုင်းဟာ လိုအပ်ချက်အရ အပြန်အလှန်အားကိုးအားထားပြုနေကြမှာဖြစ်ပါတယ်။

တိုင်းပြည်ကြီး စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေအတွက် မားမားမတ်မတ်ဆောင်ရွက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများကို ပြည်သူလူထုက အားကိုးအားထားပြုနေကြသလို၊ ဒီပါတီအဖွဲ့အစည်းတွေနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်ကြီးများကလည်း ပြည်သူလူထုကို အားကိုးအားထားပြုနေကြရပါတယ်။ တိုင်းပြည်အတွက် ပရနဲ့ မွေအကျိုးမျှော်ကိုးပြီး ဆောင်ရွက်တဲ့အခါ ဒီလိုပေါင်းစပ်နိုင်မှ ဖြစ်မှာကိုး။ ဒီလိုပဲ ပြည်ပနိုင်ငံများက စာနာနားလည်မှု၊ ရိုင်းပင်းကူညီမှု အင်အားကို မျှော်ကိုးတဲ့အခါ အမေကျော် ဒွေးတော်လွမ်းတာမဟုတ်ဘဲ ကမ္ဘာကြီးထဲက လူသားအချင်းချင်း ငြိမ်းချမ်းရေးရှုခင်းကို ရင်းရင်းနှီးနှီး ဖန်တီးနိုင်ဖို့ အားထုတ်တဲ့အလုပ်၊ ချစ်ခင်မှုတွေ ဖော်ပြတဲ့အလုပ်ပါ။ တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းသာယာဝပြောမှုကို ဒေသတွင်းနဲ့ နိုင်ငံတကာက ဝိုင်းဝန်းဖော်ဆောင်ကြရတဲ့ခေတ်မှာ ဒေသတွင်းနဲ့ နိုင်ငံတကာအင်အားကို တန်ဖိုးထားလေးစားပြီး အပြန်အလှန်အသုံးချနိုင်မှ ကိုယ့်တိုင်းပြည်အနာဂတ် မြင့်မြတ်လာမှာဖြစ်သလို ကမ္ဘာ့အသိုက်အဝန်းထဲမှာလည်း ခြေမြဲလက်မြဲ



ယှဉ်တွဲလာနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ပရအကျိုး မွေအကျိုးကို ဆောင်ရွက်နေတဲ့ကိစ္စမှာ ပြည်ပအားကိုးတိုင်း ပုဆိန်ရိုးဖြစ်ရမှာတဲ့လား။

ဒါကြောင့် ကိုယ့်လူမျိုးကို ဖိနှိပ်၊ ကိုယ့်အမျိုးသားရေးကို ဖောက်ဖျက်နေတဲ့ စစ်အာဏာရှင်တွေကို အားကိုးအားထားပြု ဦးခိုက်၊ ဗိုလ်ချုပ်ကြီးတွေ ရှူးတိုက်ပေးတိုင်း ရိုင်းစိုင်းတဲ့အစမ္မမှုတွေကို ကျူးလွန်နေသူများ၊ ကိုယ့်တိုင်းပြည်ငြိမ်းချမ်းရေးကို မျက်နှာလွှဲခဲပစ်လုပ်ပြီး စစ်အာဏာရှင်တွေကိုမှ ခြေသုတ်ပုဆိုး မြွေဖွယ်ကျိုးလို ရှိခိုးဦးချနေသူများ ကိုယ့်တရားကို ကိုယ်တိုင်စီရင်မယ့်အချိန်မရောက်မီ တိုင်းပြည်ကြီးကမောက်ကမမှာ ခေတ်ပျက်သူဌေးဘဝနဲ့ အာဏာအလွဲသုံးစားလုပ်နေကြတာကို ရပ်တန့်းက ရပ်ပစ်ကြဖို့ လိုအပ်နေပါပြီ။ လူရယ်လို့ဖြစ်လာပြီး အတ္တနဲ့ အစမ္မအလုပ်တွေကို အာဏာရှင်အားကိုးနဲ့ တိုးသထက်တိုးလုပ်နေကြတာဟာ လူဆိုတဲ့ဝိသေသကို အကြိမ်ကြိမ်အခါခါစော်ကားပြီး ကိုယ့်သမိုင်းကို ကိုယ်တိုင်ရိုင်းရိုင်းစိုင်းစိုင်း ဖျက်ဆီးနေတဲ့လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။ ကိုယ့်မိသားစုဘဝနဲ့ ကိုယ့်မျိုးဆက်အနာဂတ်ကို စစ်အာဏာရှင်တစ်ဘဝစာထဲမှာ ဆုတ်ဖြဲခြေမွပစ်သင့်ပါသလား။ အလေးအနက်ထားကြည့်ကြစမ်းပါ။ တရားရှာ ကိုယ်မှာတွေ့ဆိုတဲ့ စကားက လူတိုင်းရဲ့လုပ်ရပ်တွေအပေါ်မှာ ပြဋ္ဌာန်းထားပြီးဖြစ်နေပါပြီလို့ ဆိုချင်ပါတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## နအဖရဲ့ အပါယ်ဘုံ

**ဒီဗွီဘီ၊ ၂၀၊ ဩဂုတ်၊ ၂၀၀၅**

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ မကောင်းမှုတွေ ခံရာဌာန ၄ ဘုံရှိပါတယ်။ ဒီအပါယ် ၄ ဘုံဆိုတာ မကောင်းမှုပြုတဲ့လူတွေ ဖရိုဖရဲကျရာ လားရာတွေပါပဲ။ အခုလို တရားသဘောတွေ ပြောပြနေတော့ အများသဘောကျ၊ မကျတော့ မဆိုနိုင်ပါဘူး။ သို့သော်လည်းပေါ့လေ။ မြန်မာ့စစ်ဗိုလ်ချုပ်ကြီးတွေလက်ထက် အရှင်လတ်လတ် ငရဲကျခဲ့ရသူတွေ၊ အရှင် လတ်လတ် လောကီဘဝမှာတင်ကို ငရဲကျနေပုံတွေကို သိမြင်တွေ့ကြား သံဝေဂရပေသောကြောင့် တရားစကားလေးတွေ ဖွဲ့ဖွဲ့ပြီး အများကြားအောင် ထည့်ထည့်သုံးစွဲနေရတာပါ။

မြန်မာ့နအဖစစ်ဗိုလ်ချုပ်ကြီးတွေလက်ထက် အရှင်လတ်လတ်ဘဝမှာကို အပါယ်ကျခဲ့ရသူတွေရှိလေတော့ ပြောရရင် အပါယ်လေးဘုံဆိုတာတောင် နအဖခေတ်နဲ့ပေါင်းပြီး အပါယ် ၅ ဘုံလို့ ခေါ်ရ၊ ပြောရ၊ သံဝေဂယူရမယ်ထင်ပါရဲ့။ စဉ်းစားကြည့်လေ။ ကားတွေထည်လဲစီး၊ ကုမ္ပဏီအမျိုးမျိုးမှာ အစုရှယ်ယာတွေ တစ်ဖွဲ့၊ တစ်ဝက်၊ တစ်စုပိုင်ဆိုင်။ ရွှေချောင်းတွေ သွားကြားထိုးတံလို သုံးစွဲနေတဲ့ ဗိုလ်ချုပ်တချို့ နအဖစစ်ကောင်စီအဖွဲ့ဝင် အခွင့်ထူးခံနေတာကရော တိုင်းနဲ့ပြည်နယ်အစား နေရာတွေကရော ဖယ်ရှားခံရလို့ အပါယ်ဘုံဘဝ၊ ဒါမှမဟုတ် နဝတ၊ နအဖအပါယ်ဘုံကို ရောက်သွားကြရတာ အားလုံးသိကြပြီးဖြစ်မှာပါ။ ကုန်ကုန်ပြောရရင် ရှစ်လေးလုံးအရေး



တော်ပုံနောက်ပိုင်းကျမှ စစ်တပ်ထဲ အရာသွင်းခံရတဲ့ ဗိုလ်ချုပ်တွေမပြောနဲ့၊ စစ်အာဏာရှင်ခေါင်းရင်းခန်းမှာ တစ်ထီးတစ်နန်း စံမြန်းနေချင်သေးတဲ့ ဦးနေဝင်းကြီးတစ်ယောက် တမလွန်ခရီးဆုံးရောက်အောင် ဘယ်လိုတံခါးပေါက်ကနေ ကုန်းကြောင်းလျှောက်ခဲ့ရသလဲ။

ရှင်းရှင်းလေးပါပဲ။ အာဏာရှင်ဆိုတာက သူတို့အာဏာ ရကောက်ဟထိုးနဲ့ ရှင်နေဖို့ သူတို့ကို ယပက်လက် ဟထိုးနဲ့ လာယှဉ်လို့ကတော့ ဆံချည်တစ်မျှင်တောင် အထိပါးခံတာမှ မဟုတ်ဘဲ။ ဒီတော့ ထင်သာမြင်သာစကားလုံးတွေက လာဘ်စားလို့၊ အမိန့်မနာခံလို့၊ အာဏာအလွဲသုံးစားလုပ်လို့ စသဖြင့် ထုတ်ဖော်ပြောဆိုနေပေမဲ့ နောက်ကွယ်မှာတော့ ခြေရာချင်းတိုင်းလို့၊ ပခုံးချင်းယှဉ်လို့၊ အမြင်ချင်းကွဲလို့၊ အကျိုးအမြတ်တစ်ဖက်စောင်းနင်းဖြစ်လို့၊ အဝင်အထွက်၊ အခိုးအဂုက်တွေ မျိုးမျိုးမြက်မြက်ကြီး ကွာခြားကြလို့ဆိုတဲ့ အချက်တွေက စစ်ဗိုလ်ချုပ်တွေအချင်းချင်းကြားပန်းကန်လုံးထဲမှာ မုန်တိုင်းကျသလိုဖြစ်နေတာပါ။ ဒီတော့ သွားဖယ်ရှားပစ်လိုက်တယ်ဆိုရင် နဝတ၊ နအဖရဲ့ အပါယ်ဘုံကို ပို့ပစ်တာ ခံရတော့တာပဲ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံကမှ ဘယ်ဆီမှာရှိမယ်မှန်း ရော်ရမ်းမှန်းဆ တရားသဘောနဲ့ ရှုမှတ်မှ သိကြရပေမဲ့ နဝတ၊ နအဖရဲ့ အပါယ်ဘုံရောက် ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ ဗိုလ်ကြီးနဲ့ အရပ်သားအာဏာပိုင်အဆင့်ဆင့် တစ်ယောက်ပြီးတစ်ယောက် မြင်ကွင်းနဲ့ သတင်းကတော့ မျက်စိကို ခပ်တင်းတင်းပိတ်ထားရင်တောင်မှ မြင်နေကြရပါတယ်။ ပိုင်ဆိုင်မှုတွေ သိမ်း၊ မိသားစုတွေကို အကျဉ်းချုပ်သာမက ထောင်သွင်းပေးရာပို့၊ စွဲချက်အမျိုးမျိုးတင်၊ အမနာပပုဒ်မတွေ တစ်သီတစ်တန်းကြီး ခေါင်းစဉ်တပ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိစေရ၊ လာဘ်စားရင် တပ်မှာမထားဘူးဆိုတဲ့ စကားတွေနဲ့ ပိုးစိုးပက်စက်ကို နှိပ်ကွပ်ပစ်လိုက်တာပါ။

ဒီနေရာမှာ ရောထွေးစရာတစ်ခုတော့ရှိတယ်။ အမျိုးသားဒီမို[illegible] အဖွဲ့နဲ့ အဖွဲ့ဝင်တွေ၊ တာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်[illegible] ရင်းသားခေါင်းဆောင်တွေ၊ ဒီမိုကရေစီအရေးလှုပ်ရှားနေသူ[illegible] သွင်းအကျဉ်းချ စီးပွားပျက်အောင် ဖန်တီး စသဖြင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



နအဖရဲ့ အပါယ်ဘုံကို အပို့ခံရတာလားဆိုတဲ့ အချက်ပါပဲ။ မတူပါဘူး။ လက်နက်၊ အာဏာနဲ့ ဝိသမဋ္ဌေပုံကြီးဝေါက လွင့်စင်ဖယ်ရှားခံရသူတွေရဲ့ တိုင်းပြည်၊ လူထုနဲ့ အမှန်တရားအတွက် စွန့်လွှတ်အနစ်နာခံ တိုက်ပွဲဝင်နေသူတွေ အနိုက်အတန့်အားဖြင့် မတရားမှုထောင်ချောက်ထဲ ကြုံကြုံခံနေရတဲ့ ဖြစ်ရပ်ဟာ ကွာခြားလှပါတယ်။ အမှန်တရားဟာ ပြည်သူနဲ့ တစ်သားတည်း ရှိနေတော့ အမှန်တရားအတွက် ဆောင်ရွက်သူတွေရဲ့နောက်မှာ ပြည်သူက ထုနဲ့ထည်နဲ့ ရှိနေစမြဲပါ။ ပြည်သူလူထုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးဖို့ ဆတက်ထမ်းပိုးကြိုးစားရင်း စွန့်လွှတ်ခြင်းတွေရှိနေသမျှ၊ အနစ်နာခံခြင်းတွေ ရှိသမျှ လူ့တန်ဖိုးကလည်း တိုးပြီးရင်း တိုးနေတာပါ။ ဒါကြောင့် အမှန်တရားအတွက် တိုက်ပွဲဝင်နေသူတိုင်းကို ဘယ်လိုအာဏာရှင်ကမှ ဖယ်ရှားပစ်လို့မရပါဘူး။

ဒါပေမဲ့ လူ့အဖွဲ့အစည်းရှေ့ရေးကို စစ်ယူနီဖောင်းပေါ်က ကြယ်သီးလေးတစ်လုံးလောက်တောင်မှ အရေးမလုပ်တဲ့ မြန်မာစစ်ဗိုလ်ချုပ်တွေအချင်းချင်း၊ အာဏာအချင်းချင်း၊ အကျိုးအမြတ်အချင်းချင်း၊ အခွင့်အရေးအချင်းချင်း၊ သူတစ်လူ ဗိုလ်တစ်မင်းဖြစ်နေရာကနေ ဖယ်ရှားခံလိုက်ရရင်တော့ အရှင်လတ်လတ် အပါယ်ကျပြီသာမှတ်ပေရော့။ ဘယ့်နှယ်.. လူတစ်ယောက်ဖြစ်လျက်နဲ့ ဖြတ်သန်းခဲ့တဲ့ လူ့သမိုင်းတစ်လျှောက်မှာ အမှန်တရားကိုလည်း အာဏာနဲ့ ခြိမ်းခြောက်တယ်၊ လူထုကိုလည်း လက်နက်နဲ့ ဖိနှိပ်၊ တိုင်းပြည်စီးပွားရေးကိုလည်း စစ်ဘောင်းဘီဘေးအိတ်ထဲ ထိုးထည့်ဖို့ပဲ လုပ်လာသူတွေအချင်းချင်း အပြတ်ရှင်းခံရပြီဆိုရင် ဟင်း... ဟင်း... ဟင်း... သူတစ်လူ ဗိုလ်တစ်မင်းကြားမှာ ငိုချင်းသာချပေတော့လို့ ပြောရပါတော့မယ်။ ဒီတော့ အာဏာရှင်တွေရဲ့ စစ်ယူနီဖောင်းအရောင်ကြောင့် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး တိုင်းနယ်၊ ပြည်နယ်၊ မြို့နယ်အသီးသီးက အာဏာပိုင်၊ အာဏာကိုင်တွေအပါအဝင် ကြံ့ဖွံ့၊ အရန်မီးသတ်နဲ့ နအဖအမျိုးသမီးအဖွဲ့တွေတစ်ရပ်လုံး ဒီကနေ့လို မီးစာတိုပြီး ဆီလိုနေတဲ့ နအဖအဖွဲ့ကြီးရဲ့ ဆုတ်ကပ်ကို ပြန်လည်သုံးသပ်ကြပါ။

နအဖအဖွဲ့ကြီးကတော့ စစ်အာဏာရှင်ဆုတ်ကပ်ထဲကို ရောက်နေပေမဲ့ လုပ်ဇာတ်တွေအမျိုးမျိုးဖန်တီးပြီး ကြပ်ပြေးဆိုတဲ့နေပုဒ်ကိုတောင် နေပြည်တော်လို့ အယောင်ဆောင်ပြနေရတဲ့ အဆင့်ရောက်နေပြီ။ ဟန်ကြီး



ဟန်ကြီးလုပ်ပြနေတဲ့အဆင့်ပဲ ရှိပါတော့တယ်။ ဒါကြောင့် စစ်အာဏာရှင် ဘက်တော်သားအဆင့်ကနေ ဗိုလ်ချုပ်ကြီးတွေ အမျက်တော်ပွားခံရရင်လည်း လောကီအပါယ်ဘုံကို ခြေစုံပစ်ကျသွားနိုင်သလို မီးစာတိုပြီး ဆီလိုနေတဲ့ စစ်အာဏာရှင်တွေ နိဂုံးကမ္ပတ်အဆုံးသတ်ရတဲ့အခါမှာလည်း နောက်တော်ပါးက ခစားလို့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းထဲကနေ ကုန်းကြောင်းလျှောက် ထွက်သွားရဦးမယ်။ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှမဟုတ် လက်ရှိရှင်သန်နေတဲ့ဘဝမှာကိုပဲ အပါယ်တံခါးဆိုတာ မတရားမှုပြုလုပ်လေတိုင်း ပွင့်သွားတတ်ပေတာကိုး။

ဩော်... ဘယ်သူမပြု မိမိမှုတဲ့။ ရှေးပညာရှိတွေ ပြောခဲ့တဲ့စကား လက်တွေ့ကျလှပါလားခင်ဗျာ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အမြော်အမြင်နဲ့ စေတနာ

ကိုယ်တိုင်ရွေးချယ်ထားတဲ့ အစိုးရနဲ့ အဲဒီအစိုးရရဲ့ တိုင်းပြည်တိုးတက်ရေး၊ လူထုကောင်းစားရေး လုပ်ဆောင်ချက်တွေကိုကြည့်ပြီး တော်တည့်မှန်ကန်တာတွေကို ချီးကျူး၊ အလွဲအချော်တွေကို ဝေဖန်၊ အဆိုးအညစ်တွေကို ဆန့်ကျင်ကန့်ကွက်၊ ကိုယ်တိုင်ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အမြော်အမြင်ထက်မြက်ပြီး ခေတ်မီတိုးတက်တဲ့ အနာဂတ်ရေးဆောင်ရွက်ချက်တွေအပေါ် ယုံကြည်အားကိုးပြီး ထောက်ခံအားပေးနိုင်ခွင့်ရတဲ့ ပြည်သူစစ်စစ်တစ်ယောက်အဖြစ် ဖြစ်ချင်စမ်းလှပါတယ်။ ဟောဒီ ကျွန်တော်တို့နေထိုင်နေတဲ့ မြန်မာနိုင်ငံတော်ကြီးမှာပေါ့။

ဒီလိုနေထိုင်နိုင်လေလေ ကမ္ဘာ့အလယ်မှာလည်း မြန်မာနိုင်ငံဟော၊ မြန်မာနိုင်ငံသားတွေဟော့လို့ မော်ကြွားနိုင်ရုံသာမက ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ နည်းနာတွေကိုတောင် အခြားသူတွေက အတုယူကြရဦးမှာပါ။ သို့သော်...

အထက်မှာ ပြောခဲ့တဲ့ အချက်တွေလည်း မပြည့်စုံ၊ ဘဝတွေကလည်း မလုံခြုံ၊ အုပ်စိုးသူတွေကိုလည်း နေ့စဉ်နဲ့အမျှ မယုံရေးချ မယုံဖြစ်နေရတာက ဒီကနေ့ လက်ရှိကာလ မြန်မာနိုင်ငံသားတွေပါပဲ။ လူတွေကိုတော့ ယုံပါရဲ့။ ဒါပေမဲ့ မူတွေကတော့ မယုံရဘူးဆိုတာမျိုး မြန်မာ့နိုင်ငံရေးသမိုင်းနဲ့ အုပ်စိုးသူတွေကြားမှာ ရှိခဲ့ပါတယ်။ အခု နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုတဲ့သူတွေကတော့ လူတွေကလည်း မယုံရ၊ မူတွေကလည်း သုညဆိုတဲ့အဆင့်ပါ။ ဒီတော့ လူမျိုးစုံ မြန်မာနိုင်ငံသားအားလုံးဟာ အခြား



တိုင်းပြည်က နိုင်ငံသားတွေလို နိုင်ငံသားစစ်စစ်၊ ပြည်သူပြည်သားစစ်စစ်ဘဝကို တော်မှတ်နေကြရတော့တာပေါ့။

အဲ... အခုတော့ အဲဒီပြည်သူစစ်စစ်ဘဝကလေးမရတဲ့အပြင် နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရှော်ကြီးတွေရဲ့ အမြော်အမြင်နဲ့ စေတနာမဲ့မှုကြောင့် မြန်မာနိုင်ငံသားတွေဟာ မင်းမဲ့စရိုက်ဆန်ဆန် ရာဇဝတ်မှုမျိုးတွေကိုလည်း ကျူးလွန်၊ ဆိုးသွမ်းမိုက်မဲတဲ့ လုပ်ရပ်တွေကိုလည်း အသိတရားမဲ့စွာ ပြုမူကြတာပါလားလို့ တစ်ကမ္ဘာလုံးက မှတ်ချက်ချတော့မယ့်အခြေအနေကို ရောက်လာပါပြီ။ သည်းခံစိတ်ပြည့်ပြီး အမြဲတစေ ပြုံးရွှင်နေလိုတတ်တဲ့၊ ဒါနရက်ရောပြီး သီလစောင့်ထိန်းတတ်တဲ့ အစဉ်အလာတွေရှိကြောင်း ကမ္ဘာက မှတ်ချက်ချထားခဲ့တာတွေလည်း မေးမှိန်ပျက်သုဉ်းတော့မယ့်အခြေအနေကို ရောက်လာနေပါပြီ။ ဒီလိုအခြေအနေရောက်လာအောင် လုပ်နေတာက မြန်မာနိုင်ငံသားတွေ မဟုတ်ပါဘူး။ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုသူတွေကိုယ်တိုင် အဲဒီအခြေအနေထဲကို ရောက်အောင်တွန်းပို့နေကြတာပါပဲ။

ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံတွင်းမှာ ပေါ်ပေါက်ခဲ့ပြီး ပေါ်ပေါက်နေဆဲဖြစ်ရပ်တွေကို ပြန်ကြည့်ပါ။ ဒီပဲယင်းလူသတ်ပွဲတုန်းကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မထောက်ခံတဲ့ ပြည်သူတွေနဲ့ ဒီ-ချုပ်အကြား ဖြစ်ပွားခဲ့တဲ့ကိစ္စလို့ ပြောခဲ့တယ်။ သေလိုက်ကြတာ၊ ဒဏ်ရာရလိုက်ကြတာ။ ဒါ့အပြင် အဲဒီတုန်းက အာဏာပိုင်တွေသုံးနှုန်းခဲ့တဲ့ မထောက်ခံတဲ့ ပြည်သူတွေဟာ နိုင်ငံတော်ကို အုပ်ချုပ်သူတွေရှိလျက်နဲ့ ဒီလိုရာဇဝတ်မှုမျိုးကို လွတ်လွတ်လပ်လပ်ကျူးလွန်ခွင့်ရခဲ့တာကလည်း အတော့်ကို အံ့သြစရာကြီးကို ဖြစ်ရပြန်ပါတယ်။

ဒီလိုပဲ ကိုသက်နိုင်ကို ဝိုင်းဝန်းရိုက်နှက်ခဲ့တုန်းကလည်း တရားဥပဒေအထက်မှာ ဘယ်သူမှမရှိစေရဘူးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ အုပ်ချုပ်နေပါလျက်နဲ့ အသက်သေသည်အထိ ပြစ်မှုကျူးလွန်ခဲ့ကြသူတချို့ ခုထိ လွတ်မြောက်နေဆဲပါ။

ဟော... အခုကျတော့ အခြေခံစားဝတ်နေရေးပြဿနာတွေကြောင့် ငြိမ်းချမ်းစွာတောင်းဆိုမှုတွေ ပေါ်ပေါက်လာသလို လူ့အခွင့်အရေးဆိုင်ရာ

www.burmeseclassic.com



တွေအတွက် ဆွေးနွေးကြ၊ တင်ပြကြ၊ တောင်းဆိုကြသူတွေကို ရိုက်နှက်ဖမ်းဆီးမှုတွေ ပေါ်ပေါက်လာပြန်ပါတယ်။ အဲ··· ဘယ်သူတွေက ဖမ်းတာလဲဆိုတော့ ပြည်သူတွေတဲ့။ ကောင်းရော။

မြန်မာနိုင်ငံမှာ ပြည်သူတစ်ရပ်လုံး အခြေခံစားဝတ်နေရေး အကျပ်အတည်းတွေ့နေတာပါ။ ဒီတော့ ဒီအကျပ်အတည်းတွေအတွက် တောင်းဆိုမှုတွေ ပေါ်လာမှာပါပဲ။ ဒါဟာ ရာဇဝတ်မှုမဟုတ်ပါဘူး။ ဒီလိုတင်ပြသူတွေကို အုပ်စုနဲ့ ရမ်းကားရိုက်နှက်သူတွေကသာ ရာဇဝတ်မှုကို ကျူးလွန်ကြသူတွေဖြစ်ပါတယ်။

လူချင်းအတူတူ ချောင်းသာကမ်းခြေက လေကိုမှ ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး ရှူချင်နေသူတွေပဲ အခွင့်အရေးယူနေတဲ့ခေတ်မှာ အခြေခံစားဝတ်နေရေး၊ လူ့အခွင့်အရေး အကျပ်အတည်းတွေ တင်ပြတာကို ဘယ်လူ့ထုကမှ မနှစ်မြို့စရာ၊ မကြိုက်စရာမရှိပါဘူး။ ဒီတော့ အာဏာပိုင်တွေ ထိန်းချုပ်ထားတဲ့ သတင်းစာထဲက မကြိုက်ဘူးဆိုတဲ့ ပြည်သူတွေဟာ ဘယ်ပြည်သူတွေလဲလို့ မေးချင်ပါတယ်။

ကိုထင်ကျော်နဲ့အဖွဲ့ သိမ်ကြီးဈေးနဲ့ သဃ်န်းကျွန်းစံပြဈေးမှာ ဆန္ဒပြခဲ့တုန်းကလည်း ဒီလိုအသုံးအနှုန်းမျိုးကို နအဖသတင်းစာတွေက သုံးခဲ့သလို၊ ဦးမြင့်အေးနဲ့အဖွဲ့ ဟင်္သာတမြို့အပိုင်းမှာ ရိုက်နှက်ခံခဲ့ရတုန်းကလည်း ဒီလိုပဲ သုံးနှုန်းခဲ့ပါတယ်။ ပြည်သူ··· တဲ့။

ဒီတော့ မြန်မာပြည်က ပြည်သူတွေဟာ အုပ်ချုပ်သူတွေရှိနေပါလျက် မင်းမဲ့စရိုက်ဆန်ဆန် ရမ်းကားရိုက်နှက် သတ်ဖြတ်ခွင့်တွေ ရနေပါလား။ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုသူတွေကလည်း ဒီအရေးကိစ္စတွေကို လျစ်လျူရှုထားတဲ့အပြင် ရိုက်နှက်သူတွေဘက်ကတောင် အားပေးအားမြှောက်ပြုပြီး သတင်းစာထဲမှာ ရေးသားထားတဲ့အတွက် သေချာပြီ။ မြန်မာပြည်က လူထုတွေဟာ အလွန်ရိုင်းတယ်လို့ နိုင်ငံတကာက မှတ်ချက်ချကြတော့မှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ရတာဟာ ကိုယ့်ပြည်သူအပေါ် အမြော်အမြင်နဲ့ စေတနာခေါင်းပါးလွန်းတဲ့ အာဏာပိုင်တွေရဲ့ အလွဲသုံးစားလုပ်မှုနဲ့ ပြည်သူကို ခုတုံးလုပ်စော်ကားနေတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုစော်ကားမှုတွေကို နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုသူတွေက ဆက်တိုက်ကျူးလွန်နေပြီး ပြည်သူနဲ့ ပြည်သူချင်း ပျက်စီးရာ ပျက်စီးကြောင်းလုပ်ရပ်တွေ ပေါ်ပေါက်အောင် ဆက်လက်တွန်းပို့နေမယ်ဆိုရင် မြန်မာနိုင်ငံက ပြည်သူတွေဟာ အလွန်ကို ကြေကွဲစရာကောင်းပြီး ကြီးမားတဲ့အန္တရာယ်နဲ့ ထိပ်တိုက်တိုးကြရတော့မယ်လို့ တွေးပြီး စိုးရိမ်နေရပါပြီ။



❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## မမကြိုင်သစ်တွေ

ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၄ ရက် ညနေ ၅ နာရီအချိန်မှာ သူတို့အခေါ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဆိုပါတော့။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနဲ့ ဗိုလ်ချုပ်ကြီး ဒီပဲယင်း အဲလေ… သည်းခံပါခင်ဗျာ။ ဗိုလ်ချုပ်ကြီးစိုးဝင်းတို့က ရှိရှိသမျှသော စစ်ဘက် နယ်ဘက်ပုဂ္ဂိုလ်တွေသာမက စီးပွားရေးလုပ်ငန်းရှင်တွေကို ရန်ကုန်မြို့ ကုန်းမြင့်သာခန်းမထဲ အရောက်ခေါ်ပြီး မိန့်ခွန်းချွေပါသတဲ့။

ဒီလိုမိန့်ခွန်းချွေတဲ့အထဲမှာ နိုင်ငံတော်က ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင် ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာဖြစ်ကြောင်းတဲ့။

ကောင်းလိုက်တဲ့စကားလုံးဗျာ။ စစ်အာဏာရှင်ပါးစပ်က နတ်စကားထွက်တယ်ဆိုတာ ဒါမျိုးပေါ့။ ဘာလို့ ဒီလိုပြောရသလဲဆို နအဖ ဗိုလ်ချုပ်ကြီးရဲ့ စကားထဲမှာ ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာဖြစ်ကြောင်းဆိုပြီး ပါလာတာကိုး။ ဒီလိုဆိုရင်ဖြင့် အာဏာသိမ်း ၁၆ နှစ်အတွင်း ရက်စက်ကြမ်းတမ်း၊ အဂတိလိုက်စားပြီး ပညာမဲ့တဲ့ နအဖအဖွဲ့ကြီးတစ်ဖွဲ့လုံး တာဝန်ကနေ ရုပ်သိမ်းပစ်ရတော့မှာပေါ့။



ပြီးတော့ ဒီစကားအတိုင်းသာ လက်တွေ့ကျင့်သုံးပစ်ထို့ကတော့ ဟင်း… နအဖဗိုလ်ချုပ်ကြီးတွေအားလုံး စစ်တန်းလျားကိုတောင် ပြန်ရိုက်ရမှာ မဟုတ်ဘူးလေ။

၁၉၉၀ ပြည့်နှစ် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ဒီမိုကရေစီရေးရှေ့ဆောင်လင့်ချက်၊ တိုင်းပြည်ငြိမ်းချမ်းတည်ငြိမ်ရေး ယုံကြည်ချက်တွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ဆန္ဒတွေ တစ်ခဲနက်ထုတ်ဖော်ပြသခဲ့ပြီးပါပြီ။ ဒါပေမဲ့ ၁၆ နှစ်သာ ကြာလာတယ်။ လူထုအကျိုးစီးပွား၊ လူထုဆန္ဒကို ဘာတွေဖြည့်ဆည်းပေးခဲ့လို့လဲ။ အဲ… ပြည်သူလူထုတစ်ရပ်လုံးရဲ့ဆန္ဒတွေကို ဖြည့်ဆည်းမပေးဘဲနဲ့ စစ်အကျဉ်းထောင်တွေပြည့်အောင်ပဲ လူထုနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဖြည့်နေတာမဟုတ်ဘူးလား။ ဒါကြောင့် မတန်မရာစကားတွေနဲ့ မုသားပျားရည်သုတ်ပြန်တာမို့ စစ်အာဏာရှင်ပါးစပ်က နတ်စကားထွက်ပြီလို့ ဗျို့ဟစ်လိုက်ရတာ။

အဲ… ရှိသေးတယ်ခင်ဗျ။

ယခင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများအရ အမိန့်မနာခံမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ ဆက်စပ်ပတ်သက် တာဝန်ရှိနေမှု၊ စည်းကမ်းနှင့် စနစ်တကျဆောင်ရွက်ရန် ဖောက်ဖျက်မှုတို့ကြောင့် တာဝန်မှ အနားပေးခဲ့ရခြင်းဖြစ်ကြောင်း။

ဟာ… ကျွန်တော်ကလည်း အတော်တုံးသေးတာပဲဗျာ။ အခုလို ဖွင့်ပြောမှပဲ သိတော့တယ်။ ကျွန်တော်ထင်နေတာက မြန်မာတစ်နိုင်ငံလုံးက စစ်ထောက်လှမ်းရေးတွေဟာ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ မသိရင် မသိသလို ဗိုလ်ကျလွှမ်းမိုးချယ်လှယ်၊ မတရားအမှုဆင်၊ ငွေတောင်း၊ ပြည့်တန်ဆာရုံဖွင့်၊ မူးယစ်ကုန်ကူး လုပ်နေကြတာပါလား။ သင်းတို့ ဗိုလ်ချုပ်ကြီးခင်ညွန့် သိလို့ကတော့ လွယ်ဘူးပေါ့လေ။ ခုတော့ဖြင့် သူတို့ရဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင်က လာဘ်ဖြူ၊ လာဘ်ညို၊ လာဘ်ဝါ၊ လာဘ်ပြာ၊ လာဘ်မည်းတွေကို တပ်ထဲတပ်ပြင် တွင်တွင်ကြီးအဆက်သခံနေတာတဲ့။ တပ်မတော်ထောက်လှမ်းရေးဆိုတာက တပ်မတော်ထဲကပဲ လာတာဆိုတော့ အင်း… ဒီလိုဆိုတော့လည်း ဗိုလ်ချုပ်ကြီးသူရရွှေမန်းပြောသလို လာဘ်တာ

www.burmeseclassic.com

www.burmeseclassic.com



လည်း စား၊ အမိန့်ကလည်း မနာခံ၊ ပြည်သူ့အကျိုးလည်း မဆောင်ရွက်ဆို တာမျိုး ဖြစ်နေတာပေါ့ဗျာ။

ကဲ… မေးပါရစေဦး။ အခုလို စစ်ထောက်လှမ်းရေးတွေနဲ့ သွန်းလို သွန်း၊ မှောက်လို မှောက်လုပ်နေတာတွေဟာ တပည့်မကောင်း ဆရာ့ခေါင်းဆိုသလို ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ တာဝန်ရှိရုံသာမက ကိုယ်တိုင်က လည်း လာဘ်ပေးလာဘ်ယူ ခင်ညွန့်မှုဖြစ်သွားတာဆိုတော့ ထားပါတော့။

တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေက တိုင်းရင်းသူတွေကို အဓမ္မပြုကျင့် တာ၊ ဒေသခံတွေရဲ့ လယ်တွေ၊ မြေတွေကို တပ်ပိုင်အဖြစ် သိမ်းယူတာ၊ အဓမ္မလုပ်အားပေးခိုင်းစေတာ၊ တိုင်းရင်းသားကျေးရွာတွေကို ဝင်ရောက် ပစ်ခတ်၊ မီးရှို့၊ အဓမ္မပြောင်းရွှေ့ခိုင်း၊ သူပုန်နဲ့ ဆက်သွယ်တယ်လို့ စွပ်စွဲပြီး သတ်ပစ်လုပ်နေတာတွေကျတော့ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အဲ… တိုက် ခိုက်ရေးတပည့်တွေ မကောင်း ဆရာ့ခေါင်းပုံစံမျိုးနဲ့ပြောရရင် ဗိုလ်ချုပ်မှူး ကြီးသန်းရွှေမှာ တာဝန်ရှိတာလား။ ဗိုလ်ချုပ်ကြီး မောင်အေးလား။ အခြား ဗိုလ်ချုပ်တွေလား၊ ဗိုလ်ချုပ်ကြီးဒီပဲယင်းလား။ ဒါမှမဟုတ် အာဏာရှင်ပါးစပ် က နုတ်စကားထွက်တဲ့ ဗိုလ်ချုပ်ကြီးဆီအိုးရွှေမန်းကိုယ်တိုင်လား သိချင်ပါ တယ်။ တစ်ခါ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေ အခုလိုလုပ်နေတာကို အရေး မယူဘဲ လွှတ်ထားတော့ ဩော်… ဒါဟာ တပ်မတော်၏ စည်းမျဉ်းစည်း ကမ်းများအရ အမိန့်ကို နာခံပြီး ပြည်သူလူထုကို နာနာနံ့နေတာလားလို့လည်း တွေးမိပါတယ်။

ကဲ… ပြောလက်စနဲ့ ဆက်ပြောပါရစေဦး။

ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်ရပ်များ ပေါ်ပေါက်တိုင်း ထိရောက်စွာအရေးယူခဲ့ပြီး မည်သူမျှဥပဒေ ၏ အထက်တွင်မရှိ၊ လူတိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟူ သော သဘောထားနှင့်အညီ အရေးယူဆောင်ရွက်သည်မှာ မိမိတို့တပ်မတော် က အစဉ်တစိုက် လက်ခံကျင့်သုံးနေသော မူဝါဒဖြစ်သည်တဲ့။

ဒါဆိုရင်တော့ နှစ်ထပ်ရှိမှ မှတ်မိသွားအောင် ပြန်ပြောလိုက်ချင် ပါတယ်။ မကြာသေးခင်နှစ်များက ဗိုလ်ချုပ်ကြီးမောင်အေးတစ်ယောက် မန္တလေးကိုအသွား လေယာဉ်ဆင်းခါနီး အောက်ကိုငုံ့ကြည့်လိုက်တော့ သစ်



တွေခင်းထားတဲ့ ကားတန်းကြီးရွေ့လျားနေတာကို တွေ့လိုက်ရပါတယ်။ ဒီတော့…

'ဟ… သစ်တွေတင်ထားတဲ့ ကားတန်းကြီးက ရှည်လှချည်လား၊ ဒီလောက်များတဲ့သစ်တွေ ဘယ်ကိုပို့တာလဲ။ ဘယ်သူ့သစ်တွေလဲလို့ အနား က ဗိုလ်မှူးတစ်ယောက်ကို မေးလိုက်တဲ့ခါ အမေးခံရတဲ့ ဗိုလ်မှူးက တစ်ခွန်း ပဲ ပြန်ဖြေလိုက်ပါတယ်။

'မမကြိုင်သစ်တွေလေ'တဲ့။

ဒါကြောင့် တပ်တွင်းမှာ ဆီအိုးရွှေမန်းလို့ နာမည်ကြီးနေရာက အခုပဲ လေအိုးရွှေမန်းလို့ နာမည်သစ်ရလာတဲ့ ဗိုလ်ချုပ်ကြီးကို စကားနှစ်ခွန်း မေးချင်ပါတယ်။

နအဖစစ်အာဏာရှင်တွေရဲ့ တရားဥပဒေဆိုတာ ဘာကိုခေါ်တာ လဲ။

ပြီးတော့ နအဖဥပဒေတွေဆိုတာတွေကရော တရားသလားလို့။ ဟင်း… ဟင်း… ဟင်း…။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ညီမလေး ခဏနေပြန်လာမှာပါ

**အိမ်ရှေ့မှာ လူအုပ်ကြီးက လမ်းအတိုင်း စီးဆင်းနေတယ်။**
**တူညီဝတ်စုံ၊ ကြွေးကြော်သံ၊ စာရွက်၊ အလံကိုင်တပ်ဖွဲ့ ညွန့်ကြား**
**ကြီးကြပ်သူ ဘာတစ်ခုမှ မပါ။**
**တစ်ချို့ဆို ဖိနပ်တောင်မှ မပါ။**

ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဗိုလ်နေဝင်းရဲ့တစ်ပါတီအာဏာရှင်စနစ် ၂၆ နှစ် တံတိုင်းတွေ အပိုင်းပိုင်းကျိုးကြေခဲ့ရတဲ့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ မြင်ကွင်းပါ။ ခေတ်ပြိုင်၊ အင်တာနက်စာမျက်နှာပေါ်မှာ ဖော်ပြထားတဲ့ ကဗျာဆရာလင်းခါးမိုးရဲ့ ညီမလေး ခဏနေ ပြန်လာမှာပါလို့ အမည်ပေးထားတဲ့ ကဗျာအဖွင့် ၂ ပိုဒ်က ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံမြင်ကွင်းကို ရင်တွင်းမှာ လှုပ်ခတ်လာရုံမျှမက အမြင်အာရုံမှာလည်း အရုပ်ရောင်စုံတွေ လှိုင်းထစေခဲ့ပါတယ်။

အိမ်ရှေ့မှာ လူအုပ်ကြီးက လမ်းအတိုင်း စီးဆင်းနေတယ်။
တူညီဝတ်စုံ၊ ကြွေးကြော်သံ စာရွက်၊ အလံကိုင်တပ်ဖွဲ့၊
ညွှန်ကြားကြီးကြပ်သူ ဘာတစ်ခုမှမပါ။
တစ်ချို့ဆို ဖိနပ်တောင်မှ မပါ။
အရေးပေါ် လက်လုပ်ဆိုင်းဘုတ်လေးတွေတောင်မှ
ဟုတ်တိပတ်တိ မပါ။
ပထမတော့ တိုင်သံ ဖောက်သံတွေကလည်း
တစ်ယောက်တစ်ပေါက်နဲ့။
လက်မောင်းတမြှောက်မြှောက်၊ ခြေဖျားတထောက်ထောက်နဲ့
အော်သွား လျှောက်သွားကြ။



ကျောင်းစိမ်းနဲ့ ကလေးတစ်ယောက်ကိုတော့
ဗိုလ်ချုပ်ဓာတ်ပုံဘောင်ကလေးကိုင်ပြီး ရှေ့ဆုံးမှာ တွေ့လိုက်ရဲ့။

၂၆ နှစ်လုံးလုံး တပ်မတော်လို့ခေါ်ပြီး စစ်တပ်က မဆလပါတီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေကို ထိန်းချုပ်ကြိုးကိုင်ထား၊ အဲဒီယန္တရားအားလုံးကို အာဏာရှင်ဗိုလ်နေဝင်းက ထိန်းချုပ်ကြိုးကိုင်ထားပြန်ပါတယ်။ ဗိုလ်နေဝင်းနဲ့ စစ်တပ်အာဏာရလာကတည်းက နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှန်သမျှတွေ ပျောက်ကွယ်ခဲ့ရတယ်။ အစဉ်အလာကြီးမားတဲ့ ကျောင်းသားလူငယ်တွေရဲ့ အခန်းကဏ္ဍ၊ အမျိုးမျိုးစွပ်စွဲချက်တွေနဲ့ နှိပ်ကွပ်ခံခဲ့ရတယ်။ လူသားတွေရဲ့ မွေးရာပါအခွင့်အလမ်းတွေ၊ မြစ်ချောင်း အင်းအိုင်တွေ ရေခန်းသလို ခြောက်သွေ့အက်ကွဲခဲ့ရတယ်။ မကြာခဏ တရားမဝင်တော့ဘူးလို့ ကြေညာလိုက်တဲ့ ငွေစက္ကူတွေထဲမှာ လူထုရဲ့ အသက်ရှူသံနဲ့ ဘဝတွေ မွန်းကျပ်ကြေကွဲ၊ သွေးကြောတွေ တစ်ချောင်းပြီး တစ်ချောင်း ပြတ်တောက်ခဲ့ကြရတယ်။ အပ်တိုတစ်ချောင်းတောင်မှမရှိတဲ့ ကျောင်းသားလူငယ်တွေနဲ့ အာဏာရှင်ဆန့်ကျင်ရေးသမားတွေဟာ လူသတ်လက်နက်တွေနဲ့ ရင်ဆိုင်ခဲ့ရသလို အကျဉ်းထောင်တွေထဲမှာလည်း အသက်ပေးခဲ့ကြရတယ်။ ဓားကို ဓားချင်း၊ လှံကို လှံချင်းလို့ ကျောင်းသားတွေရဲ့ စာသင်ခန်းမထဲရောက်အောင် အော်ဟစ်စိန်ခေါ်ရဲတဲ့ တစ်ပါတီအာဏာရှင်ခေတ်မှာ မျိုးဆက်သစ်တွေရဲ့ အခန်းကဏ္ဍကလည်း ဘယ်လိုလုပ်သစ်လွင်လှပလာပါတော့မလဲ။ စစ်တပ်နဲ့ မဆလပါတီဝင်ဝန်ထမ်းတွေရဲ့ ခြစားမှုအဆင့်ဆင့်ကြားမှာ တိုင်းပြည်က တဖြည်းဖြည်းဖျားနာလာတယ်။ လူမှုဘဝတွေ သောကနဲ့ ပြွမ်းတီးလာတယ်။ စစ်ထောက်လှမ်းရေးရဲ့ မျက်လုံးတွေအောက်မှာ အသက်ရှူသံတွေ ကြောင့်ကြခဲ့ကြရတယ်။

တိုင်းပြည်အတွင်းက လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး မပြောနဲ့၊ မိသားစုတစ်စုလေးထဲမှာပဲ မိဘနဲ့ သားသမီးတွေကြား ခေတ်ကြီးရဲ့ ပကတိတရားကို ကူးစက်ခံစားတတ်လာသလို ငါတို့ကိုယ်တိုင် ငါတို့ရဲ့ဘဝအမှောင်ကို လရောင်ဆီဆက်သွယ်သွားကြမလား စသဖြင့် ရဟန်းရှင်လူ ပြည်သူတွေအားလုံးရဲ့ အနာဂတ်ရေးမျှော်လင့်ချက်တွေဟာ နောက်ဆုံးတော့ ရင်ဘတ်တွေကို တွန်းဖွင့်သွားကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ

၁၈ နှစ်ဆိုပေမဲ့ တိုင်းပြည်က အဓိပ္ပာယ်တ်နိုင်သေးတော့ အရေးတော်ပုံကာလ မြင်ကွင်းတွေကလည်း လူတိုင်းရဲ့ရင်ဘတ်ထဲမှာ ပူနွေးလတ်ဆတ်နေဆဲပါပဲ။ အဲ… ကဗျာဆရာ နှင်းခါးမိုးကတော့ အရေးတော်ပုံကာလကို အခုလို ကဗျာဖွဲ့ပြခဲ့ပါတယ်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကို ၁၉၈၈ ဆူပူအုံကြွမှုလို့ မကြာခဏအမည်တပ်ခဲ့ကြတဲ့ န၀တ၊ နအဖစစ်ဗိုလ်ချုပ်တွေနဲ့ အပေါင်းအပါတွေ ခင်ဗျားတို့ ပိုပြီးနားထောင်သင့်တဲ့ ကဗျာပါပဲ။

**ညီမလေး ခဏနေ ပြန်လာမှာပါ**

အိမ်ရှေ့မှာ လူအုပ်ကြီးက လမ်းအတိုင်းစီးဆင်းနေတယ်။
တူညီဝတ်စုံ၊ ကြွေးကြော်သံစာရွက်
အလံကိုင်တပ်ဖွဲ့၊
ညွှန်ကြားကြီးကြပ်သူ ဘာတစ်ခုမှ မပါ။
တစ်ချို့ဆို ဖိနပ်တောင်မှ မပါ။
အရေးပေါ် လက်လုပ်ဆိုင်းဘုတ်လေးတွေတောင်မှ
ဟုတ်တိပတ်တိ မပါ။
ပထမတော့ တိုင်သံဖောက်သံတွေကလည်း
တစ်ယောက်တစ်ပေါက်နဲ့။
လက်မောင်းတမြှောက်မြှောက်၊ ခြေဖျားတထောက်ထောက်နဲ့
အော်သွား လျှောက်သွားကြ။
ကျောင်းစိမ်းနဲ့ ကလေးတစ်ယောက်ကိုတော့
ဗိုလ်ချုပ်ဓာတ်ပုံဘောင်ကလေးကိုင်ပြီး ရှေ့ဆုံးမှာ တွေ့လိုက်ရ။
အမေ ခဏတဲ့
ညီမလေး အိမ်ပေါ်က ပြေးဆင်းသွားတယ်
တားချိန်တောင် မရလိုက်ဘူး။
ဟဲ့ကောင် အိမ်မှာနေတဲ့
အမေက သားအတွက်ပူတယ်၊
ယောကျ်ားလေး ထိန်းရခက်ပါ့တဲ့။
ဟိုကောင်မကတော့ မိန်းကလေးမို့ စပ်စပ်စုစု၊



ခဏနေ ပြန်လာမှာပေါ့တဲ့။
လူအုပ်ကြီးတွေကလည်း တစ်သုတ်ပြီး တစ်သုတ်
ပင်လယ်ကမ်း လှိုင်းပုတ်သလို
ကတ္တရာလမ်းမတောင် ခါးဆန့်ခွင့်မရတော့။
အသံတွေကလည်း ဝေးသွားလိုက် နီးလာလိုက်
ရပ်သွားတယ် မရှိဘူး။
ညနေသာ စောင်းရော၊
နေ့ခင်းဘက် တစ်မေးတောင် အမေ ခေါင်းမချလိုက်ရဘူး။
လူအုပ်ကြီးကို ထွက်ထွက်ငေးပြီးတော့
အင်း… ကုန်ဈေးနှုန်းကလည်း ကြီးပေတာကိုးလို့
သူ့ဘာသာ တိုးတိုးပြောနေပြန်တယ်။
မှတ်မိသလောက် ပြန်တွေးတာပါ။
ညီမလေး ပြန်မလာတော့ဘူး၊
အိမ်ရှေ့မှာ လူအုပ်ကြီးက လမ်းအတိုင်း စီးဆင်းသွားခဲ့တဲ့နေ့က ပေါ့။

ဒါဆိုရင်တော့ လက်ရှိ စစ်ဗိုလ်ချုပ်တွေရဲ့ အာဏာရှင်လမ်းပြ ရှေ့ဆောင်ကြီး ဗိုလ်နေဝင်းကို ဘယ်လိုမှာကြည်းခေါ်သတွေဖြစ်လို့ အာဏာရှင်ခေါင်းရင်းခန်းကနေ ဆွဲချပစ်လိုက်တာလဲလို့ လက်ရှိစစ်ဗိုလ်ချုပ်တွေကို ကျွန်တော်မေးလိုက်ချင်တာပါပဲခင်ဗျာ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# လေ့ရှုခြင်း

ဘယ်တိုင်းပြည်မှာမဆို နိုင်ငံသားတိုင်း နိုင်ငံသားတိုင်း ကိုယ့်တိုင်းပြည်ရဲ့ သမိုင်းကြောင်းနဲ့ ပြည်သူလူထုရဲ့ အခန်းကဏ္ဍ ခေတ်အဆက်ဆက် ဘယ်လိုဖြတ်သန်းခဲ့ရသလဲ။ ကိုယ့်နိုင်ငံဖြတ်သန်းခဲ့ရတဲ့ခေတ်တွေထဲက ပြည်သူလူထုဘဝ၊ ခေတ်ဆိုး စနစ်ဆိုးကို တွန်းထိုးတော်လှန် အောင်ပွဲခံနိုင်ဖို့ ရည်သန်ခဲ့ရတဲ့ အမျိုးသားရေးလှုပ်ရှားမှု၊ စွန့်ဦးတော်လှန်သူတွေရဲ့ အာဇာနည်စိတ်ကို ဦးညွှတ်အလေးအမြတ်ပြုရင်း သူတို့အပေါ်ထားရှိရမယ့် နိုင်ငံသားတို့ရဲ့ တာဝန်နဲ့ သစ္စာတရား စသဖြင့် သမိုင်းကြောင်းအဆက်ဆက်ရဲ့ အချက်အလက်တွေအပေါ် မြော်မြင်သုံးသပ်ရင်း ဒီကနေ့ တိုင်းပြည်မှာ လူဖြစ်နေရတဲ့ ကိုယ့်ရဲ့ နိုင်ငံသားဘဝကို သိမြင်ဖို့လိုပါတယ်။ နိုင်ငံသားဘဝကို ပြတ်သားစွာသိမြင်ထားမှ မြင်တဲ့အတွေးနဲ့ လူ့အဖွဲ့အစည်းရှေ့ရေးမှာ တစ်တပ်တစ်အား ပါဝင်နိုင်မှာဖြစ်သလို တိုင်းပြည်အနာဂတ်ရှင်သန်ရေးအထိ ကိုယ့်ရဲ့တာဝန်သိမှုနဲ့ အုတ်တစ်ချပ် သဲတစ်ပွင့်စွမ်းဆောင်နိုင်မှုက ဆက်လက်စီးဆင်းသွားနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မြင့်မြတ်ပြီး လူထုလှုပ်ရှားမှုအားကောင်းတဲ့ နောက်ခံကားချပ်တွေနဲ့ အနာဂတ်ကို ဆွဲဖွင့်ခဲ့ရတာချည်းပါပဲ။ ဒါကြောင့်လည်း အာဇာနည်စိတ်ပြည့်ဝခဲ့ကြတဲ့ ကျေးဇူးရှင်ကြီးများ ဆွဲဖွင့်ပေးထားတဲ့ အနာဂတ်ထဲမှာ အခု ကျွန်တော်တို့ နေထိုင်နေကြတာပါ။ ဒါပေမဲ့ နိုင်ငံ့သမိုင်းကြောင်းဟာ ဘယ်လိုခေတ်ရိုင်းတွေထဲက တိုးထွက်လာခဲ့ရသလဲ။ စွန့်ဦးတော်လှန်သူတွေရဲ့ လှုပ်ရှားမှုရေအလျဉ်ဟာ ခေတ်ဆိုး စနစ်ဆိုးတို့



ဘယ်လိုထိုးနှက်ခဲ့သလဲ။ အမျိုးသားရေးတာဝန်လို့ သိမြင်လာစေတဲ့ ဝံသာနုစိတ်ဓာတ်တွေ တစ်တိုင်းပြည်လုံးအပေါ် ဘယ်လိုသွန်းချခဲ့သလဲ စတဲ့ သူတို့ပတဲ့ သမိုင်း၊ ချွန်တဲ့ မြတဲ့ အမျိုးသားလှုပ်ရှားမှု ရှုးတဲ့ ထက်တဲ့ အာဇာနည်ခေါင်းဆောင်များနဲ့ အခြားပုဂ္ဂိုလ်ကျော်တို့ရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားလို့ မရပါဘူး။

ဒါပေမဲ့ ဒီတိုင်းပြည်မှာ ဘယ်သူ့ကျေးဇူးကြောင့် လူဖြစ်နေရသလဲဆိုတာ မတွေး၊ မသိ ကိုယ်ရှူသွင်းနေတဲ့လေဟာ သန့်ရှင်းပါရဲ့လားဆိုတာလည်း ဂရုမစိုက်ဘဲ ကိုယ့်ဘဝ ကိုယ်မမြင်ဖြစ်နေတဲ့ အင်း… ဘဝမမြင်မင်းတြားကြီးဆိုပါတော့။ အဲဒီဘဝမမြင်မင်းတြားကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အပေါင်းပါတွေကတော့ ကြပ်ပြေးနဲ့ အမျိုးသားညီလာခံဆိုတာက လွဲပြီး ဘယ်သူ့အရေးမှ မစဉ်းစားဘဲ အခုထိ ခေါင်းမာနေကြတုန်းပါပဲ။

သူတို့တွေပဲလားဆိုတော့ မဟုတ်သေးပါဘူး။ စစ်အာဏာရှင်ရဲ့ သံဖနောင့်အောက်မှာ လူသားဂုဏ်သိက္ခာနဲ့ လူ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးနေရတဲ့ ဘဝတွေအားလုံးထဲ ကိုယ်တိုင်ပါဝင် နာကျင်နေပါလျက်နဲ့ စစ်အာဏာရှင်သံဖနောင့်ကို ပိုပြီးစူးအောင် ထက်အောင် ခွာရိုက်ပေးနေတဲ့ လူစားတွေက ရှိသေးတယ်။ စစ်အာဏာရှင်တွေက ပြည်သူလူထုအပေါ် သေနတ်နဲ့အကြမ်းဖက်ရင် အဲဒီသေနတ်ကို ကျည်ဖြည့်ပေးမယ့်လူတွေ၊ စစ်အာဏာရှင်က ပြည်သူလူထုအပေါ် မုသာဝါဒနဲ့လှည့်စားရင် အဲဒီမုသာဝါဒကို ဖျားရည်သုတ်ပေးတဲ့သူတွေ၊ စစ်အာဏာရှင်က ပြည်သူလူထုအပေါ် နိုင်ငံရေးအမြတ်ထုတ်ချင်ရင် ကိုယ့်နိုင်ငံရေးဘဝကို မိသားစု အသုံးစရိတ်လောက်နဲ့ ခေါင်းညိတ်ခေါင်းခါလုပ်ပစ်တတ်တဲ့လူတွေကလည်း ရှိနေသေးတာကိုး။

ဒါ့အပြင် ခလုတ်မရှိတော့တဲ့ သေနတ်တွေကို အာဏာရှင်လက်ထဲထိုးအပ်ပြီး အမျိုးသားညီလာခံထဲမှာ ကုလားထိုင်သိမ်းချင်တဲ့လူတချို့ကြောင့် တိုင်းရင်းသားအခွင့်အရေးကို အလေးပေးဆောင်ရွက်မယ့်ပုဂ္ဂိုလ်တွေအတွက် စိတ်ပျက်နေရတာလည်း ရှိချင် ရှိနေနိုင်ပါသေးတယ်။

ကဲ… ဘယ်လိုတွေပဲရှိရှိ ဉာဏ်အမြော်အမြင်ရှိတဲ့လူမျိုးဟာ အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ မြင့်မြတ်တဲ့လူမျိုးဟာ ကိုယ့်နိုင်ငံသားအပေါ် သူခိုးဓားပြလို မရိုင်းပျဘူး။ နိုင်ငံ့ကျေးဇူးသိတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးဟာ ကိုယ့်နိုင်ငံရဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းကြောင်းကို အပ်တစ်ချောင်းစာတောင် ပွန်းပဲ့သွားအောင် မလုပ်ဘူး။ လူသားစိတ်ပြည့်ဝတဲ့လူမျိုးဟာ တိုင်းသူပြည်သားတွေကို အကျဉ်းထောင်ထဲထည့်ပြီး နှုန်းခြေရာခွက်သာသာရှိတဲ့ အာဏာရှင်စနစ်ထဲမှာ တရားဥပဒေကို ဖင်ခုထိုင်ပြီး အိပ်မောကျမနေဘူး။ အတွေးအခေါ်ရှိတဲ့လူမျိုးဟာ တိုင်းပြည်အနာဂတ်တခြား၊ မျိုးဆက်သစ်တခြား၊ စာအုပ်တခြား၊ ကျောင်းတခြား၊ အခွင့်အရေးတခြားနဲ့ ပညာရေးကို ဆွေးမြည့်သွားအောင် မလုပ်ဘူး။ လူထုအပေါ် လေးစားတဲ့လူမျိုးဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်တွေကို မီးတိုက်ပြီး ဥယျာဉ်ခြံမြေတွေကို သိမ်းပိုက်တဲ့အလုပ် ဘယ်တော့မှမလုပ်ဘူး။ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးကို တန်ဖိုးထားတတ်တဲ့လူမျိုးဟာ လက်နက်ကိုင်အဖွဲ့တချို့ကို လိမ်လည်လှည့်ဖြား သိမ်းသွင်းပြီး တိုင်းရင်းသားအချင်းချင်း သံသယပွားစေမယ့် နိုင်ငံရေးပဋိပက္ခတွေကို မဖန်တီးတတ်ဘူး။

လူဟာ အသက်ကို ရှူသွင်းတတ်ဖို့လိုသလို လေအဟောင်းကို ပြန်ထုတ်တဲ့အခါမှာလည်း စေတနာကောင်းဖို့ လိုပါတယ်။ ကိုယ်ရှူသွင်းလိုက်တဲ့လေဟာ တရားမျှတရဲ့လား။ သန့်ရှင်းရဲ့လား။ အနှောင်အဖွဲ့ကင်းရဲ့လား။ သောကဗျာပါဒတွေကို ဖွဲ့စည်းနေသလား။ ငိုသံရှိုက်သံတွေ ကပ်ငြိနေသလား။ ထောင်းသံ ထုသံတွေ ပုန်းခိုနေသလား။ ပြေးလွှားသံတွေ စီးဆင်းနေသလား။ မွန်းသံကျပ်သံတွေနဲ့ ဆို့ပိတ်နေသလား စသဖြင့် မြော်မြင်သုံးသပ်ပြီး ရှူသွင်းတတ်ဖို့ လိုပါတယ်။ ဒီလိုပဲ ကိုယ်ပြန်ထုတ်တဲ့ လေအဟောင်းကြောင့် ပတ်ဝန်းကျင်ကို ဟောင်းနွမ်းသွားစေသလား။ ဒုက္ခနဲ့ အာဃာတတွေအဖြစ် အပြောင်းအလဲဖြစ်မလား။ တစ်ပါးသူရဲ့ စိတ်အာဟာရကို ထိုးဆိတ်ချေမွပစ်လေမလား။ စဉ်းစားတတ်ဖို့ သိမြင်ဖို့ အလွန်အရေးကြီးနေတဲ့အချိန်ပေါ်မှာ တိုင်းပြည်နဲ့ လူထုတစ်ရပ်လုံး ရောက်ရှိနေပါပြီ။

ဗိုလ်ချုပ်မှူးကြီးတို့ကတော့ တိုင်းပြည်နဲ့ ပြည်သူလူထုထံက သေနတ်ပြပြီး တောင်းယူတယ်။ ဥပဒေကမောက်ကမတွေလုပ်ပြီး အဓမ္မသိမ်းယူတယ်။ မလျော်ကန်တဲ့နည်းနာတွေသုံးပြီး ခိုးဝှက်ယူတယ်။ မတရားတဲ့လုပ်ရပ်တွေကို တိုင်းသူပြည်သားတွေဆီက လေကို အခွန်တော်အဖြစ် ဆောင်ခိုင်းတယ်။ ပြောရရင် ဒီကနေ့ စစ်အာဏာရှင်တွေဟာ သူတို့အသက်



ရှင်သန်ရေးအတွက် လူထုထံက လေတွေကို နည်းမျိုးစုံနဲ့ အကြမ်းဖက်ပြီး ရှူသွင်းနေရုံသာမက လေအဟောင်းကို ပြန်ထုတ်တဲ့အခါမှာလည်း လူထုကို ရန်လုပ်တာတွေ ပါလာပြန်ပါသေးတယ်။ အဲဒီလို လူချင်းအတူတူ အသက်ရှူတာ ထုတ်တာ မတတ်လို့ တိုင်းပြည်လည်း ဆုတ်ကပ်ထဲကို ဖောက်ထိုးဆင်းနေတာပဲ။

ဒီတော့ စစ်အာဏာရှင်နောက်တော်ပါးမှာ စစ်ယူနီဖောင်းစည်းပြီး လိုက်နေမယ့်အစား တိုင်းပြည်ရှေ့ရေးကို အလေးအနက်ထား ဆောင်ရွက်နေသူများနဲ့ပူးပေါင်းရင်း လူ့တန်ဖိုးကို မြှင့်ကြပါစို့လားခင်ဗျာ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# စစ်သားပီပီ သတ္တိရှိစေချင်

နိုင်ငံတော်မှာ တာဝန်ရှိပါတယ်ဆိုတဲ့ မြန်မာနိုင်ငံက စစ်ခေါင်းဆောင်တွေလက်ထက်မှာ အပြောင်းအလဲတွေ ကြားရသလို ဟဲ… ဟဲ… ဗလောင်းဗလဲတွေလည်း များလှပါတယ်။ အပြောင်းအလဲဆိုလို့ ဒီမိုကရေစီဖော်ဆောင်ရေး အရှိန်အဟုန်ကောင်းနေပြီလားလို့ မထင်ကြပါနဲ့။ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေရဲ့ အနာဂတ်ဒီမိုကရေစီဖော်ဆောင်ရေးကတော့ ပြည်သူလူထုတွေ ပြောနေကြတဲ့ အတိုင်း ဖြည်းဖြည်း ဖြည်းဖြည်း ထော်လာကျိုနဲ့ ချီတက်နေတဲ့ အဆင့်ပဲ ရှိနေတာပါ။

ကျွန်တော်ပြောတဲ့ အပြောင်းအလဲဆိုတာကတော့ စားဝတ်နေမှုပညာ ကျန်းမာက အစ ငွေကြေးဖောင်းပွမှုအဆုံး မကြားဖူးလောက်အောင်ကို ပြောင်းလဲသွားတာကို ဆိုလိုတာပါ။ နိုင်ငံတော်ရဲ့ သယံဇာတတွေလည်း စစ်ဘောင်းဘီဘေးအိတ်ထဲ ရောက်လို ရောက်၊ စစ်ယူနီဖောင်းတစ်ပိုင်းနဲ့ ကုမ္ပဏီတွေလည်း မှိုလိုပေါက်လာ၊ မီးလောင်ရာ မြေသိမ်း၊ သိမ်းတဲ့မြေကွက်ကန်ထရိုက်တွေ စားကျက်ဖြစ်လိုဖြစ်၊ ကြက်ခြေနီနဲ့ အရန်မီးသတ်ကတပ်မတော်နေ့စစ်ရေးပြကွင်းထဲ ရောက်လိုရောက်၊ အရပ်တကာလှည့်ပြီး ဖျာရောင်းတဲ့လူက နအဖအမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်နဲ့ ညောင်နှစ်ပင်မှာ ဘောင်ဘင်ခတ်နေ၊ လယ်သမားတွေမှာလည်း နွေလယ်လုပ်ပြီး ရှေ့ထည်ပြုတ်နေကြရ၊ ရပ်ကွက်လုံခြုံရေးဆိုသူတွေရဲ့ နှောင့်ယှက်မှုကြောင့် ပြည်သူလူထုတွေ မလုံမခြုံဖြစ်ရ၊ တိုင်းရင်းသားလက်နက်ကိုင်တွေအချင်းချင်း အကွဲအပြဲဖြစ်အောင် သွေးထိုးတဲ့လူက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအဓိပ္ပာယ်ကို နေပြည်တော်စစ်ရေးပြကွင်းထဲကနေ မိန့်ခွန်းခြွေ၊ နိုင်ငံတော်



ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဲဒီကနေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလို့ ပြောင်း၊ ဗိုလ်ချုပ်ကြီး အဆင့်ထက်မြင့်တဲ့ ဗိုလ်ချုပ်မှူးကြီးဆိုတာကလည်း ပေါ်ပေါက်လာ ပြန်၊ မြို့တော်ရန်ကုန်ကနေ ကြပ်ပြေးနေပြည်တော်က မြို့တော်ဖြစ်လာပြန် စသဖြင့် အပြောင်းအလဲတွေဟာ ဗလောင်းဗလဲတွေနဲ့ တွဲပြီးတော့ကို ပေါ်ပေါက်နေတာပါ။

ဒီဗလောင်းဗလဲတွေကလည်း အစပိုင်းပြန်ကောက်ရရင် ရွေးကောက်ပွဲမလုပ်မီက ပေးခဲ့တဲ့ကတိကဝတ်တွေကို ချိုးဖောက်လိုက်ကတည်းက စတင်ခဲ့တာပါ။ ပြောရရင် စစ်ခေါင်းဆောင်တွေရဲ့ မရိုးသားမှုပါပဲ။ နိုင်ငံတော်အေးချမ်းသာယာရေးကို တာဝန်ယူပြီး ဒီမိုကရေစီဖော်ဆောင်နေပါတယ်ဆိုတဲ့ စစ်ခေါင်းဆောင်တွေလက်ထက်မှာ ဒီပဲယင်းလူသတ်ပွဲကြီးလည်း ဖြစ်ခဲ့ရတယ်။ ထောင်ဘူးဝကနေ ထောင်ထဲပြန်ဝင်ရတဲ့ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားတွေလည်း ရှိနေတုန်းပါပဲ။ အာဏာပိုင်တွေ ထိန်းချုပ်ထားတဲ့ အဖွဲ့အစည်းဝင်တချို့ရဲ့ လူမဆန်စွာရိုက်နှက်မှုကြောင့် အသက်ဆုံးခဲ့ရသူတွေလည်း ရှိခဲ့ရပြန်တယ်။ လူ့အခွင့်အရေး ဒီမိုကရေစီရေးကို ဆောင်ရွက်နေသူတွေရဲ့ သမ္မာအာဇီဝလုပ်ငန်းတွေလည်း အဓမ္မပိတ်ပင်ခံကြရပြန်တယ်။ ဒီတော့ ဒီမိုကရေစီဖော်ဆောင်နေပါတယ်ဆိုတဲ့ စစ်ခေါင်းဆောင်တွေလက်ထက်မှာ ဒီမိုကရေစီရေး ငြိမ်းချမ်းရေးဆောင်ရွက်နေသူတွေ အဖိနှိပ်ခံနေရတာဟာ ဘယ်သူ့ရဲ့မရိုးသားမှုလဲဆိုတာ ပေါ်လွင်နေပါပြီ။

တကယ်တော့ ပြောခဲ့ပြီးတဲ့အတိုင်း မြန်မာနိုင်ငံမှာရှိတဲ့ စစ်ခေါင်းဆောင် မရိုးသားလို့ နိုင်ငံရေးအရရော၊ ပြည်တွင်းငြိမ်းချမ်းရေးအရရော တိုးတက်မှုမရှိဖြစ်နေတာပါ။ ဥပမာ ကရင်နီအမျိုးသား တိုးတက်ရေးပါတီနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတယ်။ ဆွေးနွေးမှုအဆင်မပြေလို့ ရက်ပိုင်းပဲရှိသေးတယ်၊ တိုက်ပွဲက ပြန်စတယ်။ ကရင်အမျိုးသားအစည်းအရုံးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတယ်။ မပြေလည်တော့ ကရင်အမျိုးသားအစည်းအရုံးကြီးကို တစ်စစီ ဖဲ့ထုတ်တယ်။ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်တယ်ဆိုတာ နှစ်ဦးနှစ်ဖက်ယုံကြည်ရလောက်အောင် ရိုးသားမှုရှိဖို့ ရည်ရွယ်ချက်ကောင်းတွေရှိဖို့ အချိန်တွေပေးရမယ်။ နားလည်မှုတွေ တိုးတက်အောင် ပွင့်လင်းနေရမယ်။ ခုဟာက ပြောရင်တော့ ငြိမ်းချမ်းရေးယူထားတာ အဖွဲ့ပေါင်းများလည်းတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အညာနဲ့ တကယ်ငြိမ်းချမ်းပြီလားဆိုတော့ မငြိမ်းချမ်းဘူးဖြစ်နေတယ်။ ပြောရရင် တစ်စုနဲ့ ငြိမ်းချမ်း၊ တစ်ဖွဲ့နဲ့ ငြိမ်းချမ်း၊ တစ်ဖွဲ့လေးနဲ့ ငြိမ်းချမ်းဆိုတဲ့ ငြိမ်းချမ်းရေးအတုတွေဖြစ်နေတယ်။ ဒီအတွက် ရိုးသားဖို့လိုပါတယ်။ နောက်တစ်ခုပြောချင်တာက ငြိမ်းချမ်းရေးအပဲ့လေးတွေနဲ့ ကျွန်တော်တို့တိုင်းပြည်ကို ဘယ်လိုမှတည့်မတ်အောင် လုပ်လို့မရဘူးဆိုတာကို စစ်ခေါင်းဆောင်များ သဘောပေါက်စေချင်တာပါပဲ။

အဲ… စစ်ခေါင်းဆောင်တွေရဲ့ မရိုးသားမှုလေးတွေထဲက တစ်ခုကို ဆွဲထုတ်ပြချင်ပါသေးတယ်။ အားလုံးလည်း သိပြီး ကြားပြီး မြင်ပြီးဖြစ်နေတဲ့ ကိစ္စပါ။ ဥပမာ ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဆိုပါတော့။ နိုင်ငံကို စစ်ခေါင်းဆောင်တွေ အုပ်ချုပ်နေတော့ ဆည်မြောင်းဝန်ကြီးဟာ ဗိုလ်ချုပ်တစ်ယောက်ဖြစ်တာ မဆန်းပါဘူး။ အဲ… အဲဒီဗိုလ်ချုပ်က ကြံ့ခိုင်ဖွံ့ဖြိုးရေးကိစ္စတွေ လိုက်ပြီးဆောင်ရွက်တော့ ဦးဌေးဦးဖြစ်သွားပြန်ရော။ စစ်ယူနီဖောင်းကြီးချွတ်ပြီး ပုဆိုးနဲ့ တိုက်ပုံနဲ့၊ ဘယ့်နှယ်… အငြိမ်းစားဗိုလ်ချုပ်မှ မဟုတ်ဘဲ။ တပ်မတော်အစိုးရလို့ သုံးနေမှတော့ သတ္တိရှိရှိနဲ့ ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ကြံ့ခိုင်အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးလို့ သုံးပေါ့။ ဘာကြောက်စရာရှိသလဲ။ ခုဟာက အများသူငါတွေကို အာဏာကို ဖြတ်လမ်းက လိုချင်နေတယ်လို့ စွပ်စွဲပြီး စစ်ခေါင်းဆောင်တွေကျတော့ ရွေးကောက်ပွဲအသစ်ဆိုတာကြီး ပေါ်လာရင်လည်း ဦးဌေးဦးက ဝင်အရွေးခံရဦးမယ်။ အဲ… စစ်ဗိုလ်တစ်မတ်သားဆိုရင်လည်း အဲဒီ ဗိုလ်ချုပ်ဌေးဦးကြီးက ကန့်လန့်ကန့်လန့်ဝင်လာဦးမယ်ဆိုတဲ့ ကြိုတင်ကြံစည်မှုကြီးဖြစ်မနေဘူးလား။ မရိုးသားတဲ့အပြင် သတ္တိကလည်း မရှိ ဖြစ်မနေဘူးလား။ ဒါ ဗိုလ်ချုပ်တစ်ယောက်တည်းကိုပဲ ဥပမာပေးပြီး ဆွဲထုတ်ပြတာပါ။

ဒါကြောင့် မြန်မာစစ်ခေါင်းဆောင်တွေ မရိုးသားဘူးဆိုတာ အသိုင်းအဝိုင်းကစပြီး သိပါတယ်။ ဒါပေမဲ့ စစ်သားပီပီ သတ္တိတော့ ရှိစေချင်တာပေါ့ဗျာ။

❖ ❖ ❖

# မကယ်တင်တာကမှ တကယ် ကယ်တင်တာပါ

ကယ်တင်တယ်၊ ကယ်တင်တယ်နဲ့ သူတို့မကယ်တင်တာကမှ တကယ် ကယ်တင်တာပါ။ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားဟောင်း ကဗျာဆရာတစ်ဦးရဲ့ စကားလုံးလေးကို ကျွန်တော်ယူသုံးပြီး ပြောလိုက်တာပါ။ အချိန်တွေပေးပြီး ခေါင်းလေးအောင် စဉ်းစားနေစရာမလိုပါဘူး။ တိုင်းပြည်ကြီး ချောက်ထဲကျမယ့်အရေးကနေ ကယ်တင်လိုက်ရပါတယ်ဆိုတဲ့ နဝတ၊ နအဖရဲ့ စကားလုံးဟာ ကျွန်တော်တို့ နားတွေထဲ ခုထိ ဘောင်ဘင်ခတ်နေရုံမက ဗိုလ်ချုပ်ကြီးများရဲ့ မိန့်ခွန်းတွေထဲမှာလည်း ပလူပျံ၊ သူတို့ရဲ့ သတင်းစာတွေထဲမှာလည်း မှန်တိုင်းထန်နေဆဲ စကားလုံးဖြစ်နေပါသေးတယ်။

နိုင်ငံတစ်နိုင်ငံ ပဋိပက္ခတွေ၊ အထွေထွေအကျပ်အတည်းတွေကြုံတွေ့လာပြီဆိုရင် တိုင်းပြည်ကို ချစ်တဲ့၊ အမျိုးသားရေးကို သစ္စာရှိတဲ့သူတိုင်း နိုင်ငံအရေးကိစ္စတွေမှာ တာဝန်သိ၊ တာဝန်ရှိသူတွေလို ကိုယ့်ကိုယ်ကိုယ် သဘောထားပြီး တစ်တပ်တစ်အား ပါဝင်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစုကအစ တစ်မျိုးသားလုံး ပါဝင်နေတဲ့ လူ့အဖွဲ့အစည်း တိုးတက်ရေးမှာ ကိုယ် ဘယ်အခန်းကဏ္ဍက စွမ်းဆောင်နိုင်မလဲ။ ကိုယ့်စိတ်ဓာတ်အာသီသ ပြင်းပြမှုတွေအတိုင်း ဆောင်ရွက်နိုင်ဖို့ ကိုယ့်မှာ ဘယ်လို အရည်အချင်းတွေ လိုအပ်နေသလဲ။ ကိုယ့်ထက် စွမ်းဆောင်နိုင်သူတွေ၊ အနစ်နာခံနိုင်သူတွေ၊ အနစ်နာ ခံရဲတဲ့သူတွေ၊ စွန့်လွှတ်စွန့်စားစိတ် ပြည့်ဝနေသူတွေကို ဘယ်လို အမြော်အမြင်တွေနဲ့ အသိအမှတ်ပြု ထောက်ပံ့မလဲ။ အဲဒီလိုစိတ်ဓာတ်တွေ ထက်မြနေဖို့ လိုပါတယ်။

ကျုပ်တော့ဗျာ ကျုပ်တိုင်းပြည်၊ ကျုပ်လူမျိုးတွေကို ကယ်တင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကယ်တင်မယ်ဗျာ။ အဲဒီလို ပြောနိုင်ပါတယ်။ ပြောပြီးရင်တော့ ပြောတဲ့အတိုင်း လုပ်ရမှာဖြစ်သလို တိုင်းပြည်ချစ်စိတ် လိုအပ်ရင် အနစ်နာခံ စွန့်စားနိုင်တဲ့စိတ်၊ သဘောထားကြီးမြတ်ပြီး လတ်ဆတ်တဲ့အမြော်အမြင်တွေ၊ ပွင့်လင်းလွှတ်လပ်ပြီး တရားမျှတတဲ့ လုပ်ရပ်တွေဟာ လှုပ်ရှားမှုတိုင်း လှုပ်ရှားမှုတိုင်းမှာ အသက်ဝင်နေဖို့ အရေးကြီးပါတယ်။

တိုင်းပြည်ချောက်ထဲကျမယ့်အရေးက ကယ်တင်လိုက်ရပါတယ်လို့ လူတကာရဲ့ နားတွေ မိုးဖြဲဒယ်ကြီးဖြစ်သွားအောင် မိန့်ခွန်းချွေ၊ ပြည်သူလူထုရဲ့ မျက်လုံးတွေ စပါးပုတ်ကြီးလောက်ဖြစ်သွားအောင် သတင်းစာထဲမှာ ရေးပြ၊ နောက်တော့ ဘာလုပ်သလဲ။ တိုင်းပြည်ဘဏ္ဍာကို စစ်ဘောင်းဘီ ဘေးအိတ်ထဲ ထိုးထည့်၊ နိုင်ငံတော် စီးပွားရေးကို ဖွဲ့ပြီး သမီးအတွက် မွေးနေ့လက်ဆောင်ပေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို သမက်အတွက် သူကောင်းပြု၊ မြေးကလေးကို နိုင်ငံခြားမှာ ကျောင်းထားဖို့ ပြည်ပပို့ကုန်တွေကို လက်ဝါးကြီးအုပ်ဆိုတော့ ဘောင်းဘီဘေးကွဲနဲ့ လူကို ခွေးဆွဲတာ ထိုင်ကြည့်နေရသလိုပဲ။ အပြောနဲ့ အလုပ်က မျက်စိနဲ့နား ခလုတ်တိုက်မိသလိုဖြစ်နေတယ်။ ကြားဖူး၊ ဖတ်ဖူးကြမှာပေါ့။ ကဗျာဆရာ ပိုင်စိုးဝေရဲ့ ကဗျာတစ်ပိုဒ်။

ဟောဒီကမ္ဘာကြီးရဲ့ နာမကျန်းမှုတွေအတွက်
ကျွန်တော် ကဗျာဆရာလုပ်မယ်

ကဗျာဆရာလုပ်မှ ဖြစ်မယ် အမေ…ဆိုတာ စိတ်ကို ခွန်အားပေးတဲ့ အနုပညာတွေထဲက ခံစားမှုမှာ စပြီး အသိဉာဏ်မှာဆုံးစေတဲ့ ကဗျာတွေဟာ တကယ်လည်း အာနိသင်ထူးကဲပြီး နိုင်ငံတစ်နိုင်ငံရဲ့ ဇာတိသွေး ဇာတိမာန်နဲ့ ခေတ်ပြောင်းတော်လှန်ရေးတိုက်ပွဲတွေမှာ ချွန်ခဲ့၊ မြခဲ့၊ စူးခဲ့ ရှခဲ့တာ သက်သေသာဓကတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဟောဒီ ကမ္ဘာကြီးရဲ့ နာမကျန်း မှုတွေကို ကုသဖို့ ကျွန်တော် ကဗျာဆရာလုပ်မှဖြစ်မယ် အမေလို့ ပိုင်စိုးဝေက ကြွေးကြော်တာဟာ အတွေးအခေါ်ကိုထလှုပနေတော့တာကိုး။

ဒါပေမဲ့ ဗိုလ်ချုပ်ကြီးတွေကတော့ တိုင်းပြည်ကို ကယ်တင်ဖို့ ကျုပ်တို့ စစ်အာဏာရှင်လုပ်မှ ဖြစ်မယ်ဆိုတဲ့အပေါက်မျိုးဆိုတော့ ခက်နေဘူးလား။ တကယ်တမ်း တိုင်းပြည်ကို ကယ်တင်မယ်၊ ပြည်သူလူထုကိုလည်း တန်ဖိုးထားမယ်ဆိုရင် ပြည်သူသာလျှင် အမိ အဖဖြစ်ရတော့မှာပေါ့။



အခုတော့ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဆိုတော့ ဗိုလ်ချုပ်ကြီးတွေက တစ်ဖက်၊ တိုင်းပြည်နဲ့ ပြည်သူလူထုက တစ်ဖက်၊ နှစ်ခြမ်းကွဲပြီး နောက်ဆုံး တိုင်းပြည်နဲ့ ပြည်သူလူထုက ဗိုလ်ချုပ်ကြီးတွေကို ကယ်တင်ထားရသလို ဖြစ်နေရတာပါ။ ပိုပြီးဆိုးတာက တစ်ပါတီ အာဏာရှင်စနစ်နဲ့ စစ်အာဏာရှင်စနစ်ကို မုန်းတီးလို့ ဘုန်းကြီးတွေပါမကျန် လူမျိုးစုံ ပြည်သူလူထုတစ်ရပ်လုံး ရှစ်လေးလုံးအရေးတော်ပုံနဲ့ ခြေစုံကန်ပစ်ခဲ့ကြတာပါ။ ဒါကို တိုင်းပြည်ချောက်ထဲကျမယ့်အရေးက ကယ်တင်လိုက်တယ်ဆိုပြီး စစ်အာဏာရှင်ဇာတ်လမ်းဟောင်းကိုပဲ ပြန်ပြီးသံချောင်းခေါက်နေပြန်တော့ ဟင်း… ဟင်း… မှားပါတယ် ကိုသန်းရွှေရယ်လို့ပဲ ညည်းမိပါတော့တယ်။

စစ်တပ်အာဏာသိမ်း ၁၇ နှစ်အတွင်းမှာ ၉၀ ရွေးကောက်ပွဲရလဒ်ကလည်း ဗိုလ်ချုပ်ကြီးတွေရဲ့ ဖိနပ်အဟောင်းထဲမှာ စတိုင်ပြောင်းပြီး ကျိုးကြေနေပြီ။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဆိုပြီး ရန်သူမျိုး ၅ ပါးရှိသော်ငြားလည်း မင်းရယ်၊ ခိုးသူရယ်၊ မချစ်မနှစ်သက်သောသူရယ်က နဝတ၊ နအဖခေတ်မှာ တစ်ပေါင်းတည်းဖြစ်သွားပြီဆိုတော့ အဲဒီ ရန်သူမျိုး ၃ ပါးပယောဂကြောင့် သောကဗျာပါဒနဲ့ ဒုက္ခရောက်နေရတဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေ၊ ကျောင်းသားတွေ၊ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကလည်း အကျဉ်းထောင်ထဲနဲ့ နေရာအနှံ့အပြားမှာ ဒုနဲ့ဒေးဖြစ်နေပြီ။ တစ်ခါ ပြည်သူ့ဘက်တော်သား ရှေ့နေကြီးတစ်ဦးပြောသလို တရားဥပဒေကလည်း သေနတ်တွေကြားမှာ အိပ်ပျော်နေပြီ။ အဲ… တိုင်းပြည်စီးပွားရေးကတော့ စစ်ဗိုလ်ချုပ်တွေ အချင်းချင်းကြားထဲမှာ ပြားလိုက်၊ လုံးလိုက်၊ တိုလိုက်၊ ရှည်လိုက်ဖြစ်နေပြီ။ နောက်ဆုံးတော့ တိုင်းပြည်ချောက်ထဲကျမယ့်အရေးက ကယ်တင်လိုက်တဲ့ နဝတ၊ နအဖ အာဏာသိမ်း ၁၇ နှစ်အတွင်းမှာ ဒုစရိုက်ရကပ်၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်ဆိုတဲ့ ကပ်ကြီး ၃ ပါးသာမက ဘဲ စစ်တပ်ဖန်သမျှ ကပ်ဆိုတဲ့ ကပ်ကြီးတစ်ပါးပါ တိုးပြီး အဲဒီ ကပ်ကြီး ၄ ပါး ဖျက်ဆီးတဲ့ ဒဏ်ကြောင့် တိုင်းပြည် ချောက်ထဲကျမသွားသော်လည်း တိုင်းပြည်တစ်ပြည်လုံး ချောက်ကြီးဖြစ်နေပြီဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းမြင်နေရပါပြီ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## တံဆိပ်လှလှပြောင်းထားတဲ့ ဆည်းဆာအဟောင်းကြီး

နဝတ နအဖလက်ထက်မှာ အဲ… ကျွန်တော်ပြောတိုင်း ဒီ နဝတဆိုတာကြီးကို ထည့်ပြောနေရတာက 'တံဆိပ်လှလှပြောင်းထားတဲ့ ဆည်းဆာအဟောင်းကြီး ရေမတောင်းဘဲ မော့သောက်နေရတယ်'လို့ ရေးခဲ့ဖူးသလိုပဲ နအဖဆိုတာဟာ တံဆိပ်လှလှပြောင်းထားတဲ့ နဝတပါပဲ။ အရင်ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်မယ်။ ပြီးရင် ရွေးကောက်ပွဲလုပ်မယ်။ ဟော… ရွေးကောက်ပွဲပြီးလို့ ပြည်သူ့ ဆန္ဒအစစ်အမှန်ကို ရင်ဘတ်တည့်တည့်မှန်အောင် ခံစားလိုက်ရတဲ့အခါကျတော့ ရွေးကောက်ပွဲလုပ်တာဟာ နဝတက လုပ်တာလိုလိုဖြစ်အောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဆိုပြီး ပြောင်းချလိုက်တယ်။

ဟဲ… ဟဲ… ကျွန်တော့်အတွေးက ကလေးဆန်နေနိုင်ပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင်တွေကတော့ တိုင်းပြည်ကို မူကြိုအဆင့်လောက်နဲ့ စီမံခန့်ခွဲနေတာပါ။ အဲ… မူကြိုအရွယ်ကမှ ရိုးသားသေးရဲ့။ စစ်အာဏာရှင်တွေကတော့ သိတဲ့အတိုင်း သေနတ်နဲ့ မုသာဝါဒရှိရင် ဂါရဝတရားတို့ သံဃာများအပေါ်တောင် ထားတဲ့သူတွေ မဟုတ်ပါဘူး။ ဒါကြောင့် နာမည် ဘယ်လိုပြောင်းပြောင်း နအဖဆိုတာ နဝတအဟောင်းကြီးပါပဲ။

ကဲ… အဲဒီ နဝတ နအဖလက်ထက်မှာ ကျောင်းတွေ၊ တံတားတွေ၊ လမ်းတွေ၊ ဆေးရုံတွေ ဆောက်လိုက်တာ၊ ကောင်းလိုက်တာ၊ ချောမွေ့လိုက်တာနဲ့ ဘယ်သူတွေက ပြောတာလဲဆိုတော့ ကိုယ့်တံတားကိုယ်ဖြတ်၊ ကိုယ့်ကျောင်းကိုယ် အမွှန်းတင်၊ ကိုယ့်ဆေးရုံ ကိုယ်ရင်ခုန်နေကြတာ



လက်တွေ့မှာတော့ စားဝတ်နေမှု အရေးသုံးပါးထဲမှာ မွဲတေနေတာက လူထုတွေပါပဲ။ ဟော… ဆေးခန်းတဲ့။ ဟင်း… ဟင်း… နာမည်နဲ့လိုက်ပါတယ်။ ဆေးမှ လုံလောက်အောင် မရှိဘဲ။ ဒီတော့ နအဖလက်ထက် ဆေးခန်းဆိုတာ ဆေးမရှိဘဲ ခန်းခြောက်နေတဲ့အတွက် ဆေးခန်းလို့ခေါ်တာပါလားဆိုပြီး သဘောပေါက်သွားရပါတယ်။

ထားပါတော့။ စစ်အာဏာရှင်တွေပြောသလိုဆိုရင် တိုင်းပြည်ကြီးက အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်၊ လူတွေလည်း ကျန်းမာပြီး ချမ်းသာနေကြပြီပေါ့။ ဒါဆိုရင် ဘာဖြစ်လို့ ခိုးစားနေကြတာလဲ။ ဘာဖြစ်လို့ တောင်းစားနေကြတာလဲ။ ဘာဖြစ်လို့ အေးခေါးပြတိုက်ပြီး လုယက်နေကြတာလဲ။ ဘာဖြစ်လို့ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်နေကြတာလဲ။ ကိုယ့်ကလေးမယားတွေအတွက် ဘာဖြစ်လို့ တိုင်းပြည်မှာ မတော်မတရားလုပ်နေကြတာလဲ။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံရေးစနစ်ကြောင့် ပြည်သူတွေ စစ်ကျွန်ဖြစ်နေရတဲ့နိုင်ငံပါ။ ဒါပေမဲ့ အထက်က ကျွန်တော်ပြောခဲ့တဲ့ အမှုတွေကို ပြည်သူတွေက ကျူးလွန်နေတာ မဟုတ်ပါဘူး။ တိုင်းပြည်ကြီး ဖွံ့ဖြိုးတိုးတက်နေပါတယ်လို့ အသံကုန်ဟစ်နေတဲ့ အာဏာရှင်တွေနဲ့ နောက်လိုက်နောက်ပါ လက်ကိုင်တုတ်တွေက ကျူးလွန်နေကြတာပါ။ ပြည်သူတွေကတော့ ဆိုးဝါးလှတဲ့ နိုင်ငံရေးစနစ်နဲ့ ညှဲ့ဖျင်းရုံမက အဂတိလိုက်စားပြီး ဘုရား တရား သံဃာမှန်းမသိတဲ့ အုပ်ချုပ်သူတွေအပေါ် နေ့စဉ်နဲ့အမျှ အော့ကြောလန်နေပြီး ဆုံးရှုံးနေရတဲ့ မွေးရာပါလူ့အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်နေကြတာပါ။ ထမင်းလုတ်တွေ အငတ်ခံ၊ မိသားစုဘဝတွေ အကွဲခံ၊ သွေးမြေကျ အသက်ပေးပြီးတော့ကို တိုက်ပွဲဝင်နေကြတာပါ။

ဒီလိုကာလမျိုးမှာ တိုင်းပြည်ကြီးတိုးတက်နေပါပြီလို့ အော်ဟစ်နေသူတွေက ခိုးဝှက်တောင်းစား အလွဲသုံးစားလုပ်နေကြတာပါ။ ဒီတော့ လူမျိုးနဲ့ တိုင်းပြည်အပေါ် စစ်မှန်တဲ့မေတ္တာရှိသူတွေဟာ ဘယ်သူတွေလဲလို့ မေးနေစရာ မလိုပါဘူး။

တပ်မတော်ဟာ တိုင်းပြည်ကို ဘယ်လိုထိန်းသိမ်းခဲ့ရတာ၊ စောင့်ရှောက်ခဲ့ရတာဆိုပြီး ပြောဆိုနေချိန် ပြည်သူလူထုတွေမှာတော့ အဲဒီတပ်မတော်

www.burmeseclassic.com



ကြီးရဲ့ ကျူးလွန်သမျှကို ခံစားနေရတာပါ၊ ဒါကြောင့် တပ်မတော်ကြီးလည်း ချီလာပါပြီလို့ ဆိုရမယ့်အစား တပ်မတော်ကြီးကတော့ ချီနေပါပြီလို့ ဆိုရတော့မယ်။ ဟုတ်တယ်လေ။ တပ်မတော်ကြီးက တွေ့သမျှ အကုန်ကို ချီနေတော့တာ။ မြေတွေ့ မြေသိမ်း၊ လယ်တွေ့ လယ်သိမ်း၊ နောက်ဆုံး ကြက်တွေ့ရင် ကြက်ကိုသိမ်းသွားတဲ့ တပ်မတော်ကြီး။ ဒါက နယ်ဘက်တွေမှာ။ အဲ… မြို့တွေမှာကျတော့ ဘုန်းကြီးကျောင်းက ပစ္စည်းတွေတောင် သိမ်းသွားပြီး ပြန်ရောင်းစားကြသတဲ့။ သြော်… ဒီလောက်တောင် ငတ်နေပါပြီလား။ တစ်နိုင်ငံလုံးက တိုင်းနဲ့ ပြည်နယ် မြို့နယ်ရပ်ကွက်တွေမှာကလည်း စစ်ယူနီဖောင်းဝတ်တွေချည်းပဲ အုပ်ချုပ်နေတာ။ ဒီလိုအုပ်ချုပ်နေတဲ့ကြားထဲကပဲ သိမ်းသွားပြန်ပြီ။ တောင်းသွားပြန်ပြီ။ ဈေးနှိမ်ပြီး ဝယ်သွားပြန်ပြီ။ ဘာဖိုး ညာဖိုး ပေးရပြန်ပြီ။ လုပ်အားပေးရပြန်ပြီ စသဖြင့် ရှိသမျှအကုန်ပေးနေရတာကလည်း ဒီစစ်ယူနီဖောင်းဝတ်တွေကိုပါပဲ။

ဒါပေမဲ့ ပြည်သူတွေက ဟိုဟာကျဆင်းရေး၊ ဒီဟာကျဆင်းရေးပဲ တောင်းနေတယ်။ ပါတီတွေကလည်း အာဏာပဲ တောင်းနေတယ်ဆိုတဲ့ ပြောဆိုမှုမျိုးတွေကို စစ်အာဏာရှင်တွေက ခဏခဏပြောကြတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့တွေ တောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့တောင်းတာက ကျွန်တော်တို့နိုင်ငံနဲ့ သင့်တော်တဲ့ လူထုဆန္ဒအပြည့်အဝဖော်ထုတ်ပြသပြီးသားဖြစ်တဲ့ နိုင်ငံရေးစနစ်ကို တောင်းနေတာပါ။ မွေးရာပါ လူ့အခွင့်အရေးတွေ ပြန်လည်ရရှိဖို့ တောင်းနေတာပါ။ ဒီလိုပဲ နိုင်ငံရေးပါတီတွေကလည်း ပြည်သူလူထုထောက်ခံမှုရထားတဲ့ ရွေးကောက်ပွဲရလဒ်ကို တောင်းနေသလို အနိုင်ရပါတီကို အာဏာလွှဲပေးပါ့မယ်ဆိုတဲ့ စစ်အာဏာရှင်တွေပေးထားတဲ့ ကတိကဝတ်တွေကို တောင်းနေတာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးတို့လိုတော့ တိုင်းပြည်ဘဏ္ဍာ လူထုဥစ္စာနဲ့ သံဃာ့ပစ္စည်း အဆိပ်သီးတွေကို နိုင့်ထက်စီးနင်းလုပ် လုယက်ခိုးဝှက်တောင်းရမ်းသာသနာ့အလံ သွေးလွှမ်းအောင် ကြမ်းရမ်းနေတာတော့ မဟုတ်ပါဘူးခင်ဗျာ။

❑ ❑ ❑

နေဇော်နိုင်

www.burmeseclassic.com